www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၅၇၆၀၆၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၁၀၀၄၀၇

■

စီစဉ်သူ ⌧ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း
ပထမအကြိမ် ⌧ ၂၀၀၇၊ ဇွန်လ
အုပ်ရေ ⌧ ၅၀၀
မျက်နှာဖုံး ⌧ ပြည့်မင်းဇော်
ကွန်ပျူတာစာစီ ⌧ *Welfare*
အတွင်းဖလင် ⌧ *Quality*

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ဗိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၇၀၀ကျပ်

# ၁

"တီ... တီ..."

လူခေါ်... လျှပ်စစ်... ခေါင်းလောင်းသံ။

အိမ်ရှေ့မှာ ဧည့်သည်တစ်ယောက် ရောက်နေခြင်းဖြစ်သည်။ ဘယ်သူပါလိမ့်။ "မောင်"များ ပြန်ရောက်လာသလား။ မဖြစ်နိုင်။ မောင်က နေ့လည်ပိုင်းမှ ပြန်ရောက်မည်။

မီးဖိုခန်းထဲမှ တင်တင်ဝေ အတွေးများဖြင့် ထွက်လာသည်။ ဧည့်ခန်းကို ဖြတ်သည်။ တိုက်ရှေ့တံခါးဝသို့ ရောက်သည်။ မှန်တံခါးမှတစ်ဆင့် အပြင်ကို ကြည့်လိုက်သည်။

အမျိုးသမီးတစ်ဦး ဖြစ်သည်။ အသက် အစိတ်သုံးဆယ်ခန့် ရှိသည်။ အသားဖြူဖြူ ချောချောလေး ဖြစ်သည်။ အဝါရောင် ထက်အောက် ဆင်တူဝတ်စုံကို ဝတ်ထားသည်။ တင်တင်ဝေ သူမကို မသိ။ မြင်ပင်လျှင် မမြင်ဖူး။ သို့သော် ရပ်ကွက်ထဲမှ အဖွဲ့အစည်းတစ်ခုခုမှ ဖြစ်နိုင်သည်ဟု တွေးဆသည်။

www.burmeseclassic.com



တင်တင်ဝေ အတွင်းမှ သံပန်းတံခါးကို ခတ်ထားသော သော့ကို ဖွင့်သည်။ ပြီးလျှင် မှန်တံခါးကို ဖွင့်သည်။

"ဝင်ခွင့်ပြုပါရှင် . . . "

အဝါရောင်မိန်းမပျိုက ချိုပြုံးစွာ ခွင့်ပန်သည်။ တင်တင်ဝေ ခေါင်းညိတ်ပြလိုက်ပြီး ဝင်ရန် လမ်းဖယ်ပေးလိုက်သည်။ မိန်းမပျိုက အထဲသို့ တိုးဝင်လာသည်။ ထိုအခါကျမှပင် ဧည့်သည်မှာ အမျိုးသမီး တစ်ယောက်တည်း မဟုတ်မှန်း သိလိုက်ရသည်။ မိန်းမပျို၏နောက်တွင် လူနှစ်ယောက် ပါလာသည်။

တစ်ယောက်က ဂင်တိုတို ပုကွကွ။ ဆံပင်တလည်း တိုတို။ ခေါင်းကလည်း အနည်းငယ် ကြီးသည်။ မျက်လုံးမှေးသည်။ နှာခေါင်း ပွသည်။ မျက်နှာအမူအရာကို ကြည့်ရသည်မှာ ရိုးသားသော လူကောင်း တစ်ယောက် မဟုတ်မှန်း တင်တင်ဝေ အကဲခတ်လိုက်မိသည်။

နောက်တစ်ယောက်က အရပ်ရှည်သည်။ မျက်နှာက စုတ်ချွန်းချွန်း ဖြစ်သည်။ ဆံပင်လည်း ရှည်သည်။ နှာခေါင်းချွန်သည်။ နှုတ်ခမ်းမွှေးပါသည်။ မုတ်ဆိတ်ကိုတော့ ရိတ်ထားသည်။ သူ့အပြုံးက ဝံပုလွေ တစ်ကောင်၏ အပြုံးမျိုး။

"ရှင်တို့ ဘယ်သူတွေလဲ၊ ဘာကိစ္စလဲ"

တင်တင်ဝေ နောက်ကျသွားပြီ။

တံခါးဖွင့်မပေးမီက တွေးရမည့်အချက်၊ မေးရမည့်မေးခွန်း ယခုတော့ တံခါးဖွင့်ပြီးနေပြီ။ ဧည့်သည်သုံးယောက်စလုံး အိမ်ထဲ ရောက်နေပြီ။ နောက်ဆုံးဝင်လာသူ ကိုလောရှည်က အဝင်ဝတံခါး ကိုပင် ပြန်ပိတ်လိုက်ပြီးပေပြီ။

ပြီးတော့ ကိုပုကွလက်ထဲမှာ အသွားထက်သည့် ဓါးမြှောင်တ ချောင်းက တလက်လက်။

အဝါရောင် မိန်းမပျိုက ပြုံးလိုက်သည်။





"ဒေါ်တင်တင်ဝေ မှတ်တယ်၊ ကျွန်မတို့ ဒေါ်တင်တင်ဝေနဲ့ ဆွေးနွေးချင်လို့ပါ"

တင်တင်ဝေ ရင်တွေခုန်နေပြီ။ လက်တွေက တုန်နေပြီ။ မစူးစမ်း မဆင်ခြင်ဘဲ တံခါးဖွင့်ပေးမိသည့် သူမကိုယ်သူမ ကျိန်ဆဲမိရင်း ဒေါသက လည်း ထွက်နေသည်။

"ဘာကိစ္စလဲ . . . ရှင်တို့ကိုမှ ကျွန်မ မသိတာ . . . "

အဝါရောင်မိန်းမပျိုက တင်တင်ဝေကို မျက်နှာချင်းဆိုင်လျှက်။ ကိုပုကွက ဓားတဝင့်ဝင့်နှင့် တင်တင်ဝေ့ ဘယ်ဘက်ဘေးမှာ။ ကိုလော ရှည်က တင်တင်ဝေ့ နောက်မှာ။ တင်တင်ဝေကို ဝိုင်းထားသည်ဟု ဆိုနိုင်သည်။

"ကျွန်မတို့က ဒေါ်တင်တင်ဝေကို သိပါတယ်၊ ဒေါ်တင်တင်ဝေ့ အမျိုးသား ကင်မရာမင်းကြီး ဦးဇော်မင်း ခရီးသွားနေတာကိုလည်း သိပါတယ်၊ ဒေါ်တင်တင်ဝေရဲ့ သမီးငယ်လေး ဒီနေ့ ကျောင်းဖျော်ဖြေပွဲ(?) သွားတက်နေတယ် ဆိုတာလည်း သိပါတယ်၊ အိမ်မှာ ဒီနေ့ ဒီအချိန် ဒေါ်တင်တင်ဝေ တစ်ယောက်ကလွဲရင် ဘယ်သူမှ မရှိဘူးဆိုတာလည်း သိပါတယ်"

မိန်းမပျို၏ မျက်နှာက မခိုးမခန့်။ မိန်းမပျို၏ စကားတွေက ရှုပ်ရှင်ဆန်ဆန်။

တင်တင်ဝေ ချွေးစေးတွေ ပြန်စပြုသည်။ မိမိ အန္တရာယ်တစ်ခုခု ကို လက်ကမ်းမိခဲ့ပြီ။ ထောင်ချောက်တစ်ခုအတွင်း ကျရောက်နေခဲ့ပြီ။ သူတို့ ဘာရည်ရွယ်ချက်နှင့် လာသလဲ။ မိမိကို အသက်အန္တရာယ်ပေးဖို့ လား၊ ပစ္စည်းလုဖို့လား။ တစ်ခုခုပဲဖြစ်မည်။ ကောင်းသောလာခြင်းတော့ မဟုတ်။

"ဒီမှာ ဒေါ်တင်တင်ဝေ"

အဝါရောင် မိန်းမပျိုက . . . တင်တင်ဝေ့မျက်နှာကို စူးစိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဘာ... နာမည်ကို ခေါ်သည်။ ထိုအမျိုးသမီး၏ အကြည့်တွေက မြင်းမူးသလို ရက်စက် ကြမ်းကြုတ်ဟန်တွေ ပါနေသည်။ ချောသလောက် ကြောက်စရာကောင်းမည့် မိန်းမပေပဲဟု တင်တင်ဝေ တွေးမိသည်။

"ဘာလဲ..."

ကြွေဆည်ပြီး ခပ်စာည်တည် ပြန်မေးလိုက်ရသော်လည်း ထုန့်လှုပ်နေမှုကို မထိန်းသိမ်းနိုင်။ မဖုံးကွယ်နိုင်။ အသံတွေ ချောက်ချောက်ချားချား ဖြစ်နေသည်။ ဒါကို ထိုမိန်းမက သိပုံရသည်။

နှုတ်ခမ်းလေးတွန့်ရုံပြုးကာ...

"ဒေါ်တင်တင်ဝေဆီက ပစ္စည်းတစ်ခု လိုချင်လို့ပါ..."

တင်တင်ဝေ ဘာမှုပြန်မပြောဘဲ နားထောင်နေလိုက်သည်။

"ဒေါ်တင်တင်ဝေရဲ့အမျိုးသား ကင်မရာမင်းကြီး ဦးဇော်မင်းရဲ့ ကင်မရာပစ္စည်းတွေ ဘယ်မှာလဲ..."

"သူ့ဆီပါသွားတာပေါ့၊ အိမ်မှာ ဘယ်ရှိပါ့မလဲ..."

"အကုန်ယူသွားမယ် မထင်ပါဘူး။ သူ အသုံးပြုပြီးသားတွေ အပိုပစ္စည်းတွေ အိမ်မှာရှိမှာပေါ့..."

"မရှိဘူး... သူက သူ့အလုပ်ပစ္စည်းတွေ အိမ်မှာမထားဘူး"

"ဒါဖြင့် ဘယ်မှာထားလဲ..."

"သူ့စတူဒီယိုမှာ ဖြစ်မှာပေါ့..."

"သူ့စတူဒီယိုက ဘယ်မှာလဲ..."

"ကျွန်မ မသိဘူး..."

"ဒါတော့ မဖြစ်နိုင်တာပဲ..."

ကိုပုကွကြ စိတ်မရှည်သလို 'ကျွတ်' ခနဲ အသံပြုကာ...

"စကားရှည်လိုက်တာကွာ၊ အချိန်မရှိဘူး၊ လုပ်စရာရှိတာ မြန်မြန်လုပ်ရမယ်... မေးမနေနဲ့..." ဟု ဝင်ပြောသည်။ မိန်းမပျိုက ခေါင်းညိတ်သည်။





"အိမ်ထဲဝင်ရှာ..." ဟု အမိန့်ပေးလိုက်သည်။

ကိုပုကွက တင်တင်ဝေကို တွန်းဖယ်ကာ အိမ်ထဲဝင်သွားသည်။

"ရှင်... ရှင်တို့... ဒါ ဘာလုပ်တာလဲ။ ကျွန်မ အော်လိုက်ရမလား"

တင်တင်ဝေက ဒေါသတကြီးအော်ကာ ကိုပုကွကို လှမ်းဆွဲရန် ပြင်လိုက်သည်။ အဝါရောင်မိန်းမက လက်ကာပြီး "ဒေါသမကြီးနဲ့လေ" ဟုဆိုလိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် တင်တင်ဝေနောက်မှ ကိုလောရှည် လှုပ်ရှားလိုက်သည်။

လောရှည်လက်က တင်တင်ဝေ မျက်နှာဆီသို့ ရောက်လာသည်။ ထိုလက်ထဲမှာ လက်ကိုင်ပဝါတစ်ထည်ပါလာသည်။

အနံ့စူးစူးတွေ တင်တင်ဝေနှာခေါင်းထဲ အမွှေ တိုးဝင်လာသည်။

လောကကြီး မှောင်သွားသည်။

အသံတွေ ဝေးပျောက်သွားသည်။

အသိတွေ ကင်းပသွားသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

နေစိုးသော်

ရွှေနေမလေး မေစံရှားနှင့်
ပတ္တမြားဖြစ်သွားတဲ့ သွေး
စာမူခွင့်ပြုချက်-၁၂၈၈/၂၀၀၄(၁၁)

ထွက်ပြီ

## ၂

လေယာဉ်ကြီးက ပြေးလမ်းပေါ် အရှိန်နှင့်ပြေးလာပြီးနောက် ပြေးလမ်း တစ်ဝက်ကျော်လာချိန်တွင် ဘီးများက ပြေးလမ်းနှင့် လွတ်သွားသည်။ လေယာဉ်၏ ဦးက မော့သွားသည်။ ခန္ဓာကိုယ်ကြီးက လေထဲသို့ ထိုးတက်သွားသည်။ တဝေါဝေါ မြည်ဟိန်းသံနှင့်အတူ ကောင်းကင်ယံထဲသို့ ငှက်တစ်ကောင်ကဲ့သို့ ကြွားကြွားရွားရွား ပျံတက်သွားသည်။

လှလည်းလှသည်။ မြန်လည်းမြန်သည်။

ခဏအတွင်းမှာပင် ကောင်းကင့်အဝေး၌ လေယာဉ်ကြီးက တဖြည်းဖြည်းသေးသွားကာ တိမ်တွေကြား တိုးဝင်သွားသည့်ပမာ။ အစက်အပျောက်ကလေးသည်ပင် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ ကောင်းကင်ယံမှ အသံတစီစီသည်သာ မှိုးညင်းစွာ ကျန်ခဲ့၏။

ခရီးသည်များကို လိုက်လံပို့ဆောင် နှုတ်ဆက်သူများရှိရာ လေသာဆောင် ဝရံတာမှနေ၍. . . မေစံရှား. . . ငူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သော ကိုကိုသည် စက်ာပူသို့ လေ့လာရေး ကါ်စွတစ်ခုနှင့် ခရီးထွက်ခွာသွားသဖြင့် မေစံရှားက လိုက်ပို့ခြင်းဖြစ်သည်။ ထာဝရ အတွက်မဟုတ်ဘဲ တစ်ခဏတာအချိန်မျှ ဝေးကွာရခြင်း ဖြစ်သည့်တိုင် မေစံရှားရင်မှာ ဝမ်းနည်းသလိုလို ကြေကွဲသလိုလို။

နှစ်ကိုယ်တစ်စိတ် ရှိခဲ့ရသလို စွယ်တော်ရွက်ပမာ နှစ်ရွက်ပေါင်းမှ တစ်ရွက်မည်ခဲ့ရသည့် ချစ်သူတွေ။ ဘယ်သွားသွား ဘာလုပ်လုပ် တတွဲတွဲ ရှိခဲ့ရသည့်သူတွေ။ ရက်ရှည် ကာလရှည် မခွဲဖူးခဲ့။

အစကသော် သည်ခရီးကို ကိုကိုနှင့်အတူ မေစံရှားလိုက်ဖို့ စီစဉ်ခဲ့ပါသေးသည်။ မေစံရှားသည်လည်း စက်ာပူကို အလည်အပတ် သွားရောက်ချင်သည်လေ။

သို့သော် အခြေအနေက မပေး။

မေစံရှား အလုပ်တွေက ယခုရက်ပိုင်းမှာ ခေါင်းခြောက်အောင် များပြားနေသည်။ လိုက်ရသည့် အမှုတွေ စီနေသည်သာမက မိတ်ဆွေ တစ်ဦး သေဆုံးခဲ့ရမှုကလည်း မေစံရှား၏ နှလုံးသားကို ဖျစ်ညှစ်နေခဲ့ သည်။ တစ်စုံတစ်ယောက်၏ ရက်စက်စွာ သတ်ဖြတ်ခြင်းခံရသူ ကိုလှ ဦးမောင်၏ချစ်သူ သန္တာခင်မှာ မေစံရှား၏သူငယ်ချင်း။

"ရဲတွေတော့ အပူတပြင်း တရားခံကို ရှာနေတာပါပဲ၊ ဒါပေမယ့် သူငယ်ချင်းကလည်း ဝိုင်းပြီး ကူပေးပါဦး"ဟု သန္တာခင်က အကူအညီ တောင်းခဲ့သည်လေ။

သည်တော့ အပူတွေ၊ ဒုက္ခတွေနှင့် မိမိထံ အားကိုးတကြီး အကူအညီတောင်းခဲ့သည့် သူငယ်ချင်းနှင့် ကွယ်ပျောက်နေသော အမှန် တရားတစ်ခုကို ကျောခိုင်းကာ ချစ်သူကိုကိုနှင့် အပျော်ခရီးလိုက်ပါဖို့ မေစံရှား ဦးစားမပေးနိုင်ခဲ့ပါ။ မေစံရှား မလိုက်ပါနိုင်၍ ကိုကိုလည်း စိတ်ပျက်သွားခဲ့ပုံ ပေါ်သည်။ သို့သော် ကိုကိုက နားလည်မှု ရှိပါသည်။

"ကိုယ်ရဲ့ ခံဝါးချက်တွေထက် အများရဲ့ ခံစားချက်ကို ဦးစား





ပေးတတ်တဲ့ ရှားရဲ့နှလုံးသားကို ကိုကိုက နားလည်မြတ်နိုးတန်ဖိုး ထားသူပါ။ ရှားဆုံးဖြတ်တာ မှန်ပါတယ်. . . "

ကိုကိုက သည်လိုပြောခဲ့သည်။

"ရှားလည်း ကိုကိုနဲ့အတူ စက်ာပူ လိုက်ချင်တာ အမှန်ပါပဲ၊ ဒါပေမယ့် ရှားရဲ့ နှလုံးသားကို ကိုကို ပိုင်သလို အမှန်တရားကလည်း ပိုင်တယ်လေ. . . ၊ ကိုလှဦးမောင်ရဲ့ အမှုဟာ ရှင်းနေပေမယ့် အမှုရဲ့ နောက်ကွယ်မှာ ဖုံးဖိချက်၊ ကွယ်ဝှက်ချက်၊ မြုပ်ကွက်တွေ ရှိနေတယ်လို့ ထင်တယ်၊ ရဲတွေက. . . နေ့ရောညပါ တရားခံနောက်ကို လိုက်နေတာ ပေမယ့် အခု တစ်ပတ်ကျော်သွားပြီ တရားခံရဲ့ခြေရာကို မခံမိသေးဘူး ရှား လေ့လာရသမျှတော့ ကွင်းဆက်တွေ ပြတ်နေတယ်၊ ဆိုလိုချင်တာက သတ်သူရဲ့ နောက်မှာ အင်အား ဒါမှမဟုတ် အရှိန်အဝါ ဒါမှမဟုတ် အဖွဲ့တစ်ခုခု ရှိနေနိုင်တယ်၊ ဒါကို ရှား ဖော်ထုတ်ချင်တယ်"

"ကိုကို နားလည်ပါတယ် ရှား. . . "

"စက်ာပူကနေ ရှားကို လက်ဆောင်တွေ ဝယ်ခဲ့နော်"

"ဝယ်ခဲ့မှာပေါ့. . . "

"စက်ာပူက တရုတ်မလေးတွေနဲ့လည်း တွဲမသွားနဲ့နော်"

"စိတ်ချ၊ ဘယ်တစ်ယောက် ညာတစ်ယောက် နောက်မှာနှစ် ယောက်၊ ပေါင်းလိုက်ရင် မချောလေးယောက် ကိုကိုတစ်ယောက်"

အရွှန်းအဖွဲ့ စကားတွေကိုသာဆိုလျှက် အရယ်အပြုံးတွေရှိ ပေမင့် ကိုကို့မျက်လုံးများက ရှားကို မခွဲချင်ဖြစ်နေသည်ကို မေစံရှား နှလုံးသားက အဓိပ္ပာယ် ဖော်ယူရရှိနေခဲ့၏။

ထို့အတူပင်. . . မေစံရှား၏ ဦးနှောက်က အမှန်တရားတစ်ခု အတွက် ဦးစားပေးလိုက်ချိန်တွင် မေစံရှား၏ နှလုံးသားကမူ ချစ်မက် ခြင်းတို့ဖြင့် လွမ်းဆွတ်အိမ်ကလေး ဖွဲ့နေသည်ကို ကိုကို ခံစားသိရှိနေ ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပေါ်မတက်မီ ကိုကိုက မေစံရှားလက်ကို မလွှတ်တမ်း ဆုပ်ထားခဲ့သည်က ခံစားမှုပြ နိမိတ်ပုံပဲလေ။

ဟော… ခုတော့ ကိုကို့ကို လေယာဉ်ကြီးက ကောင်းကင်ယံသို့ ခေါ်သွားခဲ့ပြီ။ ဝေဟင်ထဲမှာ တိမ်တွေစီးပြီး ကိုကို့ အချစ်တွေ မေစံရှားထံ ပြန်လာနေပြီလား… ယမ်းပြနေခဲ့သော မေစံရှား လက်ကလေးတွေကိုပဲ ကိုကို မျက်လုံးမှိတ်ပုံ ဖော်ကြည့်နေသည်လား။ လေးလံသော ခြေလှမ်းများကို သယ်ဆောင်လျှက် မေစံရှား လေဆိပ်ဆောင်မှ ဆင်းလာသည်။

တနင်္ဂနွေနေ့မို့ ရုံးသွားစရာမရှိ။ သန္တာခင်ဆီသွားမည်။ ပြီးလျှင် ရဲအရာရှိ ကိုစည်သူနှင့်တွေ့ဆုံမည်။ ထိုအစီအစဉ်များကြောင့် မေစံရှား ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် ဝတ်ဆင်လာခဲ့၏။ ဂျင်းဘောင်းဘီ မိုးပြာရောင်၊ စတော်(စ်)တီရှပ် နို့စိမ်းရောင်နှင့် အပေါ်က ဂျင်းဂျာကင် နက်ပြာကလေးထပ်လျှက်၊ ဖိနပ်က အက်ဒီဒတ်(စ်) ဝေါကင်းရှူးအဖြူ။

လှေကားထစ်များကို တစ်ထစ်ချင်း နင်း၍ဆင်းလာသော မေစံရှား၏ ဟန်ကလေးကကြွနေ၏။ အသားအရည်မှာ ဝါညိုကလေးဖြစ်သော်လည်း ဆံပင်ကို ရှိုးစင်းစွာစည်းနှောင်၍ ချထားသော်လည်း အရပ်အမောင်းသင့်တင့်မှု၊ အားကစားသမားမို့ ကိုယ်လုံးကိုယ်ထည် ကျစ်လစ်၍ အချိုးအဆစ်လှပမှုတို့ဖြင့် ဆွဲဆောင်အားကောင်းနေသည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိသောမျက်နှာ ဝန့်တိုင်ပြိုင်မှုကင်း၍ ရှင်းသန့်နေသော သွင်ပြင်လျှာ၊ သစ္စာစကား၊ တန်ဘိုးရှိသောစကားကိုသာ ဆိုတတ်မြဲဖြစ်သော ပိရိသေသပ်သည့် နှုတ်ခမ်း၊ စူးရှသလောက် တောက်ပြောင်ကာ အရာအားလုံးကို ထွင်းဖောက်မြင်နိုင်စွမ်းရှိသော မျက်လုံး စသည်ဖြင့် မည်သည့် မိန်းကလေးနှင့်မျှမတူ တမူထူးခြားနေသည်မို့ မြင်သူတိုင်းက အာရုံစိုက်သွားကြသည်။ အလိုရမ္မက်ကိုမဆွဲ။ အေးမြကြည်လင် ငြိမ်းချမ်းမှုကို ကိုယ်စားပြုသည့်ရုပ်ပုံလွှာ။





မေစံရှား လေဆိပ်ထဲမှ ထွက်လိုက်သည်။ ငှားလာခဲ့သော အငှားကားကလေးရှိရာသို့ ထွက်လာခဲ့သည်။ ကားဆရာက တံခါးကိုဖွင့်၍ အသင့်စောင့်နေ၏။ ကားဆရာမှာလည်း အခြားမဟုတ်။ မေစံရှားကို ခင်မင်လေးစားသူ မေစံရှားကို ကူညီမှုပေးနေသူ ဦးလှမြင့် ဖြစ်၏။ (မေစံရှားနှင့် တွေ့သိခင်မင်ခဲ့သော ဦးလှမြင့်အကြောင်းကို မေစံရှားနှင့် ဒုတိယမျက်လုံးဝတ္ထုတွင် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

"စောင့်နေရတာ အားနာတယ် ဦးလေးရယ်"

ကားထဲကိုဝင်ရင်း မေစံရှားက အပြုံးကလေးနှင့် ပြောလိုက်သောအခါ ကားစက်ကို နှိုးနေသော ဦးလှမြင့်က…

"အို… ဘာအားနာစရာလိုလဲ တူမရယ်၊ တူမနဲ့ ဦးလေးနဲ့က အားနာစကားပြောရမယ့် လူတွေမှမဟုတ်တာ၊ ဆရာကိုနေသော်နဲ့အတူ တူမ လိုက်မသွားနိုင်တာကိုတောင် ဦးလေးက ကြားထဲက ခံစားနေမိတာ" ဟု နှစ်သိမ့်စကား ပြန်၍ဆိုလေသည်။

ပြီးမှ "ခု… ဘယ်သွားမလဲ… တူမ" ဟု မေးခွန်းထုတ်သည်။

"သန္တာခင်တို့အိမ်၊ ဟိုတစ်နေ့က ဦးလေးရှားကို လိုက်ပို့ပေးတဲ့ အိမ်လေ"

"ကောင်းပြီ…"

မလိုလျှင် စကားကို အပိုမပြောတတ်သော အေးအေးဆေးဆေး ဦးနှောက်ကို အလုပ်ပေးတတ်သည့် မေစံရှား၏သဘောကို နားလည်သော ဦးလှမြင့်က နောက်ထပ်စကားမဆိုတဲ့ ကားကိုသာ ဂရုတစိုက် မောင်းထွက်လိုက်သည်။

စီးတီတက္ကစီ ကားအဖြူကလေးသည် လေဆိပ်ကို ကျောခိုင်းကာ လမ်းမပေါ် ပြေးတက်သွားသည်။ မေစံရှားအတွေးက လှဦးမောင်ထံ ရောက်သွားသည်။

လှဦးမောင်။ သန္တာခင် မိတ်ဆက်ပေးထားသူဖြင့် မေစံရှား



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးကြိမ် မြင်ဖူးထားသည်။ ရုပ်ရည်သန့်သန့်ပြန့်ပြန့်၊ စကားပြောလျှင် ဟန်ပန်အမူအရာတွေနှင့် မိန်းကလေးကျလောက်သည့် ရုပ်မျိုး။ အလုပ်က ကားပွဲစား။ သန္တာခင်နှင့် ချစ်သူသက်တမ်း နှစ်နှစ်ကျော်ခဲ့ပြီ။

လွန်ခဲ့သော တစ်ပတ်ကျော်က လှဦးမောင် အသတ်ခံခဲ့ရ၏။ ဓားနှင့် ထိုးသတ်ခံရခြင်း ဖြစ်သည်။ လှဦးမောင်၏ အလောင်းကို မင်္ဂလာဒုံသွား ကားလမ်းဘေးတစ်နေရာမှာ တွေ့ရှိခြင်း ဖြစ်၏။ သို့သော် ရဲတို့ ယူဆချက်အရ ထိုနေရာတွင် လှဦးမောင်နှင့် လူသတ်သမားတို့ တွေ့ဆုံအချင်းဖြစ်ပြီး လှဦးမောင်ကို သတ်ခဲ့ခြင်းမဖြစ်နိုင်။ အခြားတစ်နေရာတွင် သတ်ခဲ့ပြီး ကားပေါ်တင်ကာ ထိုနေရာ၌ ပစ်ချထားခဲ့ခြင်းဖြစ်၏။ ထိုနေရာကား လူသူပြတ်သောနေရာ။ ပြီးတော့ အလောင်းသော ကားလမ်းအစပ်မှာ တွေ့ရသည့် ကားဘီးရာကား ဆလွန်းကားဘီးရာ ဖြစ်နေသည့်အတွက် ဆလွန်းကားများစွာ ပြေးလွှားလှုပ်ရှားနေသည့် ရန်ကုန်မြို့တော်ကြီးမှာ အစကောက် ခြေရာခံဖို့ခက်နေ၏။ မျက်မြင်သက်သေကလည်း မရှိ။ အခြားသော သဲလွန်စများလည်းမတွေ့...။

လှဦးမောင်၏ ဝန်းကျင်မှာ မေစံရှား စနည်းနာသည်။ စုံစမ်းသည်။ လှဦးမောင်မှာ ငြိုးသူရန်ဘက်မရှိ။ အပြောကောင်း၍ အပေါင်းအသင်းဆန့်သည်။ အားလုံးနှင့် ပြေလည်သည်တဲ့။

ပြောစရာတော့ ရှိသည်။

ကားပွဲစားဆိုတော့ကာ အလုပ်ကိစ္စ အပြိုင်အဆိုင်တော့ ရှိနိုင်၏။ ရှေ့တွင်ချိုသော်လည်း နောက်တွင် ငြိုးသူများမရှိဟု မဆိုနိုင်။

နောက်တစ်ခု ပြောစရာ ရှိသေး၏။

အခြားမဟုတ်...

လှဦးမောင်ကား ရုပ်ချော အပြောကောင်း၊ ငွေလက်ဖျားသီးသူမို့ မိန်းကလေးတွေ ကျသည်။ သန္တာခင်ရှိသော်လည်း၊ သန္တာခင်ကို ချစ်သော်လည်း၊ သန္တာခင်ကို လက်ထပ်ရန် ကြံရွယ်စီစဉ်ထားသော်





လည်း သန္တာခင်ကွယ်ရာမှာ မိန်းကလေးတွေနှင့် တွဲတတ်သည်။ ထိုအခါ မိန်းမကိစ္စ အရှုပ်အရှင်းမရှိဟု မပြောနိုင်...။

"လောလောဆယ် စကားများ အငြင်းပွားရတဲ့ အလုပ်ကိစ္စများ တွေ့ဖူးလား..."

"ကျွန်တော်တို့ သိသလောက် မတွေ့ဘူးဗျ..."

"ဒါဖြင့် လတ်တလော... တွဲသွားတွဲလာ ရှိတဲ့မိန်းကလေး ရော"

"အင်း... ခုတလော ကျွန်တော်တို့အမြင်မှာတော့ ဒီကောင် ခြေငြိမ်နေတယ်၊ သူက သန္တာခင်ကို လက်ထပ်ဖို့ စီစဉ်နေတယ်ပြောတာ ပဲ၊ အဲ ဒါပေမယ့်..."

မေစံရှားရရှိသော တွေးစရာ သဲလွန်စကား... ထိုအရာပင်။

"သူ ရောင်းပေးဖို့လုပ်နေတဲ့ ကားတစ်စင်း နှစ်စင်းရှိတယ်၊ အဲဒီကားတွေက စက်မှုဖုံတွေက ထုတ်တဲ့ကားတွေ၊ ရန်ကုန်ယူလာပြီး ဆိုင်စင်ဝင် ဝယ်ရောင်းလုပ်တဲ့ ကားတွေပဲ၊ သူ့ငွေကတော့ အကြီးစား ဘဲ နောက်ခံတောင့်တယ်"

ပြဿနာတော့ မကြားရ။

ထိုစဉ် မေစံရှား၏ လက်ကိုင်ဖုန်းက မြည်လာ၏။ ဂီတသံစဉ် လေးတစ်ခု...

ဂျင်းဂျာကင်ထဲ ထည့်လာသော ဖုန်းကလေးကို ထုတ်ယူ၍ နားထောင်လိုက်သည်။ ဖုန်းကိုဖွင့်ရင်း မေစံရှား တစ်ကိုယ်တည်း ပြုံးမိသေး၏။ သည့်ဖုန်းက မေစံရှား ဝယ်ယူအသုံးပြုနိုင်၍ ဝယ်ခဲ့သည့်ဖုန်း၊ ရခဲ့သည့် ဖုန်းမဟုတ်၊ မေစံရှား မေတ္တာဖြင့် ကူညီခဲ့ဖူးသော ပုဂ္ဂိုလ်တစ်ဦးက မေစံရှားကို ကျေးဇူးပြုတုံ့ပြန်ကာ ပေးခဲ့ခြင်း ဖြစ်၏။ သားဖြစ်သူက ဂျပန်တွင် အလုပ်လုပ်ကိုင်နေသူမို့ သားဖြစ်သူထံမှ မှာယူပြီး လက်ဆောင် ပေးခဲ့သော ဖုန်းဖြစ်၍ နောက်ဆုံးပေါ်ဖြစ်ပြီး ဖုန်းကို ကင်မရာလို



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုနိုင်သည်။ ဓာတ်ပုံများ၊ မှတ်တမ်းများကို ကူးယူသိမ်းဆည်းနိုင်သည်။

"ဟဲလို. . . "

"မေစံရှားလား၊ ငါပါဟ၊ သန္တာခင်ပါ. . . "

"အေး. . . ပြော သန္တာ၊ ဘာအကြောင်းထူးလဲ"

"မထူးသေးပါဘူး၊ မင်းငါ့ဆီလာမလား လှမ်းမေးတာ"

"လာမှာပေါ့၊ ခုပဲမင်းဆီလာနေတာ၊ လမ်းပေါ်မှာပဲ"

"ကိုနေသော်တို့ လေယာဉ်ထွက်သွားပြီလား၊ နှင်းလေဆိပ်က ပြန်လာတာပေါ့ ဟုတ်လား"

"ဟုတ်တယ်. . . "

"ဒါဆို. . . နှင်အိမ်ရောက်မှပဲ စကားပြောတော့မယ်ဟာ"

"ကောင်းပြီ သန္တာ၊ နောက်ဆယ့်ငါးမိနစ်လောက်ဆို ငါရောက်လာမှာပါ"

# ၃

တင်တင်ဝေ သတိရလာချိန်တွင် ခေါင်းက မူးဝေနောက်ကျိနေသည်။ နားထဲက လေတွေထွက်နေသလို တစ်ဒီဒီနှင့် မျက်လုံးကို လိုက်သောအခါ အစပထမတွင် ဝေဝေဝါးဝါး။ ထို့နောက် ကြည်လင်သည်။

ထင်ရှားပြတ်သားစွာ မြင်လိုက်ရသည်။ ဆိုလျှင်ပင် တင်တင်ရင့် ဒိုင်းကနဲ ခုန်သွားသည်။

မိမိအိမ်မဟုတ်၊ နေရာစိမ်း. . .

မိမိ ဘယ်ရောက်နေပါလိမ့်. . .

ဘယ်လိုဖြစ်ပြီး သည်ရောက်နေပါလိမ့်. . .

တွေးလိုက်တော့မှ ရေးရေးပေါ်လာသည်။ အိမ်တွင် တင်တင်ဝေ ည် အဝါရောင်အမျိုးသမီးတစ်ဦးနှင့် ယောကျ်ားနှစ်ဦး ရောက်လာ သူမ တံခါးဖွင့်ပေးမိ၍ အိမ်ထဲ ဝင်လာသည်။ ခင်ပွန်းဖြစ်သူ င်းနှင့်ပတ်သက်၍ မေးသည် ပြီးနောက်တွင် သူမကို မေ့ဆေးဖြ လိုက်ပြီး သူမ မေ့သွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ခေါ်လာခြင်း ဖြစ်လိမ့်မည်။

ဘယ်နေရာပါလိမ့်. . .

ဘာကြောင့် ခေါ်လာပါလိမ့်. . .

သူမ၏ အိမ်ထဲမှာလည်း သူတို့ ဝင်ရှာခဲ့ပုံရ၏။ ဘာကို ရှာပါလိမ့်။ မောင်နှင့် မည်သို့ ပတ်သက်နေပါလိမ့်. . .

တွေးမရ။ နားမလည်. . .

လှဲနေရာမှ တင်တင်ဝေ ဖြုန်းကနဲ လူးလဲထလိုက်သည်။ တိုက်ကြီးတစ်လုံးအတွင်းမှာ ဖြစ်သည်။ တိုက်အိုကြီးတစ်လုံးဖြစ်သည်။ အုတ်နံရံတွေမှာ အင်္ဂတေ အချို့ပင်ကွာကျနေသည်။ အခန်းလွတ်ကြီး ဖြစ်ပုံရ၏။ အခန်းထဲမှာ ဘာပရိဘောဂ ဘာပစ္စည်းမှမရှိ။ သူမ လဲကျနေသည့်နေရာသည် ကွန်ကရစ်ကြမ်းပြင်။

အခန်းက မှောင်နေသည်။ နေ့ပင်ဖြစ်သော်လည်း အလင်းရောင် များများမရ။ အခန်းထောင့် အပေါ်ဖက်နားမှာ တစ်ပေခန့်ရှိမည့် အပေါက်ကလေးတစ်ခုမှသာ အလင်းရောင် တိုးဝင်လာသည်ဖြစ်ရာ တစ်ခန်းလုံးကို လင်းလင်းချင်းချင်း မရှိစေနိုင်။ ထိုတစ်ပေခန့် အပေါက်ကလည်း သံတိုင်တွေစိုက်၍ ကာထားသည်။ သံတိုင်အပြင်က မှန်။

ထောင်တစ်ခုနှင့်ပင် တူနေတော့သည်။

အခန်းက စိုစိုစွတ်စွတ်နိုင်နေပြီး အနံ့က အောက်သိုးသိုးဖြစ်... ပင့်ကူအိမ်များ ဖုန်များကိုတွေ့ရသဖြင့် လူနေခန်း မဟုတ်ကြောင်း... အသုံးမပြုသည်မှာ ကြာပြီဖြစ်ကြောင်း တွေ့ရသည်။

အခန်းမှာ တံခါးပေါက်ကြီးတစ်ပေါက်သာ ရှိနေသည်။

ထိုတံခါးရှိရာသို့ တင်တင်ဝေ ပြေးသွားသည်။ တွန်းဖွင့်ကြ...သည် မရ။ ဆွဲဖွင့်ကြည့်သည် မပွင့်။ အပြင်က သော့ခတ်ထားပုံ ...သည်။

သူမကို ဖမ်းချုပ်ထားခြင်း ဖြစ်ကြောင်း သဘောပေါက်လို...





...သည်။

ဘာအကြောင်းကြောင့်နည်း။ ငွေလိုချင်၍လား. . .

တင်တင်ဝေ ဒေါသနှင့် ကြောက်စိတ် ရောထွေးကာ တုန်ယင်...သွားသည်။ ရင်တွေ ကတုန်ကယင် ဖြစ်ခြင်းနှင့်အတူ ငိုချင်စိတ် လွှန့်...ကဲ လာသည်။ တံခါးကို တဝုန်းဝုန်း ထုလိုက်သည်။

"တံခါးဖွင့်ပါ. . . တံခါးဖွင့်ပေးပါ. . . "

တင်တင်ဝေ့အသံ အခန်းထဲမှာ ပဲ့တင်ရိုက်သွားသည်။ အပြင်...က ဘာသံမျှ မကြားရ။

သူမကို ဖမ်းခေါ်လာသူမှာ လူဆိုးအဖွဲ့တစ်ဖွဲ့ ဖြစ်နိုင်သည်။ ...ဘုရားကွရော၊ ကိုလောရှည်ပါ. . . လူဆိုးတွေ၏ပုံပါပဲ။ ဟိုအဝါရောင်...ကလေးကလည်း ဘာတူးလဲ သွေးအေးအေးနှင့် ရက်စက်မည့်ပုံ။

မည်သို့လုပ်ရပါ့. . . ။

အလင်းရောင် ဝင်လာရာ နံရံထက် အပေါက်ငယ်မှ အပြင်သို့...ချောင်းကြည့်လျှင်. . . မည်သည့်နေရာ ရောက်နေသည်။ မည်သို့သော...ခန်းမျိုးကို ရောက်နေသည်။ ပတ်ဝန်းကျင် မည်သို့ရှိသည်ကို မြင်နိုင်...နိုင်မည်ဟူသော အတွေးဝင်လာ၏။

တင်တင်ဝေ နံရံရှိရာသို့ ပြေးသွားသည်။ သို့သော် အပေါက်...း မြင့်လွန်းလှသည်။ တင်တင်ဝေ လက်လှမ်း၍ပင် မမီနိုင်။ တစ်ခုခု...း တက်ကြည့်ဖို့ကလည်း ခုံနှင့်တူသည်ဟူ၍ ဘာမှမရှိ။

တင်တင်ဝေ စိတ်ပျက်သွားသည်။

"မောင်ရေ ဝေ့ကို ကယ်ပါဦး"

နံရံကို ကျောမှီ၍ ထိုင်ချကာ ဒူးပေါ်မျက်နှာမှောက်၍ တင်တင်...ငိုမိလိုက်သည်။ ဘဝမှာ သည်သို့ အားငယ်စိတ်ပျက်ရခြင်း...ခဲ့။ ကြောက်ရွံ့တုန်လှုပ်ရခြင်းလည်း မကြုံဖူးခဲ့။ ယခုမှု အနာဂတ်...သည် မရေရာ။ သူမ အသက်ကိုပါ ရန်ရှာချင် ရန်ရှာနိုင်သည် သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အရှက်ကို ရန်ရှာချင် ရန်ရှာနိုင်သည်။

"ဘုရား... ဘုရား..."

ပထမဦးဆုံး ဘုရားကို တ,မိပြန်သည်။

သည်အခိုက်မှာ...

တံခါးကြီးထံမှ ဂျုံးဂျုံးဂျောက်ဂျောက် အသံတစ်ခုကြားရသည်။ တင်တင်ဝေ ခေါင်းထောင်သွားသည်။ ဘာသံပါလိမ့်။ လူဆိုးတွေ တံခါး လာဖွင့်သလား...။

သူတို့ တံခါးဖွင့်လျှင် ထွက်ပြေးမည်ဟူသော စိတ်ကူးဖြင့် တင်တင်ဝေ ထိုင်ရာမှထကာ တံခါးမကြီးဆီသို့ ပြေးသွားသည်။

တင်တင်ဝေ တံခါးနားမရောက်မီ တံခါးကြီးက ကျွီကနဲပွင့် သွားသည်။ အလင်းရောင်တွေ တံခါးပေါက်မှ ရုတ်တရက်ဖြာကျလာ သည်။ ပြီးလျှင် အရိပ်မည်းကြီးတစ်ခု တိုးဝင်လာသည်။

လူတစ်ယောက်ပဲ ဖြစ်သည်။ လူဆိုးတစ်ယောက်ပဲ ဖြစ်သည်။ ကိုလောရှည် ဖြစ်သည်။ သူ့လက်ထဲမှာ သံတုတ်ကြီးတစ်ချောင်းနှင့်...

တံခါးဝမှာ ကိုလောရှည်က အလင်းရောင်ကို ကျောပေးလျှက် ပိတ်ရပ်နေသဖြင့် တင်တင်ဝေ ထွက်မပြေးသာ။ ပြေးပေါက်မရှိ။ အမှောင် ရိပ်တွေ အုပ်မိုးနေသည့် ကိုလောရှည်မျက်နှာကြီးကို ကြည့်လိုက်မိတော့ ကြက်သီးတွေထပြီး ကျောချမ်းသွားသည်။ ကြောက်စရာ လူစင်စစ်က သူရဲသဘက်လို မျက်နှာမျိုး။ ပြီးခက်ထန်လိုက်သည့်အကြည့်...

"ကျွန်... ကျွန်မကို လွှတ်ပေးပါ"

တင်တင်ဝေ အားတင်းပြီး ပြောလိုက်သည်။ တုန်ယင်ထစ်အ နေသော အသံများက တင်တင်ဝေ ကြောက်နေကြောင်း ဝန်ခံလိုက်သည် နှယ်။ အမှန်ပင် ကြောက်စိတ်က ကဲနေသည်ပင်။ လက်ဖျားတွေ အေး စက်ပြီး တဆတ်ဆတ် တုန်နေသည်မှန်။ ကိုယ့်ရင်ခုန်သံ တဒိန်းဒိန်းက ကိုယ်ပြန်ကြားနေရသည်။





ကိုလောရှည်က ဘာမျှမပြော။ သံတုတ်ကြီးကို ကိုင်ပြီး ရှေ့တိုး လာသည်။

တင်တင်ဝေ လန့်ပြီး နောက်သို့ ဆုတ်လိုက်ရ၏။ တင်တင်ဝေ ဆုတ်လေ ကိုလောရှည်က ရှေ့သို့ တိုးလာလေ။

ဆုတ်ရင်း ဆုတ်ရင်း နံရံကို တင်တင်ဝေ ကျောကပ်မိသွားတော့ သည်။ ထိုအချိန်မှာ သူမရှေ့သို့ရောက်နေသည့် ကိုလောရှည်က သူ၏ လက်ထဲမှသံတုတ်ကြီးကို မြှောက်လိုက်သည်။ ပြီးလျှင် လွှဲ၍ရိုက်လိုက် သည်။

"အား..."

တင်တင်ဝေ ငယ်သံပါအောင် မျက်စိမှိတ်၍ အသံကုန် အော် လိုက်သည်။ သို့သော်–

သံတုတ်က သူမ၏ ခေါင်းကို မထိလာ။ နံရံပေါ်မှ 'ဂွမ်းကနဲ' ဟူသော အသံတစ်ခုနှင့် အတူ အရာဝတ္ထုတစ်ခု ကျိုးကျေလွင့်စင်ကျ သွားသံများသာ နားထဲဝင်လာသည်။

အသားတွေ တဆတ်ဆတ် တုန်နေရာမှ မျက်လုံးကို ပြန်ဖွင့် ကြည့်လိုက်သောအခါ ကိုလောရှည်က သူမရှေ့မှ ပြန်ထွက်သွားနေပေပြီ။ ကျောပြင်မည်းမည်းကြီး ဝေးသွားပြီး တံခါးပေါက်မှ ထွက်သွားကာ တံခါးကို ဂုန်းကနဲ ဆောင့်ပိတ်သွားသည်။

သည်တော့မှ...

ဗိုလ့်ှကတုန်ခါနေသော ရင်ကို ဖိလျှက်... စောစောက ကျိုး ကျေသွားသော အရာများကို ကြည့်မိ၏။

"အို..."

ဖုန်းတစ်လုံး၏ အပိုင်းအစများ။ စကားပြောခွက်၊ ဝါယာများ၊ ကြမ်းပြင်ပေါ်မှာ ပျံ့ကျဲလျှက်။

သူမ နှောင်တရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ကြောက်စိတ်ဖြင့် မှုန်ထူပြီး အမြင်ကို ထွက်ဖို့သာ ကြိုးစားနေမိပြီး နံရံ၌ ချိတ်ထားသော ဖုန်းတစ်လုံးကို မမြင်မိခဲ့ မြင်မိခဲ့လျှင် အပြင်တစ်နေရာရာသို့ ဖုန်းခေါ်နိုင်ကောင်း ခေါ်၍ရမည် ထင်သည်။ သို့မဟုတ် ဖုန်းက အိမ်တွင်းဆက်သွယ်သည့် ဖုန်းပေပဲလား။

တင်တင်ဝေ့ခေါင်းထဲ အသိတစ်ချက် ဝင်းကနဲ လက်သွားသည်။ လက်ရှိအခြေအနေတွင် သူမကို အားကိုးရာ အဖော်ပြုရာသည် သည်ဖုန်း အစိတ်အပိုင်းများသာ ဖြစ်၏။ ကျိုးပဲ့ပြတ်တောက်သွားသော အစိတ်အပိုင်းများ ဝါယာများကို ရလိုရငြား ဟိုဘက်သည်ဘက် လုပ်ကြည့်လျှင် စကားပြော၍ ရနိုင်မည်လော. . .

ဘာမှမလုပ်ဘဲ၊ ထိုင်နေခြင်းထက် တစ်ခုခုကြိုးစားခြင်းက အရာထင်နိုင်သည်။ အကျိုးရှိနိုင်သည်။

တင်တင်ဝေ ထိုင်ချလိုက်သည်။

ဝါယာကြိုးပြတ်များကို ကောက်ယူလိုက်သည်။ ကြိုးစများကို ထိကြည့်သည်။ ပူးကြည့်သည်။ စကားပြောခွက်ကို ကောက်ယူနားထောင်ကြည့်သည်။ ဘာမျှ အရာမထင် . . . ။

တင်တင်ဝေ စိတ်အားမလျှော့သေး။

တစ်နည်းမရလျှင် နောက်တစ်နည်း စမ်းဖို့ ဆုံးဖြတ်လိုက်သည်။

♛ ♛ ♛

၄

"နင့်ကို ငါစောင့်နေတာ"

"သန္တာခင်က အိမ်ဝမှ ဆီးကြိုနေသည်။

ကားဆရာ ဦးလှမြင့်က သူကားပေါ်မှာပဲ စောင့်မည်ဟု ပြောသဖြင့် မေစံရှား တစ်ဦးတည်း ကားထဲမှ ထွက်လာကာ အိမ်ထဲဝင်ခဲ့ရသည်။ သန္တာခင်၏ ရောက်မဆိုက် ပြောလိုက်သောစကားက တစ်စုံတစ်ခု ထူးခြားနေဟန်ရှိကြောင်း မေစံရှား သတိပြုမိ၏။ ပြီးတော့ သန္တာခင်၏ မျက်နှာအမူအရာ–

"ဘာထူးလို့လဲ. . . "

သန္တာခင်နှင့်အတူ ဧည့်ခန်းထဲ လိုက်လာရင်း မေစံရှား မေးသည်။ မေစံရှားနှင့်အတူ နှစ်ယောက်ထိုင် ဆက်တီတွင် ဝင်ထိုင်သော သန္တာခင်က–

"ထူးတယ်လို့ထင်တာပဲ၊ နင့်အတွက် သဲလွန်စပဲလို့ ငါထင်တယ်"ဟု ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုစမ်းပါဦး . . ."

"နေဦး . . ."

သန္တာခင်က ထိုင်ရာမှပြန်ထကာ အတွင်းဘက် ဝင်သွားသည်။ ခဏကြာ စောင့်နေရသည်။ အိမ်တွင် သန္တာခင်၏ ဖခင်နှင့် မိခင်ရှိဟန် မတူ။ တနင်္ဂနွေဆိုရင် သန္တာခင့်မိဘတွေက သူတို့၏ အစ်ကိုတော် ဘုန်းကြီးရှိရာ ထောက်ကြန့်ဘက်သို့ သွားတတ်သည်။ သန္တာခင် ပြန်ထွက်လာ၏။ လက်တစ်ဖက်က ကော်ဖီခွက်၊ ကျန်တစ်ဖက်က စက္ကူပိုင်းကလေးတစ်ခု . . .

"ရော့ သောက်လိုက်ဦး . . ."

သန္တာခင်က ကော်ဖီခွက်ကို အရင်ထိုးပေးသည်။ မေစံရှားက ကော်ဖီခွက်ကိုယူ၍ မသောက်သေးဘဲ စားပွဲပေါ်ချသည်။

"ပြောစရာရှိတာ အရင်ပြောပါဦး . . ."

"ဒါဖြင့် . . . ရော့"

ကျန်လက်တစ်ဖက်က ကိုင်လာသည့် စက္ကူပိုင်းကလေးကို မေစံရှား ကို ပေးသည်။ မေစံရှား စိတ်ဝင်စားသွားသည်။ ဖျတ်ကနဲ ဆွဲယူကာ ကြည့်လိုက်သည်။ သတင်းစာ စက္ကူပိုင်းကလေး ဖြစ်၏။ သတင်းစာမှ ဆွဲဆုတ်ယူလာဟန်တူသည်။ မညီမညာ အစွန်းအစတွေနှင့် လက်တစ် ဝါးစာမျှသာ ဖြစ်၏။ သတင်းစာ၏ အပေါ်ပိုင်း စက္ကူသား အလွတ်ပါသော အပိုင်းကလေး။

ဘာပါလိမ့် . . .။

သတင်းစာ စက္ကူပိုင်းကဘာလဲ။ ဘာထူးခြားလဲ။ ခါတိုင်း သတင်းစာထဲမှာပါနေကျ သတင်းမျိုး၏ အစွန်းအစတစ်ခုသာ။

"နောက်ဖက်က စက္ကူသား အလွတ်နေရာမှာ ကြည့်စမ်း"

သန္တာခင်က ဘေးမှ ပြောသည်။

စက္ကူကို ကျောဘက်သို့ လှန်လိုက်သည်။





လက်ရေးတစ်ခု။ ဘောပင်အပြာဖြင့် ခပ်သော့သော့ ရေးခြစ်ထားသည့် စာကြောင်းကလေးတစ်ချို့ . . .

"အသိုးကြီးသိသွားလို့ မိုးမီးလောင်နေတယ်၊ ဝေ့ကို အတင်းအကြပ် မေးနေတယ် အိမ်မလာနဲ့ဦး . . ."

မေစံရှား မျက်ခုံးတွေ တွန့်သွားသည်။ သန္တာခင်ကို ပြန်ကြည့်လိုက်ပြီး မေးလိုက်သည်။

"ဒါ . . . ဘယ်က ရတာလဲ။ ဘယ်သူ့ လက်ရေးလဲ . . ."

သန္တာခင့်မျက်နှာ ရိပ်ကနဲ ညှိုးဆိုင်းသွားသည်။ မျက်လုံး အတွင်းရှိသော ဝမ်းနည်းခြင်းပေါ်၌ နာကျင်မှု လိုင်းတစ်ခု ဖြတ်သွားသည်။ နှုတ်ခမ်းတွေ ဟင်းတင်းစေ့သွားသည်။ ပြီးမှ သက်ပြင်းရှိုက်လိုက်ကာ –

"မနေ့ညက ငါ သူ့အိမ်သွားတယ် သူ့မိဘတွေကို ပြောပြီး သူ့အခန်းထဲမှ သဲလွန်စလိုက်ရှာတယ်ပေါ့ဟာ၊ ငါ့စိတ်ထဲမှာတော့ သူ သေဆုံးရတာကို ဝမ်းနည်းကြေကွဲရတာရော အသတ်ခံရတာမို့လို့ မခံမရပ်နိုင်တာရော ရောထွေးနေလို့ သူ့ကိုသတ်တဲ့ စာရေးခံကို မိချင်နေတယ်၊ အဲဒီဇောနဲ့ သွားရှာတာပဲ၊ နောက်ဆုံး သူ့ရဲ့ စာအုပ်တစ်အုပ်ကြားက ဒီစာရွက်ပိုင်းလေးတွေ့တယ် အဲဒါနဲ့ယူလာတာပဲ၊ ဘယ်သူ့ လက်ရေးလဲတော့ ငါမသိဘူး . . .

အထဲမှာ ပါတာက 'ဝေ' တဲ့။ 'ဝေ' ဆိုတဲ့ မိန်းကလေး တစ်ယောက်ကရေးတာ လှဦးမောင်ရဲ့ အသိမိတ်ဆွေတွေထဲမှာ 'ဝေ' ဆိုတဲ့ မိန်းမ တစ်ယောက်ရှိလား . . ."

"ငါသိသလောက်တော့ မရှိဘူး"

"သန္တာခင် နင်က ဒီစာဟာ လှဦးမောင်ကို ပေးတဲ့စာလို့ ယူဆ လို့လား"

"အဲဒါတော့ ငါမပြောတတ်ဘူး၊ သူကိုင်တတ်တဲ့မှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ထဲမှာ တွေ့တာဆိုတော့ သူ့ဆီကိုရေးတဲ့စာ၊ သူ့ကို ပေးတဲ့စာလို့ ပြောရင် ရမှာပဲ"

"စာက ခပ်သော့သော့ ရေးထားတာ လက်ရေးကြည့်ရင် သိတယ်၊ အလောတကြီး ရေးပေးလိုက်တဲ့ပုံပဲ၊ အလောတကြီးမို့လို့ပဲ စာရွက်လွတ် စာရွက်ကောင်းတောင် မရှာအားပဲ တွေ့တဲ့ သတင်းစာကို ဖြဲပြီး ရေးပေး လိုက်တယ်ပဲ"

မေစံရှားက စာမှတဆင့် ကျောဘက်က သတင်းစာပါ သတင်းကို ပြန်လှန်ကြည့်သည်။ သန္တာခင်ငြိမ်နေ၏။ သို့သော် သူမ၏ ရင်မှာ လှုပ်နေ၏။ သူမချစ်သောသူ တစ်ယောက်သည် အခြား မိန်းမတစ်ဦးနှင့် ပတ်သက်နေသည်ကို သူမအခံရခက်နေဟန် ရှိ၏။ ဒါကို မေစံရှားက ရိပ်မိနေသည်။

"သန္တာ...နင်...လှဦးမောင်အကြောင်း သိတယ်မဟုတ်လား"

"ဘာကိုလဲ ..."

"တခြားကောင်မလေးတွေနဲ့ ရှုပ်တာကိုလား"

"ဆိုပါတော့တာ..."

"အင်း...သိတယ်"

"ဒီတော့ ဒီစာဟာ လှဦးမောင်ရဲ့စာဆိုတာတော့ သေချာ သလောက်ရှိတယ်။ သူ့စရိုက်၊ သူ့အကျင့်ကြောင့်ရယ် သူ့စာအုပ်ထဲမှာ တွေ့ရတာကြောင့်ရယ်ပေါ့။ ဒီစာအရဆိုရင် သူဟာ ဝေဆိုတဲ့ မိန်းမနဲ့ ငြိနေပုံ ရှိတယ်။ အဲဒီဝေက အပျိုမဟုတ်ဘူး အိမ်ထောင်နဲ့ ကြည့်ရတာ ယောကျ်ားကြီး ရှိလျက်နဲ့ လှဦးမောင်နဲ့ ငြိတာပဲ၊ မှန်းဆရရင် ဝေရဲ့ ယောကျ်ားဟာ အသက်ကြီးကြီး ဖြစ်ရမယ် ပိုက်ဆံရှိမယ်၊ ပိုက်ဆံရှိလို့ ဝေက ယူထားတာ ဒါမှမဟုတ် ပိုက်ဆံရှိတဲ့သူကြီးက ဝေကို သိမ်းပိုက်ထားတာ၊ အဲဒီမှာ ဝေက အဘိုးကြီးနဲ့နေရတာ သုခအပြည့်အဝ မရဘူး၊ ဒီတော့ လှဦးမောင်နဲ့ တွေ့တယ် ငြိတယ်။





ဒါကို အဘိုးကြီးသိလို့ မိုးမီးလောင်တယ် ဆိုတော့ကာ လှဦးမောင် အသတ်ခံရခြင်းဟာ သည်ကိစ္စနှင့် သက်ဆိုင်နိုင်တယ်၊ အိမ်ကို မလာနဲ့အုံးလို့ ရေးတဲ့သဘောအရ လှဦးမောင်ဟာ အဲဒီအိမ်ကို ဝင်ထွက်သွားလာပုံရှိတယ်၊ ပြီးတော့ ပိုပြီးဖြစ်နိုင်တယ်လို့ ယူဆရတဲ့အချက်က သတင်းစာ စာရွက်ရဲ့ ခေါင်းစည်းက နေ့စွဲဟာ သူအသတ်မခံရမီ သုံးရက်က နေ့စွဲဖြစ်တယ်၊ ဒါကြောင့် စာက လောလောလတ်လတ် ရေးပြီး လှဦးမောင်ကို ပေးခဲ့တာ၊ ပြဿနာကလည်း ပူပူနွေးနွေးပဲ၊ ကောက်ချက်ချကြည့်ရင်တော့ ဒီစာဟာ လှဦးမောင် အသတ်ခံရမှုအတွက် အဓိကသဲလွန်စပဲ သန္တာ၊ နင် တော်တယ်..."

သန္တာခင် နှုတ်ခမ်းကို ကိုက်သည်။ "သူသေလို့ ကြေကွဲရ ... ငါ့ရင်ဟာ ဒီစာကြောင့် ပိုပြီးခံစားရတာအမှန်ပဲ၊ သူ့ကိုငါ စိတ်လည်း နာတယ်၊ မုန်းလည်းမုန်းသွားတယ်"

မေစံရှား တွေကနဲ တစ်ချက် ဖြစ်သွားသည်။ သန္တာခင်ကို ဖျတ်ကနဲ လှမ်းကြည့်သော မျက်ဝန်းမှာ စူးစမ်းမှုတွေနှင့် သည်စာကို သန္တာခင်ရပြီး လှဦးမောင်ကို နာကြည်းစိတ်ဖြင့် လှဦးမောင်ကို ဓားနှင့် ထိုးသတ်ခဲ့ခြင်းများလား၊ စာကို ယခုမှရသည့်ဟန် ထုတ်ပြခြင်းလား။

ဖြစ်တော့ မဖြစ်နိုင်။

သန္တာခင်က စိတ်ပျော့လူပျော့၊ ပြီးတော့ လှဦးမောင်ကို အရူးအမူးချစ်သူ။

မဖြစ်ဖူးဟူ၍လည်း တစ်ထစ်ချ မဆိုနိုင်ပြန်။

လူ့စိတ်ဆိုသည်မှာ ဆန်းကြယ်ပေစွ။ ပြီးတော့ အချစ်နှင့် ပတ်သက်လျှင် အရာအားလုံး မှောင်သွားသည်ချည်း။ မိန်းမဆိုသည် ကလည်း အချစ်နှင့်ပတ်သက်လျှင် ယောကျ်ားတွေထက်ပို၍ ရဲဝံ့သလို ယောကျ်ားတွေထက် ပို၍ မိုက်မဲတတ်သည်။ မျက်စိကန်းတတ်သည်။

သို့မဟုတ် သည်စာက သန္တာခင် ယခုမှ တွေ့ခြင်းလည်း ,



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ပြန်၏။ သန္တာခင့်စကား မှန်မမှန်ဆိုသည်ကို လှဦးမောင် မိဘများထံမှာ မေးကြည့်လိုက်လျှင် သိနိုင်သည်။

ဘာပဲဖြစ်ဖြစ် လမ်းစပေါ်လာပြီ ဖြစ်၏။

'ဝေ'သည် မည်သူနည်း။

'ဝေ့'ခင်ပွန်းသည် မည်သူနည်း။

"ဝေက သူ့ယောက်ျားကြီးသိသွားလို့ အိမ်ကို မလာဖို့ပြောတယ်၊ ဒီကြားက လှဦးမောင် ရောက်သွားတယ်၊ အဲဒီမှာ အဖိုးကြီးနဲ့တွေ့ပြီး ပြဿနာဖြစ်ကြတယ်၊ ဒါလည်းဖြစ်နိုင်တာပဲ၊ ဒါမှမဟုတ် ဝေနဲ့ ကိစ္စကိုသိပြီး အဖိုးကြီးက လှဦးမောင်ကို လိုက်ရှာပြီး ပြဿနာရှင်းတာလည်း ဖြစ်နိုင်တာပဲ၊ ဒီကိစ္စကို ရဲအုပ်စည်သူနဲ့ငါ တိုင်ပင်ပြီးလိုက်မယ်၊ အမှုမှန် ပေါ်ကာနီးပါပြီဟာ နင်စိတ်မပူပါနဲ့. . . "

သန္တာခင် နာနာကျင်ကျင် ပြုံးသည်။ ခေါင်းညိတ်သည်။

"နင် အဲသလို တွေးခေါ်တတ်တာမို့ ဒီစာပိုင်းလေးမြင်ရင် တရားခံကို ခြေရာခံမိပါပဲဆိုတာ ငါတွေးမိပြီး နင့်ကိုစောင့်နေတာပဲ၊ နင် ကြိုးစားပေးပါ ဟာ"

"စိတ်ချပါသူငယ်ချင်းရယ်၊ ကဲ ငါ သွားမယ်၊ ရဲအုပ်စည်သူနဲ့ တွေ့ရအောင် စခန်းကို လိုက်ဦးမှ၊ သူက သိပ်အလုပ်များတာ သူ့ကို ဖမ်းရတာလည်း မလွယ်ဘူး"

မေစံရှား ပြောပြောဆိုဆို ထိုင်ရာမှထသည်။ သားကောင်ရနံ့ကိုရသော မုဆိုး၏ လျှင်မြန်ဖြတ်လတ်မှုမျိုးဖြင့်။

"ဟဲ့. . . ကော်ဖီ သောက်သွားဦးလေ"

"နေပါစေတော့ဟာ ကော်ဖီက အရေးမကြီးဘူး"

"ငါ. . . လိုက်ခဲ့ရဦးမလား. . . "

"နေ. . . နေ. . . နင်. . . နေခဲ့ပါ"

"အကြောင်းထူးရင် လိုအပ်ရင် ငါ့ဆီ ဖုန်းဆက်နော်"





"အင်း. . . "

မေစံရှား. . . သန္တာခင်ကို နှုတ်ဆက်ပြီး အိမ်ပေါ်မှဆင်းလာသည်။ ကားနားမှာ ရပ်နေသော ဦးလှမြင့်က ရဲစခန်းဆက်သွားမှာ မဟုတ်လားဟု ဆီးကြိုမေးသည်။

"ဟုတ်ကဲ့ ဦးလေး"

"ဒါဆို ကားပေါ်တက်"

မေစံရှားနှင့် ဦးလှမြင့် ကားထဲပြိုင်တူ ဝင်လိုက်ကြသည်။ သန္တာခင်က အိမ်ဝမှ ရပ်ကြည့်နေ၏။ မေစံရှားက လက်ပြလိုက်သည်။ ဦးလှမြင့်က ကားကို ဂူးကနဲ မောင်းထွက်သည်။ ခြံထဲမှ ထွက်လာသော ကားကလေး ညို့မှလွှတ်သော မြှားပမာ. . .

"နီးစပ်ပြီလား"

"ဆိုပါတော့ ဦးလေးရယ်၊ သဲလွန်စလေးတော့ တစ်ခုရပြီ"

မေစံရှားက ဖုန်းကိုထုတ်ယူပြီး ရဲအုပ်စည်သူထံသို့ ဖုန်းခေါ်လိုက်သည်။ ဖုန်းက ခေါ်မရ။ လိုင်းစုံနေသည်။ ဖုန်းကိုပိတ်ကာ မေစံရှားက ဂျင်းဂျာကင်အိတ်ထဲ ပြန်ထည့်သည်။ ပြန်ထည့်ချိန်မှာပင် ဖုန်းက မြည်လာပြန်သည်။ ဖုန်းကို ပြန်ထုတ်ယူကာ ဖွင့်သည်။

"ဟယ်လို. . . မေစံရှားပါ"

"ငါပါဟ. . . မေရှားရဲ့ သန္တာခင်ပါ"

"ဟဲ. . . ဟဲ. . . ခုပဲ နင့်ဆီက ပြန်လာတာ ဘာထူးပြန်လို့လဲ"

"ထူးတော့ မထူးပါဘူး ငါစိတ်ကူးတစ်ခုရလို့"

"ဘာစိတ်ကူးလဲ. . . "

"လှဦးမောင်ရဲ့ သူငယ်ချင်း မြင့်ဆွေဆီကို ငါ သွားမလားလို့ သူနဲ့က လှဦးမောင်က အရမ်းရင်းနှီးတာလေ၊ သူဆီက လှဦးမောင်နဲ့ ပတ်သက်တာ သိရနိုင်တယ်။ အဲဒီ'ဝေ'ဆိုတဲ့ အမျိုးသမီးကြီးကို သူသိချင်သိမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကောင်းသားပဲဟာ သွားလေ၊ ငါပါ လိုက်ရမလား"

"နင်မလိုက်နဲ့လေ နင်က ရဲအုပ်စည်သူ ဆီကိုပဲသွားပေါ့၊ ငါက မြင့်ဆွေနဲ့သွားတွေ့မယ်၊ အကြောင်းထူးရင် နင့်ဆီဖုန်းဆက်မယ်"

"ဟဲလို... ဟဲလို..."

သန္တာခင်နှင့် ပြောနေဆဲ ဖုန်းသံထဲသို့ အသံခပ်တိမ်တိမ် ခေါ်သံတစ်ခု ရောဝင်လာသည်။ ဘယ်လိုဖြစ်တာပါလိမ့် ဖုန်းလိုင်းမှူး တာလား...

"အေး... အကြောင်းမထူးလည်း ဆက်ပေါ့ဟာ၊ နင်သူ့ကို မေးလို့ သူပြောသမျှကို ငါ့ပြန်ပြော၊ နင်က မထူးဘူးထင်ပေမယ့် ငါ့အဖို့ တွေးစရာရချင်ရမှာ"

"ဟဲလို... ဟဲလို"

"ကောင်းပြီ ငါဆက်ဆက် ဖုန်းဆက်လိုက်မယ် ဒါပဲနော်"

"ကျွန်မကို ကယ်ပါ ဟယ်လို... ဟယ်လို..."

သန္တာခင် စကားဆုံးသွားပြီး သန္တာခင် ဖုန်းချသွားသော်လည်း မေစံရှားဖုန်းထဲက အသံက အလောတကြီး တုန်တုန်ယင်ယင်၊ ဘယ်က အသံလဲ။ ဘယ်သူလဲ။ ဘာဖြစ်နေတာလဲ။

"ခု စကားပြောတာ ဘယ်သူလဲ... ကျွန်မဆီဖုန်းဆက်တာ လား"

မေစံရှားပြန်မေးလိုက်သည်။

"ကျွန်... ကျွန်မ... တင်တင်ဝေပါ"

"ဝေ... တင်တင်ဝေ..."

တင်တင်ဝေဆိုသော အမည်ကြောင့် မေစံရှား စိတ်ဝင်စား သွားသည်။ လှဦးမောင်နှင့် ပတ်သက်သော 'ဝေ'ပဲလား။

"ကျွန်မ... ကို... ကယ်ပါ..."

"ကျွန်မဆီကို မတင်တင်ဝေ ဆက်နေတာလား။ မတင်တင်





ဝေဆိုတာ ကျွန်မ မသိလို့ပါ၊ ဖုန်းများ မှားနေသလားလို့"

"ဟင့်အင်း... မမှားဘူး... မမှားပါဘူး... ကျွန်မ အကူ အညီ တောင်းနေတာပါ၊ အခု စကားပြောနေတာ ဘယ်သူလဲဟင်..."

"မေစံရှားပါ၊ ရွှေနေမလေး မေစံရှားပါ"

"ဟင်... မေစံရှား... ဟုတ်လား...၊ ဝမ်းသာလိုက်တာ။ မေစံရှားကို သိတယ်၊ အို...လူကို မဟုတ်ဘူး နာမည်ကို ကြားဖူးတာ၊ မေစံရှား ကျွန်မကို ကယ်ပါ"

"မတင်တင်ဝေ ဘာဖြစ်နေလို့လဲ"

"ကျွန်မ ပြန်ပေးဆွဲခံနေရလို့ပါ"

"ရှင်... ပြန်ပေးဆွဲခံနေရတယ်"

မေစံရှား၏ အာမေဋိတ်ဖြင့် ပြန်ပြောလိုက်သော "ပြန်ပေးဆွဲ ခံနေရတယ်"ဟူသော စကားသံကြောင့် ဦးလှမြင့် မျက်လုံးပြူးသွား တာ နောက်ကြည့်မှန်မှတဆင့် လှမ်းကြည့်သည်။

"ဟုတ်ပါတယ်... ကျွန်မကို လူသုံးယောက် ပြန်ပေးဆွဲလာ တာပါ၊ ယောကျ်ားနှစ်ယောက် မိန်းမတစ်ယောက်..."

မေစံရှား တွေသွားသည်။ တစ်ဖက်မှ စကားပြောနေသူ တင် တင်ဝေမှာ ကြောက်ရွံ့တုန်လှုပ်နေသံ ပါနေသည်မှာ မှန်သော်လည်း ပြန်ပေးဆွဲထားခံရသူက ဖုန်းနှင့် လှမ်းပြောနေသည်က မည်သို့နည်း။

"မတင်တင်ဝေက ပြန်ပေးဆွဲခံထားရတယ် ပြောတယ်၊ ဖုန်း ဘယ်ကရလဲ၊ မတင်တင်ဝေကို သူတို့ကဖုန်းပေးထားလို့လား"

"အို... မဟုတ်ဘူး... မဟုတ်ဘူး... အဲဒီလိုမဟုတ်ဘူး၊ သူတို့က ဖုန်းပေးထားတာ မဟုတ်ဘူး..."

"ဒါဖြင့် မတင်တင်ဝေ ဘယ်လို ကျွန်မဆီ ဆက်တာလဲ"

"ကျွန်မကို ဖမ်းထားတဲ့ အခန်းမှာက ဖုန်းရှိတယ် မေစံရှားရဲ့"

မဖြစ်နိုင်။ ဖုန်းရှိသော အခန်းတွင် ပြန်ပေးဆွဲထားသူ ဘာစ

www.burmeseclassic.com



ယောက်ကို ထားလောက်အောင် ဘယ်လူဆိုးမှ မိုက်မဲမည် မထင်။

မေစံရှား စကားမပြန်သဖြင့် . . ,

"ဟယ်လို . . . ဟယ်လို . . . ဖုန်းမချလိုက်ပါနဲ့နော်၊ မေစံရှား ဖုန်းချလိုက်ရင် ကျွန်မ ပြန်ခေါ်လို့ ရချင်မှရမှာမို့ပါ . . . "

"ကျွန်မ သိပ်နားမလည်ဘူး ဖြစ်နေတယ်"

"ဒီလိုပါ၊ ကျွန်မကို ထားတဲ့ အခန်းထဲမှာက ဖုန်းရှိပါတယ် ဒါပေမယ့် ကျွန်မကို ဖမ်းလာပြီး အခန်းထဲထည့်ပြီးတော့ ဖုန်းကို လူဆိုး တစ်ယောက်က ရိုက်ခွဲသွားပါတယ်။ ကျွန်မက ကြိုးတွေကို ဟိုရှောက် ဆက် ဒီရှောက်ဆက် လုပ်ရင်းကနေ မေစံရှားရဲ့ ဖုန်းလိုင်းထဲ ဝင်သွား တာဖြစ်မယ်"

မေစံရှား သဘောပေါက်သွားသည်။ သို့ဆိုလျှင် ဖြစ်နိုင်သည်။ မေစံရှား သန္တာခင်နှင့် ပြောနေဆဲ လိုင်းထဲသို့ တင်တင်ဝေ့ ဖုန်းက ပူးဝင်လာခြင်း ဖြစ်နိုင်သည်။

"အခု တင်တင်ဝေ ဘယ်မှာလဲ"

"မသိဘူး . . . အပြင်ကို မမြင်ရဘူး၊ ကျွန်မကို ထည့်ထားတာ မြေအောက်ခန်း တစ်ခုခု ဖြစ်နိုင်တယ်၊ ဘယ်နားမှန်းလဲ မသိဘူး"

"မတင်တင်ဝေ အိမ်ကနေ မတင်တင်ဝေကို ဖမ်းခေါ်လာတော့ မျက်စိပိတ်ပြီးခေါ်လာတာလား၊ ကားနဲ့ ခေါ်လာတာဆိုရင် ဘယ်လောက် ကြာလဲ . . . "

"မဟုတ်ဘူး . . . ကျွန်မကို မေ့ဆေးနဲ့ အိပ်ပြီး သတိမေ့နေတုန်း ခေါ်လာတာ . . . "

တွေးစရာ လမ်းစ ပြတ်သွားသည်။ တစ်ခုပဲ ရှိသည်။ မေစံရှား၏ လက်ကိုင်ဖုန်းထဲသို့ ဝင်လာသောကြောင့် ခရီးက သိပ်မကွာဝေးလှဟု ခန့်မှန်းရသည်။ ရန်ကုန်မြို့နှင့် ဝေးရာနေရာဆိုလျှင် လက်ကိုင်ဖုန်းထဲသို့ အသံဝင်မလာနိုင်။





တစ်ဖက်မှ အသံဆက်ဝင်လာသည်။

"သူတို့ ကျွန်မကို သတ်မှာလားမသိဘူး . . . ကျွန်မကို ကယ်ပါ မေစံရှားရယ် . . . "

"မတင်တင်ဝေကို ဘာကြောင့် ခေါ်လာတာလဲဆိုတာ သိလား"

"မသိဘူး . . . သေချာမသိဘူး . . . ကျွန်မ ယောက်ျားနဲ့ ပတ်သက်တာ ဖြစ်နိုင်တယ် . . . "

မေစံရှား လျှပ်တပြက် ဆုံးဖြတ်ချက် ချလိုက်သည်။

"အခု အခြေအနေအတိုင်း ဆိုရင်တော့ ကျွန်မအနေနဲ့ ရဲစခန်း ကို အကူအညီတောင်းမှ ဖြစ်မယ်၊ မတင်တင်ဝေ ဖုန်းမချလိုက်နဲ့ဦး၊ ဖုန်းပြန်ခေါ်မရရင် ခက်မယ်၊ ရဲအရာရှိနဲ့ ဆုံပြီး သေသေချာချာ ပြောပြ၊ ကျွန်မလည်း ဝင်ကူမှာပေါ့ . . . အားမငယ်ပါနဲ့"

"ကျေး . . . ကျေးဇူးတင်လိုက်တာရှင်"

"ကျွန်မဖုန်းကို ဆက်ဖွင့်ထားမယ်၊ မတင်တင်ဝေရဲ့ ဖုန်းကြိုး တွေကို မပြုတ်စေနဲ့၊ ကျွန်မ အခု ကားပေါ်မှာ၊ အနီးဆုံး ရဲစခန်းတစ်ခုကို အခု ကျွန်မသွားမယ် . . . "

"ဟုတ် . . . ဟုတ်ကဲ့"

မေစံရှားက ဦးလှမြင့်ကို လှမ်းကြည့်သည်။

"ဦးလေးရေ . . . "

"ဘာလဲတူမ . . . ၊ အရေးတကြီး ကိစ္စတစ်ခုပေါ်လာပြီထင် တယ်"

"အနီးဆုံး ရဲစခန်းကို မောင်းပေးပါ၊ မြန်မြန်လေးလည်း မောင်းပေးပါ"

"အခုရောက်နေတဲ့ နေရာကဆိုရင် မရမ်းကုန်း ရဲစခန်းက နီးလိမ့်မယ် တူမရေ . . . "

"မရမ်းကုန်း . . . ဟုတ်လား . . . ကောင်းတယ်၊ မရမ်းကုန်း



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်း စခန်းမှူး ဦးမြင့်သိန်းက မိတ်ဆွေပဲ၊ ခပ်မြန်မြန်သာ မောင်းပေးပါ"

"ကောင်းပြီဗျာမ"

"မတင်တင်ဝေ ဖုန်းကိုင်ထားနော်၊ အခုထိတော့ မတင်တင်ဝေ ကို သူတို့ရန်မမူကြသေးဘူးမဟုတ်လား၊ ဘာမှလည်း မမေးကြသေးဘူး မဟုတ်လား"

"ဟုတ်တယ် မေစံရှား"

"စိတ်အေးအေးထားပါ ကျွန်မတို့ရဲစခန်းသွားနေပြီ"

♛ ♛ ♛

# ၅

စခန်းမှူး ရဲအုပ်မြင့်သိန်းသည် သူ၏ စခန်းမှူးအခန်းထဲမှ [illegible] တစ်ခုကိုကိုင်လျက် ဧည့်ကြိုးသုတ်ဖျာ ထွက်လာသည်။ တာဝန်မှူး [illegible]အုပ် ဝင်းမောင်က သူ၏ တာဝန်မှူးစားပွဲမှ ဖျတ်ကနဲထရပ်ကာ [illegible]အသေ ပေးလိုက်သည်။

"ကိုဝင်းမောင် . . . ကျွန်တော် ခရိုင်မှူးအစည်းအဝေးကို [illegible]လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

"ကိုမောင်မောင်လတ် တရားရုံးက ပြန်မရောက်သေးဘူးလား"

"မရောက်သေးဘူးဆရာ၊ ဒီနေ့က ဟိုလူသတ်မှု ကိစ္စအတွက် [illegible] အမှုစစ်အရာရှိဆိုတော့ တရားရုံးမှာ ကြာမယ်ထင်တယ်"

"ဒါဆို စခန်းမှာ ခင်ဗျားပဲကျန်မှာ ခင်ဗျားကိုပဲ လွှဲထားခဲ့မယ် [illegible]ရာရှိတာ သေသေချာချာလုပ်နော်"

"စိတ်ချပါ . . . "



www.burmeseclassic.com

www.burmeseclassic.com



"နယ်ထိန်း ကိုတင်ဆောင်တို့ရော"

"စောစောက ဖုန်းနဲ့လှမ်းပြီး သတင်းပေးတဲ့ကိစ္စတစ်ခုအတွက် လွှတ်လိုက်ပါတယ်"

"ကောင်းပြီ၊ ကျွန်တော်သွားမယ်"

ဒုရဲအုပ် ဝင်းမောင်က အလေးပြုလိုက်သည်။

"လေးစားပါတယ် ဆရာ"

ရဲအုပ်မြင့်သိန်း စခန်းတွင်းမှ ထွက်သွားပြီး မကြာမီမှာပင် စခန်းရှေ့မှ ကားထွက်သွားသံ ကြားရသည်။ ဒုရဲအုပ်ဝင်းမောင် နေရာတွင် ပြန်ထိုင်ကာ လုပ်လက်စအလုပ်တွေ ပြန်လုပ်သည်။

ထိုစဉ် . . . နယ်ထိန်း ရဲတပ်ကြပ်ကြီးတင်ဆောင်နှင့်အဖွဲ့ ပြန်ရောက်လာသည်။

"ဘယ်လိုလဲဗျို့"

ဒုရဲအုပ်ဝင်းမောင်က လှမ်းမေးလိုက်ရာ နယ်ထိန်းတင်ဆောင်က ခေါင်းကို ယမ်းလျက် ချွေးသုတ်ရင်း . . .

"အလကားပါဆရာ၊ ဖုန်းထဲကပြောတဲ့ လက်ဖက်ရည်ဆိုင်မှာ ဘာမှမဖြစ်ဘူး . . . ဆိုင်ကလည်း သူတို့ဖုန်းဆက်တာ မဟုတ်တဲ့အကြောင်း ပြောတယ်၊ ဒေသမှာလည်း စုံစမ်းကြည့်တယ်၊ ဘာမှမထူးဘူး"

"SKY BLUE လက်ဖက်ရည်ဆိုင်နော်၊ အောင်သုခလမ်းထိပ်က . . . "

"ဟုတ်ပါတယ် ဆရာ"

"ဟာ ဒါဆို ဖုန်းသရဲပဲ၊ အတော် ဒုက္ခပေးတဲ့ကောင်တွေကွာ ဒို့မှာ အလုပ်တွေ မအားမလပ်ရတဲ့ကြားထဲ ဖုန်းကလေးရှိတာနဲ့ အားအား ယားယား ဇာတ်လမ်းတွေဆင်ပြီး ငါတို့ကို အလုပ်ရှုပ်အောင်လုပ်တယ်"

"ဒီလိုပဲ ဆရာရေ ဖုန်းနဲ့ လှမ်းပြောတာတွေ တိုင်တာတွေ ချော်လန့်သွားပြီ၊ ခုရတာ သုံးလေးကြိမ် ရှိနေပြီ"





နယ်ထိန်း ရဲတပ်ကြပ်ကြီး တင်ဆောင်က ညည်းညူရင်း အချုပ်သားများ အခန်းရှိရာဘက်သို့ ထွက်သွားသည်။

ထိုအချိန်၌ ရဲစခန်းအတွင်းသို့ အငှားကား အဖြူကလေး ပြေးဝင်လာသည်။ မေစံရှား လိုက်ပါလာသော အငှားကားပင် ဖြစ်ပါ၏။ ကားရပ်သည်နှင့် နောက်ခန်းတံခါး ဝုန်းကနဲဖွင့်ကာ မေစံရှား ဆွာလော အကြီး ဆင်းလာသည်။ ကားတံခါးကို နောက်ပြန်ပိတ်ပြီး ရဲစခန်းတွင်းသို့ ပြေးဝင်လာသည်။

"မတင်တင်ဝေ ဖုန်းကိုင်ထားနော်၊ ခု ကျွန်မ ရဲစခန်းထဲ ဝင်လာနေပြီ၊ ရဲအရာရှိတွေနဲ့တွေ့ရင် အသေးစိတ် ပြောပြပေးမယ် ဟုတ်လား"

ဖုန်းကိုကိုင်လျက် ပြောရင်းဝင်လာသော မေစံရှားကို တာဝန်မှူး ဒုရဲအုပ်ဝင်းမောင်က မော့ကြည့်သည်။

"စခန်းမှူး ဦးမြင့်သိန်း ရှိပါသလားရှင်"

မေစံရှားက ဖုန်းကို ကိုင်လျက်မေးသည်။ ချိုသာယဉ်ကျေးစွာ မေးလိုက်ခြင်း ဖြစ်သည်။ ဒုရဲအုပ်ဝင်းမောင်မှာ မေစံရှားကို မသိသော်လည်း မေစံရှား၏ တည်ကြည်သော မျက်နှာကို လေးစားစွာကြည့်လျက် . . .

"ဆရာဦးမြင့်သိန်း ခရိုင်ရုံးကို အစည်းအဝေး သွားပါတယ် ခင်ဗျာ"ဟု ပြန်ဖြေလိုက်သည်။

"ရဲအုပ် ကိုမောင်လတ်ကောရှင်"

"ဆရာကိုမောင်မောင်လတ်က တရားရုံးသွားပါတယ်၊ ပြန်မရောက်သေးပါဘူး"

မေစံရှားမှာ ရင်းနှီးသိကျွမ်းသူများ မရှိ၍ စိတ်မာတ်ကျသွားသော်လည်း ကိစ္စက အရေးကြီးနေသဖြင့် . . .

"ဒီက တာဝန်မှူးထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . .. ကျွန်တော် ဒုရဲအုပ် ဝင်းမောင်ပါ"

"ဒါဆို ဒီဖုန်းကလေး တဆိတ်နားထောင်ပေးပါ၊ ပြန်ပေးဆွဲခံထားရတဲ့ အမျိုးသမီးတစ်ယောက်က အကူအညီ တောင်းနေလို့ပါ"

မေစံရှားက သူ၏ ဖုန်းကို ထိုးပေးသည်။

"ကျွန်မက မေစံရှားပါ၊ ရွှေနေပါ၊ ဆရာဦးမြင့်သိန်းတို့ ကိုမောင်မောင်လတ်တို့နဲ့လည်း ရင်းနှီးပါတယ်"ဟုလည်း ပြောလိုက်သည်။

မေစံရှား၏ အလေးအနက် ပြောနေဟန်ကြောင့် ဖုန်းကို လှမ်းယူလိုက်ရသော်လည်း ဒုရဲအုပ်ဝင်းမောင်မှာ ဖုန်းဖြင့် အကူညီတောင်းသည်ဆိုသောကြောင့် ပြုံးမိမလို ဖြစ်သွားသည်။

"ကျွန်တော်တို့လည်း ခုပဲ သတင်းပေးတိုင်လို့ လိုက်သွားတာ ဖုန်းသရဲ လက်ချက်ဖြစ်နေလို့ မောပြီး ပြန်ခဲ့ရတယ်ဗျ"ဟု ပြောရင်း တစ်ဆက်တည်း. . .

"ပြန်ပေးဆွဲခံရတဲ့သူက ဘယ်က ဖုန်းရလို့ ဒေါ်မေစံရှားဆီ ဆက်တာလဲ၊ ဒေါ်မေစံရှား မိတ်ဆွေလား"ဟု ပြန်မေးသည်။

"ကျွန်မမိတ်ဆွေ မဟုတ်ပါဘူး . . . ကျွန်မ ဖုန်းလိုင်းထဲ ဝင်လာလို့ပါ"

"နောက်အဲပဲထင်တယ်၊ တကယ် ပြန်ပေးဆွဲခံရရင် ဖုန်းလည်း ဆက်မယ်ဆိုရင် ရဲစခန်းကို တိုက်ရိုက်ဆက်မှာပေါ့"

ဒုရဲအုပ်ဝင်းမောင်မှာ ဖုန်းထဲမှ သတင်းပေးခြင်း၊ တိုင်ခြင်းကို လန့်နေပုံရလေသည်။ သို့သော် တာဝန်ရှိသူပီပီ ဖုန်းကို နားမှာကပ်၍ နားထောင်လိုက်သည်။

"ဟဲလို. . . ကျွန်တော် ဒုရဲအုပ်ဝင်းမောင်ပါ ပြောပါခင်ဗျာ"

တာဝန်မှူးက လက်ခံစကားပြောသည် ဆိုသည့်အတွက် မေစံရှား အနည်းငယ် ရင်မောပြေသွားသည်။ သို့သော် တာဝန်မှူး ဒုရဲအုပ်





အား တင်တင်ဝေက အကျိုးအကြောင်း အခြေအနေများ ပြည့်စုံအောင် သို့ရင်းကို ထိရောက်စွာရှင်းပြ ပြောပြနိုင်ပါ့မလားဟူ၍ စိတ်ပူနေမိသေးသည်။ ဖတ်ဖက်က တင်တင်ဝေက မိန်းမသားမို့ ကြောက်ရွံ့ တုန်လှုပ်မှု ထွန်ကဲနေသဖြင့် ရေလည်စွာ မပြောပြနိုင်မှာကို စိုးရသလို ဒုရဲအုပ်အနေနှင့်ကလည်း စောစောကပင် ဖုန်းသရဲတို့ နှောင့်ယှက်ခြင်းခံရသူဖြစ်ရာ တင်တင်ဝေကို ဖုန်းသရဲဟု ယူဆသွားမှာကို စိုးရသည်။ မေစံရှားအနေနှင့် ပင် တင်တင်ဝေ၏ ပြောပြချက်များကို ရာနှုန်းစေ့မျှသာ ယုံကြည်သေးသည်ဟု ဆိုရပါမည်။ သူမ၏ ဖုန်းထဲကို မဆီမဆိုင် ပူးဝင်လာသည်မှာလည်း စဉ်းစားစရာ။ ပြီးတော့ သူမ၏ ဖုန်းထဲမှာ ပေါ်နေသည်က သချ်ိုင်း၏ ဖုန်းနံပါတ်သာ။

ထူးဆန်းသည်ဟု ပြောရမလား၊ တိုက်ဆိုင်သည်ဟု ပြောရမလား သို့မဟုတ် တမင်ပင် လံကြုတ်ဖာတ်လမ်း ဆင်သည်လား။

"နာမည်က ဒေါ်တင်တင်ဝေဟုတ်လား"

ဒုရဲအုပ်ဝင်းမောင်၏ အသံက မေစံရှား၏ နားထဲဝင်လာကာ အတွေးများကို ဖြတ်တောက်လိုက်သည်။

"ဒေါ်တင်တင်ဝေရဲ့ လိပ်စာကော"

ဒေါ်တင်တင်ဝေက လိပ်စာပြောပြဟန် တူသည်။ ဒုရဲအုပ်ဝင်းမောင်က စာရွက်လွတ်တစ်ရွက်ကို လှမ်းယူကာ ရေးမှတ်နေသည်။

"အခု ရောက်နေတဲ့နေရာကို ခန့်မှန်းလို့ရမလား. . . "

ထိုအခိုက်မှာပဲ ဖြစ်ပါ၏။

"ဆရာ ဆရာ"

အော်ကြီးဟစ်ကျယ်နှင့် ဆူဆူညံညံအသံများ မေစံရှားနားထဲ ဝင်လာသည်။ လူအုပ်စုတစ်စု ရဲစခန်းတွင်းသို့ ဝင်လာကြခြင်း ဖြစ်၏။ အော်ပြောနေသော ဒုရဲအုပ်၏ အာရုံများက ထိုလူစုထံ ရောက်သွားသလို မေစံရှားကလည်း လှည့်ကြည့်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို အခြားနှစ်ယောက်ကတွဲ၍ ရဲစခန်းထဲ ဝင်လာခြင်း ဖြစ်သည်။ သူတို့သုံးယောက်၏ နောက်တွင် မိန်းမနှစ်ယောက်နှင့် လူလေးငါးယောက် ပါလာသည်။

အတွဲခံရသူမှာ အသက်လေးဆယ်ဝန်းကျင်ရှိမည် ဖြစ်ပြီး အတော်ပင် နာကျင်နေဟန် ရှိသည်။ ခေါင်းတွင် ဒဏ်ရာရလာဟန် ရှိသည်။ သွေးများ ခေါင်းမှစီးကျလာ၍ အင်္ကျီအဖြူပေါ်တွင် စွန်းပေနီရဲနေသည်။ မျက်နှာပေါ်တွင် သွေးများ။ အိုး... ဘယ်ဘက်လက်မောင်းမှာလည်း သွေးများဖြင့် မြင်မကောင်းသော ဒဏ်ရာကြီးတစ်ခု...။

"ဓားနဲ့ခုတ်လိုက်လို့ ဆရာရေ... "

"သွေးတွေ အရမ်းထွက်နေတယ်၊ မြန်မြန်လုပ်ပါ... "

"ဆေးရုံက တိုင်ချက်ဖွင့်ပြီးမှ ပို့လို့ရမယ်လေ... "

တစ်ယောက်တစ်ပေါက် အသံများ။ ဓားဒဏ်ရာနှင့်လူ၏ ညည်းညူသံများ၊ မကျေမနပ်ဆဲဆိုသံများ။ တွဲလာသူများက ထိုသူကို ထိုင်ခုံတစ်ခုံတွင် ထိုင်စေသည်။ ထိုသူ၏ မိန်းမဖြစ်ဟန်တူသူက စိုးရိမ်စွာဖြင့် သွေးများသုတ်လိုက် အားပေးလိုက် ရှိနေသည်။ ရဲသားတစ်ဦးက ထိုသူ၏ဒဏ်ရာကို ကြည့်ရှုနေသည်။

"ဒဏ်ရာ တော်တော်များတယ်ဆရာ... ။ သွေးတွေလည်း များတယ်၊ နေရှိန်ကလည်းရှိတော့ သွေးက မတိတ်နိုင်ဘူး၊ ဆေးရုံ မြန်မြန်ပို့တာ ကောင်းတယ်၊ လူက သွေးထွက်များလို့ မူးဝေနေပုံရှိတယ်"

ဒဏ်ရာကို ကြည့်ရှုသူ ရဲသားက တာဝန်မှူး ဒုရဲအုပ်ဝင်းမောင်ကို လှမ်းပြောသည်။ တာဝန်မှူး ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ တစ်ဖက်ကလည်း ဖုန်း နားထောင်နေဆဲ။

"ဟော့... အမှုဖွင့်ကွာ... ။ သူတို့တိုင်ချက်ကို အရေးယူ ဆရာကြီး ကိုလှဝေရော... "





"ကိုလှဝေ ဟိုအမှုအတွက် ဆေးရုံသွားတယ်ဆရာ"

"ဟာ... ပြဿနာပဲ... ။ ကဲ... ငါ... တိုင်ချက်ယူမယ်ကွာ"

ဒုရဲအုပ်ဝင်းမောင် ပျာယာခတ်သွားသည်။ မေစံရှား၏ ဖုန်းကို မေစံရှားထံ လှမ်းပေးကာ "ခဏ ယူထားပါဦးဗျာ၊ ဒီမှာကလည်း အရေးပေါ်ဖြစ်နေလို့... "ဟုပြောသည်။

မေစံရှား ဖုန်းကိုလှမ်းယူကာ ခေါင်းညိတ်ပြလိုက်ရသည်။ နားလည်မှုပေးရမည်လေ။ သည်မှာကလည်း အရေးတကြီး ဖြစ်နေသည်မှာ မျက်မြင်မဟုတ်ပါလား။

"ဟဲလို... "

ဖုန်းကို တင်တင်ဝေ ကိုင်ထားသေးလားဟူ၍ ခေါ်ကြည့်လိုက်သည်။

"မေစံရှားလား၊ ရဲအရာရှိ ဘယ်ရောက်သွားလဲ... "

"ဒီမှာ ဓားခုတ်ခံရတဲ့ လူတစ်ယောက် အရေးပေါ်ရောက်နေတယ်၊ ခဏစောင့်နော်"

"ဟာ... သူတို့လာပြီ... "

တစ်ဖက်မှ တင်တင်ဝေ အလန့်တကြားပြောသံနှင့်အတူ အသံပျောက်သွားသည်။

မေစံရှား မျက်လုံးပြူးသွားသည်။ ရင်တွေ ဒိန်းကနဲ ခုန်သည်။ ဘာတွေ ဖြစ်လာဦးမည်လဲ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

နေစိုးသော်

ရွှေနေမလေး မေစံရွှာနှင့်
တတိယမျက်လုံး
စာမူခွင့်ပြုချက်–၅၀၀၄၂၀၀၅၀၄)

ထွက်ပြီ

# ၆

တင်တင်ဝေ ဖုန်းကို ကြမ်းပြင်ပေါ်ချလိုက်ကာ နေရာမှထ ရပ်လိုက်သည်။

ပွင့်သွားသော တံခါးမှ အလင်းရောင်တန်းများ တိုးဝင်လာပြီးနောက် အရိပ်မည်းကြီး ပေါ်လာ၏။ ကိုလောရှည်ပင် ဖြစ်သည်။ တစ်ယောက်တည်း ဝင်လာခြင်း ဖြစ်၏။ ဘာကြောင့်ပါလိမ့်။ သူမကို ဘာသုံးလေမည်နည်း။ ဓော်ကားမလို့လား။ စောစောကလို လက်တွင်တော့ ဒံတုတ်ကြီး ပါမလာ။

ကိုလောရှည်က တင်တင်ဝေဆီသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။ ခြေဖျားလက်ဖျားတွေ အေးကာ တုန်နေ၏။ ကိုလောရှည်တို့ မမှိတ်မသုန် ကြည့်ရင်း နှလုံးသွေးပျက်မတတ် အခုန်ကြမ်းနေမိ၏



www.burmeseclassic.com

www.burmeseclassic.com



ကိုလောရှည်က တင်တင်ဝေ၏ရှေ့တွင် ရပ်လိုက်သည်။ မျက်နှာက မရယ်မပြုံးနှင့် ခပ်တည်တည်။ မျက်လုံးများက သေး၍ကျဉ်းကာ ရက်စက်မည့်ဟန် ရှိသည်။ တင်တင်ဝေကို စိုက်ကြည့်နေသည်။

တင်တင်ဝေ ရှောင်ထွက်ဖို့ ကြိုးစားသည်။ မရ။ နောက်မှာက နံရံ။ နံရံကို ကျောကပ်နေပြီ။ ဘေးကို ပြေးထွက်ဖို့လည်း မလွယ်။ အခန်းထဲမှာ သူမနှင့် ကိုလောရှည် နှစ်ယောက်တည်း။

ကိုလောရှည်က သူမမျက်နှာကို စိုက်ကြည့်ရင်း သူ၏ခါးမှ ခါးပတ်ကို ဆွဲဖြုတ်လိုက်သည်။ အို... ဘာလုပ်မလို့လဲ။

တင်တင်ဝေ ကျောချမ်းသွားသည်။ သူ စော်ကားမလို့လား။ အော်ရကောင်းမလား။ စဉ်းစားလိုက်သည်။ အော်၍လည်း ဘေးပတ်ဝန်းကျင်က ကြားမည်မထင်။

ကိုလောရှည်က သူမ၏စိတ်ကူးကို ရိပ်မိသွားပုံရသည်။ တဟားဟား အော်ရယ်လိုက်သည်။

"ဟား... ဟား... ဟား... ဟား မင်းက အော်ချင်လို့လား။ အော်လေ သေအောင်အော်၊ မင်းအော်လို့ ဘယ်သူမှ မကြားနိုင်ဘူး"

တင်တင်ဝေ အားလျော့သွားသည်။

ကိုလောရှည် ပြုံးတည်သွားကာ ကြောက်စရာအသွင် ပေါ်လာ၏။ ခါးပတ်ကို ကိုင်ထားသော ညာလက်က မြှောက်လာ၏။ ပြီးနောက် ကျန်လက်တစ်ဖက်က တင်တင်ဝေ၏ ခေါင်းမှ ဆံပင်တွေကို ဆုပ်ဆွဲလိုက်သည်။ ညာလက်က တင်တင်ဝေ၏ လည်ကို ခါးပတ်ဖြင့် လျှင်မြန်စွာ ရစ်ပတ်လိုက်သည်။ တင်တင်ဝေ ရှောင်သော်လည်း မရ။ လက်ဖြင့် ပယ်သော်လည်း မရ။ လည်တွင် ရစ်ပတ်လိုက်သော ခါးပတ်ကြိုးကို ကိုလောရှည်က တင်းတင်းဆွဲလိုက်ရာ တင်တင်ဝေ လည်ပင်း အစ်သွားသည်။ အသက်ရှူရ ကြပ်သွားသည်။ တင်တင်ဝေလက်များက ခါးပတ်ကြိုးကို ပြန်ဖြည်ဖို့ လျော့သွားအောင်လုပ်ဖို့ ကြိုးစား၏။ မရ။ ကိုလောရှည်အားကို တင်တင်ဝေ မလှည့်နိုင်။

"အား... လွှတ်... လွှတ်ပါ... မလုပ်... ပါနဲ့..."

အသံအစ်အစ်နှင့် မပီမသ တောင်းပန်လိုက်သည်။ တောင်းပန်သာ တောင်းပန်ရသည်။ ကိုလောရှည်၏ ခါးပတ်ကြိုးကို ဆွဲထားသော လက်များက လွှတ်မသွား။

ကိုလောရှည်မျက်နှာက တင်တင်ဝေ့မျက်နှာနားသို့ တိုးကပ်လာသည်။ မျက်လုံးပြူးကြီးဖြင့် ကြည့်ကာ...

"ဟိုဟာ... ဘယ်မှာ ထားသလဲ..."

အံကြိတ်သံဖြင့် မေးသည်။

ဟိုဟာ... တဲ့။ ဘာဟိုဟာပါလိမ့်...။ တင်တင်ဝေ တွေးမရ။

"မသိဘူး...။ ရှင်... ပြောတာ... ကျွန်... ကျွန်မ နားမလည်ဘူး..."

ကြောက်စိတ်နှင့်ရော၍ တုန်ယင်စွာ တင်တင်ဝေ ဖြေသည်။ ကိုလောရှည် ကျေနပ်ပုံမရ။ ခါးပတ်ကြိုးကို ဒေါသဖြင့် တင်းတင်းဆွဲသည်။ လည်ပင်းပိုအစ်သွားသည်။

"မလုပ်ပါနဲ့... ကျွန်... ကျွန်မ... အသက်ရှူမရတော့ဘူး"

"ဒါဖြင့် ပြောလေ"

"ကျွန်မမှ မသိတာ..."

"ဘာမသိတာလဲ၊ မင်းယောကျ်ားနဲ့ မင်းက တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပဲဟာ..."

"မဟုတ်ပါဘူး၊ ကျွန်မ ဘာမှ မသိပါဘူး"

"မင်းက ငြင်းချင်သေးလား..."

"မသိလို့ မသိဘူးပြောတာပါ..."







www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး. . . ၊ မင်း. . . သိကို သိရမယ်. . . "

"ကျွန်မ ဘာမှမသိဘူး၊ ရှင်တို့ လူမှားနေတာ ဖြစ်မယ်"

ကိုလောရှည်က တဟားဟား အော်ရယ်သည်။

"ဟား. . . ဟား. . . ဟား. . . ဘာမှားရမှာလဲ၊ မမှားဘူး။ အေးလေ၊ မင်းက ခေါင်းမာနေသေးရင်တော့ ပျော့လာတဲ့နည်းတွေ အများကြီးရှိပါတယ်၊ မင်းသမီးလေး ကွန်ပျူတာ သင်တန်းသွားနေတယ် မဟုတ်လား"

တင်တင်ဝေ၏ ခေါင်းကို မြှေပေါက်လိုက်သည်သို့၊ ရင်ထဲမှာ ပူကနဲ ဖြစ်သွားသည်။ မျက်လုံးတွေ ပြာသွားသည်။

"ရှင် ရှင်တို့ မတရားမလုပ်နဲ့. . . ။ သမီးလေးကို ဒုက္ခမပေးပါနဲ့. . . "

တင်တင်ဝေ အသံကုန် အော်လိုက်သည်။

"ဟား. . . ဟား. . . ဟား. . . "

ကိုလောရှည်က တင်တင်ဝေ၏ လှုပ်ခါနေသော မျက်နှာကို ကြည့်ပြီး အော်ရယ်ပြန်သည်။ ပြီးလျှင် တင်တင်ဝေ၏ လည်ပင်းတွင် ပတ်ထားသော ခါးပတ်ကြိုးကို ဆွဲဖြည်လိုက်ပြီး. . . မဲ့ပြုံးဖြင့် တင်တင်ဝေကို ကြည့်သည်။

"စဉ်းစားထား၊ အဖြေပေးဖို့ စဉ်းစားထား. . . "

ပြောပြီးသည်နှင့် တင်တင်ဝေရှေ့မှ ချာကနဲ လှည့်ထွက်သွားသည်။

"မဟုတ်ဘူး. . . ရှင်တို့မှားနေတာ. . . ၊ ရှင်တို့ ဘာလိုချင်တာလဲ၊ ရှင်တို့ လိုချင်တာ ကျွန်မတို့မှာ မရှိဘူး. . . "

တင်တင်ဝေ အော်ပြောသည်။ ကိုလောရှည်က လှည့်မကြည့် တံခါးဝဆီသို့သာ လျှောက်သွားနေသည်။

"ကျွန်မသမီးလေးကို ဒုက္ခမပေးပါနဲ့. . . ၊ ဒုက္ခမပေးပါနဲ့"





ကိုလောရှည်က တစ်စုံတစ်ရာ မတုံ့ပြန်တော့ဘဲ တံခါးပေါက်မှ ထွက်ကာ တံခါးကို ဝုန်းကနဲ ပြန်ပိတ်သွားသည်။

အခန်းထဲမှာ ပြန်မှောင်သွားသည်။

တင်တင်ဝေ မျက်နှာကို လက်ဖဝါးဖြင့်အုပ်ကာ တအီးအီး ငိုချလိုက်သည်။

"မလုပ်ပါနဲ့. . . သမီးကလေးကို ဒုက္ခမပေးကြပါနဲ့. . . "

"ဘုရား. . . ကယ်တော်မူပါ. . . "

တင်တင်ဝေ ဆောက်တည်ရာမရ ငိုမိနေစဉ်မှာပင် နားထဲမှာ အသံတစ်ခုကြားရ၏။ ကားစက်သံပဲ. . . ။

"ဟာ. . . သူတို့ သမီးလေးဆီ သွားကြတယ် ထင်တယ်၊ ဘုရား ဘုရား ဒုက္ခပါပဲ၊ သမီးလေး သမီးလေးကို ဒုက္ခမပေးကြပါနဲ့"

တင်တင်ဝေ အော်ပြီး တံခါးဆီသို့ ပြေးသွားသည်။ ကားစက်သံ ဝေးသွားသည်။ တံခါးကို ထုပါ၏။ ဖွင့်ဖို့ ကြိုးစားပါ၏။ မရ။

"သမီးလေး သမီးလေး ဒုက္ခတွေ့ပြီ. . . ဘုရား. . . ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

# ၇

ဖုန်းထဲမှာ ကြားနေရသော အသံတွေက မသဲမကွဲ။ ခပ်လှမ်းလှမ်းမှ ပြောသံများဖြစ်၍ ဖုန်းထဲမှာ မပြတ်သားလှသော်လည်း တစ်စုံတစ်ခု တင်းတင်းမာမာ ဖြစ်နေပြီကို မေစံရှား သိလိုက်သည်။ အော်ဟစ်လိုက်သံတွေ ငိုသံတွေ သမီးလေးဟူသော အသံတွေ၊ ဒုက္ခမပေးပါနဲ့ ဟူသော အသံတွေ။ တဟားဟား အော်ရယ်သံတွေ. . . ။

တင်တင်ဝေ တကယ် ဒုက္ခရောက်နေပြီ၊ တကယ် ဒုက္ခတွေ့နေပြီ။

စောစောက တင်တင်ဝေ၏ ဖုန်းကို မှန်မှ မှန်ပါ့မလားဟူသော သံသယကလေးသည် မေစံရှားထံမှ ထွက်ပြေးသွားသည်။

တင်တင်ဝေ၏ စကားမှာ ရာနှုန်းပြည့် မှန်ကန်နေပြီ။ မေစံရှား မည်သို့လုပ်ရပါ့။ မည်သို့ ကူရပါ့။





ရဲစခန်းမှာလည်း စခန်းမှူးရော ရဲအုပ်ကြီးရောမရှိ။ တာဝန်မှူးကလည်း အလုပ်ရှုပ်နေသည်။ တခြားရဲစခန်းကို အကြောင်းကြားဖို့ရာမှာလည်း မေစံရှား၏ လက်ကိုင်ဖုန်းက တင်တင်ဝေ၏ ဖုန်းချိတ်ထားသည်။ ပိတ်လိုက်၍ မဖြစ်။ ပိတ်လိုက်လျှင် နောက်တစ်ကြိမ် ပြန်ဆက်၍ ရချင်မှ ရတော့မည်။ ပိတ်၍ မဖြစ်။

မေစံရှား ဖုန်းထဲမှာကလည်း တင်တင်ဝေ၏ ဖုန်းနံပါတ်မပေါ်။ သန္တာခင်၏ ဖုန်းနံပါတ်သာပေါ်နေသည်။ တင်တင်ဝေ ဖုန်းဆက်စဉ်က လိုင်းပူးပြီး ဝင်လာခြင်းကြောင့် ဖြစ်သည်။ အမှတ်မထင် ဝင်လာသော ပူးဝင်လာသော ဖုန်းက အရေးတကြီး အန္တရာယ် မီးနီ။

မေစံရှား ရုတ်တရက် လုပ်ရန် လမ်းစကို ရှာမရ ဖြစ်နေသည်။

"ဟဲလို. . . ဟဲလို. . . "

မေစံရှား နားမှာ ကပ်ထားသော ဖုန်းထဲမှ တုန်ယင်မောလှိုက်နေသော ခေါ်သံ ပေါ်လာ၏။ တင်တင်ဝေ၏ ခေါ်သံ ဖြစ်သည်။ အလွန်စိုးရိမ်နေသော အသံ။ ငိုရှိုက်သံတွေ. . . ။

"ဟဲလို. . . မေစံရှား နားထောင်နေပါတယ် မတင်တင်ဝေ"

"ရဲ. . . ရဲတွေရော. . . "

"ရဲတွေ အလုပ်လုပ်နေတုန်းပဲ မတင်တင်ဝေ"

"ကျွန်မ. . . ကျွန်မကို ကယ်ပါဦး"

"ဘာ. . . ဘာတွေ ဖြစ်နေလို့လဲ မတင်တင်ဝေ"

"သူတို့ သူတို့ သမီးလေးကို ဒုက္ခပေးတော့မယ် မေစံရှားရယ်၊ သမီးလေးကို ကယ်ပါ. . . "

"သမီးလေး ဟုတ်လား. . . "

"ဟုတ်တယ်၊ သူတို့ သမီးဆီကို သွားကြပြီ"

"သမီးက ဘယ်မှာလဲ. . . "

"ကျောင်းမှာ. . . အဲ. . . တွန်ပျူတာ သင်တန်းမှာ. . . "



www.burmeseclassic.com

www.burmeseclassic.com



"သင်တန်းက ဘယ်မှာလဲ"

"IBC မှာ..."

"IBCတွေ အများကြီးပဲ။ ဘယ်IBC မှာလဲ"

"ကမ္ဘာအေး ဘုရားလမ်းပေါ်မှာ... ကုက္ကိုင်းမရောက်ခင်"

"သင်တန်းက ဘယ်အချိန်ပြီးမှာလဲ..."

"ဆယ်နှစ်နာရီ..."

မေစံရှား လက်မှနာရီကို ပင့်ကြည့်လိုက်သည်။ ဆယ့်တစ်နာရီ ဆယ့်ငါး...။ ဆယ့်နှစ်နာရီထိုးရန် ဆယ်ငါးမိနစ်သာလိုတော့သည်။

"ဟာ ကျောင်းဆင်းကာ နီးနေပြီ..."

"အခု ဘယ်အချိန် ရှိပြီလဲ မေစံရှား..."

"ဆယ့်တစ်နာရီ လေးဆယ့်ငါး..."

"အို... ဘုရား... ဘုရား... ဒါဆို သူ့မီးလေးကျောင်းဆင်းတော့မှာ၊ လုပ်ပါဦး မေစံရှားရယ်၊ သူတို့ သမီးလေးကို ဖမ်းကြတော့မှာ၊ သမီးလေးကို ကယ်ပေးပါ..."

"ဒါဆို ကျွန်မ IBCကို လိုက်သွားမယ်၊ မတင်တင်ဝေ ဖုန်းကိုင်ထား။ ဖုန်းမဖြုတ်နဲ့နော်၊ လိုအပ်ရင် ကျွန်မ ဆက်သွယ်လို့ရအောင်"

"ဟုတ်... ဟုတ်ကဲ့..."

မေစံရှား ဖုန်းကို ကိုင်ရင်း ရဲစခန်းတွင်းမှ ပြေးထွက်လာခဲ့သည်။ တာဝန်မှူး ဒုရဲအုပ် ဝင်းမောင်နှင့် ဓားခုတ်ခံရသူတို့ ရှုပ်ထွေးနေသော ကားနားတွင် ရပ်နေသူ ဦးလှမြင့်က စခန်းထဲမှ ပြေးထွက်လာသူ မေစံရှားကိုမြင်ပြီး မျက်လုံးပြူးသွားသည်။

"တူ... တူမ... ဘယ်လိုဖြစ်"

"ဦးလေး... မြန်မြန် ကားပေါ်တက်၊ ကျွန်မတို့ အရေးတကြီး အမြန်သွားဖို့ ရှိနေတယ်..."

မေစံရှားက ဦးလှမြင့်၏ စကားကို ဖြတ်ပြောလိုက်သည်။ ပြော





ရင်း ကားတံခါး ဆွဲဖွင့်ကာ ကားနောက်ခန်းထဲသို့ ဝင်သည်။ ကားတံခါးကို ဆွဲပိတ်သည်။ ဦးလှမြင့်သည်လည်း မေစံရှား၏အထာကို နောကျေနေသူပီပီ ဖွင့်ထားသောတံခါးမှ အမြန်ဆုံးဝင်ကာ ကားစက်ကို နှိုးလိုက်သည်။

"ဦးလေးရေ ကမ္ဘာအေး ဘုရားလမ်းကို အမြန်ဆုံး မောင်းပေးပါ၊ ဆယ့်ငါးမိနစ်လောက်နဲ့ ရောက်မှဖြစ်မယ်။

"ဒီကနေဆိုရင် မီးပွိုင့် မမိရင်တောင် ဆယ့်ငါးမိနစ်လောက်ကြာမှာ၊ ဒါတောင်အမြန်မောင်းမှ"

"မောင်းပါ အမြန်သာ မောင်းပေးပါ၊ အရမ်းအရေးကြီးတယ်"

"ဘယ်နားလဲ..."

"ကုက္ကိုင်းနားက IBCကို၊ ဦးလေးသိလား..."

"သေသေချာချာမသိဘူး ရှာရမှာပဲ"

"IBCက ဆယ့်နှစ်နာရီ သင်တန်းလွှတ်မယ်၊ ကလေးမလေးက အဲဒီမှာ တက်နေတာ၊ ပြန်ပေးသမားတွေက ကလေးမလေးဆီ သွားနေပြီ"

"ဟာ... နက္ခပဲ..."

"ရဲစခန်း တစ်ခုခုကို ဖုန်းဆက်ရအောင်ကလည်း ကျွန်မရဲ့ ဖုန်းက မတင်တင်ဝေရဲ့ ဖုန်းချိတ်ထားတာ၊ ပိတ်လို့မရဘူး။ ဖုန်းတစ်ခုခုမှာ ဆင်းပြီး ဆက်ရအောင်ကလည်း အချိန်မရှိဘူး၊ ကျွန်မတို့ အမြန်ဆုံး IBC ကိုရောက်ပြီး ကလေးမလေးကို ပြန်ပေးသမားတွေ လက်မဦးခင် ကယ်နိုင်မှ ဖြစ်မယ်..."

"ကျွန်တော် အမြန်ဆုံး မောင်းပေးပါ့မယ်...၊ ဟာ..."

ဦးလှမြင့်က အမြန်ဆုံး မောင်းပေးပါမည်ဟူ၍ ကားကို စက်ရှိန်မြှင့်လိုက်သည်။ သို့သော်... လမ်းချိုးတစ်ခုက ကွေ့လာသော နှစ်ကိုယ်ဆံ့ လှည်း ကားတန်းကြီးက ရှေ့မှ ပိတ်သွားသည်မို့ ဦးလှမြင့်မျာ



www.burmeseclassic.com

www.burmeseclassic.com



စက်ရှိန်ကို ပြန်လျှော့လိုက်ရသည်။

"သူတို့က ဖြည်းဖြည်းပဲသွားနေမှာ၊ ဒီပုံနဲ့ သူတို့နောက်က လိုက်နေရင် ဦးလေးတို့ အချိန်မှီမှာ မဟုတ်ဘူး..."

"ဟုတ်တယ်... ဦးလေး ရှားတို့ သူတို့ကိုကျော်မှ ဖြစ်မယ်"

ဦးလှမြင့်က ထိုကားတန်းကြီးကို ဘေးမှပတ်၍ ကျော်တက်ရန် ကြိုးစားသည်။ သို့သော် ယာဉ်ထိန်းရဲနှစ်ဦးက လမ်းအန္တရာယ်ကင်းရေး အတွက် ယာဉ်တန်းကြီးကို ဦးစားပေးအနေဖြင့် အခြားယာဉ်များကို တားထားလေရာ ဦးလှမြင့်က ကားကို ရပ်လိုက်ရသည်။

"ဒုက္ခပဲ၊ စဉ်းစားပါဦး...၊ ဘုရား ယာဉ်တန်းက အရှည်ကြီး ရယ်"

ဦးလှမြင့်က ကားကို ဘက်ဂီယာသွင်းလိုက်သည်။ ကံအားလျော်စွာ နောက်တွင် မည်သည့်ယာဉ်မျှ ရောက်မလာသေး။ ဦးလှမြင့်သည် ကားကို အရှိန်ဖြင့်... နောက်ပြန်ဆုတ်လိုက်၏။ ရှေ့သွားရမည့် လမ်းကြောတွင် ရှေ့မသွားဘဲ နောက်ပြန်ဆုတ်လာသော ကားကို လူများ က အလန့်တကြားရှောင်လိုက်ကြသည်။ လမ်းကြောတွင်း ဝင်လာသော ကားများသည်လည်း ဘေးသို့ ဗရုတ်သုကဌ ရှောင်လိုက်ကြရ၏။ မေစံရှား ရင်ထိတ်သွားသည်။ လမ်းစည်းကမ်းကို မိမိတို့ ချိုးဖောက်မိပေပြီ၊ အန္တရာယ်ဖြစ်မှာလည်း စိုးရိမ်သလို ရဲများက လိုက်ဖမ်းလျှင်လည်း ပြဿနာ။

"ရှိ... ရှိ..."

စောစောက လမ်းရှင်းပေးနေသော ယာဉ်ထိန်းရဲထံမှ ခရာသံ ထွက်လာပြီး မေစံရှားတို့ကားကို မြင်သွားပြီး လှမ်းတားပုံရသည်။ သို့ သော် ဦးလှမြင့်က နောက်မှ နောက်ပြဿနာရှင်းမည်ဟု တွက်ထားပုံရ သည်။ ကားကို မရပ်။ အရှိန်ဖြင့် ဆက်၍ဆုတ်သည်။

ကံကောင်းသွားသည်က ဘုရားယာဉ်တန်းနှင့် လူများ ပိုမိုရှင်





ထွေးသွားသဖြင့် ယာဉ်ထိန်းရဲ၏ အာရုံများ ထိုကားနှင့် လူများထံ ပြန်ရောက်သွားသည်။

မေစံရှားမှာမူ စိတ်တွင် ဘုရားတလျှက် ရှိသည်။

ကလေးကို ကယ်ဖို့က အရေးကြီးနေသည်။ အချိန်ကမရ။ အခုအနေအထားမှာ ရွှေ့ဖြစ်သည်။ စက္ကန့်နှင့် အမျှ အရေးကြီးနေ၏။

ဦးလှမြင့်သည် အရွယ်က ငါးဆယ်ကျော် ဖြစ်သော်လည်း ကားကို မောင်းရာ၌ လူငယ်လေးတစ်ယောက် ပမာပင်။ ကျွမ်းလည်း ကျွမ်း၏။ မြန်လည်းမြန်၏။

ကားကို ဆုတ်ပြီးနောက်၊ ရပ်။ ကား၏ ဂီယာကို ပြန်ချိန်းကာ ဦးလှမြင့်က ကားကို လမ်းသွယ်ကလေးတစ်ခုထဲသို့ ချိုးကွေ့လိုက်သည်။

"ဒီလမ်းက ကြားလမ်းပဲ၊ ခဏနေမှ လမ်းမပေါ် ပြန်တက်မယ်"

"မီနိုင်ပါတယ်နော် ဦးလေး..."

"မီနိုင်ပါတယ်..."

မေစံရှားက ဖုန်းကို နားမှာ ပြန်ကပ်လိုက်သည်။ တစ်ဖက်မှ တင်တင်ဝေ ဖုန်းကို ကိုင်ထားဟန်ရှိ၏။ ဟဲလို... ဟဲလို ဟုခေါ်နေသည်။

"မေစံရှားလား..."

"ဟုတ်တယ်... မတင်တင်ဝေ"

"အခုဘယ်ရောက်နေပြီလဲ၊ IBC ရောက်ပြီလား"

"မရောက်သေးဘူး၊ လမ်းမှာပဲ ရှိသေးတယ်၊ ကားလမ်းမကြီးက ယာဉ်တွေပိတ်နေလို့ ဖြတ်လမ်းက သွားနေတယ်၊ မပူပါနဲ့ မတင်တင် ဝေ၊ ဒါနဲ့ သမီးလေးနာမည်က..."

"ဖူးပွင့်ဝေပါ၊ အိမ်မှာတော့ ဖူးပဲခေါ်တယ်"

"တက်နေတဲ့သင်တန်းက Basic လား၊ DTP လား၊ ဂရပ်ဖစ် လား..."



www.burmeseclassic.com

www.burmeseclassic.com



"Basic ပါ. . . "

"IBC ကလမ်းမကြီးပေါ်မှာနော်. . . "

"ဟုတ်ပါတယ်၊ အနုပညာဦးစီး ကျော်ကျော်လေးမှာပဲ. . . "

"ဆိုင်းဘုတ်ရှိမှာပေါ့. . ."

"အင်း. . . ဒါပေမယ့်. . . IBC က ကွန်ဒိုမိနီယံကြီးရဲ့ လေးထပ်မှာ၊ ပတ္တမြား ကွန်ဒိုမိနီယံလေ. . . "

ဦးလှမြင့်က ကားကို လမ်းသွယ်ကလေးမှနေ၍ လမ်းမပေါ် ပြန်တက်လိုက်ပြီ ဖြစ်သည်။ ကား၏ အရှိန်ကလည်း အသံနှင့် မျဉ်းပြိုင်လား မှတ်ထင်ရ၏။

"အမြန်ဆုံး မောင်းနေပါတယ် မတင်တင်ဝေ"

မေစံရှားက လက်မှ နာရီကို ပင့်ကြည့်လိုက်၏။

ဆယ့်တစ်နာရီငါးဆယ့်ငါး. . . ။

ငါးမိနစ်မျှသာပဲ လိုတော့၏။

"ဘုရား. . . ဘုရား. . . မီမှ. . . မီပါ့မလား. . . "

♛ ♛ ♛

# ၈

ရဲအုပ်မောင်မောင်လတ်သည် ကားကို ခြံရှေ့မှာ ထိုးရပ်လိုက်ပြီး ကြောင်တစ်ကောင်လို ပေါ့ပါးစွာ ခုန်ဆင်းလိုက်သည်။

ဖုန်းထဲမှနေ၍ ပြန်ပေးဆွဲခံရသည်ဟု တိုင်တန်းသူ မတောင်တင်ဝေ ပေးခဲ့သော လိပ်စာအရ မတင်တင်ဝေ၏ အိမ်ကို သူလိုက်လာခြင်း ဖြစ်သည်။

တရားရုံးတွင် တစ်မနက်လုံး အလုပ်ရှုပ်နေခဲ့ပြီး စခန်းသို့ ပြန်ရောက်ချိန်၌ တာဝန်မှူး ဒုရဲအုပ်ဇင်းမောင်က ပြန်ပေးဆွဲ သတင်းကို သူ့ထံ သတင်းပို့ခဲ့သည်။ ဖြစ်နိုင် မဖြစ်နိုင် ရာနှုန်းက တစ်ဝက်စီပင် ရှိနေသည်။ သို့သော် တာဝန်ရှိ ရဲတစ်ဦးအနေဖြင့် မိမိတို့အား အားကိုးတကြီး တိုင်တန်းလာသူ ဒုက္ခရောက်သူတစ်ဦးကို ဥပက္ခာပြု၍ မဖြစ်။

ပြီးတော့. . . စခန်းကို ရောက်လာသူက မေစံရှားပဲ။



www.burmeseclassic.com

www.burmeseclassic.com



မေစံရှားကိုတော့ ဒုရဲအုပ်မောင်မောင်လတ် သိထားသည်။ ထူးချွန်ထက်မြက်သော ရှေ့နေတစ်ဦးဖြစ်၍ ရှေ့နေလောကတွင် ကျော်ကြားသူတစ်ဦး ဖြစ်ရုံမက၊ စုံထောက်ခြင်း ပညာ၌လည်း ပါရမီထူးကဲလှသည်။ ထိုထူးကဲမှုတို့အပြင် စိတ်ဓာတ်ရေးရာ မြင့်မားပြီး အမှန်တရားအတွက် မည်သို့သော ပုဂ္ဂိုလ်၊ မည်သို့သောအခြေအနေ၊ မည်သို့သော အခက်အခဲ အတားအဆီးကိုမျှ မကြောက်မရွံ့သော သတ္တိကလည်း ချီးကျူးစရာ။

ဒုရဲအုပ် မောင်မောင်လတ်အနေဖြင့် မေစံရှားကို ဆုံဖူး ကြုံဖူးသည်မှာ လေးငါးခြောက်ကြိမ် ရှိပြီဖြစ်သည်။

တရားရုံးတွင် ရဲအုပ်မောင်မောင်လတ်က အမှုလိုက်အရာရှိ မေစံရှားက အကျိုးဆောင် အဖြစ်ဖြင့် ဆုံခြင်းပါ။

မေစံရှား၏မေးခွန်းတွေကို ဒုရဲအုပ်မောင်မောင်လတ် ဖြေဆိုခဲ့ရဖူးသည်မှာ ကျောင်းသားဘဝက ဆရာမရှေ့မှောက်တွင် ကျက်ထားသော စာကို ဆိုပြရသည့်ပမာ။

ပြတ်သားလှသော အသံ၊ တိကျလှသော လေယူလေသိမ်း၊ မှန်ကန်လှသော အဖြတ်အတောက်နှင့်တကွ စူးရှစွာ ကြည့်နေသော မျက်လုံးများက ခန္ဓာကိုယ်ကို ထွင်းဖောက်၍ နှလုံးအိမ်အထိ ရောက်သည်ဟု ရဲအုပ်မောင်မောင်လတ် ထင်သည်။

သို့ဖြင့်ပင် . . .

မေစံရှားအပေါ် ရဲအုပ်မောင်မောင် လေးစားကြည်ညိုမိရုံမျှမက နှလုံးသားကပါ ညွတ်ကိုင်းသွားခဲ့သည်ဟု ဆိုရမည်။ မေစံရှား၏ ပုံရိပ်များ၊ မေစံရှား၏ ပြောဟန်ဆိုဟန်များ၊ မေစံရှား၏ ခံယူချက်နှင့် အမြင်သဘောထားများက ရဲအုပ်မောင်မောင်လတ်၏ ရင်မှာ ငြိတွယ်ခဲ့လေပြီ။ ညဉ့် . . . ညဉ့် . . . အိပ်မက်များတွင်ပင် မေစံရှားက နေရာယူခဲ့လေပြီ။

ပြောရလျှင် ဘဝမှာ ရှုန်းကန်လှုပ်ရှားမှုတွေဖြင့်သာ များခဲ့ပြီး





နှလုံးသားနှင့်ပတ်သက်၍ တစ်ကြိမ်မျှ မခံစားဖူးသေးသော မောင်မောင်လတ်မှာ ယခုတော့ အချစ်ဆိုသည်ကို စတင် နားလည်လာခဲ့ပြီဖြစ်၏။ မေစံရှားကို တွေ့ချင်မြင်ချင်သည်။ မေစံရှားကို တွေ့ရလျှင် ရင်ခုန်သည်။ မေစံရှားနှင့် စကားပြောနေရလျှင် လောကကြီးကို မေ့သည်။

သို့သော်–

နာမည်ကြီးလက်မရွံ့ လူဆိုးများ၊ လူသတ်သမားများကို စိုးစဉ်းမျှ မကြောက်ရွံ့၊ ရဲရင့်စွာ ရင်ဆိုင်ခဲ့၊ တိုက်ခိုက်ခဲ့သော ရဲအုပ်မောင်မောင်လတ်သည် မေစံရှားရှေ့ရောက်လျှင် ခြေဖျားလက်ဖျားတွေအေးကာ ရင်တွေ ကတုန်ကယင် ဖြစ်နေပြီ . . . ။

မေစံရှားကို စတင်တွေ့ရှိခဲ့သော အချိန်ကာလသည် တိုတောင်းသည်ဟု ဆိုနိုင်သော်လည်း မောင်မောင်လတ်ရင်မှာ ချစ်ခြင်းတရားကမူ ထုထည်မငယ်လှတော့ပါ။ အခွင့်သင့်လျှင် ရင်ဖွင့်မည်ဟု ကြံရွယ်ထားခဲ့သော်လည်း ယခုတိုင် အကောင်အထည် မပေါ်သေး . . . ။ အလုပ်တာဝန်တွေ ပိနေတာကြောင့်လည်း ပါသည်။ မေစံရှားနှင့်တွေ့လျှင် ချစ်စကားပြောရမည့် သတ္တိတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တာကြောင့်လည်း ပါသည်။

ယခုတော့ . . .

တိုက်တိုက်ဆိုင်ဆိုင် မေစံရှားက သူ့ထံရောက်လာသည်။ ကံကြမ္မာက သူနှင့်မေစံရှားကို နီးစပ်အောင် ဖန်တီးပေးလိုက်လေသလားဟု သူ မှတ်ထင်သည်။

ပြီးတော့ မေစံရှားရောက်လာပြီး ပြောခဲ့သည့် ပြန်ပေးကိစ္စမှာ မေစံရှားမို့ အလေးထားမိသည်သာမက မေစံရှား၏ ဆင်ခြင်တုံတရားကြီးမားမှုကို ယုံကြည်သောကြောင့် ထိုကိစ္စသည် အမှန်တကယ် ဖြစ်ပွားသည့် အမှုအခင်းမေပဲဟု ရဲအုပ်မောင်မောင်လတ် ခြွင်းချက်မရှိ လက်ခံမိသည်လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်မောင်မောင်လတ်သည် ဝင်းနှင့် ခြံနှင့် လူနေသန့်သော ပတ်ဝန်းကျင်ကို အကဲခတ်မိရုံမက ပေခြောက်ဆယ်၊ ပေရှစ်ဆယ် ခြံဝန်း အတွင်းမှ လှပသော တိုက်ကလေးကို ကြည့်ခြင်းဖြင့် မတင်တင်ဝေတို့ သည် ငွေကြေးစီးပွား မြင့်မားသည်ဆိုသောအချက်ကိုပါ လက်ခံလိုက်မိ ၏။ ထို့ကြောင့်လည်း မတင်တင်ဝေကို ပြန်ပေးဆွဲခြင်းမှာ ဖြစ်နိုင်ခြေရှိ သည်ဟု ကောက်ချက်ချလိုက်သည်။

ခြံဝင်းတံခါးက စေ့ရုံသာ စေ့ထားသည်။

ရဲအုပ်မောင်မောင်လတ်သည် စေ့ထားသော ခြံဝန်းတံခါးကို အသာတွန်းဖွင့်ကာ သတိကြီးစွာဖြင့် ခြံတွင်းသို့ ဝင်လာခဲ့သည်။ အပြာ ရောင်တိုက်ပုကလေး၏ ရှေ့ဝင်ပေါက်တံခါးရှေ့ လှေကားထစ်များတွင် ရပ်လိုက်ပြီး အိမ်တွင်းသို့ အကဲခတ်လိုက်သည်။

လူရိပ်လူခြည် မမြင်ရ။

သို့သော် သီချင်းသံကလေး သဲ့သဲ့ကြားနေရသည်။ ဒါသည်ပင် ရဲအုပ်မောင်မောင်လတ်ကို ဇဝေဇဝါ ဖြစ်သွားစေသည်။ ပြန်ပေးဆွဲခံရ သည့် အိမ်က သီချင်းဖွင့် နေနိုင်သည်တဲ့လား။

လှေကားထစ်များကို နင်းတက်ကာ လှေကားဘေးနံရံရှိ လူခေါ် ဘဲလ်ကို နှိပ်လိုက်သည်။ ဘဲလ်သံစူးစူးကလေးက တိုက်အတွင်း သီချင်း သံကို ကျော်ဖြတ်သွားပြီး အတွင်းမှ 'လာပြီ' ဟူသော အသံပေါ်လာ၏။ မိန်းမသံ။

တစ်ဆက်တည်းမှာပင် အတွင်းဘက်ဆီမှ အဝါရောင် ထက် အောက် ဆင်တူဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦး ထွက်လာသည်။ ရဲအရာရှိဝတ်စုံနှင့် မောင်မောင်လတ်ကို မှန်တံခါးကို ဖြတ်၍မြင်ရသော ကြောင့် အမျိုးသမီးမျက်နှာမှာ အံ့ဩမှုတွေပေါ်လာသည်။

သို့သော် သံပန်း တံခါးသော့ကို အလျှင်အမြန်ဖွင့်ကာ အပြင်မှ မှန်တံခါးကို အသာဟပေးသည်။





"ဘာကိစ္စများရှိလို့ပါလဲရှင်"

စူးစမ်းသော အကြည့်နှင့်အတူ မေးခွန်းတစ်ခု ထွက်လာသည်။ မေးသံမှာမူ ယဉ်ယဉ်ကျေးကျေးပဲ ဖြစ်ပါ၏။ ဆံပင်ခပ်တိုတိုကို မစည်း မနှောင်ဘဲ ဖားလျားချလျက် သေသပ်ခေတ်မီသော ဝတ်စုံအောက်မှ လှပသော ခန္ဓာကိုယ် အချိုးအစားနှင့် ဖြူဖျော့ဖျော့ အသားအရည်ပိုင်ရှင် ထိုအဝါရောင် အမျိုးသမီးကို တစ်ခဏအတွင်း မောင်မောင်လတ်က ရဲ မျက်စိဖြင့် လွှမ်းခြုံ အကဲခတ်လိုက်သည်။ မျက်နှာမှာ ခေတ်ဆန်လျက် ရှိပြီး မျက်လုံးက မတည်ငြိမ်လှ။ ဘယ်ဘက်ပါးပြင်ရှိ မှဲ့တစ်လုံးဖြင့် လှသယောင်ရှိသည်ဟု ဆိုနိုင်သော်လည်း အပူရောင်ဘက်ကို ကဲနေ သော မျက်နှာမျိုးဟု ရဲအုပ်မောင်မောင်လတ် တွေးမိ၏။

"ဒီအိမ်က ဒေါ်တင်တင်ဝေတို့အိမ် ဟုတ်ပါတယ်နော်. . . "

ရဲအုပ်မောင်မောင်လတ်က အိမ်ထဲသို့မဝင်သေးဘဲ ရပ်မြဲနေရာ မှပင် မေးလိုက်သည်။

"ဟုတ်ပါတယ်ရှင် . . . ၊ ဘာကိစ္စများပါလဲ. . . "

သူမက ဘာကိစ္စများလဲ ဟူသော မေးခွန်းကို ထပ်မေးသည်။ သူမသည်လည်း ရဲအုပ်မောင်မောင်လတ်ကို အိမ်ထဲသို့ မဖိတ်ခေါ်သေး။

"ဒီက. . . အစ်မက. . . "

"သြော် . . . ကျွန်မ တင်တင်ဝေပါ . . . ။ ဒီအိမ်ရှင် တင်တင်ဝေပါ. . . "

သူမအဖြေကြောင့် ရဲအုပ်မောင်မောင်လတ် ရုတ်တရက် ဘာ ဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

"အထဲဝင်ပါလားရှင် . . . ဧည့်ခန်းထဲမှာ ထိုင်ပြီး အေးအေး ဆေးဆေး ပြောပါလား"

ရဲအုပ်မောင်မောင်လတ်၏ စကားမပြန်မီ သူမက ဆက်ပြောသည်။

"ဟာ. . . မဝင်တော့ပါဘူး၊ ကိစ္စက ဒီလိုပါ. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . "

"ဒီနေ့ပဲ ကျွန်တော်တို့ ရဲစခန်းကို ဖုန်းလာပါတယ်၊ အမျိုးသမီး တစ်ယောက် ဆက်တာပါ၊ နာမည်က မတင်တင်ဝေတဲ့၊ သူပေးတဲ့ လိပ်စာက ဒီအိမ်လိပ်စာ ပါပဲ၊ သူ ပြောတာကတော့ သူ ပြန်ပေးဆွဲခံရ တယ်ဆိုတာပါပဲ"

သူမက ပြုံးလိုက်ပြီး. . .

"ကျွန်မကတော့ ဖုန်းမဆက်ပါဘူး။ ကျွန်မမှ ပြန်ပေးဆွဲမခံရ တာ။ တစ်ယောက်ယောက်က နောက်လိုက်တာများလားရှင်။

"အင်း ခုတော့ ဒီလိုပဲ ပြောရမလို ဖြစ်နေပြီ၊ ဒါပေမယ့် သူ ဖုန်းဆက်တာက ဒီအိမ်ကနေ ဆက်တာမဟုတ်ဘူး၊ တခြားက ဆက်တာ၊ လိပ်စာကလည်း အတိအကျပေးတာပါပဲ"

"ကျွန်မတို့ကို သိနေတဲ့သူတစ်ယောက်က ဖုန်းသရဲလုပ်ပြီး ရဲအုပ်ကြီးတို့ကို ဒုက္ခပေးလိုက်ပြီထင်တယ်၊ ဖြစ်မှ ဖြစ်ရလေရှင်၊ နှစ် ဆယ့်လေးနာရီ အလုပ်ရှုပ်နေတဲ့ ရဲအုပ်ကြီးတို့ကို အလကားသက်သက် ခေါင်းစားအောင်လုပ်တာပေပဲ"

"အိမ်မှာ မတင်တင်ဝေ တစ်ယောက်တည်းလား. . . "

ရဲအုပ်မောင်မောင်လတ်က အိမ်ထဲကို ဝေ့၍ အကဲခတ်ရင်း မေးလိုက်သည်။

"ဟုတ်ကဲ့. . . ကျွန်မခင်ပွန်းက ခရီးသွားနေလို့ပါ၊ သူကဒီနေ့ မှ ပြန်ရောက်မှာပါ. . . ၊ သမီးလေးက ကွန်ပျူတာသင်တန်း၊ သွားတက်နေ ပါတယ်"

"ကဲ . . . ကျွန်တော်ကို ခွင့်ပြုပါဦးခင်ဗျာ၊ မတင်တင်ဝေ ဒုက္ခရောက်တာ မဟုတ်ဘူးဆိုတာ သိရတဲ့အတွက် ဝမ်းသာပါတယ်"

"ကောင်းပါပြီရှင် . . . ၊ ကျွန်မအတွက် စိတ်ပူပြီး ခုလို တကူးတကလာပြီး စုံစမ်းတာကိုလည်း ကျေးဇူးတင်ပါတယ်"





ရဲအုပ်မောင်မောင်လတ် လှည့်ထွက်လိုက်သည်။ အဝါရောင် အမျိုးသမီးက နောက်တွင် အပြုံးဖြင့် ကျန်ရစ်၏။ တံခါးပိတ်သံကို နားစွင့်ရင်း ရဲအုပ်မောင်မောင်လတ် လှေကားမှ ဆင်းလာသည်။

မြေသို့ လျှောက်လာစဉ် ဘေးခြံများကို လှမ်း၍ ကြည့်သည်။ မြဝင်းကျယ်များမို့ တစ်အိမ်နှင့်တစ်အိမ် အခြေအနေကို မြင်ပုံသိပုံမရ။

"တင်တင်ဝေက အိမ်မှာ ရှိနေတယ်၊ ဒါဆိုရင် ဘယ်သူက ဖုန်းနဲ့တိုင်တာလဲ၊ ဖုန်းသရဲလား၊ တမင်ပဲ. . . ရဲကို အနှောင့်အယှက် ပေးတာလား၊ မဖြစ်နိုင်ဘူး ၊ မေစံရှားက ဖုန်းကိုယူလာတာ၊ မေစံရှား ဖုန်းကို တင်တင်ဝေက ဆက်တာ၊ မေစံရှားဟာ အတုနဲ့အစစ်ကို ခွဲမသိ တတ်တဲ့သူမှ မဟုတ်ဘဲ၊ ဒီဖုန်းကို အမှန်လို့လက်ခံလို့ ရဲစခန်းကို ယူ လာတာပဲ၊ ဒါဖြင့် ဘယ်လို ဖြစ်နေတာပါလိမ့်. . . ၊ တစ်နေရာမှာတော့ အတိမ်းအစောင်းရှိနေပြီ"

အတွေးများနှင့်အတူ ခြံတံခါးမှ အပြင်သို့ ရဲအုပ်မောင်မောင် လတ် ထွက်လိုက်သည်။ ကားပေါ်သို့ တက်လိုက်ပြီး. . . ကားစက်နှိုးကာ မောင်းထွက်လာသည်။ ခေါင်းထဲမှာ အစီအစဉ်တွေ ချကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၉

ဦးလှမြင့်က သူ၏ကားကို လမ်းမကြီးပေါ်မှ အရှိန်ဖြင့် ကွေ့ချိုး ကွန်ဒိုမီနီယံ၏ဝင်ပေါက်ရှေ့တွင် ရပ်လိုက်သည်။ မေစံရှားက ကား မရပ်မီကပင် ကားတံခါးကို ဖွင့်ထားပြီး ဖြစ်လျက် ကားရပ်သည်နှင့် တံခါးကို တွန်းဟကာ ပြေးဆင်းသွားသည်။

ဝင်ပေါက်လှေကားထစ်များကို အပြေးနင်းတက်ရင်း ဓာတ်လှေကားဘယ်ညာကို အကဲခတ်လိုက်သည်။

တွေ့ပါပြီ။ အပေါ်ထပ်သို့ တက်သော ဓာတ်လှေကား။

ဓာတ်လှေကား ရှိရာသို့ မေစံရှား ပြေးသွားသည်။

ဓာတ်လှေကား အစောင့်ဖြစ်ဟန်တူသူ လူငယ်က...

''အစ်မလေးက ဓာတ်လှေကားနဲ့ တက်မလို့လား''ဟုမေး သည်။

''ဟုတ်တယ်... ''

''ဓာတ်လှေကားက ခုမှ တက်သွားတာ၊ အပေါ်ဆုံးထပ်အထိ တက်မှာ၊ အဲဒီမှာ ပစ္စည်းတွေချဦးမှာဆိုတော့ နည်းနည်းကြာမယ်..''





''ဟာ... ပြဿနာပဲ''

''အစ်မလေး အရေးကြီးရင်တော့ ရိုးရိုးလှေကားကပဲ တက် သွားလိုက်ပါ၊ ဘယ်အထပ်ကို တက်မှာမို့လဲ''

''လေးထပ်ကို၊ ဒါနဲ့ IBC က သင်တန်းကလေးတွေ ဆင်းသွား ပြီလား... ''

''မဆင်းသေးဘူး အစ်မလေး''

မေစံရှား အချိန်မဆွဲတော့။

ဆယ့်နှစ်နာရီက ထိုးနေပြီ။ သင်တန်းပြီးချိန်က ရောက်နေပြီ။

လှေကားရှိရာ ပြေးထွက်လာပြီး အရှိန်ဖြင့် ပြေးတက်လိုက် သည်။ စိတ်ကလည်း မောနေပြီ။ လူကလည်း မောနေ၏။ သို့သော် အမော ကို ဂရုမစိုက်အား။

ကွန်ဒိုမီနီယံ၏ ခပ်ကျဲကျဲ လှေကားထစ်များကို မနားတမ်း ပြေးတက်ခဲ့သည်။ ကလေးမလေး၏ အရေးက သေရေးရှင်ရေး အရေး ကြီးနေသည်လေ။

ပထမထပ်... ။

လှေကားမှ ဆက်လက် ပြေးတက်လာသည်။ အထစ်တွေပင် ကျော်နင်း၍ တက်လာခဲ့သည်။

ထိုစဉ် အပေါ်ထပ်လှေကားများဆီမှ ဆူဆူညံညံအသံများကို မေစံရှား ကြားလိုက်ရ၏။ ကလေးသံများ။

မေစံရှား ဒုတိယထပ် အတက် လှေကားထစ်များပေါ်မှာပင် ရှိနေသေးသည်။

''ဟော... အတန်း လွှတ်လိုက်ပြီ ထင်တယ်''

မေစံရှား ဆက်၍ ပြေးတက်လာခဲ့သည်။

မှန်ပါသည်။ သင်တန်းက ပြီးဆုံးသွား၍ လွှတ်လိုက်ပြီဖြစ်ရာ ကလေးများက ပျော်ရွှင်စွာ အလုအယက် စကားပြောရင်း ပြေးဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာကြခြင်းဖြစ်သည်။ မိန်းကလေးတွေက အများစု။ ပြီးတော့ ရွယ်တူတွေဖြစ်သည်။ တူညီဝတ်စုံများဖြင့်လည်း ဖြစ်သည်။

မေစံရှားက ဒုတိယထပ်အရောက် လှေကားထစ်အဆုံးတွင် ရပ်လိုက်စဉ် လှေကားမှ မိန်းကလေးတစ်စု ဝေါခနဲပြေးဆင်းလာသည်။

မေစံရှား ပြာသွားသည်။

ဖူး . . .။ ဖူးပွင့်ဝေသည် မည်သူနည်း။ ညိုညိုလေးလား ဖြူဖြူလေးလား။ ဆံပင်တိုလား။ ဆံပင်ရှည်လား။ မျက်နှာဝိုင်းလား မျက်နှာသွယ်လား။ မသိ။ မသိ။

"ဖူး... ဖူးပွင့်ဝေ... "

မေစံရှားက ဆင်းပြေးလာသူ ကလေးငယ်များကို ဆီးကြို၍ ခေါ်လိုက်သည်။ ဆူညံစွာ ပြောဆိုပြီး ကသောကမျော ပြေးဆင်းလာသော ကလေးမလေးများက မေစံရှားကို သတိမပြုမိသည်လား။ မေစံရှားအသံကို မကြားသည်လား၊ မေစံရှားကိုပင် မသိ၍လားတော့ မပြောတတ်။ မည်သူမျှ ပြန်ထူးသံ . . . ထူးထူးခြားခြား ဂရုတစိုက် ပြန်ကြည့်ဖော်မရဘဲ မေစံရှားကို တွန်းတိုက်ကာ ဆက်၍ ပြေးဆင်းသွားကြသည်။

"ဖူးပွင့်ဝေ... ဖူးပွင့်ဝေ... "

မေစံရှား အသံကို မြှင့်၍ ခေါ်ပါသေး၏။ မည်သူမျှ လှည့်မကြည့်။ သည်အုပ်စုထဲမှာ ဖူးပွင့်ဝေ မပါ၍ပဲလား။

နောက်ထပ်အုပ်စုများ ပြေးဆင်းလာနေပြန်သည်။ မိန်းကလေးများပင်။

မေစံရှား သူတို့ကို အာရုံပြုလိုက်ရပြန်သည်။

"ဖူးပွင့်ဝေ... ဖူးပွင့်ဝေဆိုတာ ဘယ်သူလဲ... "

မေစံရှားက ကြည့်၍ မေးလည်းမေး အကဲလည်း ခတ်မိသည်။ သို့သော် မည်သူကမျှ မည်သို့မျှမတုံ့ပြန်... မေစံရှား ဘေးမှ ပွတ်ကာသီကာ တွန်းဝှေ့ပြေးဆင်းသွားကြပြန်သည်။





နောက်ထပ် ပြေးဆင်းလာသူများက ယောကျ်ားလေးများ။ မေစံရှား သူတို့ကို လမ်းဖယ်ပေးလိုက်သည်။ အပေါ်ထပ်မှ နောက်ထပ်လာမည့်သူများကို မော့ကြည့်ပြီး စောင့်နေလိုက်သည်။

နောက်ထပ်ဆင်းလာသည်က မိန်းကလေး သုံးယောက်တည်း။ မေစံရှား အားတက်သွားသည်။ သူတို့သုံးယောက်ထဲမှာ ဖူးပွင့်ဝေပါနိုင်သည်။

"ဖူးပွင့်ဝေ... ဖူးပွင့်ဝေ ... ဖူးပွင့်ဝေ ဘယ်သူလဲ... "

မေစံရှားက ရှေ့မှဆီး၍ ရပ်ကာ မေးလိုက်သည်။

ကလေးမလေးများ ရပ်တန့်သွားသည်။

မျက်လုံးပြူးပြူး ဝိုင်းဝိုင်းလေးနှင့် တစ်ယောက်က မေစံရှားကို ကြည့်သည်။ ဟုတ်ပါပြီ။ သူကလေး ဖြစ်မှာပါ။

သို့သော်...

"အန်တီက ဖူးပွင့်ဝေကို လာကြိုတာလား... "

ဟု စူးစမ်းသည့် မေးခွန်းဖြင့် မေးသည်။

"ဟုတ်တယ်"

"ဖူးပွင့်ဝေက ဆင်းသွားပြီ အန်တီ၊ အတန်းထဲက အစောဆုံး ထွက်သွားတာ... "

"ဟာ... "

မေစံရှား မျက်လုံးတွေပြာကာ ရင်တွေ တဒိုင်းဒိုင်းခုန်သွားသည်။ လွဲသွားပြီ။ ဖူးပွင့်ဝေက ဆင်းသွားပြီတဲ့။ အစောဆုံးဆိုတော့ ရှေ့ဆုံးက အုပ်စုထဲမှာ ပါသွားမှာ သေချာသည်။ မေစံရှား ရုတ်ကနဲ လှည့်ကာ လှေကားမှ ပြန်ပြေးဆင်းခဲ့သည်။ လှေကားထစ်များ အစဉ်အတိုင်း ဖြစ်သော်လည်း ခြေလှမ်းက ဇောရှိန်ဖြင့် မြန်လွန်းလှသည်။ စောစောက ဆင်းသွားသော ယောကျ်ားလေးအုပ်စုကို ပြန်မှီလာသည်။

"သားတို့ ဘေးကို... ဘေးကို... "

www.burmeseclassic.com



ပြောပြောဆိုဆို သူတို့ကလေးတွေ ကြားထဲသို့ ပခုံးများကိုင်ဖယ်၍ တိုးဝှေ့ကာ ပြေးဆင်းခဲ့သည်။ သို့သော် ကလေးများ ထိမိခိုက်မိဖြစ်ကာ ပြိုလဲကျမည်စိုး၍ အတင်းအဓမ္မ တိုးဝှေ့ဖယ်၍ မဖြစ်ရကား အရှိန်ကို လျှော့လိုက်ရသည်။

အချို့ ကလေးများထံမှ

''ဟာ ဒီအန်တီကလည်း လော့လိုက်တာ''ဟု ပြောသံများထွက်လာသည်။ ပြန်လည် မဖြေရှင်းအား။

ပထမထပ်ကျော်ပြီး အောက်ဆုံး လှေကားထစ်များကို အရှိန်မြှင့်ပြေးဆင်းပြီး မြေညီသို့ ပြန်ရောက်ချိန်တွင် ကလေးများက ပြန့်ကျဲသွားပေပြီ။ အချို့က လာကြိုသော ကားများပေါ် ရောက်နေပြီ။ အချို့က ကားများထံ သွားနေပြီ။ အချို့က မိဘများနှင့် လက်တွဲလျှောက်။ မေစံရှား ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ အရှေ့အနောက် တောင်မြောက်ဝဲယာ မည်သူ့ထံလိုက်ရပါ မည်နည်း။

ထိုစဉ်...

ကိုင်ထားသော ဖုန်းထဲမှ အသံများ နားထဲဝင်လာ၍ မေစံရှားက ဖုန်းကို နားမှာ ကပ်လိုက်သည်။

''ဟဲလို... ဟဲလို'' ဟူသော မတင်တင်ဝေ၏ အလောတကြီးခေါ်သံများ ကြားနေရသည်။

''မတင်တင်ဝေ''

''မေစံရှား...သမီးတို့ ကျောင်းဆင်းပြီလား...''

''ဆင်းပြီ...''

''သမီးကို တွေ့ပြီလား...''

''မတွေ့သေးဘူး၊ ရှာနေဆဲပဲ...''

''ဘုရား... ဘုရား ဒုက္ခပါပဲ...''

''ကျွန်မတို့က နည်းနည်း နောက်ကျသွားတယ်၊ မတင်တင်ဝေ





ပြီးတော့ ကလေးတွေက တူညီဝတ်စုံနဲ့ ဆိုတော့...''

ဖုန်းပြောရင်း မေစံရှားက ကလေးများကို လိုက်ကြည့်နေရသည်။ ပြန်ပေးသမားများနှင့် တူသူများကိုလည်း အကဲခတ် ကြည့်နေမိ၏။ သို့သော် လူဆိုးနှင့်တူသူများ မမြင်မိသေး။

''သမီးက နည်းနည်းပိန်ပြီး အရပ်ရှည်တယ်၊ ဆံပင်ကို နောက်မှာ နှစ်ခွခွဲပြီး ကျစ်ဆံမြီးကျစ်ချထားတယ်၊ သူ့ကျောပိုးအိတ်က အညိုရောင်လေး၊ Kitty ဆိုတဲ့ အဝါရောင် စာလုံးကြီးနဲ့...''

''ဟုတ်ပြီ... ဟုတ်ပြီ... ကျွန်မ ရှာလိုက်မယ်...''

''မေစံရှား မျက်လုံးအမြင်တွင်းသို့ အညိုရောင်ကျောပိုးအိတ်နှင့် မိန်းကလေးတစ်ဦး ဝင်လာသည်။ မေစံရှား အချိန်မဆိုင်းအား။ ထိုကောင်မလေးရှိရာ ပြေးသွားလိုက်သည်။

''သမီး ဖူးပွင့်ဝေ''

သို့သော်...

ကလေးမလေးနားရောက်ချိန်တွင် ဖူးပွင့်ဝေ မဟုတ်မှန်း မေစံရှား သိလိုက်သည်။ ဆံပင်ကလေး တိုတိုနှင့်ပေပဲ။ ပြီး ပိန်ပိန်ရှည်ရှည် မဟုတ်။

ကလေးမလေးက အပြုံးချိုချိုဖြင့် လှည့်ပြီး...

''အန်တီက ဖူးပွင့်ဝေကို လာရှာတာလား...''

မေးသည်။

''ဟုတ်တယ်ကွဲ့...''

''ဖူးပွင့်ဝေက ဟိုမှာ အန်တီရဲ့...''

ထိုကလေးမလေး ညွှန်ပြရာသို့ မေစံရှား ကြည့်လိုက်သည်။ ကွန်ဒိုမီနီယံဝင်း အဝနားမှာဖြစ်သည်။ ထွက်ပေါက်ဖက်သို့ ခပ်ဖြည်းဖြည်း လျှောက်သွားနေသည်။ သူ့မိခင်ကို မတွေ့၍ ရှာနေဟန် ရှိသည်။ မေစံရှားနှင့် ကိုက်နှစ်ဆယ်ကျော် သုံးဆယ်နီးပါး ကွာဝေးသည်မို



www.burmeseclassic.com

www.burmeseclassic.com



မည်။

မေစံရှား ထိတ်ခနဲ ဝမ်းသာသွားသည်။

ရပ်နေရာမှ ဖူးပွင့်ဝေရှိရာသို့ ပြေးသွားလိုက်သည်။

နှုတ်မှလည်း "ဖူးပွင့်ဝေ... ဖူးပွင့်ဝေ" ဟု အော်ခေါ်လိုက်သည်။

ထိုခဏမှာပဲ ဖြစ်သည်။

ထိုအခိုက်အတန့် ကလေးမှာပဲ ဖြစ်သည်။

ဖူးပွင့်ဝေ၏ ဘေးပလက်ဖောင်း၌ ကပ်၍ရပ်ထားသော မီးခိုးရောင်ကား၏ နောက်ခန်းတံခါး ရုတ်တရက် ပွင့်လာကာ တီရှပ်အနက် ဂျင်းဘောင်းဘီပြာနှင့် လူတစ်ယောက်ထွက်လာပြီး ဖူးပွင့်ဝေကို တစ်စုံတစ်ခု ပြောသည်။ ဖူးပွင့်ဝေက ခေါင်းညိတ်သည်။ ထိုသူက ဖူးပွင့်ဝေကို ကားနောက်ခန်းထဲသို့ သွင်းလိုက်သည်။ သူပါ လိုက်ဝင်သည်။ ကားတံခါး ပြန်ပိတ်သွားသည်။

အလွန်မြန်ဆန်လှသော ဖြစ်ရပ်။

မေစံရှား ပြေးသွားရင်း "မလိုက်နဲ့... မလိုက်နဲ့" ဟူသော အော်သံမှာ လေထဲတွင်ပင် ပျောက်သွားသည်။ ကားကလေးက အရှိန်ပြင်းစွာ ဂူးကနဲ မောင်းထွက်သွားသည်။

မေစံရှား အပြေးခြေလှမ်းများ ရပ်လိုက်ရင်း ကားကို လှမ်းကြည့်ကာ မှတ်သားလိုက်သည်။ မီးခိုးရောင် ဆန်နီဆလွန်းကား။ နံပါတ်က– ၁က/ ၆––––––။ နောက်စာလုံးများကို မသဲကွဲလိုက်။ ကားက အရှိန်ဖြင့် လမ်းမကြီးပေါ် ကွေ့တက်သွား၍ ဖြစ်သည်။

မေစံရှား၏ ခေါင်းထဲသို့ လှုံ့ဆော်ချက် ဝင်လာသည်။

ထိုကားကို အမီလိုက်ရမည် ဟူ၍။

မေစံရှားသည် ရပ်နေရာမှ ဦးလှမြင့် ကားရပ်ထားရာသို့ သွားရန် လှည့်လိုက်စဉ်မှာပင် ဦးလှမြင့်၏ ကားကလေးသည် မေစံရှား၏ ဘေးတွင် ကျွီကနဲ ရပ်လာကာ ရှေ့ခန်းတံခါး ပွင့်လာပြီး...





"တူမ... တက်... တက်..." ဟူသော ဦးလှမြင့်၏ အသံကို ကြားလိုက်ရသည်။

မေစံရှား မဆိုင်းမတွ အမြန်ဆုံးကားပေါ်တက်လိုက်သည်။ မေစံရှား ကားတံခါး ဆွဲပိတ်ချိန်တွင် ဦးလှမြင့်က သူ၏ ကားကလေးကို မောင်းထွက်ခဲ့ပြီဖြစ်သည်။

"ဦးလေးကို ကျေးဇူးတင်တယ်"

"ဦးလေးက သဘောပေါက်လိုက်တယ်လေ၊ ဦးလေးတို့က နည်းနည်းနောက်ကျသွားတော့ ကလေးမလေးကို ရှာရခက်သွားပြီ ဆိုတာ။ တူမ လှေကားက ပြေးတက်သွားပြီး မကြာခင်ပဲ ကလေးတွေ ဝေါကနဲ ဆင်းလာတာ ဒါနဲ့ ဦးလေးလည်း အရိပ်အခြည် ကြည့်နေတယ်။ ကိုကောင်တွေက လူပါးတွေ၊ အပြင်မှာ ရပ်မနေဘဲ ရပ်နေတဲ့ ကားထဲကနေ ကြည့်နေတာ၊ သူတို့ ကလေးမကို မြင်ဖူးထားပုံပဲ၊ ဒါမှမဟုတ် ဓါတ်ပုံရှိနေလို့ ဖြစ်မှာ..."

"ဦးလေး သူတို့ကား မှတ်မိပါတယ်နော်"

"မှတ်မိတယ်...၊ ဦးလေး မြင်နေရပါတယ်၊ အရှိန်မြှင့်လိုက်ရင် မီနိုင်မယ် ထင်တယ်"

မေစံရှား ရှေ့ကို လှမ်းကြည့်သည်။ ရှေ့ကိုက်သုံးလေးဆယ် အကွာတွင် မီးခိုးရောင် ဆန်နီဆလွန်းကားလေးကို မြင်နေရသည်။

တယ်လီဖုန်းထဲမှ အသံအချို့ကို ကြားနေရသဖြင့် တင်တင်ဝေကို သတိရလိုက်သည်။

"ဟဲလို မတင်တင်ဝေ..."

"မေစံရှား... သမီးကော...သမီးကိုတွေ့လား"

အလောတကြီး စိုးရိမ်စွာမေးသောအမေး။ မိခင်တစ်ဦး၏ သားသမီးအတွက် ပူပန်မှုသောက။

မေစံရှား ရုတ်တရက် မည်သို့ ပြန်ဖြေရမည် မသိ။



www.burmeseclassic.com

www.burmeseclassic.com



"မတင်တင်ဝေ စိတ်အေးအေးထားပါ၊ ကျွန်မတို့ သမီးလေး နောက်ကို လိုက်နေပါတယ်..."

"ဟင်... ဒါဆို သမီးလေးက သူတို့နဲ့ပါသွားပြီပေါ့... ဘုရား... ဘုရား ဓကူပါပဲ"

"ကျွန်မတို့ သူတို့ကားနောက် လိုက်နေတယ် မတင်တင်ဝေ၊ အဲဒီကားကိုမီရင် သမီးလေးအတွက် မစိုးရိမ်ရပါဘူး။ ပြီးတော့ မတင်တင်ဝေ ရောက်နေတဲ့နေရာကိုလည်း သိနိုင်တယ်..."

"လိုက်ပါ မီအောင်လိုက်ပါ၊ ကျွန်မက အရေးမကြီးဘူး။ သမီးလေးက အရေးကြီးတယ်"

"စိတ်ချပါ မတင်တင်ဝေ"

တစ်ဘက်မှ ရှိုက်သံကို ကြားနေရသည်။ မတင်တင်ဝေ ငိုနေခြင်း ဖြစ်လိမ့်မည်။ မေစံရွှာ စိတ်မကောင်း။

ကိုကို့ကို မေစံရွှာ မှတ်ခနဲ သတိရလိုက်သည်။

သည်အချိန်ဆို ကိုကို ဗဟန်းမှ ရောက်နေလောက်ပြီ။ ဟိုရောက်လျှင် ဖုန်းဆက်လိုက်မည် ပြောသည်။ ရုံးခန်းဖုန်းကို ဆက်နေပြီလား" အိမ်ဖုန်းကို ဆက်နေပြီလား မသိ။

ယခုအခြေအနေမျိုးတွင် ကိုကိုသာ ရှိနေ သည်ဆိုလျှင် အားရှိမည် ဖြစ်သည်။ မေစံရွှာနှင့် ကိုကို လူချင်းခွဲပြီး ပြန်ပေးသမားများနောက်ကို လိုက်နိုင်သည်။ ရဲစခန်းနှင့် ဆက်သွယ်နိုင်သည်။ ယခုတော့ မေစံရွှာ တစ်ကိုယ်တော်။

"ဟာ... သွားပြီ"

ရှေ့ကား မီးပိုးရောင်က မီးပွိုင့်လွတ်သွားသည်။ မေစံရွှာတို့၏ ကားက မီးပွိုင့်အရောက်မှာ မီးက နီနေပြီ။ ဦးလှမြင့်က ကားကို ရပ်လိုက်ရ၏။ မရပ်၍လည်း မရ။ ယာဉ်ထိန်းရဲအဖမ်းခံရလို့ မကြောက်သော်လည်း တစ်ဖက်က မီးစိမ်း၍ဝင်လာသော ကားများကို ဂရုမမူ၍မရ။





ဖူးပွင့်ဝေ ပါသွားသော ပြန်ပေးသမားတို့၏ ကားကို မျက်ခြည်ပြတ်သွားလေပြီ။

"ကံကြမ္မာကလဲကွာ... ၊ ခုထိ သူတို့ဘက်မှာပဲ ရှိနေတယ်"

ဦးလှမြင့်က မကျေမနပ် ရေရွတ်သည်။

မေစံရွှာ မီးပွိုင့်အနီကို ကြည့်ပြီး သက်ပြင်းချလိုက်သည်။ မီးပွိုင့်မှလွတ်လျှင် ရှေ့ကားကို လိုက်၍ရတော့မည် မထင်။

"ကဲ... တူမ ဦးလေးတို့ ဘာဆက်လုပ်မလဲ"

"ပွိုင့်လွတ်ရင်...ဆက်သာလိုက်ပါ ဦးလေး။ ရှေ့က မီးပွိုင့်မှာ သူတို့ကို မီကောင်းမီနိုင်ပါတယ်၊ မတွေ့ရင်တောင် ကံကိုယုံပြီး လမ်းတစ်လမ်းလိုက် ကြည့်ရမှာပဲ...၊ ဟော...မီးစိမ်းပြီ ဦးလေး"

ဦးလှမြင့်က ကလစ်ကိုလွှတ် ဂီယာကို ဖိနင်းသည်။ ကားကလေးက အရှိန်ဖြင့် ထောင့်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

"ကျွီ..."

ဘရိတ်ကို ဆောင့်နင်းလိုက်သဖြင့် ကားက တုံ့ကနဲရပ်သွားသည်။ နောက်က လိုက်လာသော ကားမရှိ၍ တော်ပေသေးသည်။

ခေါင်းထဲသို့ အတွေးတစ်ချက် ဝင်လာ၍ ကားကို ရပ်လိုက်ခြင်းဖြစ်သည်။

"မဟုတ်သေးဘူး၊ ဒီအဝါရောင်နဲ့ မိန်းမပုံစံက ကျွန်တော့်မရဘူး၊ သူမ တင်တင်ဝေ အစစ်မဟုတ်ရဲ့လား၊ ပြန်ပေးသမားတွေထဲက တစ်ဦးဦးက ရဲကိုမျက်လှည့်ပြဖို့ အိမ်ထဲမှာ ချန်နေရစ်တဲ့သူများ ဖြစ်နေမလား၊ ဘာကြောင့်လဲဆိုတော့ ကိုဝင်းမောင် ပြောပြချက်အရ မေစံရှားက တကယ် စိုးရိမ်ပူပန်နေပုံနဲ့ ဖုန်းထဲက အမျိုးသမီးကလည်း တကယ်ကြောက်ရွံ့တုန်လှုပ်နေပုံပါပဲ၊ ပြီးတော့... မေစံရှား ပြန်ထွက်သွားတာအကြောင်း တစ်ခုခုရှိလို့ပဲ၊ ငါ မေစံရှားကို လိုက်ရှာရင် ကောင်းမလား၊





ဒါလည်း မဖြစ်တော့ဘူး။ မေစံရှားက ပြန်ပေးသမားတွေနောက် ခြေရာခံလိုက်နေတာဆိုရင် သူ့ကို ရှာတွေ့ဖို့ မလွယ်တော့ဘူး၊ ကောင်းတာက စော စောက အဝါရောင်အမျိုးသမီးကို ပြန်ပြီးစောင့်ကြည့်ဖို့ပဲ"

ရဲအုပ်မောင်မောင်လတ် ဆုံးဖြတ်ချက်ချလိုက်သည်။

ကားကို ပြန်ကွေ့လိုက်ပြီး လာရာလမ်းသို့ ပြန်၍ဦးတည်လိုက်သည်။

ပြီးလျှင် လီဗာကို ဖိနင်းသည်။ ကားကလေးက သခင်၏ အလိုကိုသိနားလည်စွာ အားသွန်ပြေးလေတော့၏။

ရဲအုပ်မောင်မောင်လတ်သည် ကားကို အရင်တစ်ခါလို အိမ်ရှေ့ထိ မောင်းမသွား။ လမ်းထိပ်မှာပင် ရပ်လိုက်သည်။ ပြီးတော့ ကားပေါ်မှဆင်းကာ အေးဆေးစွာ လျှောက်လာခဲ့သည်။

တင်တင်ဝေ၏ ခြံရှေ့သို့ ရောက်ခဲ့ပြန်ပြီ။

ခြံရှေ့မှ ခြံတွင်းသို့ အကဲခတ်ကြည့်လိုက်တော့ လှုပ်ရှားမှု မမြင်ရ။ အိမ်ထဲကိုမူ မမြင်နိုင်။ ခြံတံခါးကို တွန်းကြည့်သောအခါ စောစောကအတိုင်း စေ့ရုံစေ့လျက် ရှိသည်။

ခြံဝင်းသံပန်းကို အသာဟလျက် ခြံဝင်းတွင်းသို့ ဝင်လိုက်သည်။ တိုက်ရှိရာသို့ အဝင်လမ်းအတိုင်း ပန်းပင်များကို အကာအကွယ်ပြုလျက် သတိဖြင့် ဖြတ်လာခဲ့သည်။

တိုက်ရှေ့ တံခါးက ပိတ်လျက်။

ရဲအုပ်မောင်မောင်လတ်သည် ပထမတစ်ကြိမ်ကလို လူခေါ်ဘဲလ်ကို မနှိပ်။ မှန်တံခါးမှနေ၍ အိမ်တွင်းသို့ ကိုယ်ကိုရှိုလျက် ချောင်းကြည့်လိုက်သည်။ ဧည့်ခန်းတွင် မည်သူမျှမရှိ။ အဝါရောင်မိန်းမ ဘယ်ရောက်နေသနည်း။

အချိန်အနည်းငယ်မျှ ရပ်ကြည့်နေသော်လည်း မရွှေဝါ၏ အနိုအယောင်ကို မမြင်ရသဖြင့်... တိုက်ဘေးမှ ပတ်ကြည့်ရန် ရဲအုပ်



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လတ် စဉ်းစားလိုက်သည်။

လှေကားထစ်ကလေးများကို နင်း၍တက်ခဲ့ပြီး တိုက်၏ မြေရင်းဘက်သို့ ဝင်လာခဲ့သည်။ တိုက်ခြေရင်းဘက်မှာ သီးပင် စားပင် ပန်းပင်များ အတော်ပင် စုံစုံလင်လင် စိုက်ပျိုးထားသည်ကို တွေ့ရသည်။

မှန်ပြတင်းပေါက်နားသို့ ကပ်လိုက်သည်။

အတွင်းကို ချောင်းကြည့်လိုက်သည်။ အခြေအနေက တိတ်ဆိတ်ငြိမ်သက်လျက်၊ ညှော်ခန်းကို ဖြတ်၍ မြင်နေရသော်လည်း မရွှေဝါကား ပျောက်ချက်သား ကောင်းနေသည်။

နောက်ပြတင်းပေါက်ကို ရွှေ့လိုက်သည်။

အတွင်းမှ အခန်းကား ထမင်းစားခန်း ဖြစ်သည်။ မရွှေဝါကို မမြင်ရသေး။

နောက်ခန်းမှာမူ စတိုခန်း ဖြစ်သည်။ စတိုခန်းနောက်တွင် ရေချိုးခန်း၊ အိမ်သာ ရှိသည်။ ပြီးမှ တိုက်အိမ်မကြီး၏ နောက်ဖက် မီးဖိုအဆောင်။

မီးဖိုဆောင်မှာ အပြင်သို့ထွက်သော တံခါးပေါက်ရှိနေ၏။

"ဟာ... အဆင်သင့်လိုက်တာ..."

တံခါးပေါက်က ခပ်ဟဟ ရှိနေသည်။ တံခါးပေါက်နားသို့ ရဲအုပ်မောင်မောင်လတ် တိုးတိတ်စွာ ခြေသံလုံလုံဖြင့် ချဉ်းကပ်လိုက်သည်။ တံခါးပေါက်မှ အတွင်းသို့ ကိုယ်ကို ကွယ်၍ ချောင်းကြည့်လိုက်သည်။ မီးဖိုဆောင်ထဲမှာ မရွှေဝါ မရှိပြန်။ သို့သော် ရှေ့ဘက်ဆီမှ သီချင်းသံ တိုးတိုးသဲ့သဲ့ကို ကြားနေရသည်။

မရွှေဝါ တိုက်ရှေ့ဘက် တစ်နေရာရာတွင် ရှိနေလိမ့်မည်။ အိပ်ခန်းထဲမှာလားတော့ မသိ။

ရဲအုပ်မောင်မောင်လတ် ပွင့်ဟနေသော တံခါးမှ အတွင်းသို့ ဝင်ရန် ခြေကို လှမ်းလိုက်သည်။ လှမ်းပြီးမှ ခြေတို့ တန့်သွားပြန်သည်။





ပွင့်နေသောတံခါးသည် မည်သည့် အဓိပ္ပါယ်နည်း။

ရိုးရိုးသားသား တံခါးဖွင့်ပြီး ပြန်မပိတ်ဘဲ ကား[illegible]လော။ သို့မဟုတ် ထောင်ချောက်လား။

မရွှေဝါသည် တင်တင်ဝေ အစစ်အမှန်ဖြစ်လျှင် တံခါးသည် ရိုးရိုးပွင့်နေခြင်း ဖြစ်နိုင်ပြီး . . . မရွှေဝါသည် ပြန်ပေးသမားတို့ထဲမှ တစ်ဦးဦး ဖြစ်နေခဲ့လျှင်မူ သည်တံခါးသည် မရိုးသား။

ရဲအုပ်မောင်မောင်လတ် နားစွင့်လိုက်သည်။

လှုပ်ရှားမှုအသံ တစ်စွန်းတစ်စ မကြားရ။

ထို့ကြောင့် အတွင်းသို့ ဝင်ရန် ဆုံးဖြတ်လိုက်၏။

ရဲအုပ်မောင်မောင်လတ် သတိကြီးစွာဖြင့် တံခါးကို ဝိုဝိုဟ လိုက်ကာ အတွင်းသို့ လှမ်းဝင်လိုက်သည်။

ရဲအုပ်မောင်မောင်လတ်၏အတွေး ဒက်ထိမှန်၏။ အန္တရာယ်သည် ရဲအုပ်မောင်မောင်လတ်ကို အတွင်းမှ ဆီးကြိုနေ၏။ သတိကြီးခဲ့၍သာ အမှားမဖြစ်ခဲ့ခြင်း ဖြစ်သည်။

ဝီးခနဲ လေတိုးသံ။ လေတွင် တစ်ခုခု အရှိန်ပြင်းစွာ ဖြတ်သွားသံ။

သတိဖြင့်ဝင်လိုက်သော ရဲအုပ်မောင်မောင်လတ်သည် ခန္ဓာကိုယ် ရှိမြဲနေရာမှ အမြန်ဆုံး ရွှေ့ပစ်လိုက်သည်။ ကြမ်းပြင်ပေါ်သို့ လှိမ့်ချလိုက် သည်။ စောစောက ရဲအုပ်မောင်မောင်လတ် ရပ်ခဲ့ရာနေရာ၏ နောက် တံခါး သစ်သားဘောင်သို့ ဓါးမြှောင်တစ်လက် လာစိုက်သည်။

"ဒေါက်. . . "

ဓါးမြှောင်၏ အရှိန်က ပြင်းပုံရ၏။ သစ်သားတံခါးမှာ စိုက်လျက် ဓားလက်ကိုင်ကလေးပင် လှုပ်ယမ်းနေသည်။

ရဲအုပ်မောင်မောင်လတ်သည် ကြမ်းပြင်ပေါ်မှ လှိမ့်၍ ခုန်ထလိုက်သည်။ တစ်ဖက်ရန်သူကို ပြန်လည်တိုက်ခိုက်ရန် အသင့်အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားသို့ ရောက်သွား၏။

ရန်သူကို လျော့တွက်၍ မရ။

ရဲအုပ်မောင်မောင်လတ် သေနတ်မထုတ်ရသေးမီ... တုတ်တစ်ချောင်းကိုင်၍ ခုန်ဝင်လာကာ ရဲအုပ်မောင်မောင်လတ်၏ ဦးခေါင်းကို ရိုက်ချလိုက်သော... ရန်သူ... ။

အခြားမဟုတ်၊ မရွှေဝါပင်တည်း။

ရဲအုပ်မောင်မောင်လတ်က ရိုက်ချက်ကို ခေါင်းငုံ့၍ ရှောင်ပေးလိုက်ရာ တုတ်ချက်က လေထဲတွင် ဗွီးကနဲ ဖြတ်သွားသည်။ ခေါင်းကို ထိလိုက်လျှင်ကား မလွယ်။

မရွှေဝါကား ကိုယ်ခံပညာ ကျွမ်းကျင်သူတစ်ဦး၊ မိန်းမဆိုသော်လည်း နွဲ့ပျောင်းနူးညံ့သော မိန်းမသားမဟုတ်ကြောင်း ရဲအုပ်မောင်မောင်လတ် သဘောပေါက်လိုက်သည်။

ကျော်လွန်ဖြတ်သန်းသွားသော တုတ်ကိုင်လက်ကို ဘယ်လက်ဖြင့် ဖြတ်ရိုက်ပစ်လိုက်သည်။ တစ်ဆက်တည်းပင် မရွှေဝါ၏ မျက်နှာဆီသို့ ပင့်လက်ဖနောင့်တစ်ချက် ပစ်သွင်းလိုက်သည်။

အာဂ ရွှေဝါမ။

တုတ်ကိုင်လက်ကို ထိသော်လည်း တုတ်ကလွတ်မကျသည့်အပြင် ရဲအုပ်မောင်မောင်လတ်၏ လက်ဖနောင့်တိုက်ကွက်ကို အသာတိမ်းရှောင်သွားနိုင်သည်။

သို့သော် ယခုတော့ ကွယ်ရာမှ ပုန်းလျှိုးတိုက်ခိုက်ခြင်း မဟုတ်တော့သဖြင့် ရဲအုပ်မောင်မောင်လတ် စိုးရိမ်မှု မရှိတော့။

မရွှေဝါကို တိုက်ခိုက်ဖို့အကွက်ကို ရှာလိုက်သည်။ တုတ်ကိုင်၍ ရိုက်ရန်ဆနေသော မရွှေဝါ၏ ခြေရွှေ့ကွက်က အဆင့်မြင့်တိုက်ခိုက်ရေးသမား တစ်ဦးဖြစ်ကြောင်း ပြနေသည်။

ဝင်လာပါပြီ...ရဲအုပ်မောင်မောင်လတ် မတိုက်ခိုက်မီ မရွှေဝါ





က ဒုတိယမြောက်ရိုက်ချက်ကို အသုံးပြုလိုက်၏။ ရဲအုပ်မောင်မောင်လတ်က နေရာမှ ခုန်ရွှေ့ကာ တစ်ဆက်တည်းပင် ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လျှက် ခြေဖျားဖြင့် တုတ်ကိုင်လက်ကို ခတ်လိုက်သည်။

ယောက်ျားတစ်ယောက်...ပြီးတော့ အတွေ့အကြုံရင့်ပြီးသားကရာတေးသမားတစ်ဦး၏ ခြေတန်ချက်က မရွှေဝါ၏ တုတ်ကို လွင့်သွားကာ လက်ကိုလည်း နာကျင်သွားစေသည်။ မရွှေဝါ ယိုင်သွားသည်။

ရဲအုပ်မောင်မောင်လတ်က ဆက်မတိုက်သေးဘဲ အသင့်အနေအထားဖြင့်ရပ်ကာ မေးခွန်းတစ်ခုကို ထုတ်လိုက်သည်။

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ငါ့ကို ရန်ပြုတာလဲ..."

မရွှေဝါက ရယ်သည်။

"ရှင်က သူခိုးကျ သူခိုးကြီး ဝင်လာတာကိုး"

"မင်းဟာ တင်တင်ဝေ မဟုတ်ဘူး မဟုတ်လား"

"ရှင်... ပြန်လာနိုင်တယ်ဆိုတာ ကျွန်မ တွက်ပြီးသားပါ၊ ဒါကြောင့် ပြင်ဆင်ထားတာ... ညွှံ့ခံဖို့..."

ပြောသည်။

"ငါကလည်း တရား ဥပဒေဘက်တော်သားပဲလေ၊ ဥပဒေကို ချိုးဖောက်သူမှန်သမျှကို လေးဘက်လေးတန် နံရံထဲ ပို့နေကျအတိုင်း မင်းကို ပို့ရမှာပဲ..."

"ရှင်ပဲ ကျွန်မကို ထောင်ထဲပို့မလား၊ ကျွန်မကပဲ ရှင့်ကို သစ်သားခေါင်းထဲ ပို့မလား၊ ကြည့်ရသေးတာပေါ့..."

မရွှေဝါ တိုက်ကွက်ကား စပါပြီ။ လက်သီး လက်ဝါးစောင်းများ၊ အကွက်မျိုးစုံ။ ရဲအုပ်မောင်မောင်လတ်က တိုက်စစ်မဆင်သေးဘဲ မရွှေဝါ၏ တိုက်ခိုက်မှုမှန်သမျှကို ခံစစ်အနေအထားဖြင့်ပင် ခုခံရှောင်တိမ်းနေသည်၊ သူ့အနေဖြင့် မရွှေဝါနှင့် ရည်ရွယ်ချက်ချင်းမတူ။ မရွှေဝါက သူ့ကို အဆုံးထိ ချေမှုန်းဖို့ ရည်ရွယ်သည်။ သူက မရွှေဝါကို လက်ရဖမ်းဖို့



www.burmeseclassic.com

www.burmeseclassic.com



ညည်းရှယ်သည်။

မရွှေဝါ၏ လက်သီးချက်ကို သူက ပယ်ထုတ်လိုက်သည်။ မရွှေဝါ၏ လက်ဝါးစောင်းတံတောင်တို့ကို သူက ကိုယ်ကို ရှောင်ကာ ယို့ကာဖြင့် တိမ်းသည်။ မရွှေဝါ၏ ကန်ချက်တို့ကို သူက လှုလှုပပ ခုန်ထွက်ပြီး ရှောင်သည်။

တိုက်ပွဲက ကြာလာသည်။

မရွှေဝါက ဆက်တိုက်ပင် တိုက်ကွက်များ သုံးနေသော်လည်း မောပန်း လက်ပန်းကျမသွား။

ရဲအုပ်မောင်မောင်လတ် တိုက်စစ်ဆင်ဖို့ ဆုံးဖြတ်လိုက်သည်။ အချိန်ကုန် မခံချင်တော့။ ရွှေဝါကို ဖမ်းရမည်။ ရွှေဝါကို စစ်မေးလျှင် မတင်တင်ဝေအား ပြန်ပေးဆွဲသောကိစ္စ ပေါ်လာမည်။

လက်သီးတစ်လုံး မရွှေဝါ၏ မျက်နှာဆီသို့ တိုးဝင်သွားပြီး မရွှေဝါ ယိမ်းယိုင်သွားသည်။ မရွှေဝါအသားတွေ နီသွား၏။ ဒေါသရိပ်တွေ စွန်း ထွက်လာ၏။

ရဲအုပ်မောင်မောင်လတ် ပြုံးလိုက်သည်။

တိုက်ပွဲမှာ သွေးမအေးဘဲ ဒေါသပါလာလျှင် အမှားတွေဖြစ်လာဖို့ သေချာသွားပြီ။

ထင်သည့်အတိုင်းပင်။ မရွှေဝါက မိုက်မိုက်မဲမဲ အတင်းဝင် အတင်းတိုက် လုပ်လာသည်။ ရဲအုပ်မောင်မောင်လတ်က မထိခလုတ် ထိခလုတ်ဖြင့် သူမ၏တိုက်ကွက်မှ ထွက်ကာ တိုက်စစ်တစ်ချက် ပြန်ပေးလိုက်သည်။ ခပ်သာသာမျှပေးလိုက်သော ကန်ချက်ကြောင့် မရွှေဝါ လဲမသွားသော်လည်း ယိုင်သွားပြန်သည်။

ထိုအခွင့်ကောင်းကိုယူလျှက် ရဲအုပ်မောင်မောင်လတ် ခန္ဓာကိုယ်တစ်ပတ်လှည့်ကာ ကန်ချက်တစ်ခုကို ထပ်ဆင့်ပို့လိုက်သည်။ သည်ကန်ချက်က အရှိန်ပြင်း၏။ မရွှေဝါ တစ်ပတ်လည်ထွက်သွားပြီး ကြမ်း





ပြင်ပေါ်သို့ ဘုန်းကနဲ ပစ်ကျသွားသည်။

သို့သော် မရွှေဝါကား အရှုံးပေးဖို့ စိတ်မကူး။

သူမပြန်အထတွင် လက်၌ ဓားမြှောင်တစ်ချောင်း ပါလာသည်ကို တွေ့လိုက်ရပြန်၏။

ရဲအုပ်မောင်မောင်လတ် စိတ်မရှည်ချင်တော့။

သူမထိုးလာသော ဓားချက်ကို ပယ်ထုတ်ပြီး ကန်ချက်တစ်ချက်ကို သူမဝမ်းဗိုက်ဆီသို့ ခပ်ဆဆ ကန်ထည့်လိုက်သည်။

"အင့်. . . "

သူမဦးခေါင်းက ရဲအုပ်မောင်မောင်လတ် ရှေ့သို့ ငိုက်ကျလာသည်။ ရဲအုပ်မောင်မောင်လတ်၏လက် လေထဲတွင် မြောက်တက်သွားသည်။ ပြန်ကျလာတော့ အရှိန်ပြင်းသည့် လက်ဝါးစောင်းခုတ်ချက်။ မရွှေဝါ၏ လည်ကုတ်ပေါ်မှာ. . .

"ဒုတ်. . . "

"အူး. . . "

ကြမ်းပြင်ပေါ်သို့ မရွှေဝါ ဘုတ်ကနဲပြုတ်ကျသည်။

မရွှေဝါ ပြန်ထလာသည်။ လက်ကဓားက လွတ်ကျမသွားသေး။ ခြေဖျားကန်ချက်တစ်ခုကို မရွှေဝါ၏ ရင်ဘတ်ဆီသို့ ရဲအုပ်မောင်မောင်လတ် ခပ်ဆဆ ထပ်သွင်းပေးလိုက်သည်။

"အွတ်. . . "

မရွှေဝါ နောက်ပြန်လဲကျသည်။ တော်တော်နှင့် မထနိုင်။ သူ့ကိုပြန်လည် ရင်ဆိုင်နိုင်တော့မည် မဟုတ်ကြောင်း ရဲအုပ်မောင်မောင်လတ် သဘောပေါက်လိုက်သည်။ ထို့ကြောင့် ဆက်မတိုက်တော့ဘဲ မရွှေဝါကို ခတ်ရန် လက်ထိတ်ကို ခါးမှ ဖြုတ်ယူလိုက်သည်။

မမျှော်လင့်ထားသော. . . အနေအထား။ မရွှေဝါ၏ ကမ်းကုန်သော မိုက်မဲမှု။



www.burmeseclassic.com

www.burmeseclassic.com



မရွှေဝါက ရဲအုပ်မောင်မောင်လတ်၏ အဖမ်းကို မခံဟူသော သဘောဖြင့် လှုပ်ရှားမှုတစ်ခု ပြုလိုက်သည်။ သူမ၏ လက်မြှောက်လာကာ သူမကိုင်ထားသော ဓားမြှောင်ဦးချွန်က သူမ၏ဘယ်ဘက်ရင်အုံသို့ တိုးဝင်သွားသည်။

"ဟော့... ဟော့... မလုပ်နဲ့"

ရဲအုပ်မောင်မောင်လတ် တားဆီးရန် ပြေးသွားလိုက်သော်လည်း အချိန်က မမီတော့။ မဟန့်တားနိုင်တော့။

မရွှေဝါက သူ့ကို စူးစူးရဲရဲ တစ်ချက်ကြည့်ကာ မျက်နှာမဲ့သွား သည်။ သူမရင်ဘတ်မှ ဓားကို သူမဘာသာ ပြန်ဆွဲထုတ်လိုက်သည်။ သွေးတို့ ရဲကနဲ မြာထွက်သွားသည်။ ခန္ဓာကိုယ်သည်လည်း ကြမ်းပြင်ပေါ် ပြုတ်ကျသွားသည်။ နှစ်ချက်သုံးချက် တွန့်သွားပြီးနောက် ငြိမ်သက် သွားသည်။

"ဟာ... မိုက်လိုက်တဲ့ မိန်းမ"

ရဲအုပ်မောင်မောင်လတ် ကရုဏာဒေါသော ရေရွတ်လိုက်သည်။ မရွှေဝါ၏ နှာခေါင်းဝကို သူ၏လက်ခုံဖြင့် ကပ်ကြည့်လိုက်သည်။ ထွက်သက်ဝင်သက် မရှိတော့။

သက်ပြင်းချလိုက်ပြီး ရဲအုပ်မောင်မောင်လတ်အိမ်ရှေ့ဘက် ထွက်လာခဲ့သည်။ ဖုန်းဆက်ရန် ဖြစ်သည်။ ရဲစခန်းနှင့် ဆေးရုံသို့။

♛ ♛ ♛

# ၁၁

တံခါးက ကျွီကနဲ ပွင့်လာသည်။

အခန်းတွင်း အမှောင်ထဲသို့ အပြင်ဘက်မှ အလင်းရောင်တိုးဝင်လာကာ မည်းမည်းသဏ္ဌာန်ကိုပါ မြင်လိုက်ရသည်။

ကိုလောရှည်...

ပြီးတော့ ဖူးပွင့်ဝေ... ။

"ဟင်... သမီး... သမီးလေး"

တင်တင်ဝေ အလွန်အမင်း တုန်လှုပ်သွားသည်။ သမီးလေး ဖူးပွင့်ဝေက ကိုလောရှည် လက်တွင်းမှ ရုန်းကန်နေ၏။ သို့သော်... လူကြီးနှင့် ကလေး အားချင်းက မည်သို့မျှ မမျှတ။ ပြီးတော့ လူကြီးကသည်း လူဆိုးလူကြမ်းကြီးရယ်လေ။

တင်တင်ဝေ... သမီးလေးရှိရာသို့ ပြေးထွက်သွားသည်။

"သမီး... "



www.burmeseclassic.com

www.burmeseclassic.com



"မေမေ... "

ဖူးပွင့်ဝေထံမှ ကြောက်ရွံ့ တုန်ခါနေသော ခေါ်သံထွက်ပေါ်လာသည်။ ကိုလှောရှည်က ဖူးပွင့်ဝေ၏ အရှေ့မှ ကာရပ်လိုက်ကာ ဖူးပွင့်ဝေကို နောက်တွင် ကွယ်ထားလိုက်သည်။

"မေမေ... "

"သမီးလေး... "

ဖူးပွင့်ဝေက လက်ကမ်းပါ၏။ သို့သော် သားအမိနှစ်ဦး ဆုံတွေ့ခွင့်မရ။

ကိုလှောရှည်က တဟားဟား အော်ရယ်လိုက်သည်။

"ဒီမှာ... မင်း သမီးလေး ငါတို့လက်ထဲ ရောက်နေပြီ။ ဘယ်လိုလဲ၊ မင်းရဲ့သမီးလေးကို မင်းချစ်တယ် မဟုတ်လား... "

"ကျွန်မကို ဖမ်းရင်ဖမ်းထားပါ၊ သမီးလေးကိုတော့ လွှတ်ပေးလိုက်ပါ၊ ကျွန်မ တောင်းပန်ပါတယ်"

တင်တင်ဝေက ကိုလှောရှည်ရှေ့တွင် ဒူးထောက် ထိုင်ချလိုက်ကာ တောင်းပန်သည်။ သို့သော် အဘယ်ကျိုးသည် သားသမင်ကို ညှာတာရိုး ရှိပါမည်နည်း။

"ငါတို့က... မင်းကိုလည်း ဖမ်းမထားချင်ဘူး၊ ငါတို့လိုချင်တာရရင် မင်းကိုလည်း အလုပ်ရှုပ်ခံပြီး ခေါ်မထားဘူး... "

"ရှင်တို့က ဘာလိုချင်တာလဲ၊ ကျွန်မ မသိဘူး၊ ကျွန်မမှာ မရှိဘူး"

"မင်းက ခေါင်းမာတုန်းပဲကိုး... "

"တကယ် မသိတာပါရှင်... "

"အေးလေ ဘယ်လောက် ခေါင်းမာနိုင်မလဲ ကြည့်ကြသေးတာပေါ့၊ စဉ်းစားထား၊ မင်းရဲ့ သမီးလေးအသက်နဲ့ ငါတို့လိုချင်တာ လဲမလဲ... "





"ဟင်... ရှင်... ရှင်တို့"

"သိပ်တော့ မစိုးရိမ်ပါနဲ့၊ ငါတို့က ချက်ချင်းကြီးတော့ မင်းရဲ့ သမီးလေးကို ဒုက္ခမပေးသေးပါဘူး... "

ကိုလှောရှည်က ပြောပြီးသည်နှင့် ဖူးပွင့်ဝေကို ဆွဲကာ အခန်းတွင်းမှ လှည့်ထွက်ရန် ပြင်သည်။ တင်တင်ဝေက သမီးလေး ဖူးပွင့်ဝေကို လှမ်းဆွဲသည်။

"သမီး... "

"မေမေ... "

ဖူးပွင့်ဝေကလည်း မိခင်လက်ကို မီရန် သူမ၏ လက်ကို ကမ်းပေးပါသည်။ ကိုလှောရှည်က ဖူးပွင့်ဝေကို ခပ်ကြမ်းကြမ်း ဆွဲ၍ အခန်းတံခါးပေါက်မှ ထွက်သည်။ တင်တင်ဝေက ကိုလှောရှည် ခါးကိုဆွဲကာ

"သမီးလေးကို လွှတ်ပေးပါ...၊ သမီးလေးကို ဒုက္ခမပေးပါနဲ့"

ကိုလှောရှည်က တင်တင်ဝေ ဆွဲထားသောလက်ကို ဆွဲဖြုတ်ကာ တင်တင်ဝေကို နောက်ပြန် ဆောင့်တွန်းပစ်လိုက်သည်။ တင်တင်ဝေ ကြမ်းပြင်ပေါ်သို့ ပုံလဲကျသည်။

ကိုလှောရှည်သည် တင်တင်ဝေကို လှည့်မကြည့်တော့ဘဲ ဖူးပွင့်ဝေကို ဆွဲလှည့်လျှက် အပြင်သို့ထွက်ရင်း...

"မင်း သမီးလေးပါမကဘူး၊ မကြာခင်... မင်းယောက်ျားပါ ငါတို့ခေါ်လာမယ်.. ပွဲကြီးပွဲကောင်း ကြည့်ရသေးတာပေါ့"ဟု ပြောသည်။ တံခါးကို ဂျိုင်းကနဲဆွဲပိတ်သည်။ အပြင်မှ သော့ခတ်သံ ကြားရသည်။

"မေမေ... မေမေ"

ဖူးပွင့်ဝေ၏ အသံများ ဝေးသွားသည်။

တင်တင်ဝေ အားအင်တွေ ကုန်ခမ်းသလို ဖြစ်သွားသည်။ သမီးလေးက သူတို့လက်ထဲ ရောက်နေပြီ။ ထိုမျှမက ခင်ပွန်းဖြစ်သူကိုအော်မင်းကို ဖမ်းကြပေဦးမည်...။ ဒုက္ခပါပဲ။ အဘယ်သို့သော



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေကြောင့်များ ယခုလို ဒုက္ခတွေ ပေးနေပါလိမ့်။ တင်တင်ဝေ တွေးမရ။ ကိုဇော်မင်းနှင့် တစ်ခုခု ပတ်သက်နေရော့သလား . . . ။

အိမ်မှာတုန်းက ကိုဇော်မင်း၏ ဗွီဒီယိုကင်မရာကို ရှာကြသေးသည်ဆိုတော့ တစ်ခုခု အကြောင်းရှိ၍ပဲ ဖြစ်မည်။ ကိုဇော်မင်းရိုက်ကူးထားသော ဗီဒီယိုနှင့် ဆက်နွယ်မှုရှိမည် ထင်၏။ မည်သို့သော အကြောင်းကိုများ ရိုက်ကူးထားပါသနည်း။

''ဟင် . . . ''

တွေးရင်းမှာပင် တင်တင်ဝေ၏ ခေါင်းထဲသို့ အသိပေး ခေါင်းလောင်းသံတစ်ချက် ဝင်းကနဲ ဝင်လာသည်။ ကိုဇော်မင်းကို သူတို့ဖမ်းကြဦးမည်။ ကိုဇော်မင်းကို မဖမ်းမိလျှင် ပိုကောင်းမည်။ ကိုဇော်မင်းလွတ်အောင် ကြိုးစားရမည်။

ကိုဇော်မင်းက ခရီးသွားနေရာမှ ယနေ့ ပြန်ရောက်မည်။

သွားသည်က ဟသ်ာတ။ ကားဖြင့် ပြန်လာမည်ဟု မှာခဲ့သည်။ ဟသ်ာတမှ နံနက်ပိုင်းထွက်သည့် ကားများမှာ အဝေးပြေးဂိတ်သို့ နေ့လယ်ပိုင်းတွင် ဝင်သည်။ ကိုဇော်မင်းက နေ့လယ်တစ်နာရီခွဲခန့် ပြန်ရောက်မည်ဟု ပြောခဲ့ဖူးသည်။

မေစံရှားထံ ဖုန်း . . . ပြန်ဆက်မှ . . . ။

ကိုဇော်မင်းကို အချိန်မီကယ်ဖို့ မေစံရှားကို အကူအညီတောင်းမှ။

တင်တင်ဝေ နေရာမှ လူးလဲထလိုက်သည်။

♛ ♛ ♛

၁၂

''ဟဲလို . . . ဟဲလို . . . ''

မေစံရှား ဖုန်းကိုခေါ်နေသော်လည်း တင်တင်ဝေ၏ အသံကို မကြားရသေး။ တင်တင်ဝေ မထူးသေး။ သို့သော် အသံတိုးတိုး သဲ့သဲ့များကိုတော့ ကြားနေရသည်။ စကားလုံးတွေတော့ မသဲကွဲ။

ဘာများ ဖြစ်နေပြန်ပြီနည်း။

တင်တင်ဝေထံ သမီးလေး ဖူးပွင့်ဝေ ရောက်သွားပြီလား။

''တူမ ဖုန်းခေါ်လို့မရဘူးလား . . . ''

ဦးလှမြင့်က စိတ်ပူစွာ မေးသည်။

''ဟုတ်တယ် ဦးလေး ပြန်မထူးဘူး ဖြစ်နေတယ်''

ဖုန်းကို နားမှာ ကပ်လျက်နှင့်ပင် မေစံရှား ပြန်ပြောသည်။ ပြန်ပေးသမားတို့၏ ကားကို မျက်ခြည်ပြတ်သွားပြီးနောက် မေစံရှားတို့သည် ကံကြမ္မာကို အားကိုးကာ ဖြစ်နိုင်ခြေရှိသော လမ်းများသို့ လိုက်၍



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးသမားတို့၏ ကားကို ရှာကြပါသေးသည်။ တစ်လမ်းဝင် တစ်လမ်းထွက်နှင့်ပါ။ သို့သော် လုံးဝပျောက်သွားသည်။ နောက်ဆုံးတွင် ကားနောက်လိုက်ဖို့ လက်လျှော့ကာ ကားကို လမ်းဘေးတစ်နေရာတွင် ထိုးရပ်ပြီး တင်တင်ဝေထံမှ ဖုန်းအဆက်အသွယ်ကို စောင့်နေကြခြင်းဖြစ်သည်။

"တူမ... "

"ရှင်... "

"အချိန်က မနည်းတော့ဘူး၊ တူမလည်း ဒီမနက် ဘာမှမစားရသေးဘူး။ ဖုန်းစောင့်ရင်းနဲ့ တစ်ခုခု စားပါလား"

ဦးလှမြင့်က အကြံပေးသည်။

"ဦးလေးကိုလည်း အားနာစရာ ကောင်းနေပြီ ဦးလေးဆာရင် တစ်ခုခု စားပါလား၊ ကျွန်မ ဒီက စောင့်နေမယ်... "

"ဦးလေးက ရပါတယ်၊ တူမအတွက် ပြောတာပါ... "

"ရပါတယ် ဦးလေးရယ်... စိတ်ပူနေလို့ ဘာမှ စားလို့ဝင်မယ် မထင်ပါဘူး... "

ဆာတော့လည်း ဆာနေသည်အမှန်။ သို့သော် အချိန်က အရေးကြီးနေသည်။ တစ်ခုခုစားဖို့ အချိန် မပေးနိုင်။ ဖုန်းလည်း စောင့်ချင်သည်။ ရဲစခန်းသို့လည်း သွားချင်သည်။

"ဒါဆို တူမ ဒီကစောင့်၊ ဦးလေး တူမအတွက် ဒီနားမှာ တစ်ခုခု သွားဝယ်လာခဲ့မယ်"

"နေပါစေ ဦးလေး... ဦးလေးအလုပ် ပိုပါတယ်"

"မဟုတ်တာကွယ်... အလုပ်မပိုပါဘူး"

ဦးလှမြင့်က ကားတံခါးဖွင့်ဆင်းရန် ရည်ရွယ်လိုက်သည်။

ထိုအခိုက်မှာပင်...

"ဟဲလို မေစံရှားလား... "





"ဟာ မတင်တင်ဝေ... ကျွန်မ မတင်တင်ဝေဆီ ခေါ်နေတာကြာပြီ၊ ဖုန်းပြန်မလာလို့... "

ဖုန်းဝင်လာသံကြောင့် ဦးလှမြင့်ခမျာ ကားပေါ်မှ မဆင်းဖြစ်တော့ဘဲ ပြန်လှည့်ကြည့်သည်။ မေစံရှားက ဦးလှမြင့်အား ခေါင်းညိတ်ပြလိုက်သည်။ တင်တင်ဝေထံမှ ဖုန်းလာပြီဟူသော သဘော။

ငိုသံပါနှင့် တင်တင်ဝေ အသံပေါ်လာသည်။

"သမီး... သမီးလေးကို သူတို့ ဖမ်းလာကြပြီ... "

"မတင်တင်ဝေနဲ့ တွေ့ပြီးပြီလား... "

"တွေ့ပြီးပြီ... "

"အတူတူထားလား"

"မထားဘူး၊ သမီးလေးကို ပြန်ခေါ်သွားတယ်၊ တခြားမှာ ထားတယ်။

"ဘာပြောသေးလဲ... "

"သူတို့လိုချင်တာနဲ့ သမီးအသက် လဲမလားတဲ့... "

မေစံရှားတွေသွားသည် မျက်ခုံးတွေ တွန့်ခေါက်သွားသည်။

"သူတို့ လိုချင်တာ ဘာလဲ... "

"အဲဒါ ကျွန်မလည်း မသိဘူး"

"လောလောဆယ်မှာတော့ မတင်တင်ဝေတို့ကို သူတို့ ဘာမှ အန္တရာယ် မပေးနိုင်သေးဘူး မဟုတ်လား"

"အင်း"

"စိတ်အေးအေးထားပါ၊ မတင်တင်ဝေ ရောက်နေတဲ့အိမ်ရဲ့ အနေအထားကို တတ်နိုင်သမျှ လေ့လာထားပါ၊ ကျွန်မ ရဲစခန်းနဲ့ထပ်ဆက်သွယ်ပြီး... "

"မေစံရှား... "

တင်တင်ဝေ့အသံ ပြတ်ဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်...ပြောပါ"

"လောလောဆယ်...အရေးကြီးတာက ကျွန်မယောက်ျားကို သူတို့ဖမ်းကြဦးမှာမို့ သူတို့မဖမ်းခင် မေစံရှားက အရင်ကယ်ပေးပါ"

"ဘယ်လို...ဘယ်လို"

မေစံရှား၏ အံ့ဩတကြီး ပြန်မေးသံကြောင့် ဦးလှမြင့်ပါ မျက်လုံးတွေ ဝိုင်းသွားသည်။

"သူတို့က ကျွန်မယောက်ျားကိုပါ သွားဖမ်းမဲ့ပုံပဲ"

"မတင်တင်ဝေရဲ့ ယောက်ျားက ဘယ်မှာမို့လဲ"

"ဟသာ်တသွားနေတယ်၊ ဒီနေ့ ပြန်လာမှာ၊ သူတို့က အဲဒါကို သိနေတယ်၊ အဝေးပြေးဂိတ်ကနေ သွားပြီး ကြိုဖမ်းမယ့်ပုံရှိတယ်"

"လှိုင်သာယာ အဝေးပြေးဂိတ်လား"

"ဟုတ်တယ်..."

"ကားက ဘယ်အချိန်ဝင်မှာလဲ"

"သူ စီးလာမယ့်ကားက တစ်နာရီခွဲလောက် ဝင်တတ်တယ်"

"ဘာကားလဲ..."

"ဟသာ်ညီနောင် တဲ့"

မေစံရှားက နာရီကို ကြည့်လိုက်သည်။ ဆယ့်နှစ်နာရီလေး ဆယ့်ငါး၊ တစ်နာရီခွဲရန် ၄၅မိနစ်အလို။

"သူတို့ သွားကြပြီလား"

"သွားကြပြီ ထင်တယ်၊ စောစောက ကားသံကြားတယ်"

"ကိစ္စမရှိဘူး၊ ကျွန်မတို့ လိုက်သွားမယ်၊ ဦးလေးရေ...၊ လှိုင်သာယာအဝေးပြေးဂိတ်ကို ကျွန်မတို့ သွားမှဖြစ်မယ်...အမြန်သာ မောင်းပေးပါ"

"ကောင်းပြီ တူမ..."

ဦးလှမြင့်၏ အစားအသောက်တစ်ခုခု သွားဝယ်ရန်ကိစ္စမှာ





ပျက်ပြယ် နိဂုံးချုပ်သွားပြန်ပေပြီ။

ဦးလှမြင့်က ကားစက်ကို နှိုးသည်။ ဂီယာသွင်းသည်။ အရှိန်ဖြင့် မောင်းထွက်သည်။

"မတင်တင်ဝေရဲ့ ယောက်ျားနာမည်က"

"ကိုဇော်မင်း..."

"ပုံပန်းကရော..."

"အရပ်က ငါးပေလေး၊ နည်းနည်း ကိုယ်လုံးတုတ်တယ်၊ အသား ညိုတယ်၊ နှုတ်ခမ်းမွှေး သဲ့သဲ့ရှိတယ်၊ ဆံပင်ကောက်တယ်၊ ပြီးတော့ အင်း... ဂျင်းဘောင်းဘီ အမြဲဝတ်တယ်၊ အက်ဒီဒတ် ကျောပိုးအိတ် ပါတယ်"

"ဒီလောက်ဆိုရင် ရပြီ၊ အခု ကျွန်မ လှိုင်သာယာကားဂိတ်ကိုသွားနေပြီ။ ကျွန်မတို့ ကိုဇော်မင်းကို မီမှာပါ..."

"မီအောင်လုပ်ပါ မေစံရှားရယ်၊ ဒုက္ခပေးတယ်လို့ မထင်ပါနဲ့"

"ဟာ ရပါတယ်။ ဒီအတွက် စိတ်ထဲမှာ ဘယ်လိုမှ မထားပါနဲ့"

"ဟိုရောက်တာနဲ့ ဖုန်းဆက်နော်၊ ကျွန်မ ဖုန်းစောင့်နေမယ်"

"စိတ်ချပါ..."

ဦးလှမြင့် ကားရှေ့တူရူကိုသာ အာရုံစူးစိုက်လျက် ရှိနေသည်။ လီဗာကိုလည်း ပြင်းစွာ ဖိနင်းထားပုံရသည်။ မိုင်နှုန်းပြလက်တံက တရိပ်ရိပ် မြင့်တက်လာနေသည်။

"ဦးလေးလည်း ငှက်သီးနဲ့ ပေါင်းမိလို့ ရောအထောင်းခံရတဲ့ ကြက်သွန်ဖြစ်နေပြီ... ကျွန်မနဲ့ ပေါင်းမိလို့ ထမင်းလည်းငတ် မာတ်ဆီလည်းကုန်၊ ဘယ်တော့ ယာဉ်ထိန်းရဲ့ အဖမ်းခံရဦးမလဲ မသိဘူး..."



www.burmeseclassic.com

www.burmeseclassic.com



မေစံရှားက အားနာစကား ပြောသော်အခါ ဦးလှမြင့်က လှည့်မကြည့်သော်လည်း ပြုံးသည်။

"တူမက အများအတွက် ဒီလောက် အပင်အပန်းခံပြီး ကူညီနေတာ ထမင်းငတ်တာလောက်များ ဦးလေးက စာဖွဲ့ဖို့မလိုပါဘူးကွယ်"

♛ ♛ ♛

"ကျွန်မ ဒီလိုထင်တယ် ဦးလေး . . . "

"ဘယ်လိုလဲ တူမ. . . "

"ပြန်ပေးသမားတွေက ဒီနေရာနဲ့ သိပ်အဝေးကြီးကို မသွားဘူး၊ ဘာကြောင့်လဲဆိုတော့ ဖူးပွင့်ဝေကို ကျွန်မတို့ရှေ့က ခေါ်သွားတယ်၊ အခု အိမ်ပြန်ရောက်နေပြီ၊ ရောက်နေတာတောင် အတော်လေးကြာပြီ ထင်တယ်၊ သူတို့မောင်းသွားတာ ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်လောက်ပဲ၊ ဒီတော့ သူတို့ရဲ့ စခန်းနေရာဟာ သိပ်မဝေးတာ သေချာတယ်၊ နောက်တစ်ချက်က ကျွန်မရဲ့ ဟမ်းဖုန်းထဲမှာ ဝင်နေတာဆိုတော့ မဝေးလို့ပဲ၊ တကယ်လို့ မြို့ပြင်မှာသာဆိုရင် ဖုန်းလိုင်းက မမီနိုင်ဘူး၊ ဆက်သွယ်ရေး ဧရိယာရဲ့ ပြင်ပရောက်နေရင်လေ"

"မှန်တယ် တူမ. . . "

"ကိုဇော်မင်းကို အချိန်မီ ကယ်နိုင်ဖို့ အရေးကြီးတယ်၊ ကိုဇော်မင်း သူတို့ဆီပါမသွားရင် သူကို ရဲတွေနဲ့ ဆက်သွယ်နိုင်းလို့ရတယ်၊ နောက်တစ်ခုက ကိုဇော်မင်း ကျွန်မတို့ဆီမှာ ရှိနေရင် သူတို့လိုချင်တာ





လည်း ကိုဇော်မင်းနဲ့ သက်ဆိုင်နေပုံရတော့ကာ . . . သူတို့ဆီ တင်တင်ဝေတို့ သားအမိကို ဒုက္ခမပေးနိုင်ဘဲ ကိုဇော်မင်းကို မရရအောင် ဆက်သွယ်မှာပဲ၊ ဒါမှ ကျွန်မတို့ဘက်က အခွင့်အလမ်းရမှာ"

"ဒါလည်း မှန်တယ်"

"အဝေပြေးဂိတ်ကို ဟသ်ာညီနောင်ကား တစ်နာရီခွဲလောက်မှာ ဝင်မယ်တဲ့၊ ကျွန်မတို့ မီနိုင်ပါတယ်နော်. . . "

"မီမှာပါ. . . "

မေစံရှား သက်ပြင်းချလိုက်သည်။ ရင်ထဲမှာတော့ ပူပန်စိုးရိမ်မှုတွေက လှိုင်းထန်လျက်. . . ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com


နေစိုးသော်

ရွှေနေမလေး မေစံရှားနှင့်
ကာဝေမဟေသီ မေဟ်ဒေဝီ

စာမူခွင့်ပြုချက်–၅၀၀၉၂၅၀၅၀၇

ထွက်ပြီ


# ၁၃

မရွှေဝါ၏ အလောင်းကို ဆေးရုံကားက ယူဆောင်သွားပြီ ဖြစ်သည်။ အိမ်ထဲမှာ မရွှေဝါနှင့် ပတ်သက်သော သဲလွန်စကိုရှာသော သည့် ရဲအုပ်မောင်မောင်လတ်အဖို့ ဘာတစ်ခုမှ မရ။ မရွှေဝါ၏ အလောင်းမှာကလည်း သူတို့အဖွဲ့နှင့် ပတ်သက်သော သဲလွန်စ မရခဲ့။

စဉ်းစားဝေခွဲရခက်စွာ ရဲအုပ်မောင်မောင်လတ် ဆက်တီပေါ်မှာ ထိုင်ချလိုက်သည်။

ဒုရဲအုပ်ဝင်းမောင် အနား ရောက်လာသည်။

''ဆရာလတ် . . . ၊ အမှုက သေးတော့ မသေးဘူးနော်၊ ပြန်ပေးဆွဲတဲ့ကိစ္စသေချာနေပြီ၊ မေစံရှားလည်း လိုက်နေပုံရတယ် . .''

''ဟုတ်တယ် ဝင်းမောင်၊ ပြန်ပေးသမားတွေဟာ စောစောပါ မိန်းကလေးလို လူမျိုးတစ်ယောက်ကိုတောင် ဒီအိမ်မှာ ထားခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက တော်ရုံမဟုတ်ဘူး၊ လက်စလက်နရှိပြီးသား၊ ပြီးတော့ ဂိုဏ်းကြီးတစ်ဂိုဏ်းလည်း ဖြစ်နိုင်တယ်။

ဒုရဲအုပ်ဝင်းမောင်က ရှေ့မှာဝင်ထိုင်ပြီး–

"ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ… ဆရာလတ်… "

မေးသည်။

"မင်းက စခန်းကိုပြန်၊ စခန်းမှူးကို သတင်းပို့၊ ပြီးရင် ရန်ကုန်မှာရှိတဲ့ စခန်းအားလုံးကို အကြောင်းကြား၊ ပြန်ပေးမှုနဲ့ ပတ်သက်လို့ သံသယဖြစ်ဖွယ်တွေ့ရင် ချက်ချင်း ဆက်သွယ်ပါလို့၊ ဒီအိမ်မှာ ရဲသားနှစ်ယောက် အစောင့်ထားခဲ့မယ်၊ ငါ…စခန်းကို ပြန်မလိုက်ဘဲ ဒီပတ်ဝန်းကျင်မှာ ပတ်လိုက်ဦးမယ်၊ အရင်က ပြန်ပေးမှုနဲ့ ထောင်ထဲဝင်ခဲ့ပြီး ပြန်လွတ်လာတဲ့ တိမ်တစ်လုံးကို ငါ ရှာလိုက်ဦးမယ်"

"ကောင်းပြီ ဆရာလတ်… "

"ဒါဆို အမြန်ဆုံး လုပ်တော့… "

ဒုရဲအုပ်ဝင်းမောင် မတ်တတ်ရပ်သည်။ အလေးပြုသည်။

"လေးစားပါတယ်… "

ဒုရဲအုပ် ဝင်းမောင်က အိမ်တွင် စောင့်ကျန်ခဲ့မည့် ရဲနှစ်ဦးကို တာဝန်ချပေးပြီး ကျန်ရဲများကိုခေါ်ကာ စခန်းသို့ ကားဖြင့်ပြန်ထွက်သွားသည်။

ရဲအုပ်မောင်မောင်လတ်ကလည်း သူ၏ကားကို မောင်းထွက်လာခဲ့သည်။ တိမ်တစ်လုံးကို ရှာရမည်လေ။

ချောင်ကြိုချောင်ကြား လမ်းကလေးတစ်ခုကို ချိုးဝင်ခဲ့ပြီး အိမ်ကလေးတစ်လုံးရှေ့မှာ ကားကို ရပ်လိုက်သောအခါ အိမ်ထဲမှ တိမ်တစ်လုံး ပြေးထွက်လာသည်။

"ဟာ… ဆရာ ဘယ်ကို သွားမလို့လဲ"

ရဲအုပ်မောင်မောင်လတ် ကားပေါ်မှမဆင်းဘဲ ပြတင်းမှ ခေါင်း





ပြူလျှက်…

"မင်းဆီလာတာကွ… "

ဟုပြောရင်း အကဲခတ်လိုက်သည်။ တိမ်တစ်လုံး ရယ်သည်။

"ဆရာရယ် တစ်ခုခုဖြစ်ရင် ကျွန်တော်ဆီပဲ တန်းလာတာပဲ၊ ကျွန်တော်က အခု လိမ္မာနေပါပြီ ဆရာရဲ့… "

"အေးပါ မင်းလိမ္မာရင်လည်း ပြီးတာပါပဲ၊ ဒါပေမယ့် ခွေးမြီးကောက်ကျည်တောက်စွပ်ထားတာ ကျည်တောက်ဖြုတ်လိုက်ရင် ကောက်မြဲကောက်တာ မဟုတ်လားကွ"

"ကျွန်တော် အမြီး မကောက်တော့ပါဘူး ဆရာ"

"ဒါဆို မင်းနောက်တစ်ခွင် မတွေ့သေးဘူးပေါ့"

"တွေ့လည်း မလုပ်တော့ပါဘူး ဆရာရယ်၊ စိတ်ချပါ"

"တိမ်တစ်လုံး… "

"ဗျာ… "

"ခု တစ်ရက်နှစ်ရက် အတွင်းမှာ မင်းနဲ့ဆက်နွှယ်နေတဲ့ သူတွေထဲက ဘယ်သူတွေ ခြေများနေလဲ၊ မှန်မှန်ပြောကွာ၊ မပြောရင် မင်းကိုငါ သွေ့သည်အဖြစ်နဲ့ ခဏ ခေါ်ထားရလိမ့်မယ်"

တိမ်တစ်လုံးက ခေါင်းကုတ်စဉ်းစားသည်။

"ကျောက်ဖြုန်းတို့လည်း ဒီမှာ မရှိဘူးဆရာ၊ တောပြန်ကြတယ်၊ စိန်လက်ကောက်ကလည်း ထောင်ထဲမှာ၊ မထွက်လာသေးဘူး၊ နို့နေပါဦး၊ ဆရာက ဘာအမှုနဲ့ ပတ်သက်လို့ စုံစမ်းနေရတာလဲ… "

"ပြန်ပေးမှု… "

"ဒီလို ခပ်ကြီးကြီး ကိစ္စတွေကို လုပ်နိုင်တဲ့ ကျွန်တော်သိသမျှလူတွေကတော့ ခုတလော… ဘာမှမဖြစ်နိုင်ဘူး ဆရာ၊ အဲဒါ သေချာတယ်"

"အေးလေ မင်းက အမှန်အတိုင်းပြောတယ်ပဲ ငါယုံလိုက်ပါ

www.burmeseclassic.com



တယ်၊ အဲ... တစ်ခုတော့ ငါ့ကို ကူညီကွာ၊ မင်း... စခန်းကို သွားပြီး ကိုဝင်းမောင်နဲ့ တွေ့လိုက်ဦး၊ ငါလွှတ်လိုက်တယ် ပြော... "

"ဟာ... ဆရာ ကျွန်တော် ဘာဖြစ်လို့... "

"စကားမရှည်နဲ့ကွာ၊ ငါပြောပြီးပြီ၊ မင်း အကအကူညီလိုအပ်ရင် ယူရမှာမို့ပါ၊ မကူညီချင်ဘူးဆိုရင်လည်း မင်းသဘောပဲ၊ မသက်မှုနဲ့"

"ဟာ ဆရာ့ကို ကူညီပါ့မယ်၊ ကျွန်တော် ခုပဲ သွားလိုက်ပါ့မယ်"

ရဲအုပ်မောင်မောင်လတ် ကားကို မောင်းထွက်ခဲ့သည်။

လက်စလက်န ရှိသူတစ်ဦးကို ခြေချုပ်ရန် ကြိုးစားခဲ့ခြင်းပဲဖြစ်သည်။ အခွင့်သင့်လျှင် သူ့ထံမှ တစ်စွန်းတစ်စ တွေးစရာ လမ်းရနိုင်သည်။

"အင်း... တိမ်တစ်လုံး မဟုတ်တာတော့ သေချာတယ်"

ကားကို တစ်နေရာသို့ ဦးတည်လိုက်သည်။

မြခွာညို... စားသောက်ဆိုင်ကိုပဲ ဖြစ်သည်။ ဆိုင်ထဲသို့ဝင်လိုက်သည်ဆိုလျှင်ပင် ကောင်တာမှ ငွေကိုင်မန်နေဂျာဖြစ်သူ ကိုမင်းအောင် ပြေးထွက်လာသည်။

"ဆရာ ဘာသောက်မလဲ... ဘာစားမလဲ"

"မသောက်လည်း မသောက်ချင်ဘူး၊ မစားလည်း မစားချင်ဘူး မင်းနဲ့ပဲ စကားပြောချင်တာ။

"ဒါဆို လာ၊ အပေါ်ထပ်သွားမယ်... "

ကိုမင်းအောင်က ရဲအုပ် မောင်မောင်လတ်ကို ဆိုင်အပေါ်ထပ် သီးသန့်အခန်းထဲသို့ ခေါ်သွားသည်။ စားပွဲထိုးလေးတစ်ယောက်အား ဘီယာနှင့် စားဖွယ်ရာ အချို့ကိုပါ ကိုမင်းအောင်က မှာခဲ့သည်။

"မင်းဆီက အကူအညီ လိုချင်လို့ကွ... "





"ထိုင်ထိုင်ချင်း ရဲအုပ်မောင်ဖော်က ခပ်တိုတိုနှင့် ခပ်ရှင်းရှင်းပြောသည်"

"မင်းက ငါတို့ ရဲအဖွဲ့ကို အများကြီး အကူအညီပေးခဲ့ဖူးတဲ့သူပါ၊ အခုလည်း အရေးတကြီး ကိစ္စရှိလာလို့... "

"ပြောပါဆရာ... "

"အခုတလော ထူးထူးခြားခြား ဘာသတင်းများ ရသေးလဲ၊ နဂိုကတည်းက လက်စွမ်းရှိတဲ့ကောင်တွေထဲကဖြစ်ဖြစ် တခြားအပြင်လူတွေ ဖြစ်ဖြစ်ပေါ့ကွာ၊ ငါကတော့ တို့ရဲ့စခန်းမှာ မှတ်တမ်းမဝင်သေးဖူးသူတွေကို ပိုပြီး အလေးပေး သိချင်တာပါပဲ... "

မရွေ့ဝါသည် ရဲအုပ်မောင်မောင်လတ် မှတ်တမ်းများတွင် မတွေ့သေးသော မျက်နှာစိမ်းဖြစ်နေ၍ ရဲအုပ်မောင်မောင်လတ်က ဤသို့ကောက်ချက်လမ်းကြောင်းဆွဲခြင်း ဖြစ်သည်။

ကိုမင်းအောင် တွေ၍ စဉ်းစားနေသည်။"

စားပွဲထိုးလေးက တံခါးခေါက်ပြီး ဘီယာနှင့် အကြော်ပန်းကန်များ လာပို့သည်။ ကိုမင်းအောင်က စားပွဲထိုးအား ခပ်ဝေးဝေးသွားနေရန် အချက်ပေးလိုက်သည်။ စားပွဲထိုး တံခါးပိတ်ပြီး ပြန်ထွက်သွားသည်။

"ပြောရင်တော့ ဆရာယုံမလား မသိဘူး... "

ကိုမင်းအောင်၏ နိဒါန်းစကား။

"ဘာမို့လို့လဲကွ... ၊ မင်းရတဲ့ သတင်းက မှန်ရင် လက်ခံရမှာပေါ့"

"ဆရာ ဦးကောင်းမြတ်ကို ကြားဖူးလား... "

"ဘယ် ဦးကောင်းမြတ်လဲ... ၊ ဦးကောင်းမြတ် နှစ်ယောက်သုံးယောက်ရှိတယ်... "

"ဆရာသိသမျှမှာ ၊ ၂နှ်အဝါ အပြင်းဆုံးပုဂ္ဂိုလ်ကြီး..



www.burmeseclassic.com

www.burmeseclassic.com



ဘက်ဂရောင်း အတောင့်ဆုံး ပုဂ္ဂိုလ်ကြီးကို စဉ်းစားကြည့် ဆရာရယ်"

"သိပြီ၊ လုပ်ငန်းကြီး တော်တော်များများကို ပိုင်ထားတယ်
သူဌေးကြီးရဲ့ အစ်ကိုက..."

"ဟုတ်တယ်၊ အဲဒီ ဦးကောင်းမြတ်ပဲ..."

"ဦးကောင်းမြတ်က ဘာဖြစ်လို့လဲ..."

"သူက စက်မှုဇုံက ထုတ်တဲ့ကားတွေ လိုင်စင်ဝင်ပြီး အ
ရောင်းအဝယ်လည်း လုပ်တယ်လေ၊ အဲဒါ တစ်လောက သူတပည့်တွေ
ခြေနည်းနည်း ရှုပ်နေတယ် ဆရာ။ သူက မျက်နှာဖုံးလုလုကြီး တပ်ထား
သလောက် သူ့အပြုံးက ကြောက်စရာကောင်းတယ်၊ သူ့မှာ တပည့်
လူမိုက်တွေ အများကြီးရယ်၊ ကျွန်တော့်အထင်... သူ့ကို စီးပွားရေးနဲ့
ယှဉ်ပြိုင်လာလို့ ထင်တယ်၊ လူတစ်ယောက်ကို မကျေနပ်ဘူးလို့ ပြောနေ
သံကြားရတယ်၊ သူ့တပည့်တွေကို နိုင်းနေတဲ့သဘောပဲ၊ ရှင်းပစ်ဖို့ထဲ
ကြံနေတယ်လို့ ကျွန်တော် သဘောရတယ်၊ ပြီးတော့ ဒီလူကြီးက တရား
မဝင် အလုပ်တွေ တော်တော်များများလုပ်နေတယ် သတင်းကြားတယ်
ဒါပေမယ့် ဒီလူကြီးက တကယ့်အကောင်ကြီးမို့ ဆရာ့ကို မပြောရဲသေး
လို့ မပြောခဲ့သေးတာ..."

ရဲအုပ်မောင်မောင်လတ်၏ မျက်နှာ လေးနက်သွားသည်
မျက်မှောင် ကျုံ့လျက် တစ်ခဏ ငြိမ်၍ စဉ်းစားနေသည်။

"မင်းသတင်းက တန်ဖိုးရှိတယ်၊ ဖြစ်နိုင်ခြေလည်း ရှိတယ်
အဲဒီသတင်းကို ဒီထက် ခြေခြေမြစ်မြစ်ရှိအောင် စနည်းနာထားကွာ
ငါလိုချင်တာနဲ့လည်း နီးစပ်မှုတော့ ရှိတယ်၊ ကဲ... ငါသွားမယ်"

"ဟာ... ဆရာ ဘာမှ မသောက်မစားတော့ဘူးလား
နည်းနည်းဖြစ်ဖြစ် သောက်သွားပါဦး..."

"အချိန်မရဘူးကွ၊ ပြီးတော့ ဒါက တာဝန်ချိန်၊ အရေးတကြီး
ခရီးဆက်စရာ ရှိနေသေးတယ်... ၊ ကျေးဇူးတင်တယ် မင်းအောင်





ခွဲခြားမှုရှိတာနဲ့ ငါနဲ့ ဆက်သွယ်ပါ"

"စိတ်ချဆရာ..."

ရဲအုပ်မောင်မောင်လတ် စားသောက်ဆိုင်အပေါ်ထပ်မှ ပြန်
ဆင်းလာခဲ့သည်။ သည် မြွှာညီကြ... လူစုံသည်။ မန်နေဂျာ ကို
ခင်းအောင်က ရဲအုပ်မောင်မောင်လတ်တို့၏မိတ်ဆွေ။ တရားဥပဒေ
စိုးမိုးရေးကို ကူညီပံ့ပိုးပေးနေသူ...။

ဆိုင်ပြင်ရောက်တော့ ခဏရပ်ပြီး စဉ်းစားသည်။
ဦးကောင်းမြတ်နှင့် ဆုံတွေ့နိုင်ဖို့...။
ဦးကောင်းမြတ် ဆိုသည်ကလည်း...။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com


နေစိုးသော်

ရွှေနေမလေး မေစံရှားနှင့်
သံသယသံခြေကျင်းနဲ့လူ

တမူခွင့်ပြုချက်-၅၀၁၀၉၃၀၅၀၈

ထွက်ပြီ


# ၁၄

မေစံရှားတို့ကားလေး ဒဂုံဈေး အဝေးပြေးဂိတ်အတွင်းသို့ ဝင်လာသောအခါ တစ်နာရီနှင့် နှစ်ဆယ်ငါးမိနစ် ရှိနေပြီ ဖြစ်၏။

"အချိန်တော့ မိပါတယ်နော် တူမ... "

ဦးလှမြင့်က ကားစက်ရှိန်ကို လျှော့လိုက်ရင်း ပြောသည်။ မေစံရှား ဂိတ်အတွင်းရှိ အဆောက်အဦးများ၊ ရပ်ထားသော ကားများဆီသို့ သားကောင်ရှာသော မုဆိုးမျက်လုံးများဖြင့် ကြည့်သည်။

"အချိန်ကတော့ ကျွန်မတို့နောက်မကျဘူး၊ ကားဆောပြီး ဝင်လာမှာကိုပဲ ပူတယ်၊ ပြီးတော့ ကိုဇော်မင်း တခြားအချိန် ထွက်တဲ့ကား စီးလာမှာလည်း စိုးတယ်၊ သူစောရောက်နေခဲ့ရင် ဟိုလူတွေနဲ့ တွေ့သွားမှာ... "

ဦးလှမြင့်က ကားကို သာသာလိမ့်ရင်း နယ်အသီးသီးသို့ သွက်မည့် ဂိတ်များကို ရှာဖွေနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟသ်ာတနော်. . . "

"ဟုတ်ကဲ့ ဦးလေး. . . "

"ဟသ်ာတ ကားဂိတ်က ဟိုဘက်နားမှာပဲ၊ ကားနာမည်က"

"ဟသ်ာညီနောင်. . . "

"ဟော. . . ဟိုမှာ ဟသ်ာညီနောင်. . . "

ဦးလှမြင့်ပြရာသို့ မေစံရှား လှမ်းကြည့်လိုက်သည်။ မှန်ပါသည်။ ဟသ်ာတ–ရန်ကုန် မှန်လုံကားကြီး။ ကားဂိတ်စခန်းနံရံမှာလည်း ဆိုင်းဘုတ်ကြီးနှင့်။

ဦးလှမြင့်က ကားကိုရပ်လိုက်ပြီး မေစံရှားက ကားပေါ်မှ ခပ်သွက်သွက် ဆင်းလိုက်သည်။

"ဦးလေး ဟိုဘက်မှာ ကားသွားရပ်မယ်၊ ပြီးရင် ပြန်လာမယ်"

"ဟုတ်ကဲ့. . . "

ဦးလှမြင့် ကားထွက်သွားသည်။

မေစံရှား ဟသ်ာညီနောင် ကားရှိရာသို့ ခြေလှမ်းတွေအပြေးတစ်ပိုင်း ပြေးသွားသည်။ ကားစပယ်ရာလေးတစ်ဦးက. . .

"အစ်မလေး ဟသ်ာတ လိုက်မလို့လား"ဟု ဆီးကြိုမေးလေသည်။

"ဒီကားက ဟသ်ာတ သွားမှာလား"

"ဟုတ်တယ် ထွက်တော့မှာ၊ ခုံနေရာရှိသေးတယ်၊ ရှိုက်မှာလား. . . "

"မဟုတ်ဘူးကွယ့်၊ အစ်မက ဟသ်ာတကလာတဲ့ ညော်သည်ကို လာစောင့်တာ၊ ဒီကို တစ်နာရီခွဲလောက်ဝင်မယ့် ကားနဲ့ပါလာမယ်ဆိုလို့"

"ဟာ အဲဒီကား မဝင်သေးဘူး၊ မကြာခင် ဝင်လာတော့မှာပါ"

မေစံရှား သက်ပြင်းချလိုက်သည်။ တော်ပါသေးရဲ့၊ အချိန်မီ





ကလေး ဖြစ်သည်။ မိမိတို့က ဦးစွာရောက်နှင့်ထားခြင်းသည် အခြေအနေကောင်းသည်။ နောက်ကျလျှင် မလွယ်။

သို့သော်. . .

ပြန်ပေးသမားတွေလည်း ယခုလောက်ဆိုလျှင် ရောက်နေလောက်ပြီဖြစ်သည်၊ သူတို့ ဘယ်မှာ ရှိနေသနည်း။ သူတို့ ကားကရော ဘယ်မှာ ရပ်ထားသနည်း။

မိုးခိုးရောင် ဆန်နီဆလွန်းလေးကိုတော့ မေစံရှား သည့်ဝန်းကျင်မှာ မမြင်မိ။ မရောက်သေးတာလား။ တခြားတစ်နေရာမှ ပုန်းပြီးရပ်နေသလား။

မေစံရှားသည် ကားဂိတ်နားနေရာ အဆောင်တွင်းသို့ ခပ်တည်တည် ဝင်လာခဲ့သည်။ ဝင်လာရင်း ခရီးသည်များကြားမှာ မနက်က ဖူးပွင့်ဝေကို ခေါ်သွားသည့် တီရှပ်အနက် ဂျင်းဘောင်းဘီပြာနှင့် ခပ်ဗိုင့်ဗိုင့်လူကို မျက်လုံးဝေ့ ရှာကြည့်သည်။ မရှိ။ အားလုံးမှာ ခရီးစဉ်မှာ လိုက်ပါမည့် လူကြီး၊ ကလေး၊ မိန်းမများသာ။ ထိုသူနှင့် ဆင်တူသည့် သူပင် မပါ။

ဖုန်းထဲမှ အသံမြည်နေသဖြင့် မေစံရှား နားထောင်လိုက်သည်။

"ဟဲလို . . . "

"မေစံရှား အခု. . . ဘယ်ရောက်နေလဲ"

"အဝေးပြေးဂိတ် ရောက်နေတယ်၊ ဟသ်ာညီနောင်ဂိတ်မှာ"

"ကား ဝင်လာပြီလား. . . "

"မလာသေးဘူး မတင်တင်ဝေ. . . "

"ဟိုလူတွေ အရိပ်အယောင်ကော. . . "

"သူတို့လည်း မတွေ့ဘူး. . . "

"ဟူး တော်ပါသေးရဲ့၊ ဒါဆို ကိုဇော်မင်းတော့ သူတို့ထက်မပါ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘူးပေါ့၊ ကျွန်မတို့ပဲ. . . ”

“သိပ် စိတ်မလှုပ်ရှားပါနဲ့ မတင်တင်ဝေ၊ အခြေအနေ ကောင်းလာမှာပါ၊ ခုလောက်ဆို ရဲဘက်ကလည်း အပူတပြင်း လိုက်နေလောက်ပါပြီ. . .”

မတင်တင်ဝေနှင့် ဖုန်းဆက်ခြင်းကို ခဏရပ်လိုက်သည်။ ဖုန်းကိုကား ပိတ်၍ မဖြစ်။

စိတ်ကူးမှာ တစ်နေရာရာမှ ဖုန်းဖြင့် ရဲစခန်းသို့ ဖုန်းဆက်ကြည့်ရန် ဖြစ်သည်။

မေစံရှား ကားဂိတ်နားနေခန်းမှ အပြင်သို့ ထွက်လာသည်။ စားသောက်ဆိုင်တွေဘက်မှာ ဖုန်းရှိနိုင်သည်လေ။

သို့သော်. . .

“တူမ. . . တူမ”

အလောတကြီး ခေါ်သံ နောက်မှ ပေါ်လာ၏။ ဦးလှမြင့်ပဲ ဖြစ်သည်။

“ဦးလေး. . . ဘာလဲဟင်. . . ”

ဦးလှမြင့် ပြေးလာသည်ကို ရပ်စောင့်ပြီး မေးလိုက်သည်။

“ဦးလေး ကားသွားရပ်တဲ့နေရာနားမှာ မီးခိုးရောင်ကားတစ်စီး တွေ့တယ်၊ မနက်က ကားလား မသိဘူး. . . ”

မေစံရှားရင်တွေ ခုန်သွားသည်။ ပြိုင်ဘက်က ရောက်လာပြီလား။

“ဟင်. . . ဘယ်မှာလဲ၊ ကျွန်မတို့ သွားကြည့်ရအောင်”

“ဒါဆို. . . လာ”

ဦးလှမြင့်က သုတ်သုတ်ပျာပျာ ရှေ့မှ ဦးဆောင်ထွက်သွားရာ နောက်သို့ မေစံရှား လိုက်သွားသည်။

“သူတို့က ကျွန်မတို့ကို မသိဘူးဆိုတော့ ကျွန်မတို့ဘက်က





တစ်ပန်းသာပါတယ်၊ သူတို့ထဲက လူတစ်ယောက်က တီရှပ်အနက်နဲ့ ဂျင်းဘောင်းဘီနဲ့ပဲ. . . ”

မေစံရှားက နောက်မှ လှမ်းပြောသည်။

“လူတော့ ဦးလေးမတွေ့ဘူးကွယ်. . . ”

ဦးလှမြင့်က ရှေ့မှသွားရင်း ပြန်ပြောသည်။

ကားကြီးများ ဂိတ်ထိုးထားရာကို လွန်လာသည်။ မြို့တွင်းပြေး ဘတ်စ်ကားများနှင့် ယာဉ်ငယ်များ ရပ်ထားသောနေရာသို့ ရောက်လာသည်။

“ဟော ဟိုရှေ့က ကားတန်းလေးရဲ့ အစွန်မှာ တွေ့လား”

ဦးလှမြင့်ရပ်၍ မျက်နှာအရိပ်အကဲဖြင့် ညွှန်ပြလိုက်သည်။ လက်ညှိုးထိုး၍ မပြ။ မေစံရှားလှမ်းကြည့်သည်။ မှန်သည်။ မီးခိုးရောင် ဆလွန်း ကားကလေး။ သို့သော် ကြားထဲတွင် ကားများခံနေသဖြင့် အပေါ်ပိုင်းကိုသာ လှမ်းမြင်ရသည်။ ကားအမျိုးအစားက ဆန်နီဆလွန်း ဟုတ်မဟုတ် မသေချာ။ ပြီးတော့ ကားနံပါတ်ကို မမြင်ရ။

“ဖြစ်တော့ ဖြစ်နိုင်တယ်ဦးလေး. . . ”

“ဒါဆို ဦးလေးတို့ ဘာလုပ်မလဲ. . . ”

“ကျွန်မ အနားသွားကြည့်မယ်. . . မဟုတ်ရင် ရဲစခန်းကို အကြောင်းကြားမယ်. . . ၊ ဦးလေး ဒီနားကစောင့်”

“ကောင်းပြီ. . . ”

မေစံရှားသည် ရပ်ထားသော ကားကလေးများအကြားမှ ဖြတ်၍ ကွေ့ပတ်သွားရန် အဆင်အပြေဆုံးဖြစ်မည့် လမ်းကြောင်းကို လှမ်း၍ မျှော်ကြည့်လိုက်သည်။

ထိုစဉ်

“ဟာ. . . တူမရေ ဟာသာညီနောင် ဝင်လာပြီ”

ဦးလှမြင့်၏ အလန့်တကြားစကား. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… ဘယ်မှာလဲ"

"ဟိုမှာ… "

ကားဂိတ်ဝင်းအတွင်းသို့ ဝင်လာသော ဟသ်ာညီနောင် မှန်လုံကားကြီးကို လှမ်းမြင်ရသည်။ မေစံရှားတို့ ရောက်နေသော နေရာမှ ကြည့်လျှင် အတန်ငယ်ဝေးသော်လည်း ကားဦးခေါင်းထိပ်မှ စာလုံးကြီးက ထင်းနေသည်။ ဟသ်ာညီနောင်မှ ဟသ်ာညီနောင်. . . ။

"ဟာ ဒါဆို ကားဂိတ်ကို ပြန်သွားမှဖြစ်မယ် ဦးလေး"

"ဟုတ်တယ်. . . "

"လာ မြန်မြန် ဦးလေး၊ ကျွန်မတို့ ကားရပ်တာနဲ့ ရောက်နေမှဖြစ်မယ်… "

မေစံရှား ပြောပြောဆိုဆို ကားဂိတ် နားနေဆောင်ရှိရာသို့ ပြန်ပြေး ထွက်လာခဲ့သည်။ ဦးလှမြင့်က နောက်မှပါလာသည်။ ခရီးသည်များ၊ ဂိတ်မှ ထွက်လာသော ကားကြီးများကို ရှောင်နေရသဖြင့် ပြေးလာသော ခြေလှမ်းများကို တန့်တန့်သွားစေသည်။

သို့သော် အတတ်နိုင်ဆုံး အားသွန်၍ ပြေးနေရသည်။ ကားထက်ဦးအောင် ဂိတ်ကို ရောက်မှဖြစ်မည်လေ။

"တူမ…ကားက ဟိုဂိတ်ဝနားမှာ ရပ်နေတယ်"

နောက်မှ ပြောလိုက်သော ဦးလှမြင့်၏စကားကြောင့် မေစံရှား၏ အပြေးခြေလှမ်းများကို ရပ်ပစ်လိုက်ရပြန်၏။

"ဘာဖြစ်လို့ ရပ်တာပါလိမ့်"

"ဂိတ်အဝင်မှာ စစ်ဆေးတဲ့နေရာ ရှိတယ်လေ၊ အဲဒါကြောင့် နေမှာပါ… "

မေစံရှား လှမ်းကြည့်လိုက်သည်။

ခရီးသည် အချို့ဆင်းနေသည်ကို တွေ့လိုက်ရသည်။

"ဟာ ဦးလေးရေ… ဟိုမှာ ခရီးသည်တချို့ ကားပေါ်က





ဆင်းနေပါလား"

"ဟုတ်တယ်၊ တချို့က ဂိတ်အထိမလိုက်ဘဲ အဲဒီမှာ ဆင်းတတ်တယ်… "

"ကျွန်မတို့လူ အဲဒီမှာ ဆင်းသွားရင် ဒုက္ခပဲ"

"အဲဒီကို သွားမလား တူမ… "

"ကျွန်မတို့သွားရင်ကော မီပါ့မလား… "

"ဟော ဟိုမှာ ကားပြန်ထွက်နေပြီ… "

မှန်သည်။ ဟသ်ာညီနောင်က စစ်ဆေးရန်ရပ်သောနေရာမှ ပြန်ထွက်လာနေပြီ ဖြစ်သည်။ လမ်းက နှစ်ခွဖြစ်သွားသည်၊ ဂိတ်ကို သွားမလား၊ စစ်ဆေးရန်ရပ်ခဲ့သော နေရာကို သွားရမလား၊ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ရသည်။

ဂိတ်ဆီသို့ မေစံရှားတို့ ဆက်ပြေးရပြန်သည်။ ကံကောင်းပါသည်။ ကားကြီးမရောက်မီ မေစံရှားတို့က အလျင်ဦးစွာ ရောက်သွားသည်။ ကားကြီးက နောက်မှ ဝင်လာသည်။

"ဦးလေးလည်း ဝိုင်းကြည့်နော်၊ ကိုဇော်မင်းက ဦးလေးအရပ်အမောင်းလောက်ပဲ၊ အသားညိုတယ်၊ ဆံပင်ကောက်တယ်၊ နှုတ်ခမ်းမွေး ရေးရေးရှိတယ်၊ ဂျင်းဘောင်းဘီဝတ်တယ်၊ ကျောပိုးအိတ်ပါတယ်"

"ကောင်းပြီ တူမ… "

ဟသ်ာညီနောင်ကားကြီးက ဂိတ်သို့ဖင်ထိုး၍ ဆုတ်လာသည်။ မေစံရှားနှင့် ဦးလှမြင့်က ကားကြီးကိုရှောင်၍ အတက်အဆင်းပေါက်နှင့် အနီးဆုံးနေရာ၌ နေရာယူထားလိုက်ကြသည်။

ကားရပ်သည်နှင့် ကားပေါ်မှ ခရီးသည်များ ဆင်းလာကြသည်။ ယောက်ျားကြီးများ၊ မိန်းမများ၊ မိန်းကလေးများ၊ လူငယ်များ၊ အဘိုးကြီးတစ်ဦး၊ ကလေးနှစ်ဦး… ဘယ်မှာလဲ ကိုဇော်မင်း။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း လူကုန်သွားသည်။

မတင်တင်ဝေပြောသည့် ပုံပန်းသဏ္ဍာန်နှင့်တူသည့် သူကို မတွေ့။ ကားပေါ်သို့လှမ်းကြည့်တော့လည်း မည်သူမျှ မရှိတော့။

"မပါလာဘူးလား တူမ..."

"ဦးလှမြင့်၏အမေး..."

မေစံရှားက စပယ်ယာလူရွယ်နားသို့ ချဉ်းကပ်ကာ...

"ဒီမှာကွယ်...ဒီကားနဲ့က ဟသာတကလိုက်လာတဲ့ ဦးဇော်မင်းဆိုတဲ့သူများ မပါလာဘူးလား၊ ဆံပင်ကောက်ကောက်၊ အသားညိုညိုနဲ့လေ"ဟု စုံစမ်းကြည့်လိုက်သည်။

"ခုတ်ပုံဆရာ ထင်တယ်၊ ဂျင်းဘောင်းဘီနဲ့ ကျောပိုးအိတ်နဲ့လေ"

"ဟုတ်တယ် ဟုတ်တယ်..."

"စောစောက ကျွန်တော်တို့ စစ်ဆေးရေးဂိတ်နေရာမှာ ရပ်တုန်းက ဒီလူ ဆင်းသွားတယ် မမ..."

"ဟာ..."

လွဲသွားပြန်ပြီ။ ကံကြမ္မာက မျက်လှည့်ပြနေပြန်ပြီ။

"ဦးလေးရေ ဂိတ်ဝဘက် ပြန်လိုက်ကြစို့..."

ဦးလှမြင့်ကို လှည့်ပြောပြီးသည်နှင့် မေစံရှား ထိုနေရာမှ တစ်ဟုန်ထိုး ထွက်ခွာခဲ့သည်။ ဦးလှမြင့်သည်လည်း နောက်မှ။

သည်တစ်ခါ ပြေးရသည်မှာ စောစောကထက် ပိုမောသည်။ လွဲသွားစိုးသည်။ ဟိုလူတွေနှင့် အတွေ့စောသွားမှာလည်း ပူရသည်လေ။

အရေးထဲမှာ နောက်ထပ်ဝင်လာသော ကားကြီးတွေက ရှေ့မှာ ပိတ်ဆီးနေပြန်သည်။ ကားတွေ လူတွေကို ကွေ့ပြေးနေရ၍ ခရီးက တွင်သင့်သလောက် မတွင်။

စစ်ဆေးရေးနေရာ ရောက်တော့လည်း နောက်ထပ် ဝင်လာ





သော ကားပေါ်မှ ဆင်းလာသည့် ခရီးသည်အချို့နှင့် ရှုပ်ထွေးလျက်ရှိနေပြန်သည်။ လူအများကြားမှာ ကိုယ့်လူကို ရှာရသည်မှာ မလွယ်။

"တွေ့လားတူမ..."

"မတွေ့ဘူး ဦးလေး..."

"ဟိုက လူလား"

"ဘယ်မှာလဲ... ဘယ်သူလဲ..."

ဦးလှမြင့် ညွှန်ပြရာသို့ မေစံရှား လှမ်းကြည့်လိုက်သည်။ ကားဂိတ်လေးများ ရပ်ထားရာ၌ ရပ်နေသော သူတစ်ဦး။ ကျောပိုးအိတ်နှင့် အသားညိုညို၊ ခပ်တုတ်တုတ်၊ သာမန်အရပ်အနေအထား။ ဂျင်းဘောင်းဘီနှင့်ဆံပင်ကောက်ကောက်...။

"ဟာ... ဟုတ်တယ်။ အဲဒါ ကိုဇော်မင်းပဲ..."

သေချာသည်။ မတင်တင်ဝေ၏ ခင်ပွန်း။ ကိုဇော်မင်းမှ ကိုဇော်မင်း။

"ဟဲလို... ဟဲလို"

ဖုန်းထဲမှ ခေါ်နေသံ မေစံရှားနားထဲ ဝင်လာသည်။

ကိုဇော်မင်းထံသို့ ပြေးသွားမည့်ဆဲဆဲ ဖုန်းကို နားမှာ ကပ်လိုက်ရပြန်၏။

"မတင်တင်ဝေလား..."

"ဟုတ်ပါတယ်၊ ကားဝင်လာပြီလား၊ သူ့ကိုတွေ့လား"

"ကားဝင်လာပြီ၊ သူ့ကိုရှာနေတယ်၊ ဟိုမှာ လှမ်းတွေ့နေရသူဟာ ကိုဇော်မင်းပဲလို့ ထင်တယ်၊ ကားငှားနေပုံရတယ်၊ ကျွန်မတို့ သူ့ဆီကို သွားမလို့၊ နောက်မှ ပြန်စကားပြောမယ်... ၊ လာ ဦးလေး ဟိုဘက်ကို သွားရအောင်..."

တင်တင်ဝေနှင့် စကားပြောခြင်းကို ရပ်လျက် ကိုဇော်မင်းရှိရာသို့ သွားရန် မေစံရှားက ဦးလှမြင့်ကို လက်လှမ်းတို့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ ဖြစ်သည်။

ကိုဇော်မင်းဘေး၌ တီရှပ်အနက် ဂျင်းဘောင်းဘီနှင့်သူ ပေါ်လာသည်။ စကားပြောသည်။ ပြီး ကိုဇော်မင်းကို လက်မောင်းမှဆွဲကာ ခေါ်သွားသည်။

"ဟာ ဟိုလူတွေနဲ့ တွေ့သွားပြီ..."

မေစံရှား ခြေထောက်တွေကို တပ်လှန့်နှိုးဆော်ကာ အရှိန်မြှင့်ပြီး ပြေးလိုက်သည်။ ဦးလှမြင့်ကိုပင် လှည့်မကြည့်အား။

တီရှပ်အနက်နှင့်လူက ကိုဇော်မင်းကို သူ၏ကားထဲသို့ သွင်းလိုက်လေပြီ။

မေစံရှားနှင့်က ပေတစ်ရာကျော်ကျော်လောက် ကွာနေသေးသည်။ ကြားထဲမှာ ခရီးသည်များ၊ ကားသမားများကလည်း ခံနေသေးသည်။ လှမ်းအော်လည်း ကြားနိုင်ဖွယ်မရှိ။

ကားမထွက်မီအရောက် ရည်မှန်းချက်ဖြင့် ခြေလှမ်းကိုတိုး၍ အားကုန်သွန်လိုက်သည်။ လူအချို့ကို တွန်းတိုက်တိုးဝှေ့ပြီး ဖြတ်ကျော်ပြေးလာခဲ့သည်။

မေစံရှား ကားမီးခိုးရောင်နား ရောက်သွားချိန်တွင် ကားကလေးက စက်နှိုးပြီး ထွက်စပြုလာပြီ ဖြစ်သည်။ မေစံရှားက ကားကိုရှေ့မှပိတ်ဆီး၍ ရပ်လိုက်သည်။ လက်မြှောက်ပြီး ကားကို ရပ်ပေးရန် တားလိုက်သည်။

မေစံရှားအထင်နှင့်အမြင် ပြောင်းပြန် ဖြစ်သွားသည်။

ကားရှေ့မှ မိန်းမတစ်ဦးရပ်၍ တားလိုက်လျှင် ကားက ပြန်ရပ်သွားမည်ဟု ထင်မှတ်ခဲ့မိသည်မှာ လျှော့တွက်မှု ဖြစ်သွား၏။ ကားသမား၏ မိုက်မဲမှုက ကမ်းကုန်နေသည်လေ။ ရက်စက်မှုတွေ ပေါင်းစပ်ထားခဲ့သည်လေ...။

ကားက အရှိန်ကို လျှော့၍ ရပ်သွားရမည့်အစား ရုတ်တရက်





ဒုံးကနဲ အရှိန်ကိုမြှင့်ကာ မေစံရှားကို တည့်တည့် တိုးဝင်၍ တိုက်လိုက်သည်။ သည်နေရာ၌ မေစံရှား သတိကို စုစည်းကာ ဆုံးဖြတ်ချက်လျင်စွာ ချလိုက်နိုင်၍ လက်မတင်ကလေး သေဘေးမှ လွတ်သွားသည်ဟု ဆိုရမည်။

အရှိန်ဖြင့် မိမိထံ တည့်တည့် ပြေးဝင်လာသောကားကို ရှောင်တိမ်းနိုင်ရန် မေစံရှားသည် ဘေးကို အားယူ၍ လှိမ့်ထွက်လိုက်ရသည်။ မေစံရှား လမ်းမပေါ်သို့ အရှိန်ဖြင့် လှိမ့်ချလိုက်ချိန်တွင် ကားက ဝေါကနဲ ဖြတ်ထွက်သွားသည်။ တကယ့် သီသီကလေးမှ သီသီကလေး...။ လွတ်ရုံမှ တကယ့်လွတ်ရုံကလေး။

"ဟာ..."

"တိုက်မိပြီဟ..."

ဘေးမှလူများ၏ အာမေဋိတ်သံများ ညံသွားသည်။ လူအချို့ ပြေးလာသည်။ ဦးလှမြင့်က အနားရောက်လာသည်။

"တူမ... တူမ ဘာဖြစ်သွားသေးလဲ..."

ဦးလှမြင့် ရောက်လာချိန်တွင် မေစံရှားသည် လမ်းပေါ်မှပြန်ထည် ထလိုက်နိုင်ပြီ ဖြစ်သည်။ လှမ်းကြည့်လိုက်တော့ မီးခိုးရောင်ကားကလေးက ကားဂိတ်ဝင်း အပြင်ထွက်ပေါက်ကို ဦးတည်သွားနေပေပြီ...။

မိမိကိုယ်ကို ပြန်မကြည့်အား...။ ဝိုင်းလာသော ဘေးလူများကိုလည်း ဂရုမစိုက်နိုင်။

"လာ ဦးလေး... အမီလိုက်မှ ဖြစ်မယ်"

ပြောပြောဆိုဆို ဦးလှမြင့် ကားရပ်ထားရာဆီသို့ မေစံရှားသည်ပြေးသည်။ ဦးလှမြင့်သည်လည်း ပြေးလိုက်လာသည်။ နောက်တွင် လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်ကျန်ရစ်သည်။

ကားပေါ်ရောက်ပြီး ဦးလှမြင့် ကားမောင်းထွက်ချိန်တွင်မှ မေစံ



www.burmeseclassic.com

www.burmeseclassic.com



ရှား ချင်းကျာကင်အပေါ်အိတ်ထဲမှ ဟမ်းဖုန်းကို ပြန်စမ်းကြည့်မိ၏။ တော်ပါသေးသည်။ ဖုန်းက အိတ်ထဲမှာပင် ရှိနေသေးသည်။

"လိုက် ဦးလေး မီအောင်လိုက်. . . "

မေစံရှား စိတ်တွေ အလွန် လောနေသည်။ ထိုင်ခုံမှာထိုင်လိုက်ပြီး ရှေ့ကိုမျှော်ကြည့်နေရသည်ကို စိတ်မရှည်ချင်။ အမြင့်ဆုံးနှုန်းဖြင့်မောင်း နေသော ဦးလှမြင့်၏ကားထက်ပင် မေစံရှားစိတ်တွေက မြန်နေသည်။

"အတော် မိုက်ရိုင်းတဲ့ကောင်တွေ၊ တူမကို ဝင်တိုက်သွားတာ. . . "

ဦးလှမြင့် ကားမောင်းရင်း မကျေမနပ် ရေရွတ်နေသည်။ သူသည်လည်း ယခုထိ အမောပြေပုံ မရသေး။

ရှေ့မှ မီးနီးရောင်ကားက အတော်ကလေး လှမ်းသွားပြီဖြစ်၏။ သူတို့သည်လည်း ကားကို အရှိန်မြှင့် မောင်းနေပုံရသည်။ မေစံရှားတို့ကားက သူတို့ကားကို မရှုံးကပ်နိုင်သေး။

မေစံရှား လက်ချောင်းအုံမှ စိမ့်ဖျဉ်းဖျဉ်း နာလာသည်ကို သတိပြုမိသည်။ လမ်းပေါ်သို့ ပစ်ကျသွားသောအရှိန်ဖြင့် လက်ချောင်းအုံးပွန်းပဲ့သွားခြင်း ဖြစ်နိုင်သည်။ ဂျင်းကျာကင်နှင့် ဂျင်းဘောင်းဘီကြောင့်သာ ခံသာသွားခြင်း ဖြစ်မည်။ သို့သော် အကျီကိုကား ပင့်မကြည့်အား။

"ဦးလေး သူတို့ကားကို မျက်ခြည်မပြတ်စေနဲ့နော်. . . "

"အင်းပါ. . . "

"ဦးလေး သူတို့ ကားနံပတ် မြင်လိုက်မိလား. . . "

"အား ဟုတ်တယ် . . . ။ ဦးလေး မှတ်ထားလိုက်တယ် ၀က/၊. . . "

ဦးလှမြင့်က ကားနံပတ်ကို ပြောသည်။ ပြည့်ပြည့်စုံစုံ တိုင်ကျကျ။

"ကောင်းတယ်ဦးလေး. . . ။ အချိန်ရတာနဲ့. . . ရဲခန်းကို





ဖုန်းဆက်ပြီး ကားနံပတ်ကာတစ်ဆင့် ပိုင်ရှင်ကို စုံစမ်းလိုက်ရင် ပြန်ပေးသမားတွေကို ခြေရာခံလို့ရပြီ၊ ဒါပေမယ့် လောလောဆယ်မှာတော့ ကျွန်မတို့ ဟိုကားကို အမီလိုက်ထားဖို့ပဲ. . . ။ ဒီတစ်ခါ သူတို့ကို လွှတ်ပေးလို့ မဖြစ်တော့ဘူး. . . "

"ဦးလေး သဲဘောပေါက်တယ် တူမ. . . "

ဖုန်းက အသံမြည်လာပြန်သည်။

"မေစံရှား. . . ကိုဇော်မင်းနဲ့ တွေ့ပြီလား. . . "

တင်တင်ဝေက မေးနေပြန်သည်။ မေစံရှား. . . မည်သို့ပြောရမည်။ မပြောလည်း မဖြစ်၍ ပြောရပြန်တော့သည်။

"သူတို့က ဦးသွားပြန်ပြီ မတင်တင်ဝေ၊ အခု ကျွန်မတို့ သူတို့ကားကို လိုက်နေတယ်. . . "

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## နေစိုးသော်

ရွှေနေမလေး မေစံရွှားနှင့်
သိဒ္ဓိဆောင်မဟိဒ္ဓိဆရာအောင်
တမူခွင့်ပြုချက်–၅၀၁၅၀၄၀၅၁၁

ထွက်ပြီ

## ၁၅

တီးလုံးသံစဉ်တစ်ခု ဦးကောင်းမြတ် အကြားအာရုံထဲ တိုးဝင်လာသည်။ သောက်နေသော ယမကာခွက်ကို စားပွဲပေါ် ပြန်ချလိုက်ပြီး အိတ်ထဲမှ ဖုန်းကို ထုတ်ယူပြီးဖွင့်သည်။

"ဆရာကြီး ကျွန်တော် တီဖိုးပါ. . . "

"အေး ပြော. . . "

"ဟိုအိမ်မှာထားခဲ့တဲ့ တီစစ် အခြေအနေ ပျက်သွားပြီ၊ ဝိညာဉ်ပြတ်သွားပြီ၊ ရဲတွေ အဲဒီမှာ ခြေရှုပ်နေတယ်. . . "

"ဟေ တီစစ် အခြေအနေပျက်သွားပြီ ဟုတ်လား. . . "

"ဟုတ်ပါတယ် ဆရာကြီး. . ၊ အလောင်းကို ဆေးရုံယူသွားကြပြီ. . "

"သူတို့ဘာတွေ သိသွားကြသေးလဲ မသိဘူး. . . "

"ဘာမှသိသွားကြမှာ မဟုတ်ပါဘူး၊ တီစစ်က အင်မတန်ပြတ်သားတဲ့ မိန်းမပါ. . . ၊ သစ္စာကို အသက်နဲ့လဲမယ့်မိန်းမပါ. . . "

"ဘယ်သူ့လက်ချက်လဲကွ. . . "

"ရဲအုပ် မောင်မောင်လတ်ပဲ ဆရာကြီး. . . "



www.burmeseclassic.com

www.burmeseclassic.com



"တောက်..."

"ကျွန်တော် ထူးခြားရင် ထပ်သတင်းပို့မယ် ဆရာကြီး"

"အေး..."

ဖုန်းကို ပိတ်လိုက်သည်။ စားပွဲပေါ် ချလိုက်သည်။ အစီအစဉ်တစ်ခုက... ချို့ယွင်းသွားပြီ။ ရဲဘက်က ဘယ်လို ခြေရာကောက်မိသွားပြီလည်း မသိ။ တစ်ခုခုတော့... တစ်ခုခုပဲ။ တစ်နေရာမှာ ဟာကွက် ပျောက်ကွက် ရှိနေပြီ။

"မောင်မောင်လတ်တဲ့လား... ။ တွေဦးမှာပေါ့ကွာ..."

သံစဉ်တစ်ခု ပေါ်လာပြန်သည်။ ဖုန်းခေါ်သံပဲ ဖြစ်သည်။ ဦးကောင်းမြတ် ဖုန်းကို ဖွင့်ရပြန်သည်။

"တီတူးပါ ဆရာကြီး..."

"အေး... ငါ... မင်းဆီက သတင်းကို စောင့်နေတာ"

"ဟိုကောင်ကို ရလာပြီ။ အခု လမ်းမပေါ်မှာပဲ ရှိသေးတယ် ဆရာကြီးဆီ ခေါ်လာရမလား..."

"မခေါ်လာနဲ့... ၊ ငါတို့လိုချင်တာကို တောင်းခဲ့... ဟိုမှာ ရှိတဲ့ သူ့မိန်းမနဲ့ ကလေးရော..."

"အဲဒီမှာ တီဖိုက်လောရှည် ရှိတယ်၊ စိတ်ချပါ..."

"သူက ဘာပြောသေးလဲ..."

"ပစ္စည်းက သူ့အလုပ်ခန်းမှာလို့ ပြောတယ်..."

"ဒါဆို... တစ်ခါတည်း သွားယူ..."

"ဟုတ်..."

"ခြော် နေဦး... သတိဝီရိယနဲ့လုပ်၊ ကြားလား။ တီစင်ဝိညဉ်ပြုတ်သွားပြီတဲ့၊ ဟိုအိမ်ကို ရဲက စီးသွားပြီ..."

"ဟာ ဆရာကြီး တကယ်လား"

"အေး ဒါကြောင့်ပြောတာ... ၊ နီကောင်တွေ ဘယ်လို အနံ့





ရသွားလဲ မသိဘူး၊ သတိထား..."

"ဟုတ်ကဲ့..."

ဖုန်းချလိုက်သည်။

သောက်လက်စ ယမကာခွက်ကို မ,ယူကာ တရှိန်ထိုးမော့ချလိုက်သည်။ ဒေါသဖြင့် ဆူဝေပြုနေသော သွေးများ ယစ်ရွှေရည်အရှိန်ဖြင့် ပို၍ ဆူသွားသည် ထင်သည်။

"ပစ္စည်းရပြီးရင် အဲဒီ သားအဖသုံးယောက်စလုံး ရှင်းပစ်လိုက်ရင်အေးမယ်..."

ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"တီ... တီ... တီ..."

အိမ်တွင်းသုံး ဖုန်းက မြည်လာပြန်သည်။ ခလုတ်ကို နှိပ်လိုက်သည်။

"ဆရာကြီးကို တွေ့ချင်လို့တဲ့... ခွင့်တောင်းနေပါတယ်"

အသံပေါ်လာသည်။ တပည့်ကျော် တီနိုင်း၏အသံ။

"ဘယ်သူလဲ..."

"ရဲအုပ်မောင်မောင်လတ် တဲ့..."

ဒေါသအရှိန်က ဆောင့်တက်သွားသည်။ ဒီကောင် ဘာလာလုပ်တာလဲ၊ တီစစ်ကို ဖြုတ်လှဲခဲ့တဲ့ကောင်။ ရီဝေဝေ ခေါင်းထဲမှာ မီးနီတွေ အသိတတန်းကြီး ပေါ်လာသည်။

"ဟေ့ကောင် တီနိုင်း..."

"ခင်ဗျာ... ဆရာကြီး..."

"ငါနေမကောင်းလို့ ဆေးသောက်ပြီး အိပ်နေပြီ ပြောလိုက်"

"ဟုတ်..."

"အကြောင်းရှိရင် မှာခဲ့နော်လို့ ပြော"

"ဟုတ်..."



www.burmeseclassic.com

www.burmeseclassic.com



အသံပျောက်သွားသည်။

ဦးကောင်းမြတ် ထိုင်ရာမှ ထလိုက်သည်။ ပြတင်းဝသို့ ချဉ်းကပ်လိုက်သည်။ လိုက်ကာကို အသာကလေး မလိုက်သည်။ မှန်ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်သည်။

ခြံဝမှာ ရဲကားတစ်စီး။

"ဒီကောင် မောင်မောင်လတ် ဓနမှာပဲ..."

တီနိုင်းက တိုက်ထဲမှ ပြန်ထွက်သွားကာ ရဲအရာရှိကို စကားပြောနေသည်။ သူ့မှာသည့်အတိုင်း ပြောနေသည် ဖြစ်သည်။ တစ်ခဏသာ ကြာသည်။

ရဲအုပ်မောင်မောင်လတ် ကားပေါ်ပြန်တက်ကာ ကားမောင်းထွက်သွားသည်။

"ဒီလောက် မလောက်လေး မလောက်စားကောင်က ဘာကြောင့် ငါ့ကို လာရှာတာလဲ..."

ပဟေဠိတစ်ပုဒ်က ခေါင်းထဲမှာ။

"စောစောက ငါ လက်ခံတွေ့လိုက်ရင် ကောင်းမှာ၊ အဲဒါဆို သူ့စကား အသွားအလာကို ကြည့်ပြီး... သူ့ရည်ရွယ်ချက်ကို ခန့်မှန်းလို့ ရနိုင်တယ်..."

တီ တီ တီ...

အသံပေါ်လာပြန်၏။

"ဆရာကြီးခင်ဗျာ၊ ရဲအုပ်က ဘာမှ မှာမသွားပါဘူး၊ အရေးမကြီးတဲ့ ကိစ္စပါလို့ပဲ ပြောသွားတယ်..."

"အရေးမကြီးတဲ့ ကိစ္စ... တဲ့"

ဦးကောင်းမြတ် ပြုံးလိုက်သည်။

"မြွေမြွေချင်းပဲကွာ ခြေမြင်ပါတယ်..."

♛ ♛ ♛



# ၁၆

မိုးနိုးရောင် ဆန်နီဆလွန်းက တိုက်ခန်းတစ်ခု ရှေ့နားမှာ ရပ်သွားသည်။

"ဦးလေး ဟိုမှာ သူတို့ရပ်သွားပြီ၊ ဦးလေး ကားကို အနားလိုက်မသွားနဲ့၊ ဒီမှာပဲ ရပ်တော့..."

"ကောင်းပြီ တူမ..."

ဦးလှမြင့်က ပလက်ဖောင်းဘေးသို့ ကားကို ကပ်၍ ရပ်လိုက်သည်။ မေစံရှား၏ အာရုံက ရှေ့ကားဆီမှာ။ ရှေ့ကားနှင့် မေစံရှားတို့ကားကြားမှာ ကားလေးငါးစီး ရှိနေသည်။

မိုးနိုးရောင် ဆန်နီဆလွန်း၏ နောက်ခန်းတံခါး ပွင့်လာသည်။ အနက်ရောင်တီရှပ်နှင့်လူ ဦးစွာ ထွက်လာသည်။ ပြီး... အထဲမှ လူကိုရပ်၍ စောင့်သည်။ အထဲမှ ထပ်ထွက်လာသူမှာ ကိုဇော်မင်း။ ဝတ်စုံအနက်နှင့်သူက ကိုဇော်မင်း ခါးကို ဖက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေစံရှား နားလည်လိုက်သည်။

တီရှပ် အနက်နှင့်လူက လက်နက်တစ်ခုခုဖြင့် ကိုဇော်မင်း၏ ခါးကို ကပ်၍ထောက်ထားခြင်းပဲ ဖြစ်မည်။ ဓားလား..., သေနတ်လား။

လမ်းက လူသွားလူလာများသည်။ သို့သော် ကိုယ့်အာရုံနှင့်ကိုယ်သွားလာနေကြသူများက ကိုဇော်မင်းတို့ကို သတိမူမိမည် မဟုတ်။

တီရှပ်အနက်နှင့်လူနှင့် ကိုဇော်မင်းတို့ တိုက်လှေကားကျဉ်းကျဉ်းကို တက်သွားကြသည်။ အပေါ်ထပ် တစ်ထပ်ထပ်ကို တက်သွားခြင်းဖြစ်မည်။

"သူတို့ အပေါ်ကို တက်သွားကြတယ် တူမ... "

"ဟုတ်တယ် ဦးလေး... "

မေစံရှား၏ ဦးနှောက် အပြင်းအထန် အလုပ်လုပ်နေသည်။ သူတို့ ကိုဇော်မင်းကို မတင်တင်ဝေတို့အား ချုပ်နှောင်ဖမ်းဆီးထားရာသို့ ခေါ်ဆောင်သွားခြင်းလား။ မဖြစ်နိုင်။ မတင်တင်ဝေ၏ ပြောပြချက်အရ သူမကိုထားသည်မှာ မြေအောက်ခန်းတစ်ခုခု ဖြစ်ပုံရသည်တဲ့။ သည်နေရာက ရန်ကုန်မြို့လယ်။ ဆူညံနေသော နေရာ။ မြေအောက်ခန်းလည်း မရှိနိုင်။

သို့ဖြစ်လျှင်...

မတင်တင်ဝေတို့ ရှိရာသို့ ကိုဇော်မင်းအား ခေါ်မသွားဘဲ အဘယ့်ကြောင့် ဤနေရာသို့ ခေါ်လာရပါသနည်း။

ပစ္စည်း... ။

သူတို့လိုချင်သော ပစ္စည်းကြောင့် ဖြစ်မည်။

မတင်တင်ဝေ မသိသော... သူတို့လိုချင်သော ပစ္စည်းသည် ကိုဇော်မင်းထံမှာ ရှိနိုင်သည်။ ထိုပစ္စည်းကို... ကိုဇော်မင်းနှင့်အတူ လာယူခြင်း ဖြစ်နိုင်သည်။

မေစံရှားက ကားထဲမှ နေ၍ပင် တိုက်ခန်းများအပေါ်သို့ မော့ကြည့်လိုက်သည်။ တတိယထပ်မှာ ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။ Sky Blue ရုပ်ရှင်နှင့် ဓါတ်ပုံရိုက်ကူးရေး။

ဖြစ်နိုင်သည်။ တိုက်ခန်းသည် ကိုဇော်မင်း၏ အလုပ်ခန်းဖြစ်နိုင်သည်။ ဟသ်ာညီနောင်ကားမှ ပြောခဲ့သော ဓါတ်ပုံဆရာ ဟူသော စကားကို မေစံရှား ဖျတ်ကနဲ သတိရလိုက်သည်။

"တူမ... ဦးလေးတို့ ဒီလိုပဲ... စောင့်မလား... "

ဦးလှမြင့်အသံ ထွက်လာသည်။

"ကျွန်မ လိုက်တက်သွားကြည့်ချင်တယ်... "

ပြောပြောဆိုဆို ကားတံခါးကို ဖွင့်လိုက်မည် ပြုသည်။ သို့သော် မဖွင့်ဖြစ်။ အတွေးတစ်ခုက မေစံရှား ခေါင်းထဲဝင်လာ၍ပဲ ဖြစ်သည်။

ကားထဲမှာ လူတစ်ယောက်ရှိဦးမည်။ တီရှပ်အနက်နှင့်လူနှင့် ကိုဇော်မင်းတို့က ကားနောက်ခန်းထဲမှ ထွက်လာခြင်း ဖြစ်၏။ ကားမောင်းသူရှိကို ရှိရမည်။ ထိုလူက မေစံရှားကို မြင်ဖူးနေပြီ။ အဝေးပြေးကားဂိတ်မှာတုန်းက မေစံရှားကားရှေ့မှာ ပေါ်လာသည်ကို သူမြင်ဖူးထားပြီ ဖြစ်သည်။

ယခု မေစံရှားကို သူမြင်လျှင်... သူတို့နောက် လိုက်လာမှန်း သိသွားလိမ့်မည်။

ထိုစဉ်မှာပင်...

မီးခိုးရောင်ကား ရှေ့ခန်းတံခါး ပွင့်လာသည်။ လူတစ်ယောက် ထွက်လာသည်။ ခပ်ပိန်ပိန်။ စုတ်ချွန်းချွန်း ရုပ်မျိုးဖြစ်သည်။ ထိုသူက အပေါ်ထပ်ကို မော့ကြည့်သည်။ ပြီးတော့ ရှေ့ဘက်ကို ထွက်သွားသည်။ ကွမ်းယာဆိုင် တစ်ဆိုင်သို့ ဖြစ်သည်။

ဖုန်းထဲမှ အသံကြား၍ မေစံရှား အိတ်မှထုတ်ယူကာ နားထောင်သည်။

"ဟဲလို မေစံရှားလား... "

www.burmeseclassic.com



"ဟုတ်တယ် မတင်တင်ဝေ..."

"အခု မေစံရှားဘယ်မှာလဲ၊ ကိုဇော်မင်းရော..."

"ရန်ကုန်ထဲ ရောက်နေတယ်၊ ကိုဇော်မင်းနဲ့ ဟိုထဲကလူတစ်ယောက် တိုက်အပေါ်တက်သွားတယ်၊ အပေါ်ထပ်မှာ Sky Blue ဗီဒီယို ခါတ်ပုံရိုက်ကူးရေး ဆိုင်းဘုတ်တွေ့တယ်..."

"ဟာ... အဲဒါ... ကိုဇော်မင်းရဲ့ အလုပ်ခန်းပဲ..."

မေစံရှား တွက်ကိန်း မှန်နေသည်။ သူတို့ ကိုဇော်မင်းကို ခြိမ်းခြောက်ခေါ်လာကာ ပစ္စည်းလာယူခြင်း ဖြစ်သည်။

"ကိုဇော်မင်းက ကြောက်တတ်တဲ့ လူပျော့ပါ မမေစံရှား၊ သူ့ဟိုလူတွေ ခိုင်းတာ... လျှောက်လုပ်မှာပဲ၊ ကျွန်မတို့ကို ဖမ်းထားတယ် လို့ပြောရင် သူ့ဘာမှ ပြင်းဆန်ရုန်းကန်ရဲမှာ မဟုတ်ဘူး။ သူ့အန္တရာယ်ရှိမှာ ကိုပဲ ကျွန်မစိတ်ပူတယ်..."

"အဲဒီ အလုပ်ခန်းမှာ တခြား ဘယ်သူရှိသေးလဲ..."

"ဒီနေ့ကို ဘယ်သူမှ ရှိမှာမဟုတ်ဘူး၊ သူတပည့်တွေ နယ်ပြန်နေတယ်..."

"ဒါဆို ကျွန်မ လိုက်သွားမယ်၊ မတင်တင်ဝေ ခဏစောင့်ဦး"

"ကောင်းပါပြီ..."

မေစံရှားက ဖုန်းကို ဂျင်းဂျာကင်အိတ်ထဲ ပြန်ထည့်သည်။ စုတ် ချွန်းကို လှမ်းကြည့်သောအခါ ကွမ်းယာ အေးအေးဆေးဆေး ဝယ်နေသည်ကို တွေ့ရ၏။

"ဦးလေး ဒီလိုလုပ်ရအောင်..."

"ဘယ်လိုလဲ တူမ..."

"ဦးလေးက ရဲအုပ် ကိုမောင်မောင်လတ်ဆီကို ဖုန်းသွားဆက် လိုက်ပါ။ ဖုန်းတစ်ခုခုကိုပေါ့။ ကျွန်မရဲ့ဖုန်းက မတင်တင်ဝေနဲ့ ချိတ် ထားတာမို့ ပိတ်လို့ မဖြစ်ဘူး။ ပိတ်ရင် အဆက်အသွယ် ပြတ်သွား





မယ်။ ပြန်ဆက်လို့ ရချင်မှ ရတော့မယ်။ ဒါကြောင့်..."

"ရတယ်လေ။ ဦးလေး စခန်းဖုန်းနံပါတ်ကို သိသားပဲ..."

"ကျွန်မ အပေါ်ထပ်ကို တက်လိုက်သွားမယ်..."

"ဖြစ်ပါ့မလား တူမရယ်..."

ဦးလှမြင့်က စိုးရိမ်စွာ ပြောသည်။ သူ့မျက်လုံးများမှ ပူပန်မှု ကြောင့်ကြမှုများကို မေစံရှား ခံစားတွေ့ထိလိုက်ရသည်။ သွေးရင်း သား ရင်းတစ်ယောက်လို သံယောဇဉ်ကြီးနေသော ဦးလှမြင့်အား အပြုံးဖြင့် နှစ်သိမ့်လိုက်ရသည်။

"ဦးလေးတူမက ခေါင်းလည်းကောင်းတယ်၊ လက်နဲ့ ခြေလည်း ကောင်းတယ်၊ ဦးလေး သိပါတယ်နော်၊ ဦးလေးနဲ့ စတွေ့တုန်းက ဦးလေး ကို ရန်ရှာတဲ့ကောင်တွေကို ကျွန်မဖြိုခဲ့တာ..."

"အေးပါကွယ်... ၊ ဒါပေမယ့် ဦးလေးက စိတ်ပူတယ်၊ ဟိုက လူဆိုး၊ လူမိုက်တွေ၊ ဘာမှ တရားရှိတဲ့ ကောင်တွေ မဟုတ်ဘူး"

"စိတ်ချပါ၊ ကျွန်မအတွက် ပြဿနာမရှိနိုင်ပါဘူး... ဦးလေး က ကျွန်မပြောသလို ရဲစခန်းကို ဖုန်းဆက်ပေးပါ"

"ကောင်းပါပြီကွယ်၊ သတိတော့ ထားသွားနော် တူမ... ၊ ဟိုအောက်က ကောင်လည်း မမြင်စေနဲ့..."

"ဟုတ်ကဲ့..."

မေစံရှား ကားတံခါးကို ဖွင့်ကာ လှစ်ကနဲ ဆင်းလိုက်သည်။ ထို့နောက် ရပ်ထားသောကားများ ဘေးမှ ကပ်၍... ခြေလှမ်းသွက် သွက်ဖြင့်... ရှေ့သို့ တိုးလာခဲ့သည်။ မျက်လုံးက ဝန်းကျင်သို့ မျက် ခြည်မပြတ်။ ဣန္ဒြေ ရရ။

မီးခိုးရောင်ကားနား ရောက်လာသည်။ ကားနားမရောက်မီ ကားတွင်းသို့ မေစံရှား အကဲခတ်လိုက်ပြီး ဖြစ်၏။ ကားထဲမှာ မည်သူမျှ မရှိ၊ ကားမောင်းသူ စုတ်ချွန်းက ကွမ်းယာဝါးကာ၊ ဖြတ်သွားကာ ကောင်

www.burmeseclassic.com



မလေးတွေကို ပေးနေသည်။

အခွင့်ကောင်းပဲ ဖြစ်၏။

မေစံရှား အချိန် မဖြုန်းတော့။

ကားနားမှ ဖြတ်ကာ.. အပေါ်ထပ်တက်သော လှေကားဆီသို့ ခပ်သုတ်သုတ် ပြေးတက်လိုက်သည်။ လှေကားပေါ်တက်မိပြီး စုတ်ချွန်းကို ပြန်လှည့်၍ အကဲခတ်လိုက်တော့လည်း စုတ်ချွန်းက စောစောက အတိုင်းပင်။ ဟိုငေးသည်ငေး...။

မေစံရှား နောက်ကြောင်း အေးသွားပြီ။ ရှေ့ကို မျက်နှာမူ ရင်ဆိုင်ဖို့ပဲ လိုသည်။

ဗျူဟာ တစ်ခုမှာ စစ်မျက်နှာ တစ်ဖက်သာလျှင် ဖွင့်ရမြဲ ဖြစ်သည်။ ကျောမလုံလျှင် ဗျူဟာကောင်း မဟုတ်။

မေစံရှားသည် လှေကားထစ်များကို တထစ်ကျော်၍ပင် အရှိန် ဖြင့် ပြေးတက်လာခဲ့သည်။ ယနေ့မှ အဆင်သင့်စွာ ဝတ်လာခဲ့သော ဂျင်းဘောင်းဘီနှင့် ဖော့ကင်းရှူးက ဤနေရာတွင် အသုံးတည့်လှသည်။ လွတ်လပ်ပေါ့ပါးသည်။ ခြေသံလည်း လုံသည်။

ပထမထပ်။ အပေါ်မှ ကိုဇော်မင်းတို့ ပြန်ဆင်းမလာသေး။

ဒုတိယထပ်။ ထိုနည်းတူ။

တတိယထပ်သို့ ဆောလျင်စွာ ပြေးတက်လိုက်သည်။ လှေကား၏ဘယ်ဘက်ခြမ်း အခန်းက အပြင်မှ သော့ပိတ်ထားသည်။ ညာဘက်တံခါးကမူ အတွင်းမှ ပိတ်ထားခြင်း ဖြစ်သည်။ ပြီးတော့ တံခါးပေါ်မှာ Sky Blue စာတန်း ရှိနေသည်။ သေချာသည်။ ဤအခန်းပေပဲ။

တံခါးလက်ကိုင်ဘုကို လှည့်ကြည့်သည်။ မရ။ အထဲက လော့ချထားသည်။

မေစံရှား စဉ်းစားလိုက်သည်။ ဘာဆက်လုပ်ရမည်နည်း။

လှေကားက ကျဉ်းသည်။ တီရှပ်အနက်နှင့် လူကို ရင်ဆိုင်ဖို့





ခက်ခဲလေမလား။ အခန်းတွင်း ဝင်ခြင်းကမို၍ အဆင်ပြေမလား။ ပြီးတော့ ပစ္စည်း။ ကိုဇော်မင်းထံမှ ပြန်ပေးသမားများလိုချင်နေသော ပစ္စည်း။

ကိုဇော်မင်းကို အလျှင် ကယ်မလား။

ပစ္စည်းကို လုယူမလား... ။

ပြန်ပေးသမားကို ဖမ်းရမလား။

တစ်ချက်ခုတ် သုံးချက်ပြတ်။ ပြန်ပေးသမားကိုဖမ်း၍ ကိုဇော်မင်းကို ကယ်နိုင်လျှင် ပစ္စည်းလည်း သူတို့လက်မပါနိုင်။ သားရွှေအိုးထမ်း မည့်ကိန်း... ။

သို့သော်... တစ်ထစ်ချ ပုံသေပြော၍တော့ မရ။ မေစံရှား ရင်ဆိုင်ရမည့် တီရှပ်အနက်နှင့်လူက မည်သည့် လူစားမျိုးပေနည်း။ မည်သည့်လက်နက်ပါ၍ မည်သို့သော ပညာရပ်များ တတ်ကျွမ်းနေသနည်း။

ပြီးတော့ အချိန်နှင့် အခြေအနေ။

ဦးလှမြင့်က ရဲစခန်းကို အကြောင်းကြား၍ ရဲအုပ်မောင်မောင်လတ်တို့အချိန်မီရောက်လာလျှင် အကောင်းဆုံးပေါ့။ ရဲများက နောက်ကျနေလျှင်... ။

တွေးနေဆဲမှာပင်...

ကလစ်ခနဲ... တံခါးလက်ကိုင်ဘု လှည့်သံ နားထဲ ဝင်လာသည်။ သတိအာရုံတွေကို ဖျတ်ခနဲ မေစံရှား စုစည်းလိုက်သည်။ တံခါးအဖွင့်မှာ အတဲသို့ အတင်းတိုးဝင်သင့်မသင့်။ အပြင်ရောက်မှ လှုပ်ရှားလျှင် ပိုကောင်း မကောင်း... အဖြေရှာလိုက်သည်။

တံခါးပွင့်လာသည်။

တံခါးဝမှ ဦးစွာ ပေါ်ထွက်လာသည်မှာ မျက်နှာငယ်ကလေးနှင့် ကိုဇော်မင်း... ။ ကိုဇော်မင်းလက်မှာ ဘာမှ မပါ။ လူချည်းသက်သက်။

တီရှပ်အနက်နှင့် လူက နောက်က ကပ်ပါလာလိမ့်မည် ထင်၏။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်မင်းက တံခါးအပြင်တွင် ရပ်နေသော မေစံရှားကို လှမ်းကြည့်သည်။ သိရှိခဲ့ဖူးသောသူ မဟုတ်၍ ကိုဇော်မင်းမျက်နှာ... ထူးခြားမသွား။ အဝေးပြေးကိတ်မှာတုန်းက သူ မေစံရှားကို သေသေချာချာ မြင်လိုက်ပုံမပေါ်။

မေစံရှားက တီရှပ်အနက်နှင့်လူကို စောင့်ရန် ဆုံးဖြတ်လိုက်သည်။ လှေကားမှ တက်လာပြီး အခန်းရှာနေသူ တစ်ဦးကဲ့သို့ ဟန်ဆောင်ကာ ဟိုဟိုသည်သည်ကြည့်ရင်း ကိုဇော်မင်း ထွက်လာသည်ကို ရှောင်ပေးလိုက်သည်။ အာရုံကမူ ကိုဇော်မင်းနောက်သို့... ။

မေစံရှား ထင်ထားသည့်အတိုင်းပင်။

တီရှပ်အနက်နှင့်လူက ကိုဇော်မင်းနောက်မှ ကပ်ပါလာ၏။ သူ့လက်နှစ်ဖက်စလုံး မအား။ တစ်ဖက်က ဓားမြှောင်ဖြင့် ကိုဇော်မင်းကို ကပ်ထောက်ထားသည်။ ညာလက်။ ကျန်လက်တစ်ဖက်(ဘယ်လက်)က အိတ်ကလေးတစ်လုံး ဆွဲလျက်။ ဒီဇိုင်းကင်မရာထည့်သည့် သားရေအိတ်ကလေး။ မေစံရှား တည့်တည့် ကြည့်လိုက်ခြင်း မဟုတ်သော်လည်း လျှပ်တပြက် မျက်လုံးအစွေ့တွင် အားလုံးကို မြင်လိုက်ပြီး သတိပြုမိခြင်း ဖြစ် သည်။

ကိုဇော်မင်းက လှေကားထစ်ကို ဆင်းရန် ပြင်နေပြီ။

တီရှပ်အနက်နှင့်လူက တံခါးကို နောက်ပြန်ဆွဲပိတ်ရင်း မေစံရှားထံ အကြည့်ရောက်လာသည်။ မျက်လုံးတွေ ကျဉ်းသွားသည်။မျက်နှာတွေ တွန့်ကွေးသွားသည်။ ဖဝေဖဝါ အမူအရာ။ သံသယအကြည့်။ အဝေးပြေးကိတ်တွင် သူတို့ကားနှင့် တိုက်ခဲ့သည့် မေစံရှားကို မှတ်မိသလိုလို ဟန်ပေါ်လာ၏။

ထိုအခြေအနေကို မေစံရှား ရေရှည် ခွင့်မပြုနိုင်ပါ။ မေစံရှားကို မှတ်မိပြီး သူက စတင်တိုက်ခိုက်လာသည်ထိ မစောင့်နိုင်ပါ။

တံခါးအပြင်သို့ရောက်လာပြီး လက်တစ်ကမ်းအကွာ၌ ရှိနေသော တီရှပ်အနက်နှင့်လူကို ဖျတ်ကနဲတည့်တည့် ရင်ဆိုင်လိုက်သည်။

ထိုအချိန်တွင် တီရှပ်အနက်က မေစံရှားကို မှတ်မိသွားပုံ သင်းကနဲ ပေါ်လာ၏။ မျက်လုံးများ ဝိုင်းသွားသည်။ နှုတ်ခမ်းဟသွားသည်။ အံ့သြခြင်း။ မထင်မှတ်ခြင်း... ။

မေစံရှား လှုပ်ရှားမှုက ထိုအခိုက်အတန့်ကလေး အတွင်းမှာပင် လျှပ်ပြက်သလို ဆက်တိုက်ပေါ်လာ၏။

မေစံရှား၏ ဝေါကင်းရှူး ညာဖိနပ်ဦးက တီရှပ်နက်၏ ညို့သည်းသို့ ဒေါက်ကနဲ ဝင်သွားသည်။

"အ..."

နာကျင်ခြင်းဖြင့် ရှုံ့သွားသော ရှပ်နက်၏မျက်နှာ။ နောက်မှ အသံကြောင့် လန့်၍လှည့်ကြည့်သော ကိုဇော်မင်း၏မျက်နှာ။

မေစံရှား၏ ဘယ်လက်က ခြေထောက်အနားပေါ် အာရုံရောက်သွားသည်။ ရှပ်နက်၏ ဘယ်ဘက်လက်မှ အိတ်ကို ဆတ်ကနဲ ဆွဲလိုက်သည်။

"ဟာ... ဟေ့... မင်း..."

ရှပ်နက်က အိတ်ကို ပြန်ဆွဲလိုက်သော်လည်း မမီတော့။ အိတ်က မေစံရှားထံ ပါလာသည်။

သည်မှာ ရှပ်နက်က ဒေါသတကြီး မေစံရှားကို ရန်မူရန် ပြင်ဆင်တော့သည်။ ကိုဇော်မင်းကို ထောက်ထားသည့် ဓါးကိုင်လက်က ဆတ်ကနဲ မေစံရှား၏ ဗိုက်ဆီသို့ လက်ပြန်ဝင်လာသည်။

သတိကို စုစည်းထားပြီးဖြစ်နေသော မေစံရှားက ဓါးဦးနှင့် လွတ်အောင် ကိုယ်ကို ယို့လိုက်ပြီး ဓါးကိုင်လက်အား အိတ်ကိုင်ထားသည့် ဘယ်လက်ဖြင့် ရိုက်ထုတ်လိုက်သည်။

တစ်ဆက်တည်းပင် ရှပ်နက်၏ မျက်နှာ ဘယ်ဘက်ခြမ်းဆီသို့ ဘီလိမ်အုချီ ညာလက်ဝါးစောင်းဖြင့် ဖြတ်ရိုက်ထည့်လိုက်သည်။ ဖိနပ်







www.burmeseclassic.com

www.burmeseclassic.com



ချက်က မိမိရှရ ထိသွားသည်။

"အား. . ."

ရှပ်နက်၏ နှုတ်မှ ထွက်ကျလာသော ညည်းညူသံ။

သို့သော် သူကလည်း လူပြိန်းတော့ မဟုတ်။ လက်ကခါးက လွတ်ကျမသွားသေးဘဲ ယိုင်သွားသော ခန္ဓာကိုယ်ကို တံခါးဘောင်တွင် မှီလိုက်ရင်း အရှိန်ပြန် ယူလိုက်သည်။ ပြီးလျှင် ဓားကို ဝှေ့ယမ်းကာ—

"သေပေတော့. . ."

ဟု ကြိမ်းဝါးလိုက်သည်။

မေစံရှားက ဆက်မတိုက်သေးဘဲ သူ့တိုက်ကွက်ကို စောင့်ကြည့်လိုက်သည်။

ထိုစဉ်၌ ကိုဇော်မင်းက ရှပ်နက်နှင့် မေစံရှားတို့ တိုက်ခိုက်နေမှုကို အခွင့်ကောင်းယူ၍ ပြေးဆင်းသွားသည်။

ကိုဇော်မင်းထံ အာရုံရောက်သွားသော မေစံရှားအား ရှပ်နက်က ဓားဖြင့်ရင်ဝသို့ ထိုးချလိုက်သည်။

လုစ်ခနဲ. . . မျက်လုံးထောင့်တွင် မြင်လိုက်သော ဓားသွားအား မေစံရှား ခုန်ရှောင်ရန် အချိန်မရ။ အိတ်ကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ဓားကိုင်လက်အား အပေါ်သို့ တွန်းထုတ်လိုက်ပြီး. . . မေစံရှား၏ ညာခြေက မြောက်တက်သွားကာ ကင်ဂါရီကစ်ဖြင့် ရှပ်နက်၏ ဆီးခုံသို့ ကန်လိုက်သည်။

"အင့်. . ."

အော်ညည်းသံနှင့်အတူ ရှပ်နက်၏ ဦးခေါင်း ရှေ့သို့ အနည်းငယ် ငိုက်ကျလာ၏။

မေစံရှား ခန္ဓာကိုယ်ကို ဟန်ချက်ပြန်ယူပြီး ဘယ်ဒူးကို မြှောက်တင်လိုက်သည်။ ဟီဇာဂါရီ တိုက်ချက်။ ရှပ်နက်၏ ရင်ဝသို့ ။

"အူး. . ."





ရှပ်နက်ရုန်းပြန်မလှုပ်နိုင်မီ မေစံရှား၏ ညာတံတောင်က ထပ်မံလှုပ်ရှားလိုက်သည်။ အရှိန်ပြင်းပြင်း ဝင်သွားသော ဟိုက်ဂျီအေ့အုချိ တိုက်ကွက်က ရှပ်နက်၏ မေးရိုးဆီသို့ ခပ်ပြင်းပြင်းဝင်သွားသည်။

ရှပ်နက် အရှိန်ဖြင့် နောက်ပြန်လန်ကာ တံခါးဘောင်နှင့် ဝုန်းကနဲ ရိုက်သည်။ ဟန်ချက်တွေ ကိုးယိုးကားယား ဖြစ်သွားသည်။ သို့သော် ရှပ်နက်ကား ခံနိုင်ရည်အား ကောင်းလှ၏။ ကြမ်းပြင်ပေါ် လဲမကျ။ ဖရိုဖရဲ အနေအထားမှပင် ဓားကို ကျစ်ကျစ်ပါအောင် ကိုင်ကာ မေစံရှားကို ထပ်မံတိုက်ခိုက်ဖို့ ဟန်ပြင် လိုက်ပြန်သည်။

"တီတူး. . .ဘာဖြစ်နေတာလဲ. . ."

အောက်ထပ်လှေကားမှ အသံတစ်သံ အပေါ်သို့တက်လာ၏။ စုတ်ချွန်းပဲ ဖြစ်လိမ့်မည်။ လှုပ်ရှားသံ ရုန်းကန်သံ၊ အော်သံအချို့ကိုလည်း ကြားရ၏။ ကိုဇော်မင်းကို စုတ်ချွန်းက ဖမ်းထားလိုက်လေသလား။

ကိုဇော်မင်း သူတို့လက်ထဲ ရောက်နေလျှင် မိမိ တစ်ပန်းရှုံးချေတော့မည်။ ရေရှည်တိုက်ပွဲ ဆက်ဝင်နေ၍ မဖြစ်သေး။

ခေါင်းထဲမှာ အလုပ်လုပ်နေစဉ် ရှပ်နက်က မေစံရှားအား အတင်းဝင်ကာ ဓားဖြင့်ထိုးသည်။ မေစံရှားက ကပျာကယာ ဘယ်လက်ဖြင့် ပယ်ထုတ်ပြီး မျက်နှာဆီသို့ ရှုတိုဆာကို့ဆုအချိုကိုပိတည့်လက်ဝါးစောင်းတစ်ချက် ပေးလိုက်သည်။

"အ. . ."

ရှပ်နက်အရှိန်ဖြင့် နောက်သို့ပြန်ယိုင်သွားသည်။

မေစံရှားက ကိုယ်ကို အနည်းငယ်လှည့်လိုက်ကာ အတ်ရှီရိုဂါရီ နောက်ပြန်ကန်ချက်ဖြင့် ရှပ်နက်၏ ရင်ခေါင်းပိုင်းကို ကန်ထည့်လိုက်၏။

"အူး. . ."

ရှပ်နက် နံရံဆီသို့ ချောင်ကပ်ပြီး ထိုင်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အသဂရုပ်နက်။

ကိုဇော်မင်းဆီသို့ ပြေးဆင်းရန် ရွယ်လိုက်သော မေစံရှားအား ခြေဖြင့်ဆိုးခံသည်။ သတိရှိသောကြောင့် လှေကားထစ်များအတိုင်း ဒလိမ့်ခေါက်ကွေး လိမ့်မကျသွားသော်လည်း မေစံရှား ဟန်ချက်ပျက်ကာ ယိုင်သွားသည်။ နံရံကို ဖမ်းထိန်းပြီး မေစံရှားအောက်ကို ဆက်၍ပြေးဆင်းသည်။

ဘယ်လက်မှာ အိတ်။

အောက်ထပ် လှေကားများတွင် ကိုဇော်မင်းကို မတွေ့ရ။ နောက်မှနေ၍ ရုပ်နက်၏ ပြေးဆင်းလိုက်လာသော ခြေသံများကို မေစံရှား ကြားနေရသည်။

မေစံရှား မြေညီသို့ ရောက်လာ၏။

ကိုဇော်မင်းအား စုတ်ချွန်းက ကားထဲမှာ ဖမ်းချုပ်ထားသည်ကို တွေ့လိုက်ရ၏။ ပြီးတော့ ဘယ်အချိန်က ရောက်လာသည် မသိသော ကားတစ်စီးပေါ်မှ လူနှစ်ယောက်က ဆင်းလာကာ မေစံရှားကို ဃုမ်း ပိတ်ရပ်လိုက်သည်။

သာမန်ရန်ပွဲဟူ၍ ဘေးလူများက ဝိုင်းကြည့်နေကြသည်။ ဝင် မပါ။

''ဟော့ကောင်တွေ သူ့ဆီက အိတ်ကို ရအောင်ယူ''

နောက်မှ ဆင်းလိုက်လာသော ရုပ်နက်၏အသံ။

မေစံရှား ဆုံးဖြတ်လိုက်ရတော့သည်။

အများနှင့်တစ်ယောက် တိုက်ပွဲမှာ သူမအတွက် အလားအလာ ကောင်းချင်မှ ကောင်းမည်။ သူမက လွတ်လွတ်လပ်လပ် တိုက်ခိုက်ရသည် မဟုတ်။ လက်ထဲက အိတ်ကိုလည်း ကာကွယ်နေရသေးသည်။ ပြီးတော့ သူတို့မှာ လက်နက်တွေ ပါနိုင်သေးသည်လေ။

ရှေ့မှ ပိတ်ရပ်လိုက်သူ နှစ်ဦးအား မေစံရှားက ဦးစွာ တိုက်ခိုက်





ရ၏။ ယိုက်ကိုကီအော့ ခြေစောင်းကန်ချက်ဖြင့် တစ်ဦး၏မျက်နှာကို ပင့် ကန်လိုက်သည်။ ဤသို့ တိုက်ခိုက်လိမ့်မည်ဟု မထင်မှတ်ထားသော ကြောင့် ထိုသူမှာ ကန်ချက်ထိပြီးနောက်သို့ ယိုင်ကျသွားသည်။ ဒုတိယ လူက ပြန်လည် တိုက်ခိုက်ရန် ပြင်လိုက်၏။

မေစံရှား အချိန်မဆိုင်းနိုင်။

ခန္ဓာကိုယ်ကို ဟန်ချက်ရသည်နှင့် တစ်ပါတ်လှည့်လိုက်ပြီး မာဝါရှိကူဘီဂါရီ ခြေဖျားဝိုက်ကန်ချက်ဖြင့် ဒုတိယလူ၏ လည်ပင်းဆီ သို့ ဖြတ်ကန်လိုက်သည်။ မိမိရရ ထိသည်။

''အူး..''

နှစ်ယောက်စလုံး ဖရိုဖရဲ ဖြစ်သွားချိန်တွင် မေစံရှား သူတို့ ဘေးမှဖြတ်၍ ပြေးထွက်ခဲ့သည်။

''တူမ.. လာ.. လာ.. မြန်မြန်''

ဦးလှမြင့်က ကားတံခါးဖွင့်ပြီး လှမ်းအော်သည်။ ပြီးသည်နှင့် အတွင်းသို့ဝင်ကာ စက်ကို အသင့်နှိုးလိုက်သည်။ မေစံရှား ကားပေါ်တက် လိုက်သည်နှင့် ကားက အရှိန်ဖြင့် မောင်းထွက်သည်။

ရုပ်နက်နှင့် ပြေးလိုက်လာသူနှစ်ဦး ကားလမ်းပေါ် ပြေးတက် လာသည်။

''ဒီတစ်ခါ.. ငါ့အလှည့်ပဲကွ''

ဦးလှမြင့်က ကားကို လီဗာထပ်မြှင့်ကာ ထိုသူသုံးဦးရှိရာသို့ တည့်တည့် ဖြတ်မောင်းသည်။ ရုပ်နက်တို့ သုံးဦးလမ်းဘေးသို့ ဖရိုဖရဲ ခုန်ထိုးမှောက်ခုန် အသေအလဲ ရှောင်လိုက်ကြရ၏။

''ဟား ဟား ဟား''

ဦးလှမြင့်က ကားကို အရှိန်မြှင့် ဆက်မောင်းရင်း ရယ်သည်။ ကားနောက်ဘက်လမ်းထဲမှာ ရှုတ်ရှတ်သဲသဲ ဖြစ်ကျန်ခဲ့၏။

''ဒီကောင်တွေ လိုက်လာမှာ သေချာတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဦးလှမြင့်၏ သုံးသပ်ချက်။

မှန်သည်။ မီးခိုးရောင်ဆလွန်းနှင့် အခြားကားဖြူလေးတစ်စီး တို့ ပြေးထွက်လာသည်ကို နောက်ဘက်ခပ်ဝေးဝေးတွင် လှမ်းမြင်ရ၏။

"သူတို့ မမိနိုင်ပါဘူး"

မေစံရှားက ပြောလိုက်သည်။

"ဦးလေး ရဲစခန်းကို ဖုန်းဆက်တယ်၊ ရဲအုပ်မောင်မောင်လတ် ပြန်မရောက်သေးဘူး၊ ဒုရဲအုပ် ဝင်းမောင်ကတော့ အမြန်ဆုံးလိုက်လာ မယ်ပြောတယ်၊ ဒီမြို့နယ်က ရဲစခန်းကိုလည်း လှမ်းဆက်သွယ်မယ် ပြောတယ်၊ ဒါပေမယ့် သူတို့က နည်းနည်းနောက်ကျမှာပဲ၊ ဦးလေးတို့က အချိန်စောင့်လို့ မရတော့ဘူးလေ"

"ကိုဇော်မင်း.. သူတို့လက်ထဲ ပြန်ပါသွားတာ ဆိုးတယ်"

"တူမဆီမှာ ပါလာတဲ့ အိတ်က.. ဘာလဲ"

ဦးလှမြင့်စကားကြောင့် မေစံရှားက အိတ်ကို ဖစ်ဖွင့်ကြည့် လိုက်သည်။

"ဗီဒီယိုကင်မရာပဲ ဦးလေး၊ ဒီကင်မရာကို သူတို့ အသေအလဲ လိုချင်နေတာ.. ဒီထဲမှာ တစ်ခုခု အရေးကြီးတာရှိလို့ပဲ"

ပွိုင့်ကို ဦးလှမြင့်က အရှိန်ဖြင့် ဖြတ်သည်။ သီသီကလေး မီးဝါကို လွတ်သွားသည်။

"နောက်ကားတွေ မီးပွိုင့်မှာ မိကျန်နေခဲ့မှာပဲ၊ ကောင်းတယ် ဒီပွိုင့်က ကြာတယ်၊ ဒီကောင်တွေ ဦးလေးတို့ကို မျက်ခြည်ပြတ်သွားမှာ သေချာတယ်..၊ ကဲ ဦးလေးတို့ ဘယ်ကိုသွားမလဲ၊ ဘာဆက်လုပ်မလဲ"

♛ ♛ ♛

# ၁၇

ညှော်ခန်းထဲတွင် ထိုင်နေသော လောရှည်တစ်ယောက်၊ ဂျာနယ် ဖတ်လိုက်၊ အပြင်ကို ချောင်းကြည့်လိုက်နှင့် ရှိနေသည်။ တီတူးတို့ ဟိုလူ တို့ အစေးပြေးကားဂိတ်မှာ သွားစောင့်ရန် ထွက်သွားကြသည်မှာ ကြာ ပြီ။ ယခုထိ ပြန်မရောက်သေး။

ဘာများ ဖြစ်နေသနည်း။

တစ်ခုခု ပြဿနာ ဝင်လာ၍လား။

တီတူး၏ လက်ကိုင်ဖုန်းကို ဆက်ကြည့်လျှင် ကောင်းမည်ဟု လောရှည် အကြံရသည်။ ဖတ်နေသော ဂျာနယ်ကို ချလိုက်သည်။ တယ်လီဖုန်းရှိရာသို့ ထလာသည်။

ပခက်ပေါ်မှ ဖုန်းခွက်ကို မယူပြီး လောရှည်က ဂဏန်းတွေ ကို နှိပ်ဖို့ပြင်လိုက်သည်။

ထိုစဉ် နားထဲမှာ အသံတွေ ကြားလာရ၏။

ဖုန်းထဲက အသံ၊ ဖုန်းခွက်ထဲက အသံ။



www.burmeseclassic.com

www.burmeseclassic.com



"မေစံရှား.. "

"ဟဲလို.. မေစံရှား"

"မေစံရှား.. ဘယ်ရောက်နေလဲ"

"ဟဲလို.. တင်တင်ဝေ ဖုန်းခေါ်နေတယ်"

"ဟဲလို.. ဟဲလို"

လောရှည် မျက်လုံးပြူးသွားသည်။ ခေါင်းထဲမှာ မီးနီတွေ တဖျတ်ဖျတ် ပွင့်သွားသည်။

"ဟာ.. ဒါ ဟိုကောင်မပဲ၊ ဟိုကောင်မ ဖုန်းဆက်နေတာပဲ"

လောရှည် ဖုန်းကို ကမန်းကတန်း ပြန်ချလိုက်သည်။ နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ တင်တင်ဝေကို ဖမ်းဆီးချုပ်နှောင်ထားရာ မြေတိုက်ခန်းဆီသို့ ပြေးထွက်လာခဲ့သည်။

လောရှည် ဖုန်းကို ပခက်ပေါ် ပြန်အချတွင်..

ဖုန်းခွက် နေသားတကျ ပြန်မကျဘဲ ရှိနေသည်ကို လောရှည် သတိမမူမိခဲ့။

လောရှည်၏ အာရုံက တင်တင်ဝေထံမှာ။

"ဒီကောင်မ ဘယ်နှစ်ခါ ဖုန်းခေါ်ပြီးပြီလဲ၊ ဘယ်သူ့ဆီကို ဆက်တာလဲ၊ မေစံရှားတဲ့၊ ပြဿနာပဲ၊ ရဲတွေဆီများ ဖုန်းဆက်ပြီးပြီ ဆိုရင် မလွယ်ဘူး၊ ငါ သူ့အခန်းထဲက ဖုန်းကို ရိုက်ခွဲထားခဲ့တာပဲ ဘယ်လို ဆက်လို့ ရသွားပါလိမ့်။ ဒီအကြောင်းများ ဆရာကြီးသိသွားရင် ငါတော့သွားပြီ.. ဒီဖုန်းကြောင့်များ တီတူးတို့ ပြဿနာ တက်နေသလား အရောက်ကြိုဟ်မွှေတဲ့ ကောင်မ၊ သိရောပေါ့ကွာ"

မြေတိုက်ခန်းရှိရာသို့ ပြေးဆင်းလာရင်း လောရှည် ဒေါသတွေထွက် နေသည်။

မြေတိုက်ခန်း တံခါးကိုဖွင့်ပြီး အထဲကိုဝင်လိုက်ချိန်တွင် တင် တင်ဝေက ဖုန်းခွက်ကို ကပျာကယာ ပြန်ချလိုက်သည်ကို လောရှည်





တွေ့လိုက်ရ၏။

သူ့ကို မြင်သွားသဖြင့် တင်တင်ဝေ မျက်နှာပျက် တုန်လှုပ် သွားသည်ကို တွေ့ရ၏။ သူမ ဖုန်းဆိုးဆက်သည်ကို မိသွားပြီဖြစ်ကြောင်း နားလည်သွားပုံရသည်။ နေရာမှ နောက်သို့ဆုတ်ကာ နံရံတွင်ကပ်လျက် မျက်လုံးပြူးကြောင်ကြောင်ဖြင့် ကြည့်နေသည်။

လောရှည် စိတ်ထဲမှာ ဒေါသက မီးတောက်နေသည်။

"ပြဿနာ ရှာတဲ့ကောင်မ... "

ဆဲရေးမြည်တမ်းကာ လောရှည်သည် တင်တင်ဝေထံသို့ ပြေး သွားသည်။ တင်တင်ဝေ့လက်ကို ဆွဲကာ ဆောင့်တွန်း ပစ်လိုက်သည်။ တင်တင်ဝေကြမ်းပြင်ပေါ် ပုံလျက်ကျသွား၏။

"အမလေး" ဟူသော တင်တင်ဝေ၏ အော်သံက အခန်းတွင်း လျှိုင်ထွက်သွား၏။

လောရှည်က ဘယ်လီဖုန်းခွက်နှင့်တကွသော ကြိုးစ၊ ကြိုးနှ များ၊ အစိတ်အပိုင်းများကို သူ၏ဖိနပ်ဖြင့် ဆောင့်ကာဆောင့်ကာ နင်း ချေဖျက်ဆီးလိုက်သည်။ တချို့ကို ကောက်ယူကာ ကြမ်းပြင်တွေ ပေါက် ခွဲသည်။ အားလုံး တစ်စစီ ပြန့်ကျဲ သွားသည်။

ပြီးလျှင် တင်တင်ဝေဖက်သို့ လှည့်လိုက်သည်။

သည်မိန်းမကို ဆုံးမထားရဦးမည်။

တင်တင်ဝေထံ လျှောက်သွားလိုက်၏။ တင်တင်ဝေက သူ့ကို မျက်နှာငယ်လေးနှင့် မော့ကြည့်နေ၏။ သူ့ကို ကြောက်သဖြင့် ကိုယ်က လေးက တဆတ်ဆတ် တုန်နေသည်။

လောရှည်က တင်တင်ဝေ၏ လက်မောင်းကိုဆွဲကာ မ,ထူလိုက် သည်။ တင်တင်ဝေ ကြောက်ကြောက်ရွံ့ရွံ့ ပါလာသည်။ လောရှည်၏ လက် မြှောက်တက်သွားသည်။ ကြမ်းတမ်းသော လက်ဝါးပြင်က နူးညံ့ သော ပါးပြင်ပေါ် အရှိန်ပြင်းစွာ ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖျန်း . . "

"အမလေး . . "

တင်တင်ဝေတစ်ယောက် တယ်လီဖုန်းခွက် အစအနများပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားသည်။ တင်တင်ဝေ လည်အကျမှာ လောရှည်၏လက်က တင်တင်ဝေ၏အင်္ကျီကို ဆွဲမိပြီး တင်တင်ဝေ၏ အင်္ကျီကြယ်သီးများ ပြုတ်ထွက်ကုန်သည်။

ပုံလဲကျသွားသော တင်တင်ဝေကို ကြည့်ပြီး လောရှည်စိတ်ထဲမှာ တစ်မျိုး ဖြစ်သွားသည်။ စောစောက ဒေါသ၊ ယခု တပ်မက်ခြင်း။

"ဟာ . . တော်တော်လှတဲ့ မိန်းမပဲ . . "

စိတ်ရိုင်းက လောရှည်ကို လှုပ်နှိုးလိုက်သည်။ သွေးတို့က မူးလာသည်။ အသိတရားက လွင့်သွားသည်။

လောရှည် တင်တင်ဝေနားသို့ ချဉ်းကပ်လိုက်သည်။

တင်တင်ဝေက နေရာမှ လူးလဲထရင်း ဘယ်လက်က ကြယ်သီးပြုတ်နေသည့် အင်္ကျီကို ပြန်လည်ဖုံးကွယ်ဖို့ ကြိုးစားနေ၏။ လောရှည်၏ မျက်နှာကိုလည်း အထိတ်တလန့် စိုက်ကြည့်နေသည်။

လောရှည်က ပြုံးလိုက်သည်။

လောရှည် ဘာမျှမမြင်တော့။ မစဉ်းစားတော့ တင်တင်ဝေအနားမှာ ထိုင်ကာ တင်တင်ဝေကိုယ်လုံးလေးအား အာသာရမ္မက်ပြင်းပြစွာ ဖက်လိုက်သည်။

သတိ . . . ရမ္မက်ကြောင့် လွတ်သွားသောသတိ၊ မိန်းမသားတစ်ယောက် ဖြစ်သော်လည်း အသိဉာဏ်ထက်မြက်သည့် မိန်းမဆိုသည်ကို လောရှည် ထည့်တွက်ဖို့ မေ့လျော့သွားသည်။ သတ္တိဆိုသည်မှာ အခက်အခဲအန္တရာယ်ကို မည်သို့ဖြတ်ကျော်ရန် တွေးဆ၍ ရင်ဆိုင်ရာ၌ ရဲဝံ့ခြင်းဖြစ်သည်ကို လောရှည် နားမလည်ခဲ့ခြင်းလည်း ဖြစ်၏။

တင်တင်ဝေကို အဖက်တွင် တင်တင်ဝေက ရန်းထွက်ရင်း





လှုပ်ရှားလိုက်သည်။

မထင်မှတ်ထားခဲ့သော အရာ။

ဘယ်ဘက်ရင်အုံ နို့လုံးသားရှိရာသို့ ချွန်ထက်သော အရာတစ်ခုက အရှိန်ပြင်းစွာ ဝင်သွားသည်။

"အ . . . "

လောရှည် မျက်လုံးပြူး သွားသည်။ စူးခနဲ နာကျင်မှု၊ အံ့အားသင့်မှုတို့ဖြင့် တင်တင်ဝေကို ဖက်ထားသောလက်တို့ ပြေလျော့သွားသည်။ ငုံ့ကြည့်လိုက်တော့ သူ၏ရင်အုံမှာ စိုက်ဝင်နေသော သေးသွယ်သည့် စူးချွန်[illegible]ချောင်း . . . စီးကျလာသည့်သွေးများ။

သူ့အံ့အားသင့် ကြောင်နေခိုက် တင်တင်ဝေက ထိုစူးချွန်ကို ဆတ်ခနဲ ပြန်ဆွဲနှုတ်လိုက်သည်။ စူးချွန်ပြန်အထွက်မှာ သွေးတွေက ပြန်းခနဲ လိုက်ပါလာ၏။ တင်တင်ဝေ၏ ကျန်လက်တစ်ဖက်က လောရှည်၏ရင်ကို ဆောင့်တွန်း လိုက်သည်။ လောရှည်နောက်သို့ ဖင်ထိုင်လန်ကျသွား၏။ သွေးတို့ဖြင့် ရဲရဲနီသော နာကျင်သည့် ရင်ဘတ်ကို လောရှည် ဘယ်လက်ဖြင့် ဖိလိုက်သည်။

တင်တင်ဝေက နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

အချိန်အနေက ပြောင်းပြန်ဖြစ်သွားပေသည်။

စောစောက လောရှည်သည် ကျား၊ တင်တင်ဝေက သမင်၊ အခုတော့ လောရှည်က ဒဏ်ရာရနေသော ကျား၊ တင်တင်ဝေက မုဆိုး။

တင်တင်ဝေ့လက်မှာ သစ်သားကုလားထိုင်ကြီး ကိုင်လျက်သား။ အနုလှုပ်ချောက်ခြားနေသော်လည်း မိန်းမသားတစ်ဦး၏ နှလုံးအိမ်တွင်းမှ တွန်းကန်တော်လှန်လိုသော သတ္တိတွေက သူမမျက်နှာမှာ အပြည့်အဝ အထင်းသား။

"ကျွန်မက ဇိဝဗေဒသင်တဲ့ ဆရာမပဲ၊ ရှင့်နှလုံး တည်နေရာကို



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ဝင်တဲ့ စူးရှုန်ကြောင့် နှလုံးက သွေးယိုပြီး ရှင် မကြာခင် သေမှာပဲ၊ မသေခင် ဝေဒနာသက်သာအောင် မှိန်းနေဖို့. . . ”

လှုပ်လှုပ်ခတ်ခတ် ထွက်လာသော “စကားသံနှင့်အတူ. . .

တင်တင်ဝေ ကိုင်ထားသော ကုလားထိုင် လေတွင်မြောက်တက်သွားသည်က မြန်ပါဘိ၊ အရှိန်ပြင်းပါဘိ။

“ဒုန်း. . . ”

လောရှည် ထရပ်ဖို့ ကာကွယ်ဖို့ပင် အချိန်မရလိုက်။ ကုလားထိုင်က ခေါင်းပေါ်သို့ မိုးကြိုးပစ်လိုက်သလို ကျလာသည်။ လောရှည် ဘေးသို့ လဲကျသွားသည်။

♛ ♛ ♛

# ၁၈

လောရှည် ပြန်ထ လာမလာ တစ်ချက် ကြည့်လိုက်သည်။ နိုင်။ တအီအီ အသံထွက်နေသော်လည်း မီးဇာကုန် ဆီခမ်းချိန်နေပြီကို တင်တင်ဝေ သိလိုက်သည်။ စိတ်ချသွားရပြီ။ မိမိကိုယ်ကို ကွယ်ရင်း ခုခံတိုက်ခိုက်လိုက်ရသဖြင့် တစ်ဖက်လူ သည်သို့ ဖြစ်သွား ည့်အတွက် တင်တင်ဝေ တုန်လှုပ်သွားသည်တော့ အမှန်ပင်။

ကုလားထိုင်ကို ပစ်ချလိုက်သည်။

ပြီးသည်နှင့် နေရာမှ ဒရောသောပါး ပြေးထွက်ခဲ့သည်။ စော က လောရှည်ဖွင့်ခဲ့သည့် တံခါးမှ ပြေးထွက်လာခဲ့သည်။ လှေကား ထိုင်း ပြေးတက်လာခဲ့သည်။ လှေကားဆုံးလျှင် မြေညီထပ်ကို ရောက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး... သမီးလေး ဘယ်မှာပါလိမ့်"

ရုတ်တရက် တင်တင်ဝေ တန့်ရပ်သွားသည်။

သမီးလေးကို ရှာရမည်၊ ကယ်ရမည်၊ သို့သော် တိုက်ထဲတွင် လောရှည်အပြင် အခြား မည်သူရှိသေးသနည်း။ အခြားလူဆိုးတွေ ရှိနေချင်ရှိနေနိုင်သည်။ အော်ခေါ်၍လည်း မဖြစ်၊ ပေါ်ပေါ်ထင်ထင် လျှောက်ရှာ၍လည်း မရ၊ သူမ ပြေးထွက်လာကြောင်း သိသွားလျှင် မလွယ်။

တင်တင်ဝေ အနီးကပ်ဆုံး အခန်းနားသို့ ကပ်ကြည့်လိုက်သည်။ ထမင်းစားခန်း ဖြစ်ပုံရ၏။ မည်သူမျှ မရှိ။ သမီးလေးကိုလည်း မတွေ့။ ထိုအခန်းမှခွာကာ ရှေ့သို့ ခြေသံလုံလုံဖြင့် ထွက်လာခဲ့သည်။

ဧည့်ခန်း... ဧည့်ခန်းမှာလည်း မည်သူမျှ မမြင်ရ။ ယခုနေ တင်တင်ဝေ အိမ်ရှေ့မှ ထွက်ပြေးလျှင် လွတ်မြောက်သွားမည်မှာ သေချာသည်။

သို့သော် သမီးလေး ရှိနေသေးသည်။ သမီးလေးကို ထားခဲ့၍ မရ။ သမီးလေး မပါဘဲ တင်တင်ဝေ ဘယ်ကိုမှ မသွားနိုင်။ သမီးလေး လွတ်မြောက်ဖို့ သူမ ကြိုးစားရဦးမည်။ သူမ မလွတ်မြောက်လျှင် နေပါစေ၊ သမီးလေးက ပဓာန။

ဧည့်ခန်းမှ အပြင်သို့ မထွက်ဘဲ တိုက်အနောက်ဘက်သို့ တင်တင်ဝေ ပြန်ပြေးဝင်လာသည်။ လူရိပ်လူခြည်မတွေ့သဖြင့် တင်တင်ဝေ အနည်းငယ် ရဲသွားသည်။ မြန်မြန်သွက်သွက် လှုပ်ရှားလိုက်သည်။

တစ်ခန်းပြီး တစ်ခန်း ပြေး၍ရှာသည်။

နှုတ်မှလည်း ခပ်တိုးတိုး ခေါ်ကြည့်သည်။

"သမီးလေး... ဖူး..."

"ဖူးပွင့်ဝေ..."

ဖူးပွင့်ဝေထံမှ ထူးသံမလာ။ အောက်ထပ်အခန်းတွေ စုံသွားသည်။ ဖူးပွင့်ဝေကို မတွေ့။





"ဖူးပွင့်ဝေကို ဘယ်မှာထားပါလိမ့်"

တင်တင်ဝေ တွေးသည်။

အပေါ်ထပ်။ အပေါ်ထပ် ဖြစ်နိုင်သည်။ တင်တင်ဝေ အပေါ်ထပ်သို့ တက်ရန် လှေကားဆီသို့ ပြေးသည်။ တိုက်ရှေ့သို့ လှမ်းကြည့်မိသေး၏။ လူရိပ်လူယောင် မမြင်ရ။ စိတ်အနည်းငယ် အေးသွားသည်။ ယခုအချိန် ဤအိမ်မှာ လောရှည်ကလွဲ၍ မည်သူမျှ ရှိပုံမရ။ ကျန်လူများက ကိုဇော်မင်းနောက်သို့ လိုက်နေကြသည် ထင်၏။

တင်တင်ဝေ လှေကားထစ်များကို ခုန်ပျံကျော်လွှားပြေးတက်လာခဲ့သည်။

"သမီးလေး..."

"ဖူးပွင့်ဝေ"

အပေါ်ထပ်မှာ တစ်ခန်းပြီးတစ်ခန်း ပြေးလွှား၍ ရှာသည်။

တွေ့ပါပြီ။

အနောက်ဘက်က အခန်းလွတ်တစ်ခန်းထဲမှာ ဖူးပွင့်ဝေကို တွေ့ရသည်။ တံခါးက မှန်တံခါး။ အပြင်က သော့ခတ်ထားသည်။ ဖူးပွင့်ဝေက အခန်းထောင့်တစ်နေရာမှာ ထိုင်လျက် တရှုံ့ရှုံ့ ငိုနေသည်။

"သမီး..."

နှုတ်မှခေါ်ရင်း မှန်တံခါးကို လက်ဖြင့်ပုတ်လိုက်သည်။ ခေါ်သံကို ဖူးပွင့်ဝေ မကြားနိုင်သော်လည်း တံခါးကို လက်ဖြင့်ပုတ်သံကိုမူ ကြားပုံရ၏။ ငိုနေရာမှ မော့ကြည့်သည်။

"မေမေ..."

မိခင်ကို မြင်တွေ့လိုက်ရသဖြင့် ဖူးပွင့်ဝေ အားတက်သွားပုံရသည်။ ထိုင်ရာမှထကာ တံခါးဆီသို့ ပြေးလာသည်။

ဖူးပွင့်ဝေကို မည်သို့ကယ်ထုတ်ရပါ့။

"သမီး... သမီးကို မေမေကယ်မယ်... ခဏနေဦး မေမေ



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ဖို့ လုပ်ဦးမယ်''

မှန်တံခါးခံနေ၍ တင်တင်ဝေ့စကားကို ကြားသိနားလည်နိုင်မည်မဟုတ်စေကာမူ တင်တင်ဝေ၏ ပါးစပ်လှုပ်ပုံနှင့် အမူအယာကိုတော့ ဖူးပွင့်ဝေ နားလည်ပေလိမ့်မည်။ မျက်ရည်များဖြင့် ခေါင်းညိတ်သည်။

တင်တင်ဝေ ဘေးဘီဝဲယာကို လှည့်ကြည့်လိုက်သည်။ လက်နက်တစ်စုံတစ်ရာ မမြင်၊ ရှေ့ခန်းများဘက်သို့ ပြန်ထွက်ခဲ့သည်။ ဝရံတာမှာ ပလတ်စတစ်ခုံတစ်လုံးကို တွေ့ရ၏။ ခုံကိုကောက်ယူကာ တင်တင်ဝေသည် ဖူးပွင့်ဝေ အခန်းရှိရာသို့ ပြန်ပြေးလာသည်။

သားသမီးအတွက် စိုးရိမ်ပူပန်နေသော ဖခင်ကြောင့်မို့ထင်၏။ တင်တင်ဝေ၌ ကြောက်စိတ် လုံးဝမရှိ။ ယခုအချိန်၌ ရင်ဆိုင်ရမည်ဆိုလျှင် ကျားလည်းမကြောက်၊ ခြင်္သေ့လည်းမကြောက်၊ ဓားလည်းမကြောက်၊ သေနတ်လဲ မကြောက်။

အခန်းရှေ့တွင် တင်တင်ဝေ ရပ်လိုက်သည်။

''သမီး... နောက်ဆုတ်နေ၊ ဝေးဝေးနေ''

တင်တင်ဝေက နှုတ်ကပြောရင်း ဝေးဝေးနေရန် လက်ဖြင့်လည်း ပြသည်။ ဖူးပွင့်ဝေ နားလည်ပုံရ၏။ နောက်ဆုတ်သွားသည်။

တင်တင်ဝေက ကုလားထိုင်ကို လွှဲကာ မှန်တံခါးကို အားကုန် ရိုက်ခွဲလိုက်သည်။

''ခွမ်း...''

''ချလွမ်...''

မှန်ကွဲသွား၏။ မှန်စများ ကြမ်းပြင်ပေါ်ကျသည်။ မှန်ကွဲသွားသော်လည်း လူတစ်ယောက် ဝင်ထွက်၍ မရနိုင်သေး။ တင်တင်ဝေသည် နောက်တစ်ကြိမ် ကုလားထိုင်ကို မြှောက်ကာ ကွဲလက်စမှန်များကို ထပ်မံ ရိုက်ခွဲလိုက်ပြန်သည်။ ပြီးနောက်တစ်ကြိမ်။





ကုလားထိုင်ကို တင်တင်ဝေ ပစ်ချလိုက်သည်။

''သမီးလာ... လာ...''

တံခါးမှ ကျန်နေသော မှန်ကွဲအချွန်အစများကို ဆွဲနှုတ်ရင်း ဖူးပွင့်ဝေကို ခေါ်လိုက်သည်။

မှန်တံခါးက လူတစ်ကိုယ် ဝင်နိုင်အောင် ကွဲသွားခဲ့ပြီမို့ ပြေးလာသော ဖူးပွင့်ဝေကို တံခါးပေါက်ကာ လက်လျှိုကာ ပခုံးကို လှမ်းဆုပ်လိုက်သည်။

''သတိထားနော်... သမီး''

ဖူးပွင့်ဝေကို သတိပေးလျက် ကိုယ်တိုင်ကလည်း သတိကြီးစွာဖြင့် တံခါးပေါက်မှနေ၍ ဖူးပွင့်ဝေကို ဆွဲထုတ်သည်။ မှန်တံခါးပေါက်က သေးကျဉ်းကျဉ်း။ ဖူးပွင့်ဝေ၏ ခန္ဓာကိုယ်နှင့်က အံကိုက်လို ဖြစ်နေသည်။

''အမေ့...''

သတိထား၍ ဆွဲထုတ်သည့်ကြားမှပင် ဖူးပွင့်ဝေကို မှန်စတစ်ခုက ရှသွားသေးသည်။ သွေးစို့သွားသည်။ အမှန်ဆိုလျှင် တင်တင်ဝေ့လက်မောင်းများမှာလည်း မှန်ခြစ်ထားသဖြင့် သွေးစများ ရဲရဲနီနေ၏။ သို့သော် ဤမျှလောက်ကို ဂရုမစိုက်အား။ ဖူးပွင့်ဝေ အပြင်ရောက်သည်နှင့် ကြမ်းပြင်ပေါ်ကိုချ၊ လက်ကိုဆွဲကာ ''သွားစို့ သမီး''ဟုဆိုလျက် အပေါ်ထပ်မှ ပြေးဆင်းလာခဲ့သည်။

အောက်ထပ်မှာ မည်သူမျှ မတွေ့သေး။

ညှော်ခန်းကိုဖြတ်လျက် တိုက်ရှေ့သို့ ပြေးထွက်ခဲ့သည်။ စေ့ထားရှိသော ဘာဂျာတံခါးကိုဆွဲဖွင့်လျက် တိုက်ပြင်သို့ တင်တင်ဝေ ထွက်လိုက်သည်။

သစ်ပင်ပန်းမန်တို့ဖြင့် ဝေဆာနေသည့် ခြံဝန်းကျယ်ကြီးတစ်ခု အုတ်နံရံ မြင့်မြင့်ကြီးတွေက ခြံကျယ်ကြီးကို ကာရံထားသည်။ ခြံကျယ်ကြီးများ တိုက်အိမ်ကြီးများဖြင့် ရှိနေသည့် နေရာတစ်ခုသို့



www.burmeseclassic.com

www.burmeseclassic.com



တင်တင်ဝေ တွေးမိသည်။ မည်သည့်နေရာဟု တင်တင်ဝေ အတိအကျ မခန့်မှန်းနိုင်။

ဖူးပွင့်ဝေကိုဆွဲလျက် မည်သည့်ဘက်ကို ပြေးရမည်နည်းဟု တင်တင်ဝေ ရှာဖွေလိုက်သည်။ တံခါးပေါက် ။ ခြံရှေ့မှ နိုင်ခံ့ကြီးမားသော သံဇန်းတံခါးကြီး ဤခြံကြီးမှ လွတ်မြောက်ရန် ပြေးထွက်ဖြတ်ကျော်ရမည့် တစ်ခုတည်းသော ထွက်ပေါက်။

"သမီး... လာ"

အချိန်က တန်ဖိုးရှိသည်။ အပြင်သွားသူများ ပြန်မလာမီ ထွက်ပြေးနိုင်ဖို့က အရေးကြီးသည်။ တင်တင်ဝေသည် အချိန်ဆွဲမနေတော့ဘဲ ဖူးပွင့်ဝေ၏ လက်ကိုဆွဲကာ ခြံတံခါးဆီသို့ပြေးသည်။

ထိုအခိုက်မှာပဲဖြစ်၏။

ခြံအပြင်မှ ကားသံကို ကြားရသည်။ ကားရပ်သံ။ ခြံတံခါး အဝမှာပင်ဖြစ်၏။ ခြံတံခါးကို ဖွင့်နေသံများလည်း ပေါ်လာသည်။

"ဟာ,.. သူတို့ပြန်လာပြီ"

တင်တင်ဝေ ပြေးခြင်းကိုရပ်လိုက်သည်။ သမီးလက်ကို ဆွဲကာ ကားလမ်းကလေး၏ဘေး ပန်းခြုံများနောက်သို့ ပြေးဝင်လိုက်သည်။ အချိန်မီကလေးပင် ဖြစ်လေသည်။

တံခါးပွင့်လာပြီးနောက် မီးခိုးရောင်ဆလွန်းကားကလေး ဝင်လာသည်။ ကားဝင်လာသဖြင့် တင်တင်ဝေက သူတို့ကို မမြင်စေရန် ဖူးပွင့်ဝေကိုဖက်လျက် ပန်းခြုံအောက်သို့ ခေါင်းငုံ့တိုးဝင်နေလိုက်သည်။

မီးခိုးရောင်ဆလွန်းကား တိုက်ရှေ့ဆင်ဝင်အောက်မှာရပ်သွားသည်။ တင်တင်ဝေတို့ ခေါင်းမဖော်ရဲသေး။ ကားတံခါးဖွင့်ပိတ်သံများ ကြားရသည်။ လူများ ကားပေါ်မှ ဆင်းနေသံများလည်း ကြားရ၏။

ကိုဇော်မင်းကိုများ သူတို့ ဖမ်းခေါ်လာသလားဟူသော အတွေးက တင်ထင်ဝေခေါင်းထဲသို့ ဖျတ်ခနဲဝင်လာသည်။





"တံခါးကြီး ပွင့်နေပါလားကွ..."

"လောရှည်... လောရှည်..."

အသံများ ကြားလိုက်ရ၏။

ပန်းခြုံများနောက် ခေါင်းငုံ့နေရာမှ ဖြည်းဖြည်းမော့ကာ ပန်းပင်၏ အကိုင်းအခက်များကြားမှ ကားရှိရာသို့ လှမ်းကြည့်လိုက်သည်။

လူဆိုးနှစ်ယောက် တွေ့ရသည်။ တီရှပ်အနက်နှင့်လူက တိုက်ထဲသို့ ဝင်သွားသည်။ ကိုဇော်မင်းကို မတွေ့ရ။ ကိုဇော်မင်း မပါလာ၍ စိတ်တစ်မျိုး အေးသွားရသည်။

သို့သော် တင်တင်ဝေ စိတ်ပူသွားရပြန်သည်။ တီရှပ်အနက်နှင့်လူ အိမ်ထဲဝင်သွားလျှင် လောရှည်သေဆုံးနေသည်ကို တွေ့ရပြီး သူမတို့ ထွက်ပြေးသွားသည်ကို သိပေလိမ့်မည်။ သိလျှင် သူတို့ချက်ချင်းပင် မိမိတို့ကို လိုက်ရှာလိမ့်မည်။ မည်သို့ လုပ်ရပါ။

ဤနေရာမှ ဆက်၍ပုန်းနေ၍ကား မလွတ်နိုင်။ သူတို့လက်ပြန်ပါသွားလျှင်လည်း လွတ်မည် မဟုတ်။ သူတို့လူတစ်ယောက်ကို မိမိက သတ်ခဲ့ပြီးပြီလေ။

ခြံတံခါးဆီသို့ တင်တင်ဝေ လှမ်းကြည့်လိုက်သည်။ သံဇန်းတံခါးက ဖွင့်ဟလျက် တင်တင်ဝေ အားတက်သွားသည်။ ဆုံးဖြတ်ချက်ကိုလည်း ချက်ချင်း ချလိုက်သည်။

"ပြေးစို့သမီး... မေမေတို့ ပြေးမှ လွတ်မယ်"

ဖူးပွင့်ဝေကို ခပ်တိုးတိုး ငုံ့ပြောပြီး လက်ကိုဆွဲကာ နေရာမှ တင်တင်ဝေ တဟုန်ထိုး ထ၍ပြေးသည်။ သူတို့ပြေးသည်ကို ကားနားမှ ရပ်ကျန်နေသူက မြင်ပုံမရ။ ပန်းခြုံများကြားမှ လမ်းကလေးပေါ်ကျော်လွှားဆင်းကာ ပွင့်နေသော တံခါးဆီသို့ တင်တင်ဝေ အားသွန်၍ပြေးလာသည်။ ဖူးပွင့်ဝေခမျာလည်း မိခင်ဆွဲခေါ်သမျှ ကြောက်ကြောက်နှင့်လန့်



www.burmeseclassic.com

www.burmeseclassic.com



ဖရိုဖရဲ ကို့ယို့ကားယား ပါလာသည်။

သည်နေရာမှာ နန်းဆန်နေ၍မရ။ အသက်အန္တရာယ်အတွက် အရေးကြီးနေသည်။ တံခါးမှ ကျော်ထွက်နိုင်လျှင်လည်း လွတ်မြောက်ဖို့ ရာနိုင်နှုန်းပြည့်နီးပါး ဖြစ်သွားပြီ။ ခြံပြင်ရောက်သွားလျှင် အကူအညီလည်း တွေ့နိုင်သည်။ လူဆိုးများလည်း ပြောင်ပြောင်တင်းတင်း လိုက်လံဖမ်းဆီးနိုင်မည်မဟုတ်။

"မြန်မြန်... ဖူး... မြန်မြန်"

သံဇန်းတံခါးဝနား ရောက်လာသည်။

တိုက်အိမ်ထဲမှ အော်သံဟစ်သံ ကြားရသည်။ မသဲကွဲသော်လည်း လောရှည် သေ့ဆုံးနေသည်ကို သူတို့တွေ့သွားပုံရ၏။ သူတို့ ထွက်ပြေးသည်ကိုလည်း သိသွားပုံရ၏။

အပြေးခြေလှမ်းများကို ပို၍ အရှိန်မြှင့်လိုက်သည်။ ပွင့်နေသော တံခါးမှ ပြေးထွက်လိုက်သည်။

သို့သော် အရှိန်ဖြင့်မောင်းဝင်လာသော ကားဖြူကလေးတစ်စီးက ခြံတံခါးဝသို့ တိုးဝင်လာသည်ကို ဘွားခနဲမြင်တွေ့လိုက်ရပြီး တင်တင်ဝေ မျက်လုံးများ ပြာသွားသည်။

"ဟယ်..."

ကားကလည်း အရှိန်နှင့်၊ တင်တင်ဝေတို့ကလည်း အရှိန်နှင့်။ ကားက တင်တင်ဝေတို့ကို မြင်၍ထင်သည်။ ကားဘရိတ်ကို နင်း၍ တုံ့ခနဲရပ်သည်။ ကားဘရိတ်သံက ကျယ်လောင်စွာ။

"ကျွီ..."

ကားကရပ်သွားသော်လည်း အရှိန်နှင့် ဇောနှင့်ပြေးလာသော တင်တင်ဝေမှာ အရှိန်ကို မထိန်းနိုင်ဘဲ၊ ကား၏ ရှေ့ဦးပိုင်းကို ဝင်တိုက်မိတော့သည်။

"အမယ်လေး..."





မိမိက တိုက်သောအရှိန်မျှသာဖြစ်၍ တော်ပေသေးသည်ဟု ဆိုရမည်။ သို့မဟုတ်ပါက တစ်ကိုယ်လုံး လေတွင်မြောက်တက်သွားပေလိမ့်မည်။ သို့တိုင် တင်တင်ဝေ၏ ခန္ဓာကိုယ်မှာ ပြင်းစွာနာကျင်ခြင်းနှင့်အတူ လမ်းပေါ် ပုံလဲကျသွားသည်။ လက်က ဖူးပွင့်ဝေကို မလွှတ်တမ်း ဆွဲထားသဖြင့် ဖူးပွင့်ဝေပါ ဒလိမ့်ခေါက်ကွေး သူမအပေါ် ပိကျလာ၏။

ကားတံခါးဖွင့်သံ၊ လူများဆင်းလာသံ။

ခေါင်း၊ မျက်နှာ၊ လက်များမှ နာကျင်မှုများ၊ ခေါင်းထဲတွင် မူးဝေ ပြာနှောက်သွားမှုများကြားမှ အားယူပြီး မျက်လုံးဖွင့်ကာ မော့ကြည့်လိုက်သည်။

ဘောင်းဘီများဖြင့် ရပ်နေသူများ။ အရုပ်ဆိုးဆိုးမျက်နှာများဖြင့် လူကြမ်းကြီးနှစ်ဦး။ သူတို့ဘေးမှာ ကြိုးတန်းလန်းဖြင့် အခြားသူတစ်ဦး။ မျက်လုံးအဝိုင်းသားဖြင့်...

"ကို... ကိုဇော်မင်း..."

"ဖေ...ဖေဖေ..."

www.burmeseclassic.com

www.burmeseclassic.com

# နေဝိုးသော်

ရွှေနေမလေး မေစံရှားနှင့်
သွေးစွန်းသောနှလုံးသားများ၏ ရာဇဝင်
တမူထွင်ပြုချက်–၅၀၀၇၀၃၀၅၀၅

ထွက်ပြီ

# ၁၉

''မတင်တင်ဝေ… ''

ပြန်ထူးသံ မလာ။

''မတင်တင်ဝေ… ''

ပြန်မထူး။

''မတင်တင်ဝေ… ''

အသံပျောက်နေဆဲ…

ဖုန်းကို နားမှခွာလိုက်ပြီး အခြေအနေကို စောင့်နေသော ဦးလှမြင့်ကို မေစံရှား လှမ်းကြည့်သည်။ ဦးလှမြင့်က မျက်ခုံးပင့်လျက်–

''ခေါ်မရဘူးလား…''ဟု မေးသည်။

မေစံရှား ခေါင်းယမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးလေး… ကျွန်မ ခေါ်နေတာ ကြာပြီ၊ ပြန်ကိုထူးဘူး ဘာများဖြစ်နေပြီလဲ မသိဘူး"

မေစံရှားက စိတ်ပူစွာ ဖြေလိုက်သည်။

"ဟိုကောင်တွေက သူ့ယောက်ျားကို ခေါ်သွားတာ၊ သူတို့ဆီ ရောက်သွားပြီ ထင်တယ်၊ ယောက်ျားသားပါလာလို့ တင်တင်ဝေ နည်းနည်းတော့ အားရှိသွားမှာပေါ့… "

မေစံရှား ခေါင်းမညိတ်မိ။

ကိုဇော်မင်းသည် မတင်တင်ဝေပြောသလို လူပျော့ လူကြောက် တစ်ဦးသာ ဖြစ်သည်။ ကြည့်လေ မေစံရှားနှင့် ရုပ်နက်တို့ တိုက်ကြနိုက်ကြစဥ်… ဝင်ပါမလာဘဲ လှေကားမှ ပြေးဆင်းသွားသည် မဟုတ်ပါလား။ တင်တင်ဝေ အားကိုးရနိုင်မည် မထင်။

"ဒါပေမယ့် သူတို့လိုချင်တဲ့ပစ္စည်းက ကိုဇော်မင်းနဲ့အတူပါမသွားဘူးလေ၊ ပစ္စည်းက ကျွန်မဆီမှာ ပါလာတာဆိုတော့ သူတို့တွေ မကျေမနပ် ဖြစ်နေမှာပဲ၊ မကျေမနပ်နဲ့ မတင်တင်ဝေတို့ သားအမိကို မဲမှာပဲ စိုးရိမ်တယ်… "

"အင်း… ဒါတော့ ဟုတ်တယ်"

"ဒါပေမယ့်… တစ်ခုရှိတာက သူတို့လိုချင်တာ ကိုဇော်မင်းလည်းမဟုတ်၊ မတင်တင်ဝေတို့ သားအမိလည်း မဟုတ်တော့၊ သူတို့ကို တည်ကြက်လှုပ်ပြီး ကျွန်မဆီက… ပစ္စည်းကို သူတို့ ပြန်အရယူမှာ သေချာတယ်"

"သူတို့က တူမကို ဘယ်လို ဆက်သွယ်မလဲ"

မေစံရှား မျက်ခုံးကလေးတွန့်၍ ငြိမ်နေသည်။ စကားမပြန်။ စင်စစ်တော့ ရှေ့ဆက်ရမည့် အခြေအနေကို တွက်ဆနေမိခြင်းပင်ဖြစ်၏။

မိမိရလာသောပစ္စည်းကို ယခုပင် ရဲလက်သို့ သွား၍ အပ်





လား။ ရဲလက်သို့ အပ်လိုက်လျှင် မိမိတာဝန်ကျေပြီး… မိမိ၏ အလုပ်တစ်ပိုင်း ပြီးပြတ်သွားပြီဟု ဆိုနိုင်၏။ သို့သော် မတင်တင်ဝေတို့ သားအမိသား အဖသုံးဦး၏ ကံကြမ္မာကား မည်သို့ဖန်လာမည် မသိ။ အဆိုးဝါးဆုံး ဖြစ်ချင် ဖြစ်သွားနိုင်သည်။

ပစ္စည်းကို မိမိက မအပ်သေးဘဲ မတင်တင်ဝေတို့နှင့် အလဲအလှယ်လုပ်ရမလား။ ခက်သည်က သူတို့ကိုလည်း မေစံရှားမသိ။ မေစံရှားကိုလည်း သူတို့မသိ။ မည်သို့ ဆက်သွယ်မည်နည်း။

"ဖုရဲအုပ်ဝင်းမောင်နဲ့အဖွဲ့တော့ ဟိုနေရာကို ရောက်သွားပြီပေါ့၊ ဟိုနေရာမှာ သူတို့ မေးမြန်းစုံစမ်းကြမှာပဲ၊ ဒါပေမယ့် ခက်တာက ဦးလေးတို့ကလည်း သူတို့နဲ့ဆုံဖို့ အချိန်မရ၊ သူတို့ကလည်း ဦးလေးတို့ကို ရှာတွေ့မှာ မဟုတ်… "

ဦးလှမြင့်က စဉ်းစဉ်းစားစား ပြောသည်။

"ဦးလေး ဒီလိုလုပ်ပါ၊ ရဲအုပ်ကိုမောင်မောင်လတ်ဆီကို ထပ်ပြီး ဖုန်းဆက်ကြည့်ပါဦး… တွေ့ရင် ကျွန်မတို့ ဒီနေရာမှာ ရှိကြောင်း ဒီကိုလိုက်လာခဲ့ဖို့ အကြောင်းနဲ့ ကျွန်တို့အကျိုးအကြောင်းတွေ ပြောပြပေါ့။ အဲဒါ အကောင်းဆုံး ဖြစ်မယ်၊ ကိုမောင်မောင်လတ် ရောက်လာမှ သူနဲ့တိုင်ပင်ပြီး ဆက်လှုပ်ရှားကြမယ်"

"ကောင်းပြီ တူမ… "

"ကျွန်မ မတင်တင်ဝေဆီကို ဖုန်းထပ်ခေါ်လိုက်ဦးမယ်"

ဦးလှမြင့် ကားပေါ်မှ ဆင်းသွားသည်။ အနီးအနားမှာ ဖုန်းဆိုင် တစ်ခုခုရှာ၍ ရဲစခန်းကို သူ ဆက်သွယ်ပါလိမ့်မည်။ ရဲအုပ်မောင်မောင်လတ် ရောက်လာလျှင် မေစံရှား ညှိနှိုင်း၍ ရလိမ့်မည် မျှော်လင့်သည်။

မေစံရှားက ဖုန်းကို နားမှာ ပြန်အပ်သည်။

ယခင် ခေါ်နေကျ မတင်တင်ဝေ၏ အသံမကြား။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အသံသဲ့သဲ့ကလေး တစ်ခုတော့ ကြားမိ၏။

"မတင်တင်ဝေ. . . "

မေမံရှားက အသံအနည်းငယ်မြှင့်၍ ခေါ်လိုက်သည်။ ပြန်မထူး။

"မတင်တင်ဝေ. . . "

ထပ်ခေါ်သည်။ အသံမကြား။

"မတင်တင်ဝေ"

❦ ❦ ❦

# ၂၀

ဇော်ကျော် ခေါ် တီရှပ်အနက်နှင့်လူက သူ၏လက်ကိုင်ဖုန်းကို နားမှာ ကပ်ထားရာမှ ချလိုက်သည်။ မျက်နှာက ရှုံ့မဲ့နေသည်။ ခေါင်းကိုယမ်းပြီး. . .

"ဆရာကြီးကတော့ ရေရေလည်လည် ဒေါကန်နေတယ်၊ ပစ္စည်း ဟိုကောင်မလက် ပါသွားတာကို ငါတို့ညံ့လို့လို့ အပြစ်တင်တယ်၊ အခု ချက်ချင်း အဲဒီကောင်မကိုရှာပြီး ပစ္စည်းပြန်ရအောင် ယူရမယ်တဲ့။ ဟို သားအမိသုံးယောက်နဲ့ ပြန်လဲယူတဲ့၊ ပစ္စည်းမရရင်တော့ ငါတို့ မြွေကိုက်ပြီ"

ရှပ်နက်တီဘွားက ဘေးတွင်ရပ်နေသော စုတ်ချွန်းနှင့် အခြားလူနှစ်ယောက်ကို လှည့်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုလုပ်ပြီး ပစ္စည်းကို ရအောင်ယူမလဲ၊ ဟို မိန်းမက ပျောက်သွားပြီ၊ ဘယ်သူမှန်းလည်း သိမှမသိတာ''

စုတ်ချွန်း၏ စကား။ ခေါင်းကို ကုတ်သည်။ အဖြေရှာမရသည့်ဟန်။ 'ကျွတ်'ဟုလည်း မကျေမချမ်း အသံပြုသည်။

ကျွန်တစ်ယောက်က ရှေ့တိုးလာကာ...

''ကျွန်တော် ထင်တာကတော့ အဲဒီမိန်းကလေးက ရွှေနေမလေး မေစံရှားပဲ... ''ဟု ဝင်၍ ထင်ကြေးပေးသည်။ ထိုသူမှာ မေစံရှား လှေကားမှ ပြေးဆင်းလာစဉ်က ပိတ်ဆို့ခဲ့သူ နှစ်ယောက်အနက်မှ တစ်ယောက်ဖြစ်သည်။

''ဘာ... မေစံရှား''

တီရှပ်အနက်နှင့်လူက အလန့်တကြားလှည့်၍အော်သည်။ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဖြစ်သည်။

''ဟုတ်တယ် တီတူး၊ ကျွန်တော် သူ့ကို တရားရုံးမှာ မြင်ဖူးတယ်၊ သေချာပါတယ်၊ မေစံရှားမှ မေစံရှားပါ''

ပထမလူက အနိုင်အမာထပ်၍ ဆိုသည်။

''ငါက မေစံရှား နာမည်တော့ ကြားဖူးတယ်၊ နာမည်ကြီးတဲ့ ရွှေနေလိုက်ရာမှာတော်သလို စုံထောက်ရာမှာလည်း သူမတူဘူးတဲ့၊ လူတော့ မမြင်ဖူးဘူး၊ ဒါဆို ငါနဲ့ ဖိုက်တင်ချခဲ့ရတာ မေစံရှားပေါ့၊ အားပါး လက်ရည်ကလည်း ကောင်းတယ်ကွ''

''ခင်ဗျား ခံခဲ့ရတယ် မဟုတ်လား၊ ခံလိုက်ရရုံမကဘူး ပစ္စည်းပါ ပါသွားတာ... ''

စုတ်ချွန်းက အကွက်ဝင်နိုက် ဝင်၍နက်သည်။ စကားသံမှာ ရိတိတိ ပါ၏။ တီတူး မျက်နှာ ညှိုးမည်းသွားသည်။

''နေရာကလည်း ကျဉ်းကျပ်လို့ပါကွာ၊ ပြီးတော့ မိန်းကလေးဆိုပြီး ငါက အထင်သေးလိုက်လို့ပါ၊ နောက်တစ်ခါတွေ့ရင် ငါ့အကြောင်း





ပြရသေးတာပေါ့၊ ကဲ... ဒါဆို အဲဒီမေစံရှားကို ငါတို့ အခုချက်ချင်း ရှာမှဖြစ်မယ်... သူ့ကို ဘယ်မှာ တွေ့နိုင်မလဲ... ''

ရှပ်နက်တီတူး၏ ဆုံးဖြတ်ချက်နှင့် မေးခွန်း။

''ပစ္စည်းရသွားတော့ သူ... ရဲစခန်း သွားချင်သွားမှာ၊ ရဲကို ပစ္စည်းအပ်လိုက်ရင် ဘယ်လိုလုပ်မလဲ''

ငြိမ်နေသော... တစ်ယောက်က ထင်မြင်ချက်ပေးသည်။ ...း ခွန်းပြန်ထုတ်သည်။ စုတ်ချွန်းက 'ဟုတ်တယ်'ဟု ထောက်ခံသည်။

''ငါ့အထင်တော့ ပစ္စည်းကို ရဲလက်ကို မအပ်လောက်သေးဘူး၊ စဉ်းစားကြည့်၊ သူဟာ ငါတို့ ဖမ်းခေါ်ထားတဲ့ တင်တင်ဝေနဲ့ အဆက်အသွယ် တစ်ခုခု ရပုံပဲ။ ဘယ်လို အဆက်အသွယ်ရသလဲသာ ...သိတာ။ ငါတို့ အဝေးပြေးကိတ်မှာတုန်းက သူ ပေါ်လာတာ ကြည့်...။ လျင်တော့လျင်သားမောင်... စုတ်ချွန်း ကားနဲ့ဝင်ဆောင့်တာ ...ို လှုလှုပပလေး ရှောင်ထွက်သွားတာ... ''

တီတူးက ပြန်ပြောသည်။

စုတ်ချွန်းက တစ်စုံတစ်ခုကို သတိပြုမိဟန်ဖြင့်...

''တီတူး... ဘာသံလဲ''ဟု နားစွင့်ရင်း မေးသည်။ စုတ်ချွန်း၏ စကားသံကြောင့် တီတူးရှပ်နက်က စကားကိုရပ်ကာ စုတ်ချွန်းလို ...် နားစွင့်လိုက်သည်။ အားလုံး ငြိမ်သွားသည်။ ထိုအခါမှ ခြည်...ထဲမှာ သတိထားမိစရာ အသံကလေး ကြားလာရ၏။

အသံညက်ညက် တိုးတိုးကလေး...

''ဟာ... ဖုန်းကွ... ဖုန်း''

တီတူးက ပြောပြောဆိုဆို ခုံပေါ်ရှိ ဖုန်းရှိရာသို့ ကပျာကယာ ...ပြီး ဖုန်းခွက်ကို ကောက်ယူလိုက်သည်။ စောစောက လောရှည် ...ထောင်ပြီး ပြန်အချတွင် အံမကျသော ဖုန်း။

တီတူးက ဖုန်းခွက်ကို နားမှာကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မတင်တင်ဝေ . . . "

ခေါ်သံဖြစ်သည်။ မိန်းကလေးအသံ။

တီတူး မျက်လုံးပြူးသွားသည်။ စုတ်ချွန်းနှင့် သူ့လူများ၏ မျက်လုံးပြူးကြောင်ကြောင်ဖြင့် လှည့်ကြည့်သည်။ သူ့လူတွေက ဘာလဲဟူ၍ စိတ်ဝင်စားစွာ ဝိုင်းလာကြသည်။

"မတင်တင်ဝေ . . . "

တစ်ဖက်မှ ထပ်ခေါ်နေသည်။

တီတူး အထာပေါက်သွားပြီ။ ဒါ . . . မေစံရှား၏ တင်တင်ဝေနှင့် ဖုန်းအဆက်အသွယ် ရခဲ့၍ဖြစ်မည်။ စောစောက မြေအောက်အခန်းထဲမှာ လောရှည် လက်ကျစသေဆုံးနေသည့်နေရာ၌ ဖုန်းအစိတ်အပိုင်းများ ကွဲကြေရှုပ်ပွနေသည်ကို သူ တွေ့ခဲ့ရ၏။ ထိုအစိတ်အပိုင်းများဖြင့် တင်တင်ဝေမည်သို့ . . . အပြင်ကို ဆက်သွယ်ခဲ့သည် မသိနိုင်သော်လည်း ဖုန်းအဆက်အသွယ် ရသွားသည်ဆိုသည်ကတော့ သေချာသည်။ ထို့ကြောင့်လည်း မေစံရှား သူတို့နောက် တကောက်ကောက် လိုက်လာနိုင်ခြင်းပဲ ဖြစ်သည်။

"မတင်တင်ဝေ . . . "

မေစံရှားအသံ ထပ်ပေါ်လာ၏။ စိုးရိမ်တကြီး ခေါ်နေသံ ရှုပ်နက်တီတူး ပြုံးလိုက်သည်။ စောစောက ပြတ်နေသော ကွင်းဆက်ကို ယခု ပြန်ချိတ်မိပြီ။ ပျောက်နေသော လမ်းစကို ပြန်ကောက်မိပြီ တီတူး ပျော်သွားသည်။

"မတင်တင်ဝေ ရှိပါတယ် . . . မေစံရှား"

"ဟင် . . . "

"အံ့သြသွားလား . . . ရွှေနေမလေး မေစံရှားရယ်"

"ရှင် . . . ဘယ်သူလဲ"

"မင်း မိတ်ဆွေကြီးပေါ့ . . . "





"ဘာ . . . "

"မင်း ငါ့ဆီက ဗီဒီယိုကာစ်မရာ လုသွားတာလေ၊ ငါ့အဒိုက်မှာ မထင်မှတ်ဘဲ . . . မင်း . . . ဝင်ပြီး လုသွားတာ . . . "

ဘေးလူတွေ ရှေ့မှာမို့ တီတူးက လူကြားကောင်းအောင် ဟန်လုပ် အကွက်ဆင် ပြောသည်။

"ဒါကတော့ ရှင်ညံ့လို့ ရှုံးခံရတာပဲ"

မေစံရှားကလည်း ဖုန်းပြောသူ မည်သူဖြစ်သည်ကို သိသွားလောက်ပြီ ဖြစ်၏။

"ဒီမှာ မေစံရှား"

"ပြောပါ . . . "

"တင်တင်ဝေရော၊ ဖူးပွင့်ဝေရော၊ ဇော်မင်းရော၊ သုံးယောက်စလုံး ငါ့လက်ထဲမှာ ရှိတယ်၊ သူတို့ခမျာ သနားရောကွာ၊ သေမိန့်ကို မျက်နှာငယ်ကလေးတွေနဲ့ စောင့်နေကြရတာ၊ ကြောက်လွန်းလို့ တုန်နေတာပဲ၊ ဒါတောင် ငါတို့က နည်းနည်းပါးပါးပဲ ရိုက်တာပါ၊ ငါတို့လိုချင်တာ မရရင်တော့လည်း တစ်မျိုးပေါ့ကွာ"

"ရှင် . . . အကြောင်းရိုက်မနေနဲ့ မယုံဘူး"

မေစံရှားက သွေးတိုးစမ်းလိုက်ခြင်း ဖြစ်သည်။ တီတူး မျက်နှာခက်ထန်သွားသည်။ သူ့လူများဘက် လှည့်ကာ . . .

"ဟောကောင် စုတ်ချွန်းနဲ့ တီဖိုက် . . . ဟိုသုံးယောက်ကို သွားခေါ်လာခဲ့စမ်း . . . သူတို့မိတ်ဆွေကြီးနဲ့ စကားပြောနိုင်းရအောင်" ဟု နိုင်းသည်။ စုတ်ချွန်းနှင့် တီဖိုက် ထွက်သွားသည်။

"မင်း ယုံအောင် ငါ . . . သက်သေပြမှာပေါ့၊ ငါက ပြောသလို လုပ်တဲ့ကောင် . . . မင်းလူတွေရဲ့အသက် ငါ့လက်ထဲမှာဆိုတာ မင်းမေ့သေသေချာချာ သဘောပေါက်ထားပါ"

"ဘယ်မှာလဲ . . . မတင်တင်ဝေ"



www.burmeseclassic.com

www.burmeseclassic.com



"နို့ပါတယ်ဗျာ... သွားခေါ်နေပါပြီ"

"ရှင်တို့က ဘာလိုချင်တာလဲ"

"ဟ... မသိချင်ဟန် ဆောင်နေပြန်ပြီ၊ မင်းပဲ ဖို့ဆီက လုသွားတာ၊ ကင်မရာလေ... ဗီဒီယိုကင်မရာ..."

"အိုရှင် ဗီဒီယိုကင်မရာ အစုတ်ပလုတ်လေးများ ဒီလောက် အပင်ပန်းခံလို့... ဘယ်မှာဝယ်ဝယ် ရပါတယ်၊ မိသားတစ်စုကို ပြန်ပေးဆွဲဖို့ထိ မလိုပါဘူး..."

မေစံရှားက စကားနှိုက်လိုက်ပုံရ၏။ တီတူးက ထိုအကွက် ကို မြင်သည်။

"အဲဒါ မင်းအလုပ် မဟုတ်ပါဘူး ငါတို့ အလုပ်ပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ရှင်၊ ဥပဒေကို ချိုးဖောက်တာကတော့ ပြစ်မှု ဖြစ်နေပြီ၊ မကြာခင် ရှင်တို့အလှည့်ရောက်လာမှာပဲ၊ မိုးဆိုတာ တစ်ချိန် လုံး မကောင်းနိုင်ပါဘူး"

"ဆရာတီတူး ဒီမှာ ရောက်လာကြပြီ"

စုတ်ချွန်းက ည့ခန်းထဲသို့ တင်တင်ဝေတို့ မိသားစုကိုခေါ် ၍ဝင်လာရင်း လှမ်းပြောလိုက်သည်။ တင်တင်ဝေ၊ ဖူးပွင့်ဝေနှင့် ကိုဇော် မင်း။ လက်ကောက်ဝတ်မှာ ကြိုးတွေနှင့်။

"မေစံရှား... မင်း မိတ်ဆွေတွေလာပြီ၊ စကားပြောလိုက်ပါ ဦး"

"ဟော့... ဟိုမိန်းမ ဒီနားကိုလာ... ရှေ့မှန်း"

စုတ်ချွန်းက တင်တင်ဝေကို ဆောင့်တွန်းလိုက်ရာ တီတူးရှေ့ သို့ တင်တင်ဝေ ဟပ်ထိုးဟပ်ထိုးနှင့် ရောက်လာသည်။ တင်တင်ဝေ ကို ဖုန်းလှမ်းပေးလိုက်ရင်း...

"ပြောလေ မေစံရှားတဲ့... မင်းမိတ်ဆွေ"ဟု တီတူးကပြော သည်။ ငိုထားသဖြင့် နီရဲနေသော မျက်လုံးများဖြင့် တင်တင်ဝေက





တီတူးကို ကြည့်ရင်း ဖုန်းကိုလှမ်းယူသည်။ မငိုမရဲ။ လက်တွေ တုန်နေ ၏။

ထိုအခိုက်မှာ...

တီတူးက ဇော်မင်း၏ဘေးရှိ တီဖိုက်ကို မျက်ရိပ် လှမ်းပြ သည်။ တီဖိုက်က ခေါင်းတစ်ချက် ဆတ်လိုက်ပြီး တင်တင်ဝေရှိရာသို့ ငေးနေသော ဇော်မင်းအား ဓက်ပိုးကို ဖြောင်းခနဲ အုပ်ထည့်လိုက်သည်။

မထင်မှတ်ဘဲ ရိုက်ချလိုက်ခြင်းဖြစ်၍ ဇော်မင်းသည် အားခနဲ အော်ပြီး ဆက်တီတွေကြား ဝုန်းခနဲ လဲပြိုကျသွားသည်။ ဖူးပွင့်ဝေ၏ ကြောက်လန့်တကြား အော်ဟစ်လိုက်သံနှင့် တင်တင်ဝေ၏ "မလုပ်ပါနဲ့ မလုပ်ပါနဲ့"ဟု ငိုယိုဟန့်တားလိုက်သံ... အခန်းထဲမှာ ဆူညံပြည့် ဟီးသွားသည်။

တီတူးတို့အားလုံး တဟားဟား ရယ်လိုက်ကြသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## နေဝိုးသော်

ရွှေနေမလေး မေစံရှားနှင့်
သည်းထိတ်ဖိုဝိဉာဉ်များ၏အသံ
တမူနှင့်ပြချက်–၅၀၀၉၇၄၀၅၀၇

ထွက်ပြီ

## ၂၁

မေစံရှားမျက်လုံးတွေ ဝိုင်းကနဲဖြစ်သွားသည်။ ရင်ထဲမှာ ထိတ်ခနဲ။ ဖုန်းထဲမှာ ကြားလိုက်ရသည်က ရှုပ်ထွေးဆူညံလှသော အသံများ။ ကိုဇော်မင်း အော်သံ၊ ဖူးပွင့်ဝေ၏ ကြောက်လန့်တကြား အော်သံ။ ပြီးတော့ မတင်တင်ဝေ၏ မလုပ်ပါနဲ့ဟူသော ငိုသံဖြင့် တောင်းပန်သံ။ ဟိုလူတွေ၏ ရယ်မောသံများ။

"မတင်တင်ဝေ . . . မတင်တင်ဝေ"

မေစံရှားက နာမည်ကို ထပ်ခါတလဲလဲ ခေါ်လိုက်၏။

"မေစံရှား . . . "

ငိုသံ ရှိုက်သံတွေနှင့် မတင်တင်ဝေ ထူးသည်။

"ခု . . . ဘယ်လို ဖြစ်နေတာလဲ"

"မေစံရှား ကြားတဲ့အတိုင်းပဲ၊ ကျွန်မတို့ သုံးယောက်စလုံး သူတို့လက်ထဲမှာ . . . "

"သူတို့က နှိပ်စက်နေကြတာလား"

"အင်း . . . "



www.burmeseclassic.com

www.burmeseclassic.com



မတင်တင်ဝေ ပြောမည့်စကား မဆက်တော့။ တစ်စုံတစ်ယောက်က ဖုန်းကို ပြန်ဆွဲယူလိုက်ပုံ ပေါ်သည်။ အသံတစ်သံ ပေါ်လာ၏။

"သွား . . . မင်းယောကျ်ားနား သွားနေ၊ ငြိမ်ငြိမ်နေနော် မငြိမ်ရင် နာမယ်" ဟူသော ကြိမ်းဝါးသံ။ ဖုန်းထဲမှာ ကြားရ၏။ စောစော က မေစံရှားနှင့် စကားပြောသူ၏အသံဖြစ်သည်။ တီတူးဟု အမည်ရှိ သူ။ မေစံရှားနှင့် ဖိုက်တင်ချခဲ့ရသူ။ ရုပ်အကျီအနက်နှင့်လူ။ သူတို့ထဲ မှာ တီတူးက ခေါင်းဆောင်လား မသိ။

ဦးလှမြင့် ပြန်ရောက်မလာသေး။ ရဲအုပ်မောင်မောင်လတ်နှင့် အဆက်အသွယ် ရနေသည်ထင်၏။

ဖုန်းကိုနားမှာကပ်ရင်း အသံတွေ နားစွင့်ရင်း မေစံရှား ခေါင်း ထဲမှာ အခြေအနေကို မည်သို့ရင်ဆိုင်ရမည်ကို အကွက်ချနေမိ၏။ ဗျူ ဟာတစ်ခုတော့ ခင်းရတော့မည်။ အနေအထားက သူတို့ဖက်မှာ ပိုင်ကွက် ရှိနေသလို မိမိမှာကလည်း ဝှက်ဖဲရှိနေ၏။ သို့သော် သူတို့ပိုင်ကွက်က အပွင့်သာနေသည်။ အမြင်မှာ မိမိဖက်က အရေးနိမ့်နေ၏။ မိမိ မက တတ်လျှင် ရှေ့တွင် ဆက်လာမည့် ဖာတ်လမ်းမှာ ငိုချင်းရှည်ဖြစ်သွားနိုင် သည်။ ဤအခြေအနေကိုပင် မေစံရှားက ကြိုက်သည်။ ကြောင်လက် သည်းကို ဝှက်ထားမှ။ ထိုးမည့်ဆင် ခြေတစ်လှမ်းဆုတ်ထားမှ။

"မေစံရှား . . . "

တီတူး၏အသံ ဖုန်းထဲမှာ ပေါ်လာသည်။

"ပြောပါ . . . "

"တင်တင်ဝေနဲ့ စကားပြောလိုက်ရတယ် မဟုတ်လား၊ အသံ တွေလည်း ကြားလိုက်ရတယ် မဟုတ်လား"

"အင်အားနဲ့ အနိုင်ကျင့်တာ ယောကျ်ားကောင်း အလုပ် မဟုတ်ဘူး တီတူး . . . "





"သြော် . . . မင်းက ငါ့နာမည်လည်း သိနေပြီကိုး"

"လိုရင်း ပြောပါ"

မေစံရှားက တစ်ကွက်စ၍ ရွှေ့သည်။ စစ်တုရင်ခုံပေါ်မှာ သူတို့ က အကွက်သာနေပြီဆိုတော့ . . . ကျွေးသင့်သည့် အကောင်ကို ချ ကျွေးပြီး သူ၏ဘုရင်မကို ဖြိုလှဲ၊ သူ၏ ဘုရင်ကြီးကို အငိုက်တိုက်ဖို့ပဲ မေစံရှား ကြည့်ရတော့မည်လေ။ မိမိဆင်မည့်အကွက်ကို သူတို့ မမြင် အောင် ဖရိုဖရဲ တင်ပြရမည်လေ။

"ဟဲ ဟဲ . . . မင်းလိမ္မာသားပဲ"

"အပိုတွေ မပြောနဲ့ . . . ပေရှည်တယ်"

"စိတ်မတိုပါနဲ့ အမိရယ်၊ မင်းရဲ့ သက်ရှိလူသားမိတ်ဆွေ ယောက်ရဲ့အသက်ကို မင်း နှမြောတယ် မဟုတ်လား"

"ဒါကတော့ လူကိုးရှင့်"

"ဟုတ်ပြီလေ . . . ငါတို့ လိုချင်တာက သူတို့အသက်နဲ့ ရင် ဘာမှ မပြောပလောက်တဲ့ အက်မဲ့ပစ္စည်းလေးပါ၊ ဒါကလည်း မတရားလုသွားတဲ့ ငါတို့ပစ္စည်းပါ"

မေစံရှား ခင်းသောအကွက်သို့ သူပြန်ဝင်လာပြီ။ မေစံရှား လိုက်သည်။

"စောစောကတော့ ကျွန်မက ဒီပစ္စည်းကို ရဲလက်အပ်မလို့ ားနေတာ၊ ခုတော့လည်း ဘာတတ်နိုင်မှာလဲ၊ ရှင်တို့ လိုချင်ရင် ပေးရတော့မှာပေါ့"

"မင်း . . . သဘောပေါက်သွားပြီကိုး၊ ဟဲဟဲ မင်းလည်း တတ်တစ်ယောက်ပဲလေ၊ ဘာမှ တန်ဖိုးမကြီးတဲ့ ပစ္စည်းတစ်ခုကို ဖိုးအလွန်ကြီးတဲ့ လူသုံးယောက်ရဲ့ အသက်နဲ့ လဲယူဖို့ ဝန်မလေး ဆိုတာ မင်း မှန်ပါတယ်၊ တစ်ခုတော့ရှိတယ်နော်၊ ငါတို့က သူတော် င်းတွေတော့ မဟုတ်ဘူး၊ တုတ်တွေ၊ ဓားတွေ၊ သေနတ်တွေနဲ့

www.burmeseclassic.com



ကစားနေကြတဲ့ ကောင်တွေ၊ ရဲကို သတင်းပေးလိုက်တာမျိုးတော့ မင်း မိုက်မိုက်မဲမဲ မလုပ်ဖို့ လိုတယ်"

"ကျွန်မ သဘောပေါက်ပါတယ်၊ ကျွန်မ ရဲကိုလည်း မတိုင်ပါဘူး။ ရှင်တို့ လိုချင်တဲ့ပစ္စည်းလည်း ပြန်ပေးပါ့မယ်၊ မတင်တင်ဝေတို့ ကိုတော့ အန္တရာယ်မပေးပါနဲ့"

"မင်းဘက်က ကတိတည်ရင် ငါတို့ဘက်ကလည်း ကတိတည်မှာပေါ့"

"ကျွန်မက စကားနဲ့အလုပ် ညီတာပဲ ကြိုက်တယ်နော်၊ မိန်းကလေးဆိုပေမယ့် သတ္တိတော့ မကြောင်ဘူး"

"ဟား... ကြိုက်သွားပြီကွာ၊ ကြိုက်သွားပြီ၊ ကဲ... ဒီလိုဆိုတော့ မင်းလိုချင်တာနဲ့ ငါတို့လိုချင်တာ လဲလှယ်ဖို့ သဘောတူတယ်ပေါ့..."

"တူတယ်..."

"ပစ္စည်းကို ငါတို့က ခုချက်ချင်း လိုချင်တာ"

"ရတယ်၊ ကျွန်မလက်ထဲမှာ ခုရှိတယ်၊ အဆင်သင့်ပဲ"

"ဒါဆို... အချိန်ကလည်း ကိုက်ပြီ... နေရာ..."

"ရှင်တို့နေရာကို ကျွန်မလာခဲ့ရမလား"

မေစံရှားက ထပ်မံ၍ သွေးတိုးစမ်းလိုက်သည်။ တီတူးရယ်သံကြားရ၏။

"ငါတို့ ဒီလောက် မတုံးဘူး၊ တစ်နေရာရာမှာ တွေ့မယ်"

"ဘယ်မှာလဲ"

"နေဦး ငါတို့ တိုင်ပင်လိုက်ဦးမယ်၊ ပြီးရင် ဖုန်းပြန်ခေါ်မယ် မင်းရဲ့ ဖုန်းနံပါတ်ပေး..."

မေစံရှား ထပ်မံ၍ ကျေကျေနပ်နပ် ပြုံးလိုက်သည်။ မေစံရှားအတွက် တစ်ကောင်ရပြန်ပြီ။ တစ်ကွက် ရပြန်ပြီ။ သူတို့ ဖုန်းခေါ်





လျှင် မေစံရှား၏ လက်ကိုင်ဖုန်းမှာ သူတို့ ဖုန်းနံပါတ်ပေါ်မည်။ မှတ်ထားလိုက်ရုံပဲ။

မေစံရှားက သူမ၏ လက်ကိုင် ဖုန်းနံပါတ်ကို ပြောသည်။

"အိုကေ... ခဏနေရင် ဖုန်းပြန်ဆက်မယ်၊ စောင့်နေပါ"

တစ်ဖက်မှ ဖုန်းချသွားသည်။

ဦးလှမြင့်လည်း မရှိ။ ရဲအုပ်မောင်မောင်လတ်လည်း မရောက်လာသေး။ မေစံရှားကတော့ သူမဘာသာ ဆုံးဖြတ်ချက်ချလိုက်ပြီး ဖြစ်သည်။ သည်အခြေအနေမှာ သည်သို့ပင် ဆုံးဖြတ်ရမည်။ သည်ဆုံးဖြတ်ချက် အကောင်းဆုံးဖြစ်သည်ဟု မေစံရှား ယုံကြည်သည်။

တင်တင်မေစန္ဒာကတော့ အဆက်အသွယ် မရတော့ပြီ။

မေစံရှား ဖုန်းကိုပိတ်ကာ ဂျင်းဂျာကင်အိတ်ထဲ ပြန်ထည့်သည်။

အရေးထဲမှာ ဗိုက်ထဲက တဂွီဂွီ ဆန္ဒပြသံတွေက ညံတက်လာပြန်၏။ ဖြစ်ရမည်လေ။ အချိန်က နေ့လယ် သုံးနာရီ ကျော်နေပြီ။ နံ နက်စာ မစားရသေး။

"တူမ..."

ဦးလှမြင့် ပြန်ရောက်လာသည်။

"ရဲအုပ်မောင်မောင်လတ်နဲ့ အဆက်အသွယ်ရတယ်၊ တူမ ပြောခိုင်းတာတွေအားလုံး ပြောပြလိုက်တယ်၊ ဒီမှာ ရှိကြောင်းလည်း ပြောလိုက်တယ်၊ သူ လိုက်လာလိမ့်မယ်၊ စောစောက သူတို့ ဟိုနေရာကို ရောက်ပြီးခဲ့ပြီ၊ ဦးလေးတို့ ထွက်သွားပြီး... မကြာဘူး၊ ရောက်သွားကြတာ၊ ဒါပေမယ့် ဘယ်ဆက် လိုက်ရမှန်းမသိ ဖြစ်နေလို့တဲ့၊ အခြား ရဲစခန်းတွေကိုလည်း အကြောင်းကြားထားတယ်တဲ့။

သတင်းပို့သည်။ ဦးလှမြင့်ထံမှ သတင်းကြောင့် မေစံရှားအားတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး စောစောက တင်တင်ဝေနဲ့ စကားပြောလိုက်ရတယ်"

"ဟုတ်လား. . . အခြေအနေ ကောင်းလား"

"သူတို့ သုံးယောက်စလုံး ဟိုလူတွေလက်ထဲ ရောက်နေပြီလေ၊ ကြည့်ရတာ သူ ကျွန်မနဲ့ ဖုန်းဆက်သွယ်တာကိုလည်း ဟိုလူတွေ သိသွားပုံပဲ။ ကျွန်မနဲ့ ဗီဒီယိုလုရင်း ချခဲ့ရတဲ့ တီရှပ်အနက်နဲ့လူနဲ့ ကျွန်မ စကားပြောလိုက်ရတယ်. . ."

"ဘာတဲ့လဲ တူမ. . ."

"သူတို့က မတင်တင်ဝေတို့ သုံးယောက်နဲ့ ဗီဒီယိုကင်မရာကို လဲဖို့ ပြောတယ်. . ."

"တူမက ဘာပြောလိုက်လဲ. . ."

"သဘောတူလိုက်တယ်. . ."

"ဒါဆို တူမ ဘာဆက်လုပ်မလဲ"

"သဘောမတူလို့ မဖြစ်ဘူးလေ ဦးလေးရဲ့၊ မတင်တင်ဝေတို့ အသက်က သူတို့လက်ထဲမှာ၊ ဒီတော့ ပစ္စည်းနဲ့ အလဲအလှယ်သွားလုပ်ရမှာပဲ"

"ဘယ်တော့လဲ. . . ခုလား. . . ဘယ်မှာသွားလဲရမှာလဲ"

ဦးလှမြင့် စိတ်လှုပ်ရှားသွားပုံရသည်။ မေးခွန်းတွေ ဆက်တိုက်ထွက်လာသည်။

"သူတို့ကတော့ အချိန်မဆိုင်းချင်ဘူး ခုချက်ချင်းပဲ နေရာက သူတို့ဆွေးနွေးပြီးရင် ဖုန်းဆက်မယ်တဲ့၊ စောင့်နေပါဆိုလို့ ကျွန်မ စောင့်နေတာ"

"ရဲအုပ် မောင်မောင်လတ်. . . ခုရောက်လာရင်ကောင်းမှာဘဲ"

ဦးလှမြင့်က ဆန္ဒပြုသည်။





သို့သော် ဦးလှမြင့်ဆန္ဒရှိသလို ရဲအုပ်မောင်မောင်လတ် ရောက်မလာသေးဘဲ ဖုန်းကမြည်လာသည်။

"ဒါ. . . သူတို့ဆီက ဖုန်းဖြစ်မှာပဲ"

မေစံရှား. . . ဖုန်းနံပါတ်ကို မှတ်ထားလိုက်သည်။ ဖုန်းထဲမှာ သိမ်းထားလိုက်သည်။

"ဟဲလို. . ."

"မေစံရှား. . ."

"ပြောပါ. . ."

"မင်းမှာ ကားရှိလား. . ."

"ရှိတယ်. . ."

"ကောင်းပြီ၊ မင်းတစ်ယောက်တည်း ကားမောင်းပြီး မင်္ဂလာဒုံလမ်းမကြီးအတိုင်း မောင်းလာခဲ့ပါ၊ လေဆိပ်အဝင်လမ်း မရောက်ခင် မြောက်ဥက္ကလာဘက်ကို ချိုးတဲ့ လမ်းခွဲနားက စောင့်ပါ၊ ငါတို့လာခဲ့မယ်၊ ပြီးမှ ဆက်ပြောမယ်"

"မတင်တင်ဝေတို့ သုံးယောက်စလုံး ပါလာပါစေနော်"

"အဲဒါ စိတ်ချ. . . မင်းဘက်ကလည်း ပစ္စည်းပါပါစေ"

"ရတယ်. . ."

"အလဲအလှယ်ကိစ္စ အသာတကြည် ဖြစ်ချင်ရင်လည်း တစ်ယောက်တည်း လာနော်၊ နောက်ကလည်း ဘယ်သူမှ ပါမလာစေနဲ့၊ မင်းဘက်က ဖောက်ဖျက်ရင် ငါတို့အဆိုးမဆိုနဲ့"

"နားလည်တယ်. . ."

"ဒါဆို ခု ထွက်လာတော့၊ နောက် ၁၅မိနစ်လောက်မှာ ငါတို့ ဖုန်းထပ်ဆက်မယ်. . ."

"ကောင်းပြီ. . ."

မေစံရှား ဖုန်းကိုပိတ်ပြီး ဂျင်းဂျာကင် အပေါ်အိတ်ထဲ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ထွေ့သည်။ ဦးလှမြင့်က– "တူမ . . . အခြေအနေ . . . "ဟု စိတ်မောစွာ မေးသည်။

"ချိတ်လိုက်ပြီ ဦးလေး"

"ဘယ်ကိုလဲ . . ."

"မင်္ဂလာဒုံ လေဆိပ်အဝင်လမ်း မြောက်ဥက္ကလာဘက် ချိုးတဲ့ လမ်းခွဲနားကိုတဲ့ , . . အခု လာခဲ့ရမယ်တဲ့"

"ဒါဆို သွားကြစို့လေ . . ."

ဦးလှမြင့်က ကားမောင်းသူနေရာမှာ ထိုင်နေသူမို့ ကားစက်နှိုးရန်ပြင်သည်။

"နေဦး ဦးလေး . . ."

မေစံရှားက နောက်ခန်းမှနေ၍ လှမ်းတားသည်။ ဦးလှမြင့်က ဘာများလဲဟူသော အကြည့်ဖြင့် လှည့်ကြည့်သည်။

"ဘာလဲ . . . တူမ၊ ရဲအုပ်မောင်မောင်လတ်ကို စောင့်ချင်သေးလို့လား"

"မဟုတ်ဘူး ဦးလေး၊ သူတို့က ကျွန်မတစ်ယောက်တည်း လာခဲ့ရမယ်လို့ ချိန်းတာ၊ ဦးလေး လိုက်လို့မရဘူး . . ."

"ဟာ . . . အဲဒါတော့ ဘယ်ဖြစ်မလဲ၊ တူမတစ်ယောက်တည်း ဦးလေး စိတ်မချဘူး"

ဦးလှမြင့် ခေါင်းယမ်းသည်။ မေစံရှား ပြုံးလိုက်သည်။ ဦးလှမြင့်၏ သံယောဇဉ်ကို နားလည်ရပြန်ပြီလေ။

"စိတ်ချပါ ဦးလေးရယ်၊ ဦးလေးရဲ့တူမပါ၊ ခုဟာက တစ်ယောက်တည်းလာဖို့ ကျွန်မက သဘောတူထားတာ၊ ဦးလေးပါလာတာ သိရင် ပြဿနာ ကြီးလာနိုင်တယ်"

"တူမကို အန္တရာယ်ပေးရင် ဘယ်လိုလုပ်မလဲ . . ."

"မပေးနိုင်ပါဘူး ဦးလေး၊ သူတို့လိုချင်တာက ပစ္စည်းပဲလေ"





"သူတို့ကို ဒီပစ္စည်း တကယ် အပ်လိုက်တော့မှာလား"

"ဒါပေါ့ . . ."

"အဲဒါက . . ."

ဦးလှမြင့် စကားကိုဖြတ်ကာ . . .

"ကျွန်မရဲ့ ဝုက်ဖဲပါ ဦးလေးရယ်၊ မပူပါနဲ့၊ ရဲအုပ်မောင်မောင်လတ်ကိုလည်း စောင့်ချိန်မရတော့ဘူး၊ ဒီတော့ ဒီလိုလုပ်ပါ၊ ကျွန်မ ဦးလေးရဲ့ကားကို ယူသွားမယ်၊ ဦးလေးက ကိုမောင်မောင်လတ်ကို ဒီကစောင့်ပြီး သူနဲ့နောက်က လိုက်လာခဲ့ပါ၊ ဖြစ်နိုင်ရင်တော့ ရဲကားနဲ့ မလာဘဲ အခြားကားတစ်စီးစီးနဲ့ လာစေချင်တယ်၊ ကျွန်မက ဘယ်ကို ဆက်သွားရမလဲဆိုတာတော့ မသေချာသေးဘူး၊ မီးစင်ကြည့် ကရမှာပဲ"ဟု မေစံရှားက ပြောသည်။

ဦးလှမြင့်က "ကောင်းပြီလေ . . . ဦးလေးက ရဲအုပ်မောင်မောင်လတ်ကို စောင့်ပြီးလိုက်လာမယ်"ဟုဆိုကာ ကားပေါ်မှ ဆင်းသည်။ မေစံရှားက ဗီဒီယိုကင်မရာအိတ်ကို ကားရှေ့ခန်းသို့ပို့ပြီး လူက အပြင်သို့ ထွက်သည်။

"တူမ အစစအရာရာအရာ သတိရှိစေနော်"

ဦးလှမြင့်က ထပ်မှာသည်။

"စိတ်ချပါ . . . တရားဥပဒေဟာ ကျွန်မတို့ဘက်မှာ ရှိပါတယ်၊ ကျွန်မက အလင်းထဲက လူပါ၊ အမှန်တရားဘက်က လူပါ"

မေစံရှား ကားထဲ ဝင်လိုက်သည်။ ကားမောင်းသူနေရာ။ ဦးလှမြင့်ကို ပြုံးပြပြီး ကားစက်ကို နှိုးသည်။ ဂီယာထိုးသည်။ ကလပ်လွှတ်သည်။ ဂီယာကို ဖွဖွနင်းသည်။ ကားကလေး နေရာမှ လျှောခနဲ ပြေးထွက်လာသည်။

တိုက်ပွဲကတော့ . . . စလေပြီ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

နေဝိုးသော်

ရွှေနေမလေး မေစံရွှာနှင့်
သေရွာပြန်တို့၏ကြွေးရှင်းပွဲ
စာမူခွင့်ပြုချက်-၅၀၀၁၁၀၀၆၀၁

ထွက်ပြီ

# ၂၂

ရဲအုပ်မောင်မောင်လတ်သည် ကားကိုအရှိန်လျှော့၍ မှောင်းလာရင်း လမ်းဘေးဝဲယာသို့ မျက်စိလျှင်လျှင်ဖြင့် အကဲခတ် လိုက်သည်။

ဦးလှမြင့်တို့ မေစံရွှာတို့ ရှိနေမည်ဆိုသော နေရာမှာ ဤနေရာဖြစ်၏။ ဖုန်းထဲမှ ဦးလှမြင့်ချိန်းဆိုလိုက်သော နေရာမှာ ဤနေရာဖြစ်သည်။

သို့သော် . . .

ဦးလှမြင့်၏ အငှားကားအဖြူလေးကို မတွေ့ရ။ ဦးလှမြင့်ပြောသော ကားနံပါတ်ကို အသေအချာရှာကြည့်သည်ပင်။ နေရာတော့ များနိုင်၊ ဘယ်ကို သွားနေကြပါသနည်း။

ရဲအုပ်မောင်မောင်လတ်သည် သူ၏ကားကို နေရာလွတ်ရှိသော လမ်းဘေးတစ်နေရာသို့ ကပ်၍ ရပ်လိုက်သည်။

လူတစ်ယောက် ပြေးလာသည်။ အသက် (၄၀)ကျော်(၅၀)ဝန်းကျင် ရှိမည်။ အရပ်ပုပု အသားညိုညို ရုပ်ရည်သန့်သန့် ဆံပင်တိုတို [illegible] လည်ကတုံးနှင့် . . . ၊



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ဦးလှမြင့် ဖြစ်မည်ဟု ရဲအုပ်မောင်မောင်လတ် ခန့်မှန်းမိ၏။

"ဆရာ မောင်မောင်လတ်ထင်တယ်"

သူက ကားတံခါးနားမှာရပ်ကာ ဖလေးလေးစားစား မေးသည်။

"ဟုတ်ပါတယ်"

ထိုသူ ပြုံးသွားသည်။

"ကျွန်တော် လှမြင့်ပါ ရဲအုပ်ကြီး"

"အေးဗျာ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က ဦးလှမြင့်ရဲ့ကားကို ရှာနေတာဗျ၊ ကားမတွေ့လို့ . . ."

ရဲအုပ်မောင်မောင်လတ်က ကားတံခါး ဖွင့်ဆင်းရင်း ပြောလိုက်သည်။ အရပ်အမောင်းကောင်းကောင်း ဥပဓိရုပ်သန့်သန့် ရဲဝတ်စုံဖြင့် ရဲအုပ်မောင်မောင်လတ်အား ဦးလှမြင့်က မော့ကြည့်ရင်း–

"ကားက မေစံရှား ယူသွားလို့"ဟု ပြောသည်။

"ကားကို မမေစံရှားယူသွားတယ် ဟုတ်လား၊ မမေစံရှားက ဘယ်ကိုသွားတာလဲ . . ."

ရဲအုပ်မောင်မောင်လတ်က စိတ်ဝင်တစား ပြန်မေးသည်။

"ပြန်ပေးသမားတွေနဲ့ ချိန်းတဲ့ဆီကို သွားတယ်ဆရာ"

"ဘယ်လို"

ဦးလှမြင့်အဖြေကြောင့် ရဲအုပ်မောင်မောင်လတ်၏ ခန္ဓာကိုယ် ဆတ်ခနဲ ဖြစ်သွားသည်။ ကိုယ်တွေ ပတ်တောင့်သွားသည်။ အလော တကြီး အာမေဍိတ်သံ ထွက်သွားသည်။

"ဟုတ်တယ် ဆရာ၊ ဆရာ့ဆီ ကျွန်တော် ဖုန်းဆက်နေတုန်း မေစံရှားနဲ့ ပြန်ပေးသမားတွေ စကားပြောဖြစ်တယ်၊ ပြန်ပေးသမား တွေက မေစံရှားဆီကို တင်တင်ဝေ ဆက်သွယ်တာ သိသွားပုံရှိတယ် အဲဒီဖုန်းနဲ့ မေစံရှားကို စကားပြောတာပဲ၊ သူတို့လက်ထဲမှာ တင်တင်





ဝေတို့ မိသားစု သုံးယောက်စလုံး ရှိနေတယ်၊ အဲဒါကို သူတို့က ပစ္စည်းနဲ့ လာလဲရမယ်ဆိုလို့ မေစံရှား လိုက်သွားတာ . . ."

"ဟာ . . . ဟိုပစ္စည်းလား၊ ဦးလှမြင့်ပြောတဲ့ ဗီဒီယိုကာဝ်မ ရာ"

"ဟုတ်တယ် ဆရာ"

"မေစံရှားနဲ့ သူတို့ ဘယ်မှာ ချိန်းတာလဲ"

"အခုလောလောဆယ် မင်္ဂလာဒုံလေဆိပ် အဝင်လမ်းနဲ့ မြောက်ဥက္ကလာပဘက်ကို ခွဲတဲ့ လမ်းဆုံလို့ ပြောသွားတယ်၊ တစ်ယောက်တည်း လာရမယ်လို့ ဟိုက ပြောတာနဲ့ ကျွန်တော့်ကားကို မောင်းပြီး မေစံရှား လိုက်သွားတယ်၊ ဆရာမေးရင် ပြောပြပါလို့ မှာသွားတယ် . . ."

"မေစံရှား အန္တရာယ်ရှိနိုင်တယ် ဦးလှမြင့်၊ ကျွန်တော်တို့ လိုက်သွားမှ ဖြစ်မယ်"

စိုးရိမ်ပူပန်မှုဖြင့် ရဲအုပ်မောင်မောင်လတ်သည် ပြောပြောဆိုဆိုဖြင့် ကားထဲကို ပြန်ဝင်ဖို့ ပြင်လိုက်သည်။ ဦးလှမြင့်က ရဲအုပ်မောင်မောင်လတ်၏ လက်မောင်းကို ဖမ်းဆွဲကာ–

"ဆရာ့ကားနဲ့ လိုက်လို့မဖြစ်ဘူးဆရာ"ဟုပြောသည်။

ရဲအုပ်မောင်မောင်လတ်က လှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲ ဦးလှမြင့်"

"မေစံရှားက မှာသွားတယ်၊ ဆရာ့ကားနဲ့လိုက်လာရင် ဟိုလူတွေသိသွားပြီး ပြဿနာကြီးသွားနိုင်တယ်၊ ဒါကြောင့် တခြားကား တစ်စီးစီးနဲ့ လိုက်ခဲ့ဖို့ ပြောသွားတယ်"

"အင်း . . . မမေစံရှားပြောတာ မှန်တယ်၊ ကျွန်တော် လောကြီးသွားတယ်၊ ကဲ . . . ဒီတော့ ကျွန်တော်တို့ ကားတစ်စီးစီးရှာရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ရပါတယ်၊ ဒီနားမှာ ကျွန်တော့်ဘော်ဒါ ကားသမားတွေ ရှိပါတယ်၊ ဆရာခဏစောင့်ပါ . . . "

ဦးလှမြင့် အနားမှ ထွက်သွားသည်။ လူပုသလောက် စိတ်မြန်သူဖြစ်ပုံရသည်။ ခြေလှမ်းတွေက သွက်လှသည်။

ရဲအုပ်မောင်မောင်လတ် ကားကိုမီ၍ ဝေါကီတော်ကီကို ထုတ်သည်။ စခန်းနှင့် အနီးပတ်ဝန်းကျင်ရှိ တာဝန်ထမ်းဆောင်နေသော ရဲများထံ လျှို့ဝှက်စကားများဖြင့် သတင်းပို့လိုက်သည်။

စခန်းက ဒုရဲအုပ်ဝင်းမောင်ကိုတော့ သူက မှာခဲ့ပြီး ဖြစ်သည်။ ရဲအချို့နှင့် နောက်မှလိုက်လာရန်၊ စခန်းမှူးကိုလည်း အကျိုးအကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ နောက်ပိုင်းမှ လှုပ်ရှားစရာများကို သူတို့ဆက်၍ လှုပ်ရှားနေကြလိမ့်မည်။

ဦးလှမြင့် ကားတစ်စီးဖြင့် ပြန်ရောက်လာ၏။ အငှားကား အဖြူရောင်။

"ဆရာ . . . ကားရပြီ"

"ကောင်းတယ် ဦးလှမြင့်၊ တက္ကစီနဲ့ဆိုတော့ တော်ရုံနဲ့ သူတို့ မရိပ်မိနိုင်ဘူး၊ သွားကြစို့ . . . "

ရဲအုပ်မောင်မောင်လတ် ကားရှေ့ခန်းမှ ဝင်လိုက်သည်။ ရဲအုပ်မောင်မောင်လတ် ဝင်လိုက်သည်နှင့် ကားဆရာက ကားကို မောင်းထွက်လိုက်၏။

"စောစောက ငါ ပြောတဲ့နေရာကို သွားမယ် . . . အောင်ကြိုင်"

နောက်ခန်းမှ ဦးလှမြင့်က လှမ်းပြောသည်။

"ဟုတ်ကဲ့"

ကားဆရာ အောင်ကြိုင်က စက်ရှိန်ကို မြှင့်လိုက်သည်။ ကားကလေးက လမ်းမကြီးပေါ်မှ ကားများနှင့် ရောသွားသည်။





"ဟာ . . . ကားဆရာ ခဏ . . . ခဏ . . . ရပ်ပါဦး"

ရဲအုပ်မောင်မောင်လတ်၏ မြင်ကွင်းတွင် မာစီဒီး(၂၃၀)အဖြူရောင်တစ်စင်းကို လှမ်းမြင်လိုက်ရ၍ပဲ ဖြစ်၏။ ကားပေါ်တွင် ပါသွားသူက ဦးကျောင်းမြတ်။ ရဲအုပ်မောင်မောင်လတ်တို့၏ကားနှင့် ဆန့်ကျင်ရာဘက်သို့ ဦးတည်သွားသော ကား။

"ဆရာ . . . ဘာဖြစ်လို့လဲဆရာ"

ဦးလှမြင့်၏ အမေး။ ကားဆရာအောင်ကြိုင်က ကားကို လမ်းဘေးမှာ ထိုးရပ်သည်။ "ပြန်ကွေ့ . . . ပြန်ကွေ့ . . . "ဟု ရဲအုပ်မောင်မောင်လတ်က အမိန့်ပေးသဖြင့် အောင်ကြိုင်က ကားကို ပြန်မောင်းထွက်ကာ နောက်ဘက်သို့ ပြန်ကွေ့သည်။

"ဦးလှမြင့် ပြောတဲ့နေရာမှာ ကျွန်တော်တို့ မေစံရွှေကို တွေ့နိုင်မယ် မထင်တော့ဘူး။ သူတို့ ဆက်သွားကြလောက်ပြီ၊ အဲဒီကို လိုက်ရင်လည်း ဟိုလမ်းဆုံမှာ ကျွန်တော်တို့ လမ်းစပျောက်သွားမှာပဲ၊ ကျွန်တော့်ခေါင်းထဲမှာ တွေးမိတာတစ်ခု ရှိလို့ပါ၊ ကားဆရာ . . . ဟိုရှေ့က မာစီဒီးအဖြူရောင်ကို မီအောင်လိုက်ဗျာ . . . "

ဦးလှမြင့် နားမလည်၊ သို့သော် မမေးရဲ၍ ငြိမ်သွားသည်။ အောင်ကြိုင်က ကားစက်ရှိန်ကို အစွမ်းကုန် မြှင့်လိုက်သည်။

ရဲအုပ်မောင်မောင်လတ် တွေးမိသည်ကား ဤသို့ ဖြစ်၏။

မနက်က မြစ္ဆာညို့မှ ကိုမင်းအောင်၏ စကားကြောင့် ရဲအုပ်မောင်မောင်လတ် ဦးကောင်းမြတ်အိမ်သို့ ရောက်သွားသည်။ ဦးကောင်းမြတ်က အတွေ့မခံ၊ ရဲအုပ်မောင်မောင်လတ် ပြန်ခဲ့ရ၏။

သို့သော် ဦးကောင်းမြတ်အိမ်ကို ခဏစောင့်ကြည့်မည် ဟူ၍ ကားလမ်းချိုးတစ်နေရာတွင် ကားကိုရပ်ကာ ဦးကောင်းမြတ် ခြံကြီးဆီသို့ အကဲခတ်နေခဲ့သည်။ ရဲအုပ်မောင်မောင်လတ် စောင့်နေပြီး နာရီဝက်ခန့်အကြာတွင် ခြံတွင်းမှ ကားတစ်စီး ထွက်လာသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားအဖြူလေး . . . အက်စီးအဖြူကလေး ဖြစ်၏။

ရဲအုပ်မောင်မောင်လတ် ဂရုပြုကြည့်လိုက်တော့ ကားထဲမှာ လူနှစ်ယောက်ပါသွားသည်။ လူပုံတွေက ကြမ်းကြမ်းတွေ ဖြစ်၏။ ကားကိုလည်း ခပ်ကြမ်းကြမ်း မောင်းသွားကြ၏။

တစ်ခုခုပဲဟု ယူဆသဖြင့် ရဲအုပ်မောင်မောင်လတ်က သူ့ကားကို စက်နှိုးကာ နောက်မှ လိုက်သွားသည်။

သို့သော် ကားလမ်းပိတ်နေသဖြင့် ရှေ့ကားကို မမီပဲ မျက်ခြည်ပြတ်သွားခဲ့၏။ ကားက ရန်ကုန်ထဲသို့ ဦးတည်သွားခြင်းဖြစ်သည်။ လမ်းစပျောက်သွားသဖြင့် ကားကိုပတ်မောင်းပြီး နောက်ဆုံးတွင် ရဲစခန်းသို့ ပြန်လာရာ စခန်းမှ ထွက်လာသော ဒုရဲအုပ် ဝင်းမောင်နှင့် တွေ့သည်။

"ဆရာလတ် . . . အရေးပေါ်နေတယ်"

ဒုရဲအုပ်ဝင်းမောင်က သတင်းပို့သည် . . .

"ဘာလဲ ကိုဝင်းမောင်"

"မေစံရှားတို့က ပြန်ပေးသမားတွေနောက်ကို လိုက်နေတယ် အခု မေစံရှားရဲ့မိတ်ဆွေ ဦးလှမြင့်က ဖုန်းဆက်ပြီးပြောတယ်၊ ပြန်ပေးသမားတွေက မတင်တင်ဝေရဲ့ခင်ပွန်း ကိုဇော်မင်းကို အဝေးပြေးဂိတ်ကနေ ဖမ်းခေါ်သွားတယ် တဲ့၊ အခု ကိုဇော်မင်းရဲ့အလုပ်ခန်း စက်ိုင်းဘလူးကို ဆက်သွားကြတယ် တဲ့၊ မေစံရှားက အပေါ်က လိုက်တက်သွားတယ်တဲ့၊ အဲဒါ အချိန်မီ လိုက်သွားကြဖို့ပဲ ဆရာလတ်"

ရဲအုပ်မောင်မောင်လတ်နှင့် ဒုရဲအုပ်ဝင်းမောင်တို့ ရဲသားအချို့ကို ခေါ်ကာ ဦးလှမြင့် သတင်းပေးရာသို့ လိုက်ခဲ့ကြ၏။

ဟိုရောက်တော့ မည်သူ့ကိုမျှ မတွေ့ရတော့။

စုံစမ်းကြည့်သောအခါ–

"ကျွန်တော် သတိထားမိတာတော့ ဂျင်းဂျာကင်နဲ့ ဘောင်





ဘီနဲ့ အမျိုးသမီးတစ်ယောက်က အိတ်တစ်အိတ်ဆွဲပြီး ဟောဟိုလေကားက ဆင်းလာတယ်၊ နောက်က လူတစ်ယောက် လိုက်ဆင်းလာတယ်၊ ရှေ့က လူနှစ်ယောက်က ပိတ်ရပ်တယ်၊ အမျိုးသမီးက အဲဒီလူနှစ်ယောက်ကို ခေါ်ပြီးပြေးတယ်၊ တော်တော် ကိုယ်ခံပညာကောင်းတဲ့ အမျိုးသမီးပဲ၊ ချောလည်းချောတယ်ဗျ၊ ဟောင်ကောင်ဂျက်မကားရိုက်သလား မှတ်ရတယ်၊ အဲဒီ အမျိုးသမီးက ကားအဖြူလေးတစ်စီးပေါ် ပြေးတက်တယ်၊ အသင့်စောင့်နေတဲ့ လူကြီးက ကားတံခါးအသင့်ဖွင့်ပေးထားပြီး သူတို့ကားပေါ် အလျင်စလိုတက် မောင်းထွက်သွားကြတယ်၊ နောက်က ပြေးလိုက်သွားတဲ့လူတွေက မမီလိုက်ဘူး၊ ဒါနဲ့ပဲ အဲဒီလူတွေလည်း သူတို့ကားတွေပေါ်တက်ပြီး ရှေ့ကားနောက် တရကြမ်းလိုက်သွား ကြတာပဲ . . ."

"နောက်ကလိုက်တာ ကားဘယ်နှစ်စီးလဲ"

"နှစ်စီးပါ"

"ဒုရဲအုပ်ဝင်းမောင်၏စကားက ဦးလှမြင့်ဖုန်းဆက် အကြောင်းကြားစဉ်က မီးခိုးရောင်ဆလွန်းကား တစ်စီးတည်း၊ ယခု နှစ်စီးတဲ့။

"ကားက ဘာရောင်တွေလဲ"

"တစ်စီးက အဖြူရောင်၊ နောက်တစ်စီးက မီးခိုးရောင်"

"အဖြူရောင်မှာ လူဘယ်နှစ်ယောက်ပါလဲ"

"နှစ်ယောက် ဆရာရဲ့"

"ဘယ်လိုပုံပန်းတွေလဲ"

"လူကြမ်းရုပ်တွေပဲ ဆရာ"

ဦးကောင်းမြတ်အိမ်မှ ထွက်လာသော ကားအဖြူနှင့် လူများပေလားဟု ရဲအုပ်မောင်မောင်လတ် သံသယရှိသည်။ သို့ဖြစ်လျှင် ပြန်ပေးမှုသည် ဦးကောင်းမြတ်နှင့် ပတ်သက်ဆက်နွယ်နေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ဦးကောင်းမြတ်ကို တွေ့လိုက်ရသည်။

ဦးကောင်းမြတ် ပါဝင်လှုပ်ရှားနေသလော။

ထိုအတွေးဖြင့် . . . ရဲအုပ်မောင်မောင်လတ် ဦးကောင်းမြတ်၏နောက်ကို လိုက်ခြင်း ဖြစ်သည်။ ဦးကောင်းမြတ်ထံမှ ခြေရာခံ၍ ရနိုင်သည်လေ။

ရှေ့က သွားသော ဦးကောင်းမြတ်၏ ကားမှာ မှန်မှန်သာ မောင်းနေသည်မို့ ရဲအုပ်မောင်မောင်လတ်တို့၏ ကားက မီလာသည်။

"သိပ်တော့ ကပ်မလိုက်နဲ့ ဆရာသမား၊ ကျွန်တော်တို့ လိုက်လာကြောင်း သိသွားလိမ့်မယ်၊ နည်းနည်းခွာပြီး မှန်မှန်သာ လိုက်"

ရဲအုပ်မောင်မောင်လတ်က ရှေ့ကားကို ကြည့်ရင်း ကားဆရာဘက်သို့ ကိုယ်ကိုတိမ်းကာ ပြောသည်။

"ဟုတ်ကဲ့ . . . ဆရာ"

ရဲအုပ်မောင်မောင်လတ် အတွေးထဲမှာ . . . မေစံရှား ပေါ်လာသည်။

မေစံရှား ဘယ်ရောက်နေပြီနည်း။ ပြန်ပေးသမားတွေနှင့် တွေ့နေပြီလား။ မည်သို့ရင်ဆိုင်နေရသနည်း။ အန္တရာယ်ကြီးလှသည့် စွန့်စားမှု။ အများနှင့်တစ်ယောက်။

မေစံရှားကတော့ ပစ္စည်းနှင့် လူကိုလဲကာ ပြန်လာချင်မှလာမည်။ ပြန်ပေးသမားတွေကို လက်ရဖမ်းနိုင်အောင် ကြိုးစားချင် ကြိုးစားနေဦးမည်။ မေစံရှား စိတ်ဓာတ်ကို နားလည်နေသည်မို့ ရဲအုပ်မောင်မောင်လတ် ရင်ထဲမှာ ပူနေသည်။ စိုးရိမ်ကြောင့်ကြခြင်းများသည် နှလုံးသားမှ စီးယိုကျလာခြင်း မဟုတ်ပါလား။

♛ ♛ ♛

# ၂၃

"တီတူး . . ."

"ခင်ဗျာ . . . ဆရာကြီး"

"ငါပြောတဲ့ နေရာကို ခေါ်သွား . . . ငါလည်း လာခဲ့မယ်"

"ဟုတ် . . ."

တီတူးက ဖုန်းကို ပိတ်လိုက်သည်။ ဆရာကြီး၏ အမိန့်ဖြစ်သည်။

"ဘာတဲ့ လဲ"

စုတ်ချွန်းက မေးသည်။

"ဆရာကြီးက . . . မေစံရှားကို ခေါ်သွားရမယ့် နေရာကို ပြောတာ"

"ဒါဆို . . . မေစံရှားဆီ ဖုန်းဆက်တော့လေ"

"အေးပါ . . ."

www.burmeseclassic.com



တီတူး ချက်ချင်း မဆက်သေး။ သူတို့ရပ်ထားသော ကားထဲမှပင် မေစံရှား၏ကားကို လှမ်းကြည့်နေသည်။ မေစံရှား၏ကားကို မြင်နေရသည်။

ပြောသည့်အတိုင်း ကားထဲမှာ မေစံရှား တစ်ဦးတည်း ပါသည်။ မေစံရှားက သူမ၏ကားကို သူတို့ပြောသည့် နေရာမှာပင် ရပ်ထားပြီး စောင့်နေခြင်းဖြစ်၏။ အနီးပတ်ဝန်းကျင်မှာ မေစံရှားနှင့် ဆက်သွယ်သူ သို့မဟုတ် ရဲတွေဘာတွေ စောင့်ကြည့်နေသလားဟုလည်း အကဲခတ်ကြည့်နေခြင်းဖြစ်၏။ သို့သော် မည်သို့မျှ သံသယဖြစ်စရာ မမြင်။

တီတူး စီးသောကားမှာ မီးခိုးရောင်ဆလွန်းဖြစ်ပြီး စုတ်ချွန်းက မောင်းသည်။ သူတို့ကားနောက် ခပ်လှမ်းလှမ်းတွင် တီဗိုက်မောင်းသော အက်စ်အီး အဖြူကလေး ရှိ၏။ ထိုကားထဲမှာ တီဗိုက်တို့နှစ်ယောက်နှင့်အတူ မတင်တင်ဝေတို့ သုံးဦးပါသည်။

"ဘာမှ သံသယ ဖြစ်စရာတော့ မတွေ့ပါဘူးကွာ၊ မေစံရှားက ကတိတော့ တည်သားပဲ"

တီတူးက ခပ်တိုးတိုး ပြောသည်။

"သိပ်လျော့မတွက်နဲ့နော် တီတူး၊ ခင်ဗျား ထပ်ပြီးထံနေဦးမယ်၊ ဒီမိန်းမက ပြတ်သားတယ်နော်၊ ဆုံးဖြတ်ချက်မြန်သလောက် ဦးနှောက်က သိပ်ပြေးပုံရတယ်"

စုတ်ချွန်းက သတိပေးသည်။

တီတူးက 'ကျွတ်' ကနဲ အသံပြုကာ–

"သွားစမ်းပါကွာ၊ သူ့ထက် ကြောက်စရာကောင်းတဲ့ နာမည်ကျော် လူဆိုးတွေနဲ့ ရင်ဆိုင်ခဲ့တဲ့ကောင်ပါ"

ဂရုမထားသလို ပြောသည်။

ပြောပြီးနောက် ဖုန်းကိုဖွင့်သည်။ မေစံရှား၏ ဖုန်းနံပါတ်ကို နှိပ်သည်။





"ဟဲလို. . ."

မေစံရှားက ထူးသည်။

"မင်း. . . သတ်မှတ်နေရာမှာ ရောက်နေပြီလား"

"ရောက်နေပြီ. . ."

"ဒါဆို ရှေ့ကျရင် ပြန်ကွေ့ပါ၊ ပြီးရင် နောက်ကျောဘက် ကို တည့်တည့်ပြန်မောင်း"

"ဘယ်မှာ ဆုံမှာလဲ"

"အဲဒါ ငါ ထပ်ပြောမယ်"

"မတင်တင်ဝေတို့ ပါတယ်နော်. . . ရှင်တို့ ကလိမ်ကကျစ်တော့ မလုပ်နဲ့"

"စိတ်ချပါကွာ၊ ငါတို့ကလည်း လူဆိုးပေမယ့် ကတိတည်ပါတယ်၊ မင်းပစ္စည်းသာ ပါလာပါစေ"

"ဒီအတွက် မပူပါနဲ့. . ."

"ဒါဆို သွားတော့"

မေစံရှား ဖုန်းပြန်ပိတ်သွားသည်။

တီတူးက စုတ်ချွန်းကို လှည့်၍ အချက်ပြသည်။

ရှေ့မှ မေစံရှား၏ ကားကလေးသည် ရပ်နေရာမှ လှုပ်ရှားစပြုနေပြီ ဖြစ်လေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# နေဝိုးသော်

ရွှေနေမလေး မေစံရွှားနှင့်
ကိုယ်ပွားတစ်ထောင် မောင်မဲခေါင်
ထုတ်ဝေခွင့်ပြုချက်-၀၀၃၁/၂၀၀၄ (၈)

ထွက်ပြီ

## ၂၄

မေစံရွှားက သူ့ငါ်ကားကလေးကို ဘီတူးပြောသည့်အတိုင်း ကားလမ်းမကြီးပေါ်မှ ဖဲ့ခွဲဆင်းကာ ကွန်ကရစ် လမ်းကလေးအတိုင်း မောင်းဝင်လာခဲ့သည်။ ရှေ့တွင် သွပ်ပြားများကို စည်းရိုးပြုကာရန် ထားသည့် ဆောက်လက်စ အိမ်ရာဝင်းကြီးတစ်ခု ရှိနေသည်။ အကြမ်းထည်များ ဆောက်လုပ်ပြီးစီးနေပြီး ခေတ္တ လုပ်ငန်း ရပ်ထားပုံရသော အိမ်ရာဝင်းကြီးဖြစ်၏။ အထဲမှာ ငါးထပ်အဆောက်အအုံ ကျောက်လောင်းပြီး အိမ်အကြမ်းထည်များ၊ ဆောက်လက်စ လုံးချင်းတိုက်များ၊ အတော်များများ ရှိနေသည်။

အိမ်ရာဝင်း၏ ဝင်ပေါက်တံခါးက အသင့်ပွင့်လျက်ရှိသည်။ ဘီတူးတို့ ရောက်နေဟန်ရှိ၏။ တံခါးကို အသင့်ဖွင့်ထားပုံ ပေါ်သည်။

ချိန်းဆိုထားသောနေရာ။

ပစ္စည်းနှင့် လူလဲမည့်နေရာ။

ဉပဒေဘက်တော်သားနှင့် ဥပဒေပြင်ပက လူများ တွေ့ဆုံ ညှိနေရာ။



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဝင်းအတွင်းသို့ မောင်းဝင်ရင်း မေစံရှားက သတိကို ပိုမို၍စုစည်းထားလိုက်သည်။ အာရုံကို မပျံ့မလွင့် တည်ငြိမ်နေစေရန်လည်း ကြိုးစားလိုက်သည်။ အိမ်ရာဝင်းအတွင်း ဆောက်လက်စ ငါးထပ်တိုက် သုံးလေးခု၏ ဟိုမှာဘက် . . . အကြမ်းထည်ပြီးနေပြီး အုတ်နံရံများ တချို့တစ်ဝက်သာ တက်ရသေးသည့် ရှစ်ထပ်တိုက် အဆောက်အဦးကြီးတစ်ခု၏အောက် ကွန်ကရစ်တိုင်များ ကြားတွင် ကားနှစ်စီးကို တွေ့လိုက်ရ၏။

တီတူးတို့၏ ကားမှန်း မေစံရှား သိလိုက်သည်။

တစ်စီးက မီးခိုးရောင်၊ တစ်စီးက အဖြူရောင်။

မေစံရှားက သူ၏ကားကို အဆောက်အဦးများကြားမှဖြတ်၍ တီတူးတို့ ကားများရှိရာ အဆောက်အဦးဆီသို့ ခပ်ဖြည်းဖြည်းမောင်းဝင်သွားခဲ့သည်။ ကားမောင်းရင်း ပက်ဝန်းကျင်ကိုလည်း မျက်လုံးလျှင်လျှင်ဖြင့် အကဲခတ်နေရသည်။

မေစံရှား ကားကို ရပ်လိုက်ချိန်တွင် . . .

ဖုန်းခေါ်သံ မြည်လာသည်။

"မေစံရှား . . ."

"ပြောပါ . . ."

"ပစ္စည်း ပါတယ်နော်"

"ပါတယ် . . ."

"ပါရင် မင်းကားရဲ့ ပြတင်းကနေ ပြပါ"

မေစံရှားက ဘေးထိုင်ခုံတွင် တင်ထားသော အိတ်ကိုယူ၍ ကားပြတင်းမှ ပြလိုက်သည်။

မေစံရှား၏ကားမှာ သူတို့၏ ကားနှစ်စီးနှင့် ပေငါးဆယ်ခန့်ခွာပြီး ဘေးတိုက်ရပ်ထားခြင်းဖြစ်၍ မေစံရှားပြသည်ကို သူတို့၏ ကားပေါ်မှ မြင်ရပေမည်။





"ကျွန်မဘက်က ကတိတည်တယ်၊ ရှင်တို့ဘက်ကရော"

"ငါတို့ကလည်း ကတိတည်ပါတယ်၊ ကားဖြူကလေးထဲမှာ မင်းမိတ်ဆွေ (၃)ယောက်စလုံး ပါတယ်"

မေစံရှားက အက်စ်အီး အဖြူကလေးရှိရာသို့ လှမ်းကြည့်လိုက်သည်။ ကားဖြူကလေး၏ ပြတင်းမှန် ပွင့်လာ၏။ အထဲမှာ မတင်တင်ဝေ၊ ဖွံ့ပွင့်ဝေနှင့် ကိုဇော်မင်းကို လှမ်းမြင်ရသည်။

"ကောင်းပြီ၊ ဘာဆက်လုပ်ရမလဲ"

"ခဏကလေး စောင့်ပါ၊ ငါတို့ ဆရာကြီး ရောက်လာမယ်၊ ရောက်လာရင် ပစ္စည်းချင်း လဲမယ်"

"ရှင်တို့ အချိန်ဆွဲနေတာလား"

"မဟုတ်ပါဘူး၊ ငါတို့က ဆရာကြီးအမိန့်အရ ပြောရတာပါ"

"ရှင်တို့ဆရာကြီးက ဘယ်သူလဲ"

"အဆင်ပြေရင် တွေ့ရမှာပေါ့"

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# ၂၉

"ရပ်လိုက်တော့ ကိုအောင်ကြိုင်"

ရဲအုပ်မောင်မောင်လတ်က အမိန့်ပေးလိုက်သဖြင့် ကိုအောင်ကြိုင်က ကားကို လမ်းဘေးဆွဲချပြီး ရပ်လိုက်သည်။

ရှေ့ ပေတစ်ရာကျော်ခန့်အကွာမှာ ဦးကောင်းမြတ်တို့၏ မာစီဒီးအဖြူကြီးက လမ်းမကြီးပေါ်မှနေ၍ ကွန်ကရစ်လမ်းကလေးထဲသို့ ဖဲ့ဆင်း သွားပြီဖြစ်သည်။ မာစီဒီး ကားဖြူကြီးဝင်သွားရာ လမ်းကလေးက အိမ်ရာဆောက်လုပ်ရေး ဝင်းကြီးတစ်ခုမှာ ဆုံးသည်။

"ဒါ . . . ဦးကောင်းမြတ်ရဲ့ လုပ်ငန်းခွဲတစ်ခုဖြစ်တဲ့ KM ဆောက်လုပ်ရေးက ဆောက်နေတဲ့ အိမ်ရာဝင်းပဲ၊ မကြာခင်က အငြင်းပွားမှုတစ်ခုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေ ရပ်ထားခဲ့တာလို့ ကြားတယ်၊ သူ ဒီကို ဘာလာလုပ်တာလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်မောင်မောင်လတ်၏ စကားကို ဦးလှမြင့်ရော ကိုအောင်ကြိုင်ပါ အဖြေမပေးကြ။ အဖြေပေးစရာမရှိ၍ပဲ ဖြစ်သည်။

ရဲအုပ်မောင်မောင်လတ်ကပင် စကားဆက်သည်။

"ကျွန်တော်တို့ လိုက်ဝင်သွားလို့ မဖြစ်ဘူး၊ ဦးကောင်းမြတ်က ကိစ္စတစ်ခုနဲ့ လာတာပဲ၊ ကျွန်တော် မှန်းဆထားသလို ပြန်ပေးမှုနဲ့ ပတ်သက်မှု ရှိနေနိုင်တယ်"

ဦးလှမြင့်က ဝင်၍–

"ရဲအုပ်ကြီးက မေစံရှား လိုက်နေတဲ့ ပြန်ပေးမှုကိစ္စကို ပြောတာလား. . . "ဟုမေးသည်။

"ဟုတ်တယ်"

"ဖြစ်နိုင်ပါ့မလား၊ မေစံရှားတို့ ချိန်းထားတာ မဂ်လာဒုံဘက်လေ"

"ဘယ်လူဆိုးကမှ နေရာကို အမှန်အတိုင်း မပြောဘူး၊ ဘယ်ခြောက်ကာ ညာလှမ်းဆိုသလို ဘယ်ပြပြီး ညာပြေးတာပဲ၊ သူတို့ပြတာက တစ်နေရာ. . . သွားတာက တစ်နေရာဖြစ်ဖို့ များတယ်"

"ထားပါတော့. . . ဒါပေမယ့် ရဲအုပ်ကြီးလိုက်လာတဲ့ ရှေ့ကားနဲ့ ဟိုပြန်ပေးမှုနဲ့ ဆက်စပ်မှု ရှိနေတယ်လို့ ဘာကြောင့် ယူဆရတာလဲ"

"အဲဒါက ဦးလှမြင့်တို့ ဗီဒီယိုကင်မရာ လှယူစဉ်က နောက်ရောက်လာတဲ့ ကားဖြူလေးနဲ့ လူနှစ်ယောက်ဟာ မနက်က ကျွန်တော် ဦးကောင်းမြတ်တို့အိမ်ကို စောင့်ကြည့်စဉ်က ထွက်သွားတဲ့ကားပဲလို့ ယူဆလို့ပါ. . . ကဲ ကြာပါတယ်ဗျာ၊ ကိုအောင်ကြိုင်နဲ့ ဦးလှမြင့် ဒီကစောင့်ပါ. . . ကျွန်တော် အထဲဝင်မယ်၊ အထဲမှာ မေစံရှားတို့ ဆုံကြတာဖြစ်ဖို့ များတယ်"

"ကျွန်တော် လိုက်ခဲ့မယ်လေ"





"နေ. . . ဦးလှမြင့်၊ နေ. . . ၊ ကျွန်တော် မှန်းဆသလို ဖြစ်လာရင် အန္တရာယ်များတယ်၊ မဟုတ်ရင်တော့လည်း တခြားသွားဖို့ ခင်ဗျားတို့ အကူအညီ လိုတယ်၊ ဒါကြောင့် ဒီကပဲ စောင့်ပေးပါ"

ရဲအုပ်မောင်မောင်လတ် ကားပေါ်မှ ဆင်းလိုက်သည်။

ကွန်ကရစ် ကားလမ်းအတိုင်း မလိုက်ဘဲ ရဲအုပ်မောင်မောင်လတ်သည် သီဟိုပင်များ ခပ်ကျဲကျဲပေါက်နေသော မြေကွက်ထဲသို့ ဆင်းလာခဲ့သည်။ သီဟိုပင်များကို အကာအကွယ်ယူရင်း ခပ်သွက်သွက် လျှောက်လာခဲ့ရာ. . . မကြာမီပင် သွပ်များ ကာရန်ထားသည့် စည်းရိုးသို့ ရောက်ရှိလာ၏။

စည်းရိုးသည် ခြောက်ပေခန့် မြင့်နေသည်။ တိုးဝင်စရာ၊ အပေါက်လည်း ရှာမတွေ့။ အထဲဝင်နိုင်ဖို့ ရဲအုပ်မောင်မောင်လတ် စဉ်းစားရတော့သည်။

သိပ်တော့ ခက်ခက်ခဲခဲ မရှာရပါ။

ခပ်လှမ်းလှမ်းမှာ စည်းရိုးနှင့်ကပ်လျက် ပေါက်နေသည့် သီဟိုပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။

ရဲအုပ်မောင်မောင်လတ်သည် သီဟိုပင်၏အောက်ဆုံးကိုင်းကိုဆွဲပြီး ကိုယ်ကို မျောက်တစ်ကောင်လို ခိုလွှဲ၍ ကိုင်းပေါ်တက်လိုက်သည် အောက်ကိုင်းမှအပေါ် ဒုတိယကိုင်းသို့ကူးကာ စည်းရိုးဘက်ညွတ်နေသောကိုင်းကို နင်းလျှောက်သွားသည်။

"ဟာ. . . သေချာပြီ"

သီဟိုပင်ပေါ်မှ လှမ်းမြင်နေရသည်မှာ စည်းရိုးအတွင်း ဆောက်လုပ်စ အိမ်ရာ၏အထပ်မြင့်၊ အဆောက်အအုံကြမ်းများ၊ ယင်းတို့၏ ဟိုဘက်တစ်နေရာမှာ ကားကလေးများ။

မီးခိုးရောင်နှင့် အဖြူရောင်တစ်စီးက ယှဉ်လျက်၊ ယင်းနှစ်စီးနှင့် ခပ်ကွာကွာမှာ တက္ကစီအဖြူရောင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . . မေစံရှားကား ဖြစ်နိုင်တယ်"

"ဒါမြွှင့် ဦးကောင်းမြတ်ရဲ့ မာစီဒီးကော"

ဦးကောင်းမြတ်၏ မာစီဒီးမှာ လုံးချင်းတိုက်တစ်လုံးနှင့် ကွယ်နေ၍ ရဲအုပ်မောင်မောင်လတ်၏ မြင်ကွင်းမှ ပျောက်နေခြင်းဖြစ်၏။

ရဲအုပ်မောင်မောင်လတ် အချိန်မဆွဲတော့။

သစ်ကိုင်းပေါ်မှ စည်းရိုးအတွင်းသို့ ခုန်ချလိုက်သည်။ အတွေ့အကြုံ များလှပြီမို့ သည်လိုကိစ္စလောက်ကိုဖြင့် ရဲအုပ်မောင်မောင်လတ် ရာမဖွဲ့ပါ။ မြေပြင်သို့ ကြောင်တစ်ကောင်လို ကျသည်။

မြေပြင်သို့ ဖတ်ကနဲကျသည်နှင့် အနီးဆုံး အဆောက်အဦးတစ်ခု၏ ကာလက်စ အုတ်နံရံအကွယ်သို့ ပြေးကပ်လိုက်သည်။ နံရံမှ ခေါင်းပြူကြည့်လိုက်သောအခါ ဦးကောင်းမြတ်၏ ကားကိုပါ တွေ့လာရ၏။

ထို့နောက် အဆောက်အဦးကို ဒုရဲအုပ်မောင်မောင်လတ် အကာအကွယ်ယူ၍ ချဉ်းကပ်လာခဲ့သည်။

လက်ကလည်း ခါးမှ သေနတ်ကို စမ်းကြည့်လိုက်သည်။

♛ ♛ ♛

# ၂၆

ဦးကောင်းမြတ်၏ ကားကလေး ဝင်လာသည်ကို တွေ့ကတည်းက တီတူးက ဖုန်းကို အသင့်ပြင်ထားသည်။ မာစီဒီးကားဖြူကြီး ရပ်သွားချိန်တွင် တီတူးက ဖုန်းကိုဖွင့်၍ နားမှာကပ်လိုက်၏။

မှန်းဆသည့် အတိုင်းပင်။

"ဘယ်လိုလဲ တီတူး"

ဆရာကြီး၏ အသံ ပေါ်လာသည်။

"အဆင်သင့်ပဲ ဆရာကြီး၊ ကျွန်တော်တို့နဲ့ ပစ္စည်း အပေးအယူလုပ်ဖို့ ချိန်းထားတဲ့ မေစံရှားလည်း ရောက်နေပြီ၊ ပစ္စည်းလည်း ပါလာတယ်၊ ဆရာကြီးကို စောင့်နေတာ"

"နေစမ်းပါဦးကွ၊ မင်းခုနက ပြောတာ ဘယ်သူ . . . "

"မေစံရှားပါ ဆရာကြီး"

"သူက ရှေ့နေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာကြီး"

"ဟာ. . . "

"ဘာ. . . ဘာဖြစ်လို့လဲ ဆရာကြီး"

"မင်းတို့ မြွေပွေးခါးပိုက်ပိုက်ပြီ တီတူး"

"ခင်ဗျာ"

"မင်းတို့ကွာ မေစံရှားနဲ့မှ အလဲအလှယ်လုပ်ဖို့ ချိန်းရတယ်လို့၊ မင်းတို့ သူ့အကြောင်း မသိဘူးလား"

"မသိဘူး ဆရာကြီး"

"သေလိုက်စမ်းကွာ . . . ဒီရှေ့နေမက စုံထောက်ကွ၊ စုံထောက်ပါ လုပ်တယ်၊ ငါတို့ ဟိုကိစ္စက ရဲတွေကို ငါမျက်လှည့်ပြထားနိုင်ပေမဲ့၊ သူက လိုက်နေလို့ သူ့ကိုငါ သတိထားကြည့်နေတာ၊ မင်းတို့ကိစ္စမှာ သူက ဘယ်လိုလုပ် ပါလာတာလဲ"

"ကျွန်တော် မ. . . မသိဘူး ဆရာကြီး"

"အေး . . . ထားတော့၊ ဒီအခြေအနေ ရောက်မှတော့ မထူးတော့ဘူး၊ ဒီမှာ ငါပြောမယ်၊ သေသေချာချာနားထောင်၊ နံပါတ်(၁)က ဗီဒီယိုကင်မရာရဖို့၊ နံပါတ်(၂)ကတော့ ငါတို့ကို လည်ပင်းကြိုးကွင်းစွပ်မဲ့သူတွေ အားလုံး ရှင်းပစ်ဖို့ပဲ"

"ဆ. . . ဆရာကြီး ဒါဆို"

"နားဝေးတယ်ကွာ . . . မင်းတို့က ပစ္စည်းရရင် လူတွေပြန်လွှတ်လိုက်ပြီးတာပဲလို့ . . . ထင်နေသလား၊ အဲဒါ မင်းတို့ကို ထောင်ထဲပို့မှာကွ၊ မဖြစ်ဘူး၊ အပြတ်လုပ်တော့၊ ငါ ဒီကကြည့်နေမယ်၊ ကင်မရာကို ငါ့လာပေး။ ပြီးရင် နံပါတ်(၂)အတိုင်း အပြတ်ရှင်း ငါ တီဝမ်းကိုပါ လွှတ်လိုက်မယ်"

"ဟုတ်"

ဆရာကြီး အသံပျောက်သွားသည်။ တီတူးအား လှမ်းကြည့်





နေသော စုတ်ချွန်းက–

"ဘာတဲ့လဲ တီတူး"ဟု မေးသည်။

"ဆရာကြီးက နှစ်ချက် ပြောတယ်"ဟူ၍ ဆရာကြီး၏စကားကို မြန်မြန်ရှင်းပြလိုက်သည်။

"ဒါဆိုတော့. . . "

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# ၂၇

တယ်လီဖုန်းက မြည်လာသည်။ မေစံရှားက နောက်ဝင်လာသော မာစီဒီးကားကြီး ရပ်သွားသည်ကို ကြည့်နေရာမှ ဖုန်းကို ထုတ်ယူလိုက်သည်။ ကားကြီးပေါ်မှ မည်သူမျှ ဆင်းမလာသေး။ တိတိကျကျ ပြောစကားအရဆိုလျှင် ထိုကားမှာ သူတို့ဆရာကြီး ဆိုသူ၏ကားပင် ဖြစ်လိမ့်မည်။

ဆရာကြီးဆိုသူသည် မည်သူနည်း။

ပစ္စည်းနှင့်လူ လဲလှယ်မည့်ကိစ္စကို ထိုဆရာကြီးက ဘာကြောင့် ရောက်လာသနည်း။

အကြောင်းတစ်ခုခု ထူးခြားမှု ရှိနေသည်။ သတိကြီးစွာ ထားမည်ဟု မေစံရှား တွေးဆသည်။

"ဟဲလို. . . ပြောပါ"

"ငါတို့ ဆရာကြီး ရောက်လာပြီ၊ ငါတို့ အလဲအလှယ် လုပ်မယ်၊ ဟိုရှေ့က ကွက်လပ်မှာ ငါတို့ ဆုံကြမယ်၊ ငါတို့က စာင်တင်ဝေတို့ကို ခေါ်လာမယ်. . . မင်းက ပစ္စည်းယူလာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အခုလား. . ."

"အခုပေါ့. . ."

"ကောင်းပြီ၊ ဒါပေမယ့် တစ်ခုတော့ ထပ်ပြောဦးမယ်၊ မေ
စံရှားဟာ စကားလည်း တည်တယ်၊ ဇာရားလည်း ဖက်တယ်အဲ ဒေ
ယက်တို့လည်း ခံနိုင်မယောဆူ။ ရှုမ်းတို့ ကသော်နိကကျုမ်းတော့ မေစံမယ်
မကြုံပါနဲ့. . ."

"ဟ. . . မင်းစကားက ရင့်လှချည်လား"

"ရှင်းအောင် ပြောထားရတာပါ၊ ဖြောင့်မှန်ရင် နာစရာမ
ပါဘူး. . ."

"ရတယ်လေ. . . မင်းဆင်း လာခဲ့တော့"

"အိုကေ. . ."

မေစံရှားက ကားသော့ကို မဖြုတ်ဘဲ ထားခဲ့ပြီး ဗီဒီယိုက
မရာအိတ်ကို ဆွဲကာ ကားပေါ်မှ ဆင်းလိုက်သည်။ ကားတံခါးကို အသ
ပြန်ပိတ်သည်။ အသက်ကို တစ်ဝရှူသွင်းသည်။ အင်္ကျီ၊ ဘောင်းဘီ
ဖိနပ်တို့၏ အနေအထားကို ခြေစလှမ်းရင်း အလျော့အတင်းပြ
သည်။

လိုအပ်လာလျှင် တိုက်ပွဲဝင်သင့် ဝင်ရမည့်လေ. . .

ဣန္ဒြေရစွာဖြင့် မေစံရှား တစ်လှမ်းချင်း လှမ်းလာရင်း မေ
စံရှား မျက်လုံးတွေက ကားများရှိရာသို့ ဖြန့်ကျက်ကစားလျက်
သည်။

ကားမီးခိုးရောင်ပေါ်မှ တီတူးနှင့် စုတ်ချွန်းဆင်း လာသ
လက်ဗလာနှင့် ဖြစ်၏။ သို့သော် သူတို့မှာ ဓားပါနိုင်သည်။ မေ
သေချာသည်။

တစ်ပြိုင်တည်းမှာပင် ကားဖြူကလေးပေါ်မှ လူနှစ်ယော
ဆင်းသည်။ သူတို့က ကားတံခါးကို ဖွင့်ပေးလိုက်သဖြင့် ကား





တင်တင်ဝေက ဦးစွာထွက်လာသည်။ လက်မှာ ကြိုးတုပ်ထားသည်။ တင်တင်ဝေ၏ နောက်မှ ဖူးပွင့်ဝေ၊ နောက်ဆုံးက ကိုဇော်မင်း။

တင်တင်ဝေက မေစံရှားရှိရာကို လှမ်းကြည့်သည်။ ပြီးတော့ ဖူးပွင့်ဝေကို လက်တွဲလိုက်သည်။ ကိုဇော်မင်းက ဖူးပွင့်ဝေ ဘေးမှာ၊ သူတို့ကို ကားတံခါးဖွင့်ပေးသူ နှစ်ဦးက သူတို့နောက်မှ လိုက်ပါလာသည်။

တီတူးနှင့် စုတ်ချွန်းက ကွက်လပ်သို့ ဦးတည်လာနေသလို တင်တင်ဝေတို့ ကားဖြူကလေးမှ အဖွဲ့ကလည်း ကွက်ယပ်ကလေး ရှိရာလာနေသည်။

မေစံရှား၏ ခြေလှမ်းများကလည်း တစ်လှမ်းချင်း။

ထိုစဉ်. . .

မာစီဒီးကားဖြူပေါ်မှ ရုတ်တရက် လူတစ်ယောက် ဆင်းလာသည်။ လျှောက်လာရင်း မေစံရှားက မျက်လုံးထောင့်စွန်းမှနေ၍ ထိုသူကို အကဲခတ်လိုက်သည်။ ဆရာကြီးများလား။ မဖြစ်နိုင်။ စတိုင်ဘောင်းဘီနှင့် စပို့ရှပ်ကို ဝတ်ဆင်ထားသော်လည်း ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်း ဆံပင်ကစုတ်ဖွား၊ နှုတ်ခမ်းမွေးကထူထူနှင့် မာစီဒီးကားပိုင်ရှင် သူဌေးအသွင် လုံးဝမပေါက်။ သူဌေး၏ လက်ရုံးတစ်ဆူသာ ဖြစ်ဖွယ်ရှိသည်ဟု မေစံရှား ကောက်ချက်ချသည်။

ထိုဗလကြီးကလည်း ကွက်လပ်ဆီသို့ ဦးတည်လာသည်။

မေစံရှား စိတ်ထဲမှာ တွက်လိုက်၏။

ရန်သူက ခြောက်ယောက်ဖြစ်နေပြီ၊ ဗလကြီးရယ်၊ တီတူးရုပ်နက်ရယ်၊ စုတ်ချွန်းရယ်၊ တင်တင်ဝေတို့နောက်မှ နှစ်ယောက်ရယ်ပြီးတော့ (ရှိနေနိုင်သေးသည်ဟု မေစံရှားတွက်ချက်အရ မာစီဒီးပေါ်မှ) ဆရာကြီးရယ်၊ စုစုပေါင်း ခြောက်ယောက်. . .

မေစံရှားက တစ်ယောက်တည်း. . .



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘက်က မိမိတို့အား အစတုံး နှုတ်ပိတ်ဖို့ မကြံရွယ်မှာ မဆိုနိုင်။

အကယ်၍သာ သူတို့ဘက်က ထိုသို့ အန္တရာယ်ပေးလာလျှင် မေစံရှား မည်သို့ ရင်ဆိုင်မည်နည်း။

မတင်တင်ဝေက မိန်းမသား၊ ကလေးတစ်ဖက်နှင့်။ ကိုဇော်မင်းက လူပျော့၊ မည်သူ့ကိုမျှ အားမကိုးနိုင်၊ မေစံရှားအဖို့ မိမိ၏ အသက်ရော ထိုသုံးယောက်၏ အသက်ကိုပါ ကာကွယ်ရလိမ့်မည်။

လာမိသည်မှာ မှားလေပြီလား။

သူတို့ ထောင်ချောက်တွင်း တိုးဝင်မိပြီလား။

ယခု အခြေအနေမှာတော့ ဘာမှ မတတ်နိုင်တော့ပြီ။ ဦးနှောက် သုံးရပေတော့မည်။ မိမိ၏ သတိတရားနှင့် သက်လုံကိုပဲ အားကိုးရတော့မည်။

မေစံရှားထံမှာ ကြောက်စိတ်တော့ စိုးစဉ်းမျှ မရှိ။

မည်သည့် အခြေအနေ ဖန်တီးလာလာ၊ ရင်ဆိုင်ဖို့လည်း သံန္နိဋ္ဌာန်ချခဲ့ပြီးသား။

မေစံရှား ခြေလှမ်းကို ရပ်လိုက်သည်။

တီတူးတို့ကလည်း ရပ်လိုက်သည်။ ရင်ဘောင်တန်းလျက် ဖြစ်၏။ ဗလကြီး၊ တီတူး၊ စုတ်ချွန်း၊ နောက်နှစ်ယောက် . . .

မေစံရှားနှင့် သူတို့ မျက်နှာချင်း ဆိုင်မိကြပြီ။ ဆယ်ပေ ဆယ့်နှစ်ပေအကွာမှာ ဖြစ်သည်။

မေစံရှားက သူတို့ကို ကြည့်သည်။ စူးစူးရှရှ သမင်မျက်လုံး မဟုတ်တော့၊ သိန်းစွန်ရဲ့ မျက်လုံးမျိုးဖြင့်။ ခြေကို မသိမသာခွဲ၍ ရပ်ထားခြင်း ဖြစ်၏။ လိုအပ်လျှင် လှုပ်ရှားရန်အသင့်။ အကြောအချဉ်တွေကို အသာလျော့ထားကာ အသက်ကိုမှန်အောင် ရှူ၍ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ပြုထားသည်။





အာရုံကို သူတို့ထံမှာ စူးစိုက်ထားလိုက်သည်။

သူတို့ကလည်း ကြည့်နေသည်။ သူတို့မျက်လုံးတွေက ဂဏှာမငြိမ်ဟု မေစံရှား ပထမဆုံး သတိပြုလိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးတွေ ဇွေကြည့်နေသည်။ ဘာသဘောလဲ။

"ကဲ . . . ဒီမှာ ရှင်တို့လိုချင်တဲ့ ပစ္စည်း"

မေစံရှားက ဘယ်လက်တွင် ဆွဲလာသော ဗီဒီယိုကင်မရာအိတ်ကိုရှေ့သို့ ဆန့်ထုတ်ကာ မြှောက်ပြလိုက်သည်။

သူတို့မျက်လုံးများ အရောင်လက်လာသည်။

"ကျွန်မတို့ လူတွေလည်း ရှေ့ကို ထုတ်လိုက်ပါ"

မေစံရှားအသံက ငြိမ်သည်။ ပြတ်သားသည်။ အသံသြဇာပါသည်။ တီတူးက ဗလကြီးကို တစ်ချက်စေ့ကြည့်သည်။ ပြီး . . . စုတ်ချွန်းဘက် ပြန်လှည့်သည်။ ခေါင်းဆတ်ပြသည်။ စုတ်ချွန်းကသူ့ဘေးက နှစ်ယောက်ကို တစ်စုံတစ်ခု ပြောသည်။ ထိုနှစ်ယောက်က တင်တင်ဝေတို့ သုံးယောက်ကို သူတို့ရှေ့သို့ တွန်းထုတ်သည်။

မေစံရှားက သူတို့အားလုံး၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ်ကြည့်နေ၏။

တီတူးက ရှေ့တစ်လှမ်း နှစ်လှမ်းတက်လာသည်။

"ရော့ ပစ္စည်းမြား၊ ရော့ နဂါးပဲနော်"

တီတူးစကား။

မေစံရှားကလည်း ရှေ့သို့ နှစ်လှမ်းတက် လိုက်သည်။

မေစံရှားနှင့် တီတူးခြောက်ပေခန့်သာ ကွာတော့သည်။ တီတူးက မေစံရှားကို စိုက်ကြည့်နေသည်။ မေစံရှားကလည်း မတုန်မလှုပ်ပြန်ကြည့်နေသည်။

"မတင်တင်ဝေတို့ကို ရှေ့ခေါ်ခဲ့ပါ . . . ကျွန်မ ဘက်ကိုလွှတ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ မင်း ပေးလာတဲ့ ဗီဒီယိုကင်မရာက ငါတို့ လိုချင်တဲ့ ကင်မရာဟုတ်မဟုတ် ငါတို့ ကြည့်ဖို့လိုသေးတယ်"

"ရတယ်လေ. . . ကြည့်ပေါ့"

"ငါတို့ ပစ္စည်းမှန်ရင် မင်းလူတွေအားလုံး မင်းလက်ထဲကို ထည့်မှာပါ. . . ပေး ကင်မရာ"

"ပေးမယ်။ မတင်တင်ဝေတို့ကို ကျွန်မ ဆီကိုပို့လိုက်၊ ကျွန်မတို့က မိန်းမသားတွေနဲ့ ကလေးပဲ၊ ရှင်တို့ လက်ကပြေးမလွတ်ပါဘူး၊ ကျွန်မပေးတဲ့ပစ္စည်းမမှန်ရင် ရှင်တို့ကြိုက်သလို လုပ်လို့ရတယ်"

မေစံရှားက ကင်မရာ မပေးသေးဘဲ ပြောသည်။

"ကောင်းပြီလေ၊ မင်းပြောတာ သဘာဝကျပါတယ်"

တီတူးက ခေါင်းညိတ်သည်။ နောက်ပြန်လှည့်ကြည့်သည်။ တင်တင်ဝေတို့ကို ချည်ထားသည့်ကြိုးကို ကိုင်ထားသည့် လူနှစ်ယောက်က တင်တင်ဝေတို့ကို ရှေ့သို့တက်ရန် ခွင့်ပေးလိုက်သည်။

တင်တင်ဝေတို့ မေစံရှားနား ရောက်လာသည်။ တင်တင်ဝေ၏မျက်လုံးများက အားကိုးတကြီး။ ဖူးပွင့်ဝေက ကြောက်ကြောက်ရွံ့ရွံ့၊ ကိုဇော်မင်းက အူကြောင်ကြောင်။

"ရော့"

မေစံရှားက တင်တင်ဝေတို့ကို သူ့ဘက်ကပ်ရပ်ရန် မျက်လုံးဖြင့်ပြရင်း ဗီဒီယိုကင်မရာအိတ်ကို လှမ်းပေးသည်။ တီတူးက ဆတ်ခနဲ ဆွဲယူလိုက်သည်။

♛ ♛ ♛

# ၂၈

တက်လက်စ အုတ်နံရံကို အကာအကွယ်ယူကာ ရဲအုပ်မောင်မောင်လတ်က မြင်ကွင်းကို ကြည့်နေသည်။

သည်အချိန်၌ ရဲအုပ်မောင်မောင်လတ် ဝေခွဲမရ ဖြစ်နေ၏။

ယခုပင်လျှင် သူတို့ကြားသို့ မိမိ ဝင်သွားသင့် မသင့်။

ဝင်သွားပြီ ဆိုပါစို့။ ထို ပြန်ပေးတစ်ဖွဲ့လုံးကို မိမိ ထိန်းနိုင် မထိန်းနိုင်။ ချိန်ဆရသည်။ မိမိက မထိန်းနိုင်ခဲ့လျှင် မှုလက မေစံရှား၏ အစီအစဉ်တွေ လွဲချော်ပျက်ပြားကာ တင်တင်ဝေတို့ မိသားစု သုံးယောက် ကမောက်ကမတွေ ဖြစ်သွားနိုင်သည်။ အန္တရာယ် ရှိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေစံရှားက မည်သို့ ဇျူဟာဆင်ထားသည် မသိ။ မိမိက သူမကို အကူအညီ မပေးနိုင်ဘဲ သူမကို အနှောင့်အယှက်ဖြစ်သွားစေမှာလည်း စိုးရိမ်သည်။ ပေါ့စေလို၍ ကြောင်ရုပ်ထိုးပါမှ ကြောင်ရုပ်က ပိုလေးသွားမည့်အဖြစ်ကို ရဲအုပ်မောင်မောင်လတ် မလိုလား။

မဝင်ဘဲ မိမိက ပွဲကြည့်ပရိသတ်အနေနှင့် စောင့်ကြည့်နေမည်ဆိုပါစို့၊ ဘာဖြစ်လာနိုင်သနည်း။

နှစ်လမ်း ဖြစ်နိုင်သည်။

တစ်လမ်းက မေစံရှား၏ပစ္စည်းနှင့် မတင်တင်ဝေတို့မိသားစု အလဲအလှယ် ဖြစ်ကြမည်။ လူဆိုးတွေ သူတို့ လိုချင်သောပစ္စည်း ရသွားမည်။ ပွဲပြီးသွားမည်။ သူတို့ကို မိမိဝင်ဖမ်း၍ အားလုံးကို မရနိုင်။

နောက်တစ်လမ်းက ပြန်ပေးသမားတွေက အကောက်ကြံပြီး ရိုးရိုးသားသား မလဲလှယ်ဘဲ မေစံရှားနှင့် တင်တင်ဝေတို့ မိသားစုကို အန္တရာယ်မပေးဟု မပြောနိုင်။ လူဆိုးလူမိုက်ဆိုသည်က ဘာတစ်ခုမျှ ကျိန်းသေကမ္ပ တသမတ်တည်း ယုံကြည်စိတ်ချ၍ မရနိုင်။ သို့ဆိုလျှင် မလိုလားဖွယ်ရာ ဝမ်းနည်းစရာများ ဖြစ်လာလိမ့်မည်။

သို့ဖြင့် . . .

ရှေ့တိုးသင့် . . . မသင့်၊ မိမိဝင်သင့် မဝင်သင့် ချင့်ချိန်ရင်း ရဲအုပ်မောင်မောင်လတ် ချီတုံချတုံ ဖြစ်နေသည်။

**စနှံခံရမည်ဆိုလျှင်** –

စိတ်လှုပ်ရှားမှုတွေကြောင့်လည်း ပါသည်။

အခါတိုင်းဆိုလျှင် . . . မည်သည့် လူဆိုးတွေဖြစ်ဖြစ်၊ မည်မျှ လူအင်အားများများ ရဲအုပ်မောင်မောင်လတ် မတုန်လှုပ်တတ်။ မိမိက တရားဥပဒေဘက်တော်သားဟူ၍ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ရင်





ဆိုင်လိုက်သည်ချည်း ဖြစ်၏။ ထိုယုံကြည်ချက်ကြောင့်လည်း ဝင်သမျှပွဲတိုင်း အောင်မြင်ခဲ့သည်သာ။

ယခုတော့ . . .

မေစံရှား ပါဝင်နေသည်။

တစ်ကြောင်းက မေစံရှားကို စိုးရိမ်စိတ်၊ မေစံရှား အန္တရာယ်ကြုံမှာ ထိခိုက်မှာ စိုးရိမ်ပူပန်နေသောစိတ်။

နောက်တစ်ကြောင်းက မေစံရှားကို ယုံကြည်စိတ်၊ မေစံရှားသည် မည်သည့်အရာကိုမဆို အစီအစဉ်ယ်မဲ့ မပြုတတ်၊ ယခုကိစ္စမှာလည်း မေစံရှားတွင် လုံလောက်တိကျသော ရည်မှန်းချက် ရှိနေမည်သာ။ မည်သည့်နည်းနှင့်ဖြစ်ဖြစ် မေစံရှားက လူဆိုးလူမိုက် ဥပဒေပြင်ပကလူများကို အရှုံးပေး အလျှော့ပေး လိုက်မည်မဟုတ်။ သူမမှာ ဗျူဟာကောင်းတစ်ခု ရှိနေမည်ဟု ရဲအုပ်မောင်မောင်လတ် ခြွင်းချက်မရှိ ယုံကြည်၏။

အစွန်းနှစ်ဖက်လွန်ဆွဲရင်း ရဲအုပ်မောင်မောင်လတ်နေရာမှ ရွေ့မိ၊ သေနတ်ကို အဆင့်သင့် ထုတ်ကိုင်ထားသော်လည်း ရှေ့တိုးကောင်းနိုး၊ ဆက်ကြည့်ရကောင်းနိုး၊ အဖြေမထွက် ဖြစ်နေ၏။

နောက်ဆုံးတွင်မူ–

ရဲအုပ်မောင်မောင်လတ် ဆုံးဖြတ်လိုက်သည်။

မေစံရှား၏ အခြေအနေကို အစအဆုံး စောင့်ကြည့်လိုက်မည်။ လိုအပ်ပါက မိမိ အချိန်မီ ဝင်လာမည်။ မလိုအပ်ပါက ပွဲပြီးသည်ထိ စောင့်ကြည့်ပြီးမှ ဝင်မည်။ အသင့်အနေအထားဖြင့် စောင့်ကြည့်နေမည်။

ပြန်ပေးအဖွဲ့ကတော့ . . . လက်ထဲက မလွှတ်နိုင်ဟု သူ့သူ့ဆသည်။

"ဟော . . . "



www.burmeseclassic.com

www.burmeseclassic.com



မေစံရှားက သူ၏လက်ထဲမှ အိတ်ကို လှမ်းပေးလိုက်ပြီး တစ်ဖက်က တီရှပ်အနက်နှင့်လူက လှမ်းယူလိုက်သည်။ မေစံရှားဘေးမှာက မတင်တင်ဝေတို့ မိသားစု ရောက်နေပြီ။

သူတို့ပြောနေသော စကားက အနည်းငယ် ဝေးကွာနေမှုကြောင့် သဲသဲကွဲကွဲ မကြားရ။

တီရှပ်အနက်နှင့်လူက အိတ်ကိုဖွင့်၍ အထဲကို ကြည့်သည်။ ဗီဒီယိုကင်မရာကို ဆွဲထုတ်သည်။ ပြီးတော့ ကင်မရာ၏ ခလုတ်များကို နှိပ်နေသည်။ မော်နီတာကို ဖွင့်ထားပြီး ကြည့်နေသည်။

မေစံရှားက တီရှပ်အနက်နှင့်လူကို မမှိတ်မသုန် ကြည့်နေ၏။ တီရှပ်အနက်နှင့် လူ၏နောက်မှ ဗလကြီးအပါအဝင် လူလေးယောက်ကတော့ မလှုပ်။ သူတို့အာရုံများကလည်း တီရှပ်အနက်နှင့်လူ၏ထံမှာ။

တီရှပ်အနက်နှင့်လူက ကျေနပ်မှု ရသွားပုံပေါ်သည်။ ပြုံး၍ မေစံရှားကို တစ်စုံတစ်ခုပြောသည်။

မေစံရှားက ခေါင်းညိတ်သည်။ တင်တင်ဝေတို့ မိသားစုသုံးဦးကို သူမ၏ ဘေးဘက်မှနေ၍ သူမ၏နောက်သို့ လက်ဖြင့်ပြ၍ နေရာရွှေ့ခိုင်းသည်။

တီရှပ်အနက်နှင့်လူက ဗီဒီယိုကင်မရာအိတ်ကိုယူ၍ မာစီဒီးကားဖြူရှိရာသို့ ထွက်သွားသည်။

ပွဲက အဆုံးသတ်တော့မည်။

ရဲအုပ်မောင်မောင်လတ်က သေနတ်ကို အသင့်ပြင်လိုက်သည်။ မောင်းထိန်းခလုတ်ကို ဖွင့်လိုက်သည်။

♛ ♛ ♛

# ၂၉

''မေစံရှား ကတိတည်ပါပေတယ်၊ ပစ္စည်းက ငါတို့ လိုချင်တဲ့ ပစ္စည်းအစစ်အမှန်ပါပဲ၊ ကျေနပ်ပါတယ်၊ တင်တင်ဝေတို့မိသားစုကို မေစံရှား လက်ထဲအပ်လိုက်ပါပြီ၊ ဒါပေမယ့် ပစ္စည်းကို ဆရာကြီးကိုအပ်ပြီးမှ မေစံရှားတို့ ဒီနေရာက ထွက်ခွာပါ . . . ၊ ဆရာကြီးရဲ့ကားကို အရင်ဆုံး ပြန်ထွက်သွားစေချင်လို့ပါ''

တီတူး၏ စကား . . .

''ကောင်းပြီလေ၊ ရပါတယ်''

မေစံရှားက တင်တင်ဝေတို့ သုံးယောက်ကို သူမ၏ နောက်သို့ဝင်ရန် အချက်ပြလိုက်သည်။ တင်တင်ဝေတို့ သူမ၏နောက်ဘက်သို့ နေရာရွှေ့လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တီတူးက ဗီဒီယိုကင်မရာကိုယူ၍ မာစီဒီးကားဖြူကြီး ရှိရာသို့ ထွက်သွားသည်။

တီတူး၏ တောင်းဆိုချက်ကို မေစံရှား လက်ခံလိုက်သည်မှာ အကြောင်းရှိ၏။ အကြောင်းများစွာ–

ပထမ. . . တင်တင်ဝေတို့ မိမိဘက်သို့ ရောက်လာပြီ။

ဒုတိယ. . . မာစီဒီးကားပေါ်က သူတို့၏ ဆရာကြီးဆိုသူကို ကြည့်ချင်သည်။ ဆရာကြီးသည် မည်သူနည်း၊ သိချင်သည်။

တတိယ. . . မိမိမှာ သူတို့အား ဥပဒေအရ အရေးယူနိုင်ရန် နိုင်ကွက်များကို ရရှိထားသည်။ ယင်းက ဖဲဖြစ်သည်။

စတုတ္ထ. . . ဖြစ်နိုင်လျှင်. . . တင်တင်ဝေတို့ အန္တရာယ်မရှိစေဘဲ ပြန်ပေးသမားတို့ကို လက်ရဖမ်းလိုသည်။ သည်အချက်ကတော့ အလွန် စွန့်စားရမည့် အရာဖြစ်သည်။ မီးစင်ကြည့်က ရမည့်အရာ။

မာစီဒီး ကားဖြူကြီးနားသို့ တီတူး ရောက်သွားသည်။ မာစီဒီး၏နောက်ခန်းကားမှန်ပြတင်း တဖြည်းဖြည်း ပွင့်လာ၏။ တစ်ဝက်ခန့် ဖြစ်သည်။ ကားထဲမှ နေကာမျက်မှန်တပ်ထားပြီး ဆံပင်ကို နောက်လှန်ဖြီးထားသော ခန့်ညားသည့် လူကြီးတစ်ဦး၏ မျက်နှာကို ဖျတ်ခနဲ မြင်လိုက်ရသည်။

တီတူးက တစ်စုံတစ်ခုပြောပြီး ဗီဒီယိုကင်မရာအိတ်ကို အထဲသို့ လှမ်းပေးလိုက်သည်။

ကင်မရာအိတ်ကို ယူပြီးသည်နှင့် ကားမှန်က ပြန်ပိတ်သွားသည်။ တီတူးက ပြန်လှည့်လာသည်။ မာစီဒီးကားဖြူကြီးက နေရာရွှေ့သည်။ ပြန်ထွက်ရန် ကားကို ခေါင်းလှည့်ခြင်း ဖြစ်သည်။

"အိုကေ. . . မေစံရှား"

တီတူးက. . . မေစံရှားတို့ထံသို့ ပြန်လာရင်း လှမ်းပြောကာ လက်ကိုမြှောက်ပြသည်။





"သွားကြစို့. . ."

မေစံရှားက မတင်တင်ဝေတို့ကို လှည့်၍ပြောလိုက်သည်။ သူတို့တတွေ မိမိ၏ကားပေါ်သို့ အလျင်ဆုံး ရောက်ဖို့လိုသည်။ သူတို့ ကားပေါ်ရောက်မှ သူတို့အတွက် စိတ်ချရမည်။

တင်တင်ဝေက ခေါင်းညိတ်သည်။

တင်တင်ဝေတို့ သုံးယောက်အား ကားဆီသို့ ညွှန်ပြပြီး မေစံရှားက နောက်ဆုံးမှနေ၍ လိုက်ရန် ပြင်သည်။ တီတူးတို့ကို ကျောမခိုင်းဘဲ မေစံရှားက တီတူးတို့ကို မျက်ခြည်မပြတ်ကြည့်ကာ နောက်ဆုတ်သွားသည်။

သူတို့ကို ကျောခိုင်းလိုက်လျှင် နောက်မှနေ၍ မမျှော်လင့်သော အန္တရာယ် ရှိလာနိုင်သည်လေ။ ရန်သူကို ကျောမပေးမိဖို့က အရေးကြီးလှသည်။

သို့သော်. . .

မထင်မှတ်သော ကိစ္စက ပေါ်လာသည်။

မာစီဒီးကားကြီးက ခေါင်းပြန်လှည့်ပြီးသည်နှင့် လာရာလမ်းဆီသို့ ပြန်မသွားဘဲ၊ မိမိတို့ရပ်ထားသော ကားဆီသို့ သွားနေသော မေစံရှားနှင့် တင်တင်ဝေတို့ အဖွဲ့ရှိရာသို့ ဦးတည်ကာ ကရုကြမ်းမောင်းဝင်လာခြင်းပဲဖြစ်သည်။

မေစံရှားက ကားကြီးကို မျက်နှာမူထားခြင်း မဟုတ်သော်လည်း ကားစက်သံပြင်းပြင်းကို သတိမူမိပြီး မျက်လုံးထောင့်တွင် မိမိတို့အား ဗိုင်းခနဲခြွေရန် မြေးလာသော ကားကြီးကို မြင်လိုက်သည်။

"မတင်တင်ဝေ. . . ရှောင်. . . ရှောင်"

မေစံရှား၏ အော်သံနှင့်အတူ လှုပ်ရှားမှုက လျှပ်ပြက်သလို မြန်လှ၏။ မတင်တင်ဝေတို့က ကြောင်ရပ်နေသည်မို့ သူတို့သုံးဦးအား အရှိန်ပြင်းစွာဝင်လာသော ကား၏ဦးခေါင်းမှ လွတ်သွားရန် ဆောင့်တွန်း



www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆန့်ကာ နောက်ပြန်လှည့်၍ တွန်းလှဲပစ်လိုက်သည်။

မေစံရှားနှင့်အတူ မတင်တင်ဝေတို့ မိသားစုအားလုံး မြေကြီးပေါ်သို့ ဖရိုဖရဲ ဒလိမ့်ခေါက်ကွေး ပစ်ကျသွားကြသည်။ ကားဖြင့် သီသီကလေး လွတ်သွား၏။

ကားက အရှိန်ဖြင့် လွန်သွားပြီး ရပ်သွားသည်။

မေစံရှားက နေရာမှ ဖျတ်ခနဲ ခုန်ထကာ အသင့်အနေအထားပြင်ရင်း– "မတင်တင်ဝေ ပြေး ပြေး . . . ကျွန်မတို့ ကားဆီကို ပြေး။ အထဲကိုဝင်နေ . . ."ဟု အော်ဟစ် သတိပေးလိုက်သည်။

သူတို့၏ ရည်ရွယ်ချက်ကို မေစံရှား ပြက်ပြက်ထင်ထင်သိလိုက်ပြီ။ သူတို့က မိမိတို့အားလုံးအား နှုတ်ပိတ်ဖို့ စီစဉ်ထားခြင်းပါတကား . . .။

တင်တင်ဝေတို့က ကြောက်ကြောက်ရွံ့ရွံ့ လူးလဲထကာ ကားဆီသို့ ပြေးကြသည်။ မာစီဒီးကားဖြူကြီးကလည်း ရပ်နေရာမှ နောက်ပြန် ပြန်ဆုတ်လာနေသည်။ တီတူးတို့အဖွဲ့ ပြေးလာသည်ကိုလည်း ရိပ်ခနဲ မြင်ရသည်။

ထိုအချိန်တွင် . . .

"ဒိုင်း . . . ဒိုင်း . . ."

♛ ♛ ♛

# ၃၀

အစပထမသော် ရဲအုပ်မောင်မောင်လတ် မျက်လုံးတွေ ပြူးသွားသည်။

ပွဲမှာ အေးချမ်းစွာ ပြီးမြောက်သွားမလိုလိုနှင့် ဖြုန်းခနဲ ပြောင်းလဲသွားကာ ဆန့်ကျင်ဘက် ဖြစ်သွားသည်။

မေစံရှားတို့ အလဲအလှယ်လုပ်ပြီး ကားဆီသို့ ထွက်ခွာသည်ထိ ရဲအုပ်မောင်မောင်လတ် အေးဆေးစွာ ကြည့်နေမိသေး၏။ မေစံရှားက သတိကြီးစွာဖြင့် နောက်ပြန်ဆုတ်သွားသည်ကို ကြည့်၍ မေစံရှားကို ချီးကျူးနေမိသေး၏။

ထိုအခိုက်မှာပင် . . .

မမျှော်လင့်ထားဘဲ ကားဖြူကြီးက မေစံရှားတို့အား တိုက်ရန် အရှိန်ပြင်းစွာ ပြေးလာသည်ကို မြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သတိကြီးသော မေစံရှားက လျှင်မြန်စွာဖြင့် လှုပ်ရှားလိုက်၍သာ ထိုမိသားစုမှာ သေကွင်းမှ သီသီကလေး လွတ်သွားခြင်း ဖြစ်သည်။

မိမိ ဝင်ပါရတော့မည့်အနေအထားကို ရဲအုပ်မောင်မောင်လတ် နားလည်လိုက်ပြီ ဖြစ်၏။ အကွယ်မှ ထွက်လိုက်ပြီး မေစံရှားတို့ရှိရာသို့ ပြေးသွားမည်ပြုစဉ် . . . မာစီဒီးကားဖြူကြီးက နောက်ပြန် ပြန်ဆုတ်လာကာ မေစံရှားတို့ကို တိုက်ဖို့ ကြိုးစားနေပြန်ချေပြီ။

ရဲအုပ်မောင်မောင်လတ်က သေနတ်ကို မြှောက်လိုက်ကာ မာစီဒီးကားကြီး၏ နောက်ဘီးဆီသို့ ချိန်ဆမှန်းရွယ်ကာ နှစ်ချက်ဆင့်၍ ပစ်လိုက်သည်။

ရဲအုပ်မောင်မောင်လတ်၏ အချိန်အဆကလည်း မှန်လှ၏။ ရွေ့လျားနေသော ပစ်မှတ်ကို ကြိုတင်တွက်ဆ ပစ်ခတ်လိုက်သော ကျည်နှစ်တောင့်အနက် တစ်တောင့်က ကားနောက်ဘီးကို ထိမှန်သွားသည်။

''ဖောင်း . . . ''

ကားဘီးပေါက်သံနှင့်အတူ ကား၏နောက်ဆုတ်နေပုံက ဒယီးဒယိုင် ဖြစ်သွားကာ ထိုးရပ်သွားသည်။

ရဲအုပ်မောင်မောင်လတ် . . . ကွင်းထဲသို့ တရှိန်ထိုးပြေးတက်သွားလိုက်သည်။

သေနတ်သံကြောင့် ဗလကြီးနှင့် ကျန်သုံးယောက် အနီးရှိ ကျောက်တိုင်များ အုတ်နံ့ရံများကြားသို့ ပြေးဝင်သွားကြ၏။

တီရှပ်အနက်နှင့်လူကမူ မေစံရှားထံသို့ ဓားကိုင်၍ ပြေးဝင်သွားနေသည်။

♛ ♛ ♛



# ၃၁

သေနတ်သံ ကြားလိုက်ရသည်။ ကားဘီးပေါက်သံ ကြားလိုက်ရသည်။ မာစီဒီး ကားဖြူကြီး ကွေ့ကွေ့ကောက်ကောက်ဖြင့် ထိုးရပ်သွားသည်ကို တွေ့လိုက်ရသည်။

ရဲအုပ်မောင်မောင်လတ် ရောက်လာပြီဟု မေစံရှား တွက်လိုက်သည်။

မတင်တင်ဝေတို့က မိမိရပ်ထားသော ကားကလေးဆီသို့ ပြေးသွားနေကြသည်။

ထိုအချိန်၌ တီရှပ်အနက်နှင့် တီတူးက မိမိထံသို့ ဓားကိုင်၍ ပြေးလာသည်ကို မေစံရှား တွေ့လိုက်သည်။ သည်လို ရင်ဆိုင်တွေ့ခြင်းမျိုးကိုတော့ မေစံရှား နည်းနည်းမျှ မပူ။ ပြီးတော့ မိမိက အသင့်အနေထားမှာ ရှိနေပြီလေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



တီတူးကလည်း လူပါး။

မေစံရှား တိုက်ဖို့ အဆင့်သင့် ဖြစ်နေသည်ကို သံတိပြုမိပုံရ၏။ အရှိန်ဖြင့် ပြေးလာခြင်းကို ရပ်လိုက်သည်။ မိုက်မိုက်မဲမဲ ဝင်မလာ။ ဓားကိုဝှေ့ယမ်းကာ ဝှေ့ယမ်းကာဖြင့် ရှေ့တိုးလာသည်။

တီတူး ဖျတ်ကနဲ ဖျတ်ကနဲ ယမ်းလိုက်သော ဓားမြှောင်ကို မေစံရှားက ရှောင်ရင်း နောက်သို့ဆုတ်ကာ အကွက်ကို ချောင်းနေလိုက်သည်။ ပြီး တီတူး ဓားနှင့်ဝင်လာရန် ဖွင့်ပေးလိုက်သည်။ တင်စုံတစ်ခုကို ခြေဖြင့် ခလုတ်တိုက်ပြီး ဟန်ချက်ပျက်သွားဟန် ဆောင်လိုက်သည်။ ဒါကို တီတူးက အခွင့်ကောင်းဟူ၍ ဓားဖြင့်ဝင်ထိုးသည်။

အမှန်တော့ မေစံရှားက ယိုင်သွားခြင်းမဟုတ်ဘဲ ကိုယ်ကို ကိမ်းညွတ်လိုက်ခြင်းပဲဖြစ်သည်။ တီတူးက ဓားဖြင့်အပေါ်မှ စီးမိုး၍ ထိုးချလိုက်သောအခါ ခန္ဓာကိုယ်ကိုလှည့်၍ ညာခြေစောင်း ဆိုက်ကူတိုဖြင့် ပတ်ကန်လိုက်ရာ တီတူး၏ ဓားကိုင်လက်ကိုထိပြီး ဓားက လွင့်ထွက်သွားသည်။

မေစံရှားက ကန်ချက်အပြီး ထပ်မံတိုက်ခိုက်ရန် အသင့်အနေအထားသို့ ရောက်ရှိနေပေပြီ။ ဘယ်ခြေရှေ့တက်၊ ညာခြေနောက်ချန်၊ ဘယ်လက်လက်သီးဆုပ်၊ ရှေ့ချ . . . ညာလက်သီး ဆုပ်လျက် ရင်မှာ အသင့်၊ ဖင်ကုဆုဒါချီ အနေအထား။

တီတူးက ဓားလွတ်သွားသဖြင့် လက်သီးဖြင့် အကြမ်းပတမ်း ဝင်ထိုးသည်။ မေစံရှားက ဘယ်ဘက်ကိုပင့်တင်ကာ တီတူး၏ ထိုးချက်ကို ဖယ်ထုတ်လိုက်သည်။ ဆီကင်ဂျိုဒန်အုကိ ခံချက်။

ပြီးသည်နှင့် ပွင့်သွားသော တီတူး၏ ရင်ဝသို့ ခါးအရှိန်နှင့် လက်အရှိန်ပေါင်း၍ ယူရကင်ရီတာအုချီ လက်သီးချက်ကို ပစ်သွင်းလိုက်သည်။

"အွတ် . . ."





တီတူး၏ ရှုံ့မဲ့သွားသော မျက်နှာနှင့် အော်ညည်းလိုက်သံ။

မေစံရှားက ရှေ့သို့ အနည်းငယ် ငိုက်လာသော တီတူး၏ လည်ဂုတ်ဆီသို့ ဘယ်လက်ဝါးစောင်းခုတ်ချက် ရှုတိုဆာကိုဆုအုချီကို ခပ်ပြင်းပြင်း ရိုက်ခုတ်ချလိုက်ပြန်သည်။

"ဒုတ် . . ."

"အ . . ."

တီတူး ဒူးကွေးပြီး ညွတ်ကျသည်။

တစ်ဆက်တည်း မေစံရှား၏ ညာဒူးက မြောက်သွားသည်။ ဟီဇာဂါရီဒူးတိုက်ချက်က တီတူး၏မျက်နှာသို့ ဝင်သွား၏။

"အား . . ."

တီတူး နောက်သို့လန်ကျသည်။ နှာခေါင်းမှ သွေးတို့ယိုထွက်လာသည်။ ဖရိုဖရဲ အနေအထားဖြင့် ဖင်ထိုင်ကျရာမှ ကမူးရှူးတိုး တီတူး ပြန်ထလာရာ မေစံရှားက သူ၏ မေးရိုးဆီသို့ ယူကိုဂါရီ ခြေဖော်းကန်ချက်ဖြင့် ကန်ထည့်လိုက်သည်။

ကန်ချက်နှင့် မှန်းချက်မှာ-ကွက်တိ ကျလှ၏။

ခြေ၏ ဆန့်ထုတ်လိုက်သောအားနှင့် တီတူး၏ ဟန်ချက် ယိုင်ယိုင် ထလာသော အရှိန်တို့ထိတွေ့ကာ . . .

"ခွပ်"ဟူသော အသံနှင့်အတူ . . .

"အီး . . ."ကနဲ အော်၍ တီတူး နောက်ပြန်လန်၍ မြေပေါ်သို့ ဘုတ်ခနဲ ပစ်ကျသည်။ တအီးအီး အသံပြု၍ လူးလိမ့်နေသေးသော်လည်း တီတူး မထနိုင်တော့ပြီ။

စုစုပေါင်း . . . ငါးမိနစ်ပင် မကြာလိုက်။

တီတူး . . . မှောက်သွားပြီ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# ၃၂

ရဲအုပ်မောင်မောင်လတ်က မေစံရှားတို့ တိုက်ခိုက်နေရာသို့ ပြေးထွက်အလာ . . . အုတ်ပုံတစ်ခုဘေးမှ အဖြတ်တွင် လူတစ်ယောက် ခုန်ထွက်လာပြီး ရှေ့မှဆီး၍ တုတ်နှင့် သိမ်းရိုက်ခြင်းကို ခံလိုက်ရ၏။ ရိုက်သူမှာ စုတ်ချွန်း ဖြစ်သည်။

ရိုက်ချက်အရှူ အရှိန်နှင့်ပြေးလာသော ရဲအုပ်မောင်မောင်လတ်၏ အထက်ပိုင်းကိုထိပြီး ခွေးကျကျကာ တစ်ချီတည်းနှင့် မြေကို နမ်းရမည့် အနေအထား။

သို့သော် . . . ရဲအုပ်မောင်မောင်လတ်၏ အတွေ့အကြုံကလည်း မနည်းတော့ပြီ။ ရုတ်တရက်ပေါ်လာသော စုတ်ချွန်း၏ တုတ်ဖြင့် သိမ်းရိုက်ချက်ကို မြင်သည်နှင့် ခန္ဓာကိုယ်က အလိုအလျောက်



www.burmeseclassic.com

www.burmeseclassic.com



ရှောင်တွက်ဖို့ လေ့ကျင့်ထားသလို အခက်အခဲကျော်ပြေးပွဲပမာ တုတ်ချက်ကိုကျော်၍ ဒိုင်ဗင်ထိုးချလိုက်သည်။ သေနတ်က လွတ်ကျသွားပြီ။

မြေပြင်ကိုကျပြီး မြေပြင်မှ ကြောင်တစ်ကောင်လို ခုန်ထလာချိန်တွင် စုတ်ချွန်းက ဒုတိယရိုက်ချက်ကို သုံးပြန်သည်။ ယခု ရိုက်ချက်က ရဲအုပ်မောင်မောင်လတ်၏ ဦးခေါင်းဆီသို့. . .

ရဲအုပ်မောင်မောင်လတ်က ခေါင်းကိုငုံ့၍ တိမ်းပေးလိုက်ရာ တုတ်က လေထဲတွင် ဗီကနဲဖြတ်သွားသည်။

သည်တစ်ခါ မိမိအလှည့်။

တုတ်၏ လွဲသွားသောအရှိန်ဖြင့် ဟန်ချက်ပျက်သွားသော စုတ်ချွန်းအနီးသို့ ဖျတ်ကနဲတိုးကပ်ကာ မျက်နှာဆီသို့ ဘယ်ဝိုက်လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ စုတ်ချွန်းဘယ်ဘက်သို့ ယိုင်သွားသည်။ တစ်ဆက်တည်းမှာပင် ညာဖြောင့် လက်သီးတစ်လုံးကို ထပ်မံ ပစ်သွင်းလိုက်ရာ မေးရိုးကို ထိပြီး ခွပ်ကနဲမြည်သံ၊ အင်းကနဲ ညည်းသံနှင့် စုတ်ချွန်း နောက်သို့ ယိုင်သွားသည်။

စုတ်ချွန်း၏ အနေအထား လုံးဝ ယိုယွင်းခဲ့ပြီ။

ရဲအုပ်မောင်မောင်လတ် အချိန်ကုန်မခံတော့၊ ညာခြေကို လေတွင်ဝဲကာ ကန်ထည့်လိုက်သည်။ ကန်ချက်အားက ကောင်းသည့်ပြင် ဖိနပ်က စစ်ဖိနပ်ရှည်မို့. . . ထိချက်က ပြင်းလှသည်။

"ဒုတ်"

စုတ်ချွန်း အားကနဲအော်၍ တစ်ပတ်လည်သွားပြီး မြေပြင်သို့ ဖွဲအိတ် တစ်အိတ်လို ကျသွားသည်။ မလှုပ်တော့။

ရဲအုပ်မောင်မောင်လတ် စုတ်ချွန်း အခြေအနေကို သိလိုက်ပြီးသည်နှင့် ကျသွားသော သေနတ်ကို ကုန်းကောက်ကာ အိတ်တွင် ပြန်ထည့်သည်။ မလိုအပ်ဘဲနှင့် သေနတ်ကို မသုံးချင်သေး။





ထိုအချိန်မှာ. . .

ရဲအုပ်မောင်မောင်လတ်နောက်မှ တီနိုင်း ပြေးဝင်လာသည်။ တင်တင်ဝေတို့ကို ချုပ်နှောင်ခေါ်လာသူ နှစ်ယောက်ထဲမှ တစ်ယောက်ဖြစ်သည်။

ရဲအုပ်မောင်မောင်လတ်က ထိုသူ မရောက်လာမီ ဆီးကြို၍ နောက်ပြန် ကန်လိုက်သည်။ ကန်ချက်က တီနိုင်း၏ ရင်ဝသို့. . . ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# ၃၃

"မင်းကားက မောင်းလို့ မရတော့ဘူးလား"

ဦးကောင်းမြတ်က ဒေါသတကြီး မေးသည်။

"မရတော့ဘူး ဆရာကြီး၊ ဘီးပေါက်သွားတာ"

ဒရိုင်ဘာက ကြောက်ကြောက်ရွံ့ရွံ့ ဖြေသည်။

"တောက် . . ."

ဦးကောင်းမြတ်က တောက်ခေါက်လိုက်ပြီး–

"ဒါဆို သွား . . . ဟိုကောင်တွေရဲ့ကားကို သွားယူ၊ မီးခိုးရောင်ကို မောင်းလာခဲ့"ဟု အမိန့်ပေးသည်။

ဒရိုင်ဘာက 'ဟုတ်ကဲ့'ဟု ပြောကာ ကားတံခါးဖွင့် ပြေးဆင်းသွားသည်။ ဦးကောင်းမြတ် ကားပေါ်မှ ဆင်းလိုက်သည်။

မေစံရှားနှင့် တီတူးတို့၏ တိုက်ပွဲ။

ရဲအုပ်နှင့် စုတ်ချွန်းတို့၏ တိုက်ပွဲ။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲတွေကိုကြည့်ပြီး အခြေအနေကို သဘောပေါက်လိုက်သည်။ ဗီဒီယိုကင်မရာ၏ ခလုတ်ကလေးကို နှိပ်ကာ အထဲမှ တိပ်ခွေကို ထုတ်ယူလိုက်သည်။ ပြီးလျှင် မြေပြင်မှာချလိုက်ကာ ဦးကောင်းမြတ်က ရှူးဖိနပ်ဖြင့် ဆောင့်၍ နင်းချေလိုက်သည်။ တစ်ချက်၊ နှစ်ချက်၊ သုံးချက်။

တိပ်ခွေကလေး ကွဲကြေကာ ပျက်စီးသွားပြီ။

ဦးကောင်းမြတ် ပြုံးလိုက်သည်။

ဦးကောင်းမြတ်၏ လည်ကို စွပ်လာမည့်ကြိုးကွင်းအား ဖြတ်တောက်ပစ်လိုက်နိုင်ပြီ မဟုတ်လား။

လှဦးမောင်ဆိုသည့် လူရှုပ်ကိစ္စ။

သည့်ကောင်က သိုက်သမား။ ဣတ္ထိယ သိုက်တူးသမား။ မိမိ၏ တတိယမြောက် စွယ်ပွားကလေး ဝေဝေမိုးကို သူက ကြားက အချောင် ဝင်နှိုက်ချင်သည်။ မယားထိ ဓားကြည့်ပဲပေါ့။

သည့်တော့ တပည့်ကျော်တွေကို လှဦးမောင်အား သွားခေါ်စေခဲ့သည်။

"မင်းက. . . ရာရာစစ. . . ပြဟ္မာ့ခေါင်းကို လာကိုင်တာကိုးကွ"

ဦးကောင်းမြတ်က လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ လှဦးမောင် နောက်သို့ လဲကျသွား၏။ တပည့်နှစ်ယောက်က ဝိုင်းချုပ်ပေးသည်။ တီးဝမ်း ဗလကြီးနှင့် တိတူး။

ဦးကောင်းမြတ်က နောက်ထပ် လက်သီးလေးငါးလုံး ကျွေးလိုက်သေးသည်။ လှဦးမောင်. . . တောင်းပန်ရှာပါ၏။ မရ. . .။ သည်လို ဘယ်ရလိမ့်မလဲ၊ ရာဇဝတ်အိုး တုတ်နှင့်ထိုးသည့် ငနဲ။ ပျားအုံကို လာဆွသည့် ငနဲ၊ ကောင်းမြတ်ဆိုတာ မြွေပွေးလို အဆိပ်ပြင်းသည်ပဲ။





လောကမှာ ကောင်းမြတ်ကို ယှဉ်လာလျှင် မည်သူ့ကိုမျှ အရှင်ထားရိုး မရှိ။ အားလုံးကို မြေအောက် ပို့ပစ်သည်မှာ ထုံးစံ။

ယခုလည်း. . .

ဦးကောင်းမြတ်သည် တီတူး၏ခါးမှ ဓားမြှောင်ကို ဆွဲယူလိုက်သည်။ မြောင်လက်နေသော စတီးဓားသွား၏ အရောင်ကလေး လျှပ်ကနဲ လက်သွားသည်။ ပြီးတော့ ချင်းချင်းနီလာသောအရောင်– ဓားကို ပြန်ဆွဲနှုတ်ပြီး လှဦးမောင်ကို ဖိနပ်ဖြင့် ဆောင့်ကန်ချလိုက်သည်။ သွားပြီ. . . လှဦးမောင် ငရဲရောက်သွားပြီ။

သည်မှာပင်. . .

မြေပြင်တစ်နေရာမှ. . . လူတစ်ယောက်ကို ဦးကောင်းမြတ် လှမ်းမြင်လိုက်ရ၏။ ဗီဒီယိုကင်မရာနှင့် ရိုက်နေသောလူ။

"ဟာ. . . ဟော့ကောင်တွေ ဟိုကောင်ကို လိုက်စမ်း၊ သူ့ဗီဒီယိုကင်မရာကို ရအောင်ယူ. . ."

ဦးကောင်းမြတ် ထိတ်ထိတ်ပျာပျာ အမိန့်ပေးလိုက်သည်။ တီဝမ်းနှင့် တီတူးတို့ အပြေးထွက်လိုက်ကြသည်။ သို့သော် ကင်မရာသမားကို မမီလိုက်၊ ကားဖြင့် မောင်းပြေးသွားသည်။

သို့သော်. . . ကင်မရာမင်းကို သူတို့ မှတ်မိလိုက်ကြ၏။ ဇော်မင်း။ နာမည်ရ ဗီဒီယိုကင်မရာမင်း. . .။

သို့ဖြင့် ဇော်မင်းကို မြေလှန်ရှာခဲ့ကြခြင်း ဖြစ်သည်။ ရဲများက လှဦးမောင်ကိစ္စကို ခြေရာမခံနိုင်သေး။ သည်တော့ ကင်မရာထဲက တိပ်ခွေကိုသာပြန်ရလျှင်. . . သို့မဟုတ် ဖျက်ဆီးနိုင်လျှင် ကိစ္စကပြီးပြီလေ။

ယခုတော့ ပြီးသွားပါပြီ၊ ရှင်းသွားပါပြီ။

တစ်ခုပဲ ရှိ၏။

မေစံရှားနှင့် ရဲတစ်ယောက်ပါလာခြင်း. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း ကိုကောင်တွေ ရှင်းပါလိမ့်မည်၊ ရှင်းနိုင်ပါလိမ့်မည်။ ရှင်းသာရှင်းပစ်ဖို့ အဓိက။ နောက်ပိုင်းကိုတော့ ဦးကောင်းမြတ်ကမယူ. . . ။ ဦးကောင်းမြတ်ဆိုတာက. . .

♛ ♛ ♛

# ၃၄

မီးနီးဈေးချောင်ကားထဲကိုဝင်ကာ ကားမောင်းသူနေရာ၌ နေရာယူလိုက်သော ဦးကောင်းမြတ်၏ ကားဒရိုင်ဘာက ကားစက်နှိုးရန် သော့ကို လှမ်းလိုက်သည်။ သို့သော် သော့ကို သူ မထိမကိုင်လိုက်ရ။

တစ်စုံတစ်ယောက်က သော့ကို ဆွဲနှုတ်ယူသွားသည်။

ထိုသူမှာ အခြားမဟုတ်၊ မေစံရှားပဲ ဖြစ်၏။

မေစံရှားက သော့ကိုနှုတ်ယူကာ အဝေးသို့ လွှင့်ပစ်လိုက်ပြီးနောက် ဒရိုင်ဘာအား ဂုတ်မှဆွဲ၍ ကားထဲမှထုတ်ကာ ဒူးဖြင့် တိုက်ခံလိုက်သည်။ ဒရိုင်ဘာ ပိန်တာရိုး အီးခနဲ အော်ညည်း၍ မြေသို့ ခွေကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်မှာပင် . . .

ပြေးလာသော ခြေသံကို မေစံရှား အကြားအာရုံက သ[...] ပြုလိုက်မိ၏။ တစ်ဆက်တည်းမှာပင် ရိပ်ကနဲဝင်လာသော သဏ္ဍာန်[...] မျက်လုံးထောင့်စွန်းမှာ . . .

မေစံရှား နေရာမှ ခုန်ထွက်လိုက်သည်။

ဝင်လာသူ သူကောင့်သား၏ ခြေစုံပစ်ကန်ချက်မှာ မေစံရှား[...] နှင့် လွဲချော်သွားပြီး အရှိန်ဖြင့် မြေသို့ကျသွားသည်။ ကျပုံက မ[...] သပ်။

ထို အခွင့်ကောင်းကိုယူ၍ ညာခြေကို လေတွင်ဝဲကာ [...] ဖမိုးဖြင့် ထိုသူ၏ ဘယ်ဘက်နားရင်းကို ကန်ထည့်လိုက်သည်။ မာ[...] ဂါရီ ကန်ချက်ပင် ဖြစ်၏။

"အား . . ."

ကန်ချက်က ကွက်တိကျပြီး ထိချက်ပြင်းသဖြင့် ထိုသူ ညာ[...] ဘက်သို့ ဟပ်ထိုးယိုင်ကျသွား၏။

မေစံရှားက ခန္ဓာကိုယ်ကို နောက်တစ်ပတ် လှည့်လိုက်သည်[...] ခန္ဓာကိုယ် လှည့်သည့် အရှိန်ဖြင့် ပေါင်း၍ ဘယ်ခြေက မြောက်[...] သည်။ ဒူးကို ပြန်ကွေးသည်။ ပြီး တည့်ဆန့်ထုတ်ကာ ဘယ်ခြေ အ[...] စောင်းဖြင့် ထိုသူ၏ မေးရိုးဆီသို့ ယူကိုဂါရီကစ်ဖြင့် ကန်ထည့်လိုက်[...] သည်။

မေးရိုးနှင့် လည်ပင်းဆီသို့ ကန်ချက်က တိတိပပ ဝင်သွား[...] ၏။

"ခွပ်"

"အူး . . ."

ထိုသူမှာ ဒယီးဒယိုင်ဖြင့် တစ်လှမ်းနှစ်လှမ်းဆုတ်ရင်း ဖင်[...] လဲကျသွားသည်။





မေစံရှား၏ ညာခြေ ထပ်မံ၍ မြောက်သွားသည် ပြင်းလှသော ဖနောင့်ကန်ချက် ကာကာတိုဂါရီက ထိုသူ၏ မျက်နှာဆီသို့ တန်းဝင်သွားကာ ထိုသူ အရုပ်တစ်ရုပ်လို မြေပေါ်သို့ ပက်လက်လန် လဲကျသွားတော့၏။

တင်တင်ဝေတို့ကို ချုပ်နှောင်လာခဲ့သူ လူကြမ်းကြီးမှာ မြေပြင်တွင် စန့်စန့်ကြီး အနားယူသွားလေပြီ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# ၃၉

ရဲအုပ်မောင်မောင်လတ်၏ ဘယ်ညာလက်သီးတွဲများဖြင့် တီ
နိုင်းခမျာ ယိုင်ထိုးယိုင်ထိုး နောက်ဆုတ်သွားရာက အုတ်ပုံကို ကျေ
မိပြီး ဖြစ်သွားသည်။

သူ နောက်ပြန် လှမ်းဆုပ်မိသည်က အုတ်ခဲ။

တီနိုင်းက အုတ်ခဲဖြင့် ပရမ်းပတာနိုင်လှသော ရိုက်ချက်ဖြင့်
ရဲအုပ်မောင်မောင်လတ်ကို တန်ပြန် တိုက်စစ်ဆင်သည်။

ရဲအုပ်မောင်မောင်လတ်က ဘယ်လောက်မောင်းဖြင့် ဖယ်
ထုတ်ကာ ညာတံတောင်ဖြင့် တီနိုင်း၏ မေးရိုးကို ပင့်ရိုက်လိုက်၏။

"အွတ် . . ."





တီနိုင်း အရိုးကြိုးပြတ် ဖြစ်သွားပြီ။

အုတ်ပုံပေါ် ခေါင်းဖြင့်ပြန်ကျသည်။ ခေါင်းနှင့်အုတ်ပုံ မိတ်ဆက်မိသွားသည်။ ပြန် မထလာနိုင်တော့။

ရဲအုပ်မောင်မောင်လတ်က တီနိုင်းကို အခြေအနေ ကြည့်နေစဉ် ဓားမြှောင်တစ်ချောင်းက လေတွင်ဝဲလာကာ ရဲအုပ်မောင်မောင်လတ်၏ ညာဘက်ပေါင်ကို လာစိုက်၏။

"ဒုတ်"

"အ . . ."

ရဲအုပ်မောင်မောင်လတ်က တီနိုင်းထံ အာရုံရောက်နေစဉ် ပို့ပစ်လိုက်သော ဓားကို သတိမမူမိလိုက်သဖြင့် အငိုက်မိသွားခြင်းဖြစ်၏။ ဓား၏အရှိန်က ပြင်းလှ၏။ အသွားတစ်ဝက်နီးပါး စိုက်ဝင်သွားသည့် နာကျင်မှု ဝေဒနာနှင့်အတူ လက်က အနာကို လှမ်းမည်ပြုပြီးမှ လူရိပ်ကို မြင်လိုက်ရ၏။

ဓားဖြင့် ပစ်သူက ဝင်လာခြင်းဖြစ်သည်။

ဘယ်သူဖြစ်မလဲ . . . ဗလကြီးပဲပေါ့။

ရဲအုပ်မောင်မောင်လတ် သေနတ်ကို ဆွဲထုတ်လိုက်သည်။ သို့သော် စက္ကန့်အနည်းငယ် နောက်ကျသွားခဲ့ပြီ။

ဗလကြီး၏ ခြေဖျားက ရဲအုပ်မောင်မောင်လတ်၏ သေနတ်ကိုင်လက်ကို ဖျန်းခနဲ ပင့်ရိုက်လိုက်သဖြင့် သေနတ်က လွင့်သွားသည်။

သည်တော့ လက်နက်မဲ့ ရင်ဆိုင်လိုက်ရ၏။ ဗလကြီးမှာလည်း လက်နက်မရှိ၊ သို့သော် ဗလကြီးက တိုက်ပွဲမဝင်ရသေးသည့် ဒဏ်ရာမဲ့လူသား၊ ရဲအုပ်မောင်မောင်လတ်က ပေါင်မှာ ဓားတန်းလန်းဖြင့် ထောက်လိုက်လျှင် နာနာသွားသောကြောင့် ရဲအုပ်မောင်မောင်လတ် ဟန်ချက်ကို မနည်းထိန်းနေရသလို ညာခြေကို အသုံးပြု၍ ကန်နိုင်ဖို့ ဝေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗလကြီးက ဗလခွန်အားကြီးသလောက် လျင်မြန်လှ၏။ ရဲအုပ်မောင်မောင်လတ်ရှိရာ ခုန်ဝင်လာကာ လက်သီးတွေ၊ လက်ဝါးစောင်းတွေ၊ တံတောင်တွေ အတွဲလိုက်သုံး၍ အပြင်းအထန်တိုက်ခိုက်သည်။

ရဲအုပ်မောင်မောင်လတ်က လက်ဖျံတွေဖြင့် ကာလိုက်၊ ခေါင်းကို တိမ်းလိုက်ဖြင့် ခုခံကာကွယ် ရှောင်တိမ်းနေရ၏။ ခံစစ်မျှသာဖြစ်၍ ပြန်မတိုက်နိုင်သေး။ ဗလကြီးက ဆက်တိုက်ဖိ၍ တိုက်နေသည်ဖြစ်ရာ အချက်အတော်များများကလည်း မရှောင်နိုင်ဘဲ အထိခံနေရသည်။

ခေါင်းတွေပင် မူးဝေလာသည်။

သို့သော် ရဲအုပ်မောင်မောင်လတ်သည် ယောကျ်ားကောင်း။ မည်သည့်နည်းနှင့်မျှ အလျှော့မပေးနိုင်။ အလစ်အငိုက်တွင် ဓားဖြင့် ပစ်ပေါက်၍ ဒဏ်ရာရနေသူတစ်ဦးအား ဗလအားကိုးဖြင့် ဖိတိုက်နေသော ကောက်ကျစ်သည့် လူကြမ်းလူဆိုးအား အရှုံးပေးရလျှင် ရာဇဝင်ရိုင်းချေမည်။

ခံစစ်အနေအထားဖြင့် ရှိနေရာမှ ရဲအုပ်မောင်မောင်လတ် အကြံထုတ် ရသည်။

ဗလကြီးက ဖိတိုက်နေဆဲ။

ရဲအုပ်မောင်မောင်လတ် တန်ပြန်အကွက်ဆင်ဖို့ ကြိုးစားသည်။ နေရာမှလှည့်၍ ပြေးထွက်လိုက်၏။ ကြောက်၍ ပြေးသည်ထင်ပြီး ဗလကြီးက နောက်မှလိုက်သည်။ ရဲအုပ်မောင်မောင်လတ်က ရပ်လိုက်ပြီး ဘယ်ခြေထောက် နောက်ပြန်ကန်ချက်ဖြင့် ကန်လိုက်ရာ ဗလကြီး၏ ရင်ဝသို့ ဝင်သွားသည်။

"အု . . ."

ဗလကြီး အရှိန်တန့်သွားသော်လည်း လဲမသွား။

ရဲအုပ်မောင်မောင်လတ်ကား တိုက်စစ် ပြန်စသည်။ အသက်





ကို ပြင်းပြင်းရှူသွင်းလိုက်ပြီး ညာလက်သီးဖြင့် ဗလကြီး၏ ကို ပစ်သွင်းသည်။ ထိပါ၏။ 'အွတ်' ကနဲ ဗလကြီးနှုတ်မှ လေသံသည်။

ဗလကြီး . . . ဟန်ချက် မပျက်သေး။

နောက်ထပ် လက်သီးချက်တွေကို ဗလကြီးမျက်နှာသို့ ပစ်ထည့်ပြန်သည်။ သို့သော် ဗလကြီးက ခုန်၍ ရှောင်ထွက်သည်။ ခုန်၍ရှောင်ထွက်ရုံမက ညာခြေထောက်အနာဖြင့် လိုက်ရေ အားယူလိုက်သော ရဲအုပ်မောင်မောင်လတ်၏ ဒဏ်ရာရ ညာခြေအား သူက ပတ်၍ သိမ်းကန်လိုက်သည်။

ရဲအုပ်မောင်မောင်လတ် မရှောင်နိုင် ဖြစ်သွား၏။ ခြေထောက်ကို ပြင်းစွာထိမိပြီး ရဲအုပ်မောင်မောင်လတ် ယိုင်သွားသည်။ ထိုအခိုက်မှာ ဗလကြီးက သူ့ကို ခုန်အုပ်သည်။

နှစ်ဦးသား မြေပေါ်လဲကျကာ တစ်ဦးကိုတစ်ဦး ချုပ်ကိုင်ဖို့၊ ထိုးကြိတ်ဖို့ အပြန်အလှန် ကြိုးစားကြတော့၏။ ဘတစ်ပြန် ကျားတစ်ပြန် ထိုးကြိတ်ရင်း မြေပေါ်တွင် လိမ့်နေကြရာ ဗလကြီးက အပေါ်ရောက်လိုက်၊ ရဲအုပ်မောင်မောင်လတ်က အပေါ်ရောက်လိုက် ရှိနေ၏။

ကံဆိုးချင်တော့ ရဲအုပ်မောင်မောင်လတ် ပေါင်မှာက ဓားစိုက်ဝင်နေသည်လေ။ လူချင်းပူး၍ ဆွဲအလိမ့်တွင် ဓားက မြေနှင့်တိုက်ကာ ပေါင်ထဲကို ပို၍ ထိုးစိုက်ဝင်သည်။ အသည်းခိုက်မျှ နာပါ၏။

သို့သော် နာသည်ကို မမှုအား၊ ပြိုင်ဘက်ကို အခွင့်မပေး ခုခံနေရသည်။ ဗလကြီးက သက်လုံကောင်းနေဆဲ။ ရဲအုပ် မောင်မောင်လတ်က နှစ်ယောက်တိုက်ခိုက်ခဲ့ပြီး တတိယမြောက်လူကို တိုက်ခိုက်နေရသူ။

တစ်ကြိမ်တွင် ဗလကြီးက ရဲအုပ်မောင်မောင်လတ်အား အပေါ်မှ ခွစီးနိုင်ခဲ့ပြီး ရဲအုပ်မောင်မောင်လတ်၏ပေါင်မှ ဓားကို ဆွဲနှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဉ်ဝသို့ ထိုးစိုက်ချလိုက်တော့သည်၊ အုပ်မောင်ရဲအုပ်မောင်မောင်လတ် ရှိသမျှအားဖြင့် ဓားစိုက်ချလိုက်သော စောင်းဓတွေ၊ ပက်ကို လက်နှစ်ချောင်းယှဉ်ကာ ခုခံဖို့ ကြိုးစားလိုက်ပါ သည်။ သော် နောက်ကျသွားသည်။

ားက ရဲအုပ်မောင်မောင်လတ်၏ ရင်ဝသို့ . . .

ကို တိုင်

♛ ♛ ♛

# ၃၆

အရှိန်ဖြင့် ပြေးလာသော မေစံရှားသည် ရဲအုပ်မောင်မောင်လတ်အား ရင်ဓသို့ဓားဖြင့် စိုက်ချလိုက်သော ဗလကြီး၏လက်အား တိုက်ဆိုကုကစ်ဖြင့် ပင့်ကန်ပစ်လိုက်သည်။

မေစံရှား၏ ညာခြေခုံသည် ဗလကြီး၏ ဓားကိုင်လက် လက်ကောက်ဝတ်အား အရှိန်ဖြင့်ထိပြီး ဓားချက်မှာ ရဲအုပ်မောင်မောင်လတ် ရင်ဝမှာ လွဲချော်သွားရုံမက ဓားပါ လွင့်ထွက်သွားသည်။ ရဲအုပ်မောင် မောင်လတ်အပေါ် ခွစီးထားသော ဗလကြီး၏ ခန္ဓာကိုယ်ပါ အနေအထား ပျက်သွားသည်။

မေစံရှား၏ လှုပ်ရှားမှုက တုံ့နှေးမနေ။

စက်သေနတ်ပြောင်းဝမှ ထွက်လာသော ကျည်များပမာ။ သို့မဟုတ် လေးညို့မှ ဆက်တိုက်လွှတ်သော မြှားများပမာ။ သို့မဟုတ် လျှပ်စီးတွေ အဆက်မပြတ် လက်လိုက်သည့် ပမာ။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ဘယ်ခြေဖြင့် ယိုဂိုကီအော့ကစ်။ ခြေစောင်းကန်ချက်ဖြစ်၏။ ဖောခြေခုံကို အသုံးပြုရ၏။ မြေပြင်မှ မိုးပေါ်သို့ အရှိန်ဖြင့် မြောက်တက်ကာ အားကုန်ပင့်ကန်ချက်။

ဗလကြီး၏ မေးရိုးကိုထိသည်။ ဗလကြီး လည်ထွက်ကာ ရဲအုပ်မောင်မောင်လတ် ကိုယ်ပေါ်မှ လွင့်ထွက်သွားသည်။

ဒုတိယ မာဝါရှီကူဘီဂါရီကစ်။ ညာခြေဖြင့် ကန်လိုက်ခြင်းဖြစ်သည်။ ခန္ဓာကိုယ်ကို ဘယ်သို့စောင်း၊ လက်ကိုအားယူ၊ ညာခြေကို ပတ်၍ လေတွင်လွင့်မြောက်တက်လာကာ ခြေဖမိုးဖြင့် ဗလကြီး၏ လည်ပင်းဆီသို့ ကန်လိုက်ခြင်းဖြစ်သည်။

ထိပါသည်။ ဗလကြီး မြေပေါ်လဲကျသည်။

သို့သော် ဗလကြီးကလည်း အာဂဗလကြီး။

တတိယမြောက် မေစံရှားက ခုန်၍ကန်ဖို့ ကြိုးစားစဉ် မြေပေါ်တွင် လိမ့်လိုက်ကာ ဗလကြီးက မြေပြင်မှ ဝုန်းကနဲခုန်ထသည်။

ယခုတော့ မေစံရှားနှင့် ဗလကြီး မျက်နှာချင်းဆိုင်။

ရဲအုပ်မောင်မောင်လတ်သည်လည်း ဗလကြီးအား ဝင်ရောက်ရင်ဆိုင်ရန် မြေပြင်မှ လူးလဲထကာ ရပ်လိုက်ပြီဖြစ်၏။

"ကိုမောင်မောင်လတ် . . . ကျွန်မကို ထားခဲ့ . . . ၊ ဟိုလူကြီးကို လက်ရဖမ်း . . . "

မေစံရှားက အော်လိုက်သည်။

ရဲအုပ်မောင်မောင်လတ် သဘောပေါက်သွားသည်။ သူတို့မှာ အရေးကြီးသည့် ရန်သူရှိနေသေးသည်ပဲ။ ရဲအုပ်မောင်မောင်လတ် သေနတ်ကို ပြေးကောက်ကာ . . . ဦးကောင်းမြတ်ရှိရာသို့ ထော့နင်းထော့နင်းဖြင့် ပြေးထွက်သွားသည်။

ဦးကောင်းမြတ်က ပြေးဖို့ကြံနေပြီလေ . . .

"ဟေ့ . . . မပြေးနဲ့၊ ရပ်လိုက်"





ရဲအုပ်မောင်မောင်လတ်၏ အသံဟိန်းထွက်သွားသည်။

ဗလကြီးက မေစံရှားကို ညာခြေဖြင့် ပတ်ကန်သည်။ မေစံရှားက ခုံချက်အနေဖြင့် ညာခြေခွင်ရိုက်ကန်ချက်ဖြင့် ဗလကြီး၏ ကန်ချက်ကို တန့်ရပ်စေပြီး တစ်ဆက်တည်းပင် ထိုညာခြေက ဗလကြီး၏ နံရိုးဆီသို့ ဖောခြေစောင်းကန်ချက်ဖြင့် ကန်ထည့်လိုက်သည်။ ယုကိုဂါရီကစ် ဖြစ်သည်။

ကန်ချက်က ဗလကြီးကို ထိသည်။

"အွတ်"

ဗလကြီး နောက်အနည်းငယ် ယိုင်သွားသည်။ သို့သော် ဗလကြီးက ကိုယ်ကို ပြန်ထိန်းကာ ညာခြေဖြင့် မေစံရှား၏ ဝမ်းဗိုက်ဆီသို့လှမ်း၍ ကန်ပြန်သည်။ မေစံရှားက ညာဒူးဖြင့် သူ၏ကန်ချက်ကို ဖျက်ထုတ်သည်။ ဗလကြီး၏ ကန်ချက် အရာမမြောက်။ ဗလကြီးကို ခုံခဲသော ညာခြေအား မေစံရှားက ပြန်မချဘဲ ဆက်တိုက်ပင် တိုက်ကွက်ကန်ချက်တစ်ခုကို ဖန်တီးလိုက်သည်။ ညာခြေဖျားကန်ချက်က ဗလကြီး၏ ဗိုက်ဆီသို့ တန်းဝင်သွားသည်။ မေဂါရီကစ်။

"အင့် . . . "

ဗလကြီး၏ဦးခေါင်း ရှေ့သို့ အနည်းငယ် ငိုက်လာသည်။

မေစံရှားလက်နှစ်ဖက်က ငိုက်လာသော ဗလကြီး၏ ဦးခေါင်းကို အပေါ်မှ ဖမ်းကိုင်ကာ နှိမ်လိုက်ပြီး ဘယ်ဒူးဟိဇာဂါရီဖြင့် ရင်ဝသို့ တိုက်ထည့်လိုက်သည်။

"အီး . . . "

ဗလကြီး ပို၍ ငိုက်ကျသွားသည်။ နာကျင်သည့်ဒဏ်၊ ဟန်ချက်ပျက်သည့်အနေအထားဖြင့် ရှိနေသော ဗလကြီး၏ ကျောပြင်နှင့်လည်ဂုတ်မှာ မေစံရှားအဖို့ ပစ်ကွင်းဖြစ်နေပြန်သည်။

မေစံရှား၏ ညာတံတောင် လေတွင် မြောက်တက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ဖြင့် ပြန်ကျသည်။ ဟိုက်ကို ထောင်းချက်ဖြင့် ဗလကြီးမြေကြီးပေါ် လေးဘက်ထောက် ကျသွား၏။

သို့သော် ဗလကြီးကို အထင်သေး၍ မရ။ သူ့မှာ ခံနိုင်ရည်က အပြည့်ရှိနေပုံ ရသည်။ မြေပြင်ကို လဲအကျတွင် ရှေ့တွင်တွေ့ရသော တုတ်(စုတ်ချွန်း အသုံးပြုခဲ့သော တုတ်)ကို ကောက်ယူကာ လူးလဲထသည်။ မေစံရှားကို ပြန်၍ရင်ဆိုင်သည်။

မည်သို့ဆိုစေ မေစံရှား၏တိုက်ကွက် လေးငါးခုကို ခံခဲ့ရပြီးဖြစ်ရာ အထိနာမှုများဖြင့် သူ့ဟန်ချက်မှာ မတ်မတ်မဟုတ်တော့။ အနည်းငယ် ယိမ်းထိုးနေသည်။ ဒေါသဖြင့်လည်း မျက်နှာက နီရဲနေသည်။

ဗလကြီးမှာ ဆင်ခြင်ဉာဏ်တွေ မဲ့သွားပြီ။

လက်မှတုတ်ဖြင့် မေစံရှား၏ဦးခေါင်းကို မိုက်မိုက်မဲမဲ ဝင်ရိုက်သည်။ မေစံရှားသည် ဘယ်လက်ဖျံဖြင့် ကာရိုက် ရိုက်ထုတ်ပြီး တစ်ဆက်တည်းမှာပင် တုတ်၏အဖျားပိုင်းကို ဘယ်လက်ဖြင့်ဆုပ်ကာ ဆွဲ ယူလိုက်သည်။ တုတ်ကို ဆွဲလိုက်သော အရှိန်ဖြင့် ဗလကြီးရှေ့သို့ ပါလာရာ ညာလက်ဝါးစောင်း ရှုတိုဂါမင်အာရှီဖြင့် ခုတ်ချလိုက်သည်။ မေစံရှား၏ လက်ဝါးစောင်းခုတ်ချက်က . . . ဗလကြီး၏ လည်ဂုတ်ကို ပြင်းစွာထိသည်။

"ဒုတ်"

"အင့်"

တုတ်သည် လွတ်ကျသွား၏။ ဗလကြီးသည်လည်း ရှေ့သို့ စိုက်သွား၏။ အစိုက်အငိုက်မှာ မေစံရှား၏ ဘယ်ခြေဖျား ခြေခုံက မြောက်တက်လာပြီး ဗလကြီး၏ ပေါင်ကြားကို ကန်ထည့်လိုက်၏။ ကင်ဂါရီ ကစ်။

"အူး . . ."

ဗလကြီး ဝမ်းခေါင်းသံဖြင့် အော်ကာ သူ့ဆီးခုံပေါ်ကို သူ့





လက်များဖြင့် အုပ်ရင်း မြေပြင်သို့ ဒူးထောက်ကျသွားသည်။

ပွဲသိမ်းရတော့မည်။

သင်တန်းမှာ အကြိမ်ကြိမ် လေ့ကျင့်ခဲ့မှုသည့် ရေခဲ သို့မဟုတ် အုတ်ခဲခွဲသည့်အတိုင်း အာရုံတွေကို တစ်ခဏအတွင်း စုစည်းကာ အားတွေကို ပစ်မှတ်၌ စုပြုချလျက် လက်ကို မြှောက်လိုက်သည်။ ဘယ်လက်သီးဆုပ်ထားပြီး ညာလက်ဝါးစောင်းက အရှိန်ပြင်းစွာဖြင့် ဒူးထောက်နေသည့် ဗလကြီး၏ ဦးခေါင်းဆီသို့ ကျသွားသည်။

"အား . . ."

♛ ♛ ♛

www.burmeseclassic.com

## ၃၇

"နေပါဦး . . . မင်းက ဘာဖြစ်လို့ ငါ့ကို သေနတ်နဲ့ ချိန်တာလဲ၊ ဘာကြောင့် ငါ့ကို ဖမ်းရမှာလဲ၊ ငါ ဘယ်သူလဲ . . မင်း သိရဲ့လား . . ."

ဦးကောင်းမြတ်က သူ့အား သေနတ်ဖြင့်ချိန်ကာ အနားသို့ ချဉ်းကပ်လာသည့် ရဲအုပ်မောင်မောင်လတ်အား မင်နှင့် မောင်းနှင့် ဟိန်းဟောက် လိုက်သည်။

ရဲအုပ်မောင်မောင်လတ်က–

"ဥပဒေကို ချိုးဖောက်လို့ ခင်ဗျားကို ဖမ်းရတာပဲ၊ ခင်ဗျားဟာ ဘယ်သူပဲ ဖြစ်နေနေ၊ ဥပဒေဆိုတာ ကျေးကျွန်ရှင်သခင် မခွဲခြားဘူး။ ဥပဒေရဲ့ လက်တံအောက်မှာ အားလုံးဟာ အတူတူပဲ"

တည်ငြိမ်စွာ ပြန်ပြောသည်။

"ငါက ဥပဒေကို ချိုးဖောက်တဲ့သူမှ မဟုတ်တာ"

"ခင်ဗျား တင်တင်ဝေတို့ကို ပြန်ပေးဆွဲတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး . . . ငါဆွဲတာလို့၊ မင်းက ဘာကြောင့် စွပ်စွဲရတာလဲ၊ ဟိုမှာလေ . . . ဟိုကောင်တွေ လုပ်တာ၊ ငါနဲ့ ဘာဆိုင်လဲ"

"ခင်ဗျားကားနဲ့ ဟိုမိသားစုကို တိုက်ဖို့လည်း၊ လုပ်ခဲ့တာလဲ"

ရဲအုပ်မောင်မောင်လတ်က ခါးမှလက်ထိတ်ကို ဖြုတ်ယူလိုက်ရင်းပြောသည်။

"အဲဒါ . . . ကားဒရိုင်ဘာမောင်းတာ၊ ငါမောင်းတာ မဟုတ်ဘူး . . ."

ဦးကောင်းမြတ်က ငြင်းဆန်နေဆဲ။

"ခင်ဗျားတပည့်တွေ . . . ခင်ဗျားရဲ့ စေခိုင်းချက်အရ လုပ်တာပဲလေ၊ ခင်ဗျားက တစ်တရားခံပေါ့"

"ဟား ဟား ဟား မင်းကများကွာ၊ ငါ့ကို တစ်တရားခံတဲ့၊ ဟိုကောင်တွေကို မေးကြည့်ပါဦး . . . ငါ နိုင်းတာလားလို့"

"အဲဒါတွေ တရားရုံးကျမှ ခင်ဗျားထုချေပေါ့ဗျာ"

ရဲအုပ်မောင်မောင်လတ်က လက်ထိတ်ခတ်ရန် ဦးကောင်းမြတ်၏လက်အား ဖမ်းဆွဲလိုက်သည်။ ဦးကောင်းမြတ်က အဖမ်းမခံဘဲ လက်ကို ရုတ်လိုက်ကာ မျက်မှန်ကိုပါ ဟန်ပါပါ ဆွဲချွတ်လိုက်ရင်း–

"အမြစ်မရှိဘဲ မင်း ငါ့ကို ဖမ်းရင် မင်း ဘာဖြစ်သွားမယ်ထင်လဲ"ဟု ပြန်လည် ခြိမ်းခြောက်သည်။

"ဘာမှ မဖြစ်ပါဘူးရှင် . . . ကိုမောင်မောင်လတ် စိတ်ချလက်ချသာ ဖမ်းလိုက်ပါ . . . သူ ရှန်းထွက်မရတဲ့ ပြစ်မှုကြီးကို ကျွန်မ သက်သေပြပါ့မယ်"

ပေါ်ထွက်လာသော အသံကြောင့် ရဲအုပ်မောင်မောင်လတ်ရော ဦးကောင်းမြတ်ပါ အသံလာရာသို့ လှည့်ကြည့်လိုက်ကြသည်။

မေစံရှားပင် ဖြစ်ပါသည်။

မေစံရှားက သူတို့ရှိရာသို့ တစ်လှမ်းချင်း ကြံခြေရစွာ လှမ်း





လာရင်း ဂျင်းဂျာကင် အပေါ်အိတ်ထဲမှ သူမ၏ လက်ကိုင်ဖုန်းကို ထုတ်ယူနေသည်။

"မင်း မဆိုင်ဘဲ ဘာဝင်ရှုပ်တာလဲ၊ မင်းကော ထောင်ထဲဝင်သွားချင်လို့လား"

ဦးကောင်းမြတ်က မေစံရှားကို ဆီးရှဲပေါက်သည်။ မေစံရှားက ပြုံးလိုက်သည်။ လှမ်းလာသော ခြေလှမ်းများကို သူတို့နှင့် လေးငါးပေအကွာတွင် ရပ်လိုက်ပြီး–

"ထောင်ထဲ ဘယ်သူဝင်ရမှာလဲဆိုတာ ကျွန်မ ခုပဲ ပြပါ့မယ်၊ ကိုမောင်မောင်လတ် သူ့ကို လက်ထိတ်သာ ခတ်လိုက်ပါ"

ရဲအုပ်မောင်မောင်လတ်ကလည်း မြန်သည်။ ဦးကောင်းမြတ်လက်ကို ဖျတ်ခနဲ လှမ်းဆွဲကာ ချောက်ခနဲ ခတ်လိုက်သည်။ လက်ထိတ်တန်းလန်းဖြင့် ဦးကောင်းမြတ် ဒေါသမုန်တိုင်း ထန်သွားသည်။

"ဟေ့ . . . မင်း . . . မင်းတို့"

"သိပ် စိတ်မလှုပ်ရှားပါနဲ့ ရှင် . . . ၊ ဗီဒီယိုကင်မရာမင်းကြီး ကိုဇော်မင်း မှတ်တမ်းတင်ထားတဲ့ သမိုင်းဝင် လျှပ်တစ်ပြက်ရိုက်ချက်ကလေးကို ကျွန်မ ပြပါ့မယ်၊ လူကြီးမင်းက ကင်မရာပြန်လှည့်ပြီး တိပ်ခွေကို ဖျက်ဆီးပစ်လိုက်ရင် သက်သေခံ အစပျောက်ပြီလို့ ထင်ခဲ့တာ မှားသွားပြီရှင့်၊ လူဦးမောင်ကို လူကြီးမင်းကိုယ်တိုင်ဓားနဲ့ထိုးတာကို မှတ်တမ်းတင်ထားတဲ့ ပြကွက်လေးတွေ ကျွန်မရဲ့ လက်ကိုင်ဖုန်းထဲမှာ ကူးယူထားပါတယ်၊ လူကြီးမင်း ကြည့်ချင်ရင် ဟောဒီမှာပါ"

မေစံရှားက သူမ၏လက်ကိုင်ဖုန်း ခလုတ်လေးကို နှိပ်လိုက်ပြီးနောက် လက်ကိုင်ဖုန်းကို ဦးကောင်းမြတ်နှင့် ရဲအုပ်မောင်မောင်လတ် မြင်သာအောင် ထောင်ပြလိုက်သည်။ လက်ကိုင်ဖုန်း၏ ဖလ်သားပြင်ကလေးပေါ်မှာ လှုပ်ရှားနေသော ပုံရိပ်များ။ ဦးကောင်းမြတ်က လူဦးမောင်ကို လက်သီးနှင့်ထိုးပုံ၊ တီဝမ်းနှင့် တီတူးက လူဦးမောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ပေးထားပုံ။ လှဦးမောင် တောင်းပန်ပုံ။ ဦးကောင်းမြတ်က တီတူး အိတ်ခါးမှ ဓားမြှောင်ကိုဆွဲယူပုံ။ လှဦးမောင်၏ နှလုံးသားတည့်တည့်ကို ထိုးလိုက်ပုံ။ ပြီးတော့ လှဦးမောင်ကို ခြေဖြင့် ဆောင့်ကန်ပြီး ဓားကို ပြန်နုတ်ယူလိုက်ပုံ။

ပီသကြည်လင်လှသည့် မြင်ကွင်းရုပ်ပုံများ။

"ဟင်. . ."

ဦးကောင်းမြတ်၏ နှုတ်ခမ်းတွေ ဟသွားသည်။ မျက်လုံးတွေ ပြူးသွားသည်။ မင်တွေ မောင်းတွေ ပျောက်သွားသည်။ မျက်နှာ သွေးဆုတ်သလို ဖြူရော်သွားသည်။ လူက မတ်မတ်ရပ်နေရာမှ လဲပြို မလို ယိုင်ကျသွားသည်။

ဥပဒေမဲ့စရိုက်ကို ကျင့်သုံးခဲ့သည့် သီးအရေခြုံ ဝံပုလွေတစ်ကောင်၏ နိဂုံးမှာ ဒါပဲ ဖြစ်ပါသည်။

♛ ♛ ♛

# ၃၈

"မေစံရှားဟာ သတ္တိလည်း အလွန်ကောင်းပြီး သူတစ်ပါးကို လည်း အလွန်ကူညီတတ်တဲ့သူ ဖြစ်တယ်၊ ကျွန်မတို့အတွက်တော့ အသက်သခင် ကျေးဇူးရှင်လို့ ဆိုရမှာပဲ. . . မေစံရှားဟာ မြတ်စွာ ဘုရားက ကျွန်မတို့လူသားတွေကို ကယ်တင်ဖို့ လွှတ်လိုက်တဲ့ နတ်သမီးလေးတစ်ပါး ပါပဲရှင်"

မတင်တင်ဝေက မေစံရှားထံ ပြေးလာပြီး ဖက်သည်။ ပါးကို နမ်းသည်။ ပြီး. . . မျက်ရည်လည်ရွဲဖြင့်ကြည့်ကာ ရှိုက်လျက် ရှိုက် လျက် ပြောလေသည်။ မတင်တင်ဝေနောက်မှ ကပ်ပါလာသော ဖူးပွင့် ဝေကလည်း မေစံရှား၏ လက်ကိုလာ၍ ဆုပ်ကိုင်ကာ–

"ကျေးဇူး အရမ်းတင်ပါတယ် အန်တီ"ဟု ပြောသည်။ သူ့ မျက်နှာ လေးမှာလည်း မျက်ရည်တွေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



မေစံရှားက ဖူးပွင့်ဝေကိုငုံ၍ နဖူးကို နမ်းလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ မေစံရှားသာ မကယ်ရင် ကျွန်တော်တို့မိသားစုသုံးဦးဟာ သူတို့လက်ထဲမှာပဲ အသက်ပျောက်ရမှာသေချာပါတယ်၊ ကျေးဇူးတင်ပါတယ်လို့ ပြောရုံနဲ့ မလုံလောက်နိုင်ပါဘူးဗျာ ရှိခိုးဖို့တောင် ကောင်းပါတယ် . . ."

ကိုဇော်မင်းက ခပ်လှမ်းလှမ်းမှ နေ၍ လှမ်းပြောသည်။

"ကျွန်မအနေနဲ့ကတော့ ခုလို ကူညီခွင့်ရပြီး ခုလို စိတ်ချမ်းမြေ့သွားတဲ့ မိသားစုကလေးကို မြင်လိုက်ရတာ . . . နှိုင်းမစာ့ ပီတိပါပဲရှင်၊ ကဲ . . . မတင်တင်ဝေတို့ သမီးလေးတို့ သိပ်ပင်ပန်းနေကြပြီ၊ အိမ်ပြန်ပြီး အနားယူပါတော့ . . ."

မေစံရှားက မတင်တင်ဝေ၏လက်ကို နွေးထွေးစွာ ပြန်လည်ဆုပ်ကိုင်ရင်း ပြောလိုက်သည်။

"ကဲ . . . ကဲ . . . သူများတွေကို အနားယူဖို့ချည်း ပြောမနေနဲ့ဦး တူမရေ . . . တူမ ခုထိ မနက်စာ မစားရသေးတာလည်းသတိရဦး"

အနားရောက်လာသည့် ဦးလှမြင့်က ဝင်ပြောသည်။ ဦးလှမြင့်၏ စကားကြောင့် မတင်တင်ဝေတို့က မေစံရှားကို အားနာစွာကြည့်သည်။

"ကျွန်မတို့အတွက်နဲ့ မေစံရှား သိပ်ကို ဒုက္ခခံလိုက်ရတယ်နော်"ဟု တလေးတစား အားတုံ့အားနာ ပြောသည်။

"မနက်စာ မစားလိုက်လို့ ဟိုလူတွေနဲ့ ကစားတဲ့နေရာမှာ ကျွန်မရဲ့ ခန္ဓာကိုယ် လေလံထိုင်းမှိုင်းမနေဘဲ သွက်လက်နေတာပေါ့ လေးရဲ့"

မေစံရှား၏ ပေါ့ပါးရွှင်မြူးသော တုံ့ပြန်စကားကြောင့် အားလုံး ပွဲကျသွားကြသည်။ ဝါးကနဲ ရယ်လိုက်ကြ၏။





"သမီး ကြည့်နေတယ်၊ ဟိုလူဆိုးကြီးတွေနဲ့ အန်တီဗိုက်တာ အရှမ်းလှတာပဲ၊ သမီးကြီးလာရင် အန်တီလိုဖြစ်အောင် ကြိုးစားမယ်"

ဖူးပွင့်ဝေက သွက်လက်ချက်ချာစွာ ဝင်ပြောသဖြင့် မေစံရှားက ဖူးပွင့်ဝေ၏လက်ကို တင်းတင်းဆုပ်ရင်း "သမီးစကား ကြားရတာ အန်တီ အရမ်းအားရှိသွားပြီ"ဟု ရယ်၍ ပြောလိုက်သည်။

"စခန်းကို အကြောင်းကြားပြီးပြီ၊ သူတို့ အမြန်ဆုံး ရောက်လာကြလိမ့်မယ်၊ ဦးကောင်းမြတ်နဲ့ သူ့လူတွေကိုလည်း ကြိုးတွေနဲ့ တုပ်ထားပြီးပါပြီ၊ ဗလကြီးနဲ့ တီတူးကတော့ သတိတောင် မရသေးဘူး၊ မမေစံရှားလက်က တော်တော်ပြင်းတာပဲ"

ရဲအုပ်မောင်မောင်လတ်က စကားပိုင်းအတွင်း ဝင်လာသည်။

"ကိုမောင်မောင်လတ်ရဲ့ ဒဏ်ရာကရော ဘယ်လိုနေသေးလဲ"

မေစံရှားက ကရုဏာဖြင့် ဂရုတစိုက် မေးသည်။

ရဲအုပ်မောင်မောင်လတ်က သူ့ပေါင်မှ ဒဏ်ရာကို ငုံ့ကြည့်ပြီး . . .

"စည်းထားလိုက်လို့ သွေးတော့ အထွက်နည်းသွားပါပြီ၊ နာတော့ နာနေတာပေါ့ဗျာ၊ ကိစ္စတွေပြီးမှ ဆေးခန်းပြေးရမယ်၊ ဒါပေမယ့် အသက်နဲ့ဝေးပါတယ်။ မမေစံရှားရယ်၊ ဒီလောက်တော့ ကျွန်တော်တို့အဖို့က ရိုးနေပါပြီ၊ 'အင်း . . . ဘာပဲဖြစ်ဖြစ်၊ မပြောမဖြစ်ပြောရရင်တော့ မမေစံရှား ကျွန်တော့်အသက်ကို ကယ်ခဲ့တာပဲ၊ မမေစံရှား မကယ်နိုင်ခဲ့ရင် ဗလကြီးရဲ့ ဓားချက်နဲ့ ကျွန်တော် အသက်ထွက်လောက်ပြီ"

အရယ်အပြုံးမြွှင့်ဖြစ်သော်လည်း လေးလေးနက်နက်ပြောသည်။

"ကျွန်မလည်း စိတ်ပူပြီး . . . အလောတကြီး ပြေးကူလိုက်တာပါ၊ ဗလကြီးက အတော့်ကို ခံနိုင်ရည်ကောင်းပြီး အတိုက်အခိုက်လည်း တော်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါကြောင့်လည်း ဦးကောင်းမြတ် လက်ရုံးထားတာပေါ့ဗျာ။ သူက သူ့လူတွေကို နံပါတ်ဒွေတပ်ပြီး ထားတာတဲ့ဗျ။ တီဝမ်း၊ တီတူး၊ တီသရီးလို့လေ . . . ဗလကြီးက လက်ရုံးနံပါတ် ဝမ်းဗျ”

“ကိုမောင်မောင်လတ်ကြောင့် ကျွန်မနဲ့ မတင်တင်ဝေတို့ မိသားစုလည်း သေဘေးက လွတ်တာပါ၊ မဟုတ်ရင် ဦးကောင်းမြတ်ရဲ့ ကားနဲ့အတိုက်ခံရပြီး နိဗ္ဗာန်ရောက်လောက်ပြီ . . .”

မေစံရှား၏ အသုံးအနှုန်းကြောင့် အားလုံး ရယ်လိုက်မိကြပြန်၏။

ရဲအုပ်မောင်မောင်လတ်က . . . မေစံရှားရှေ့သို့ တိုးလာကာ လက်ကို ကမ်းပေးသည်။

“ဂုဏ်ပြုပါရစေ . . . မမေစံရှားရဲ့ ကြိုးစားမှုကြောင့် ဒီနေ့ ကျွန်တော်တို့က ဥပဒေချိုးဖောက်သူတွေရဲ့ ဘေးအန္တရာယ်ကနေ အပြစ်မဲ့တဲ့သူတွေကို အကာအကွယ် ပေးနိုင်ခဲ့တာပါ။ သက်ဆိုင်ရာကို လည်း ကျွန်တော် တင်ပြပါ့မယ်၊ ကျွန်တော့်ရင်ထဲ အသည်းနှလုံးထဲ မှာလည်း လိုက်လိုက်လှဲလှဲ မှတ်တမ်းတင်ပါတယ်ဗျာ”

မေစံရှားက အလိုက်သင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။

“ကျွန်မကလည်း ကိုမောင်မောင်လတ်တို့ကို ကျေးဇူးတင်ပါ တယ်၊ ဥပဒေအရိပ်ကို ခိုနေတဲ့ သူတွေကို ခုလို ပါဝင်လက်တွဲကူညီ ခွင့်ရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်”

ထိုစဉ် ရဲကားများ . . . အိမ်ရာဝင်းအတွင်းသို့ ပြေးဝင်လာ သည်ကို တွေ့လိုက်ရသည်။ ရဲကားနှစ်စီးဖြစ်သည်။ ကားများ ရပ်သည် နှင့် ရဲများ ကားပေါ်မှ ခုန်ဆင်းလာကြသည်။

“တူမရေ ဦးလေးတို့ သွားကြစို့”

ဦးလှမြင့်က ဝင်၍ပြောသည်။

မေစံရှား ခေါင်းညိတ်လိုက်သည်။



BURMESE CLASSIC



“မတင်တင်ဝေတို့နဲ့ ကျွန်မတို့ ပြန်ကြမယ်၊ ခွင့်ပြုပါဦး ကို မောင်မောင်လတ် . . .”

မေစံရှားက ရဲအုပ်မောင်မောင်လတ်အား ခွင့်တောင်းလိုက် သည်။ ရဲအုပ်မောင်မောင်လတ်က မေစံရှားအား ပြုံး၍အလေးပြုလိုက် သည်။

“လေးစားပါတယ် . . . မမေစံရှား”

♛ ♛ ♛

www.burmeseclassic.com

## ၃၉

"ဒါကြောင့်ကိုး ရှားရယ်၊ စက်ဘူလေဆိပ် ရောက်ကတည်းက ကိုကို ဖုန်းဆက်တာ မရဘူး၊ ဟိုတယ်ရောက်တော့လည်း ဖုန်းထပ်ဆက်တယ်၊ ကိုကို ဖုန်းဆက်နေတာ အကြိမ်မနည်းတော့ဘူး။ ဒေါ်လေးကြင်ကြင်က မနက်ကတည်းက မင်းကို ပို့ဖို့ထွက်သွားတာ ခုထိပြန် မရောက်သေးဘူး၊ ပြန်မရောက်သေးဘူးနဲ့ ဖြေတော့ ကိုကိုက ရှား ဘာများဖြစ်လဲဆိုတာ စိတ်ပူတာပေါ့"

"တောင်းပန်ပါတယ်နော်၊ ကိုကို၊ ကိုကိုကို စိတ်ပူစေမိတာ"

"အိုး ဒါတောင်းပန်စရာမှ မဟုတ်တာ၊ ဒါ ကိုကို ဂုဏ်ယူရမယ့် ကိစ္စပါ၊ ရှား . . . ဘာဖြစ်သွားသေးလဲ"

"မပြောပလောက်ပါဘူး ကိုကို၊ တံတောင်နဲ့ ဒူး ပွန်းသွားတာလောက်ပါပဲ . . . အဲ မနက်ထမင်းတော့ ငတ်သွားတယ် ကိုကိုရဲ့၊ ခုမှ ညစာနဲ့ ပေါင်းစားလိုက်ရတာ"





"ကိုကိုပြန်လာမှ အဲဒီအကြောင်း အသေးစိတ်မေးပြီး ဝတ္ထုရေးရမယ် . . ."

"ဟော လုပ်ပြီ၊ စာရေးဆရာက သူ့ဖို့ချည်းပဲ၊ ရှားက ကိုကို စာရေးဖို့ ကုန်ကြမ်းရှာပေးနေတယ် မှတ်လို့လား"

"အဲဒီလို မထင်ပါဘူး ရှားရယ်၊ ကိုကိုက ကိုကို့ချစ်သူရဲ့ ပြည်သူ့အကျိုးပြုလုပ်ရပ်တွေကို အများသိအောင် အားကျလာအောင် တင်ပြနေတာပါ"

"ရှားက ကိုကို့ကို ပြောဖူးပါတယ်၊ ထင်ပေါ်ချင်လို့ ရှားလုပ်တာ မဟုတ်ပါဘူး လို့လေ"

"ကိုကို နားလည်ပြီးသားပါ ရှားရယ်၊ အဲဒါကြောင့် ကိုကိုက ရှားကို ဆထက်ထမ်းပိုး တိုးတိုးပြီးချစ်နေရတာ . . . ၊ ဒါနဲ့ ရှား"

"ဟင် . . . ဘာလဲကိုကို"

"ရှားကို စိတ်မချဘူးကွယ်၊ ကိုကိုပြန်လာရင် လက်ထပ်ကြမယ်"

"အိုး . . . မဆီရေးတဲ့မှ မဆိုင်၊ ဘယ်ကဘယ်လို လမ်းချော်ပြီး ဒီဘူတာ ရောက်လာရပြန်တာလဲ"

"ဖကယ်ပြောတာနော် ရှား၊ ရှား . . . စဉ်းစားထား၊ ဒေါ်လေး ကြင်ကြင်ကိုလည်း မနက်က ဖုန်းထဲမှာ ကိုကိုပြောလိုက်ပြီ"

"ဒေါ်လေးက ဘာပြောလဲ"

"ကောင်းတယ်တဲ့၊ မြန်မြန်လက်ထပ်ကြ တဲ့၊ ဒါမှ ဒေါ်လေးလည်း ရှားကို စောင့်ရှောက်ရတဲ့တာဝန် ငြိမ်းပြီး တရားဘာဝနာအားထုတ်နိုင်မယ်တဲ့၊ မင်း လက်ထဲ ရှားကို အပ်လိုက်ပြီတဲ့"

"အဲဒါ အပိုတွေ၊ ဒေါ်လေး အဲဒီလို ပြောမယ် မထင် . . မထင်"

"နေဦး . . . ဒီနေ့ ကိုကို့ကို ရှားပို့ပြီးအပြန်မှာ ဘေတည်း

www.burmeseclassic.com



က ဒီအဖြစ်က စတာဆိုတော့ အခု အိမ်ပြန်ရောက်တဲ့အထိ တစ်ချက်မှ မရပ်ရ မနားရဘူးပေါ့ . . . Non Stop Action ပဲပေါ့ . . . ဟုတ်လား . . . စုစုပေါင်း ဘယ်နနာရီလောက် လှုပ်ရှားရလဲဆိုတော့ . . . အင်း . . .''

''ကိုးနာရီတိတိပဲ ကိုကို၊ ဦးကောင်းမြတ်ကို လက်ထိတ်ခတ်ပြီးချိန်အထိ ရှားတွက်ကြည့်တော့ ကိုးနာရီပဲ''

''ဒါဆို . . . ကိုကို ဝတ္ထုခေါင်းစဉ် ရပြီရှားရေ''

''ဘာလဲကိုကို''

''ရှေ့နေမလေး မေစံရှားနှင့် သက်ကွင်းထဲမှာ ကိုးနာရီ''

♛ ♛ ♛

(ဝန်ခံချက် – Kim Basinger, Chris Evans, Jason Statham တို့ပါဝင်သော နိုင်ငံခြားရုပ်ရှင် Cellular ကျောရိုးကို အမှီပြု၍ သတ်ကွင်းထဲမှာ ကိုးနာရီကို ရေးဖွဲ့ပါသည်။)

နေဝိုးသော်

၄-၉-၀၅

BURMESE CLASSIC

www.burmeseclassic.com